တက္ကသိုလ်

# နေလင်းအောင်

## သိုင်းလောက၏မဟာရန်သူ

စာစဉ်
၉



စာမူခွင့်ပြုချက်အမှတ် ၅၈ / ၂၀၀၃ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၇ / ၂၀၀၃ (၁)

ဒုတိယအကြိမ်၊ ၂၀၀၃-ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးမြတ်ကျော် (မြ ၀၅၇၈၈)
မြတ်ကျော်ပုံနှိပ်တိုက်
အမှတ် ၂၁၇၊ လမ်း-၃၀
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးတိုးဝင်း( မြ-၀၂၄၃၁ )
နေလရောင်ပုံနှိပ်တိုက်
အမှတ် ၉၆/ခ၊ ၁၁လမ်း
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

စိစစ်သူ
စမှတ်

ဝေသိမ့်ကိုမှာ ကြောက်လန့်တကြား နောက်သို့ဆုတ်ပေး လိုက်သည်။

ဇက်ဝိုင်းခြမ်းသဖွယ် ကိုယ်ကို ဘေးသို့ ဖယ်ရှောင်လိုက်သည်။ ဓားကျိုးက သူ့ဝမ်းဗိုက်အောက်မှ ပွတ်ကာသီကာ ပြေးထွက် သွားသဖြင့် အသက်ဘေးမှ သီသီကလေး လွတ်မြောက်သွားသည်။ ဓားကျိုးသည် လေထဲ၌ အော်မြည်ကာ အဝေးသို့ ရောက်ရှိ သွား၏။

ကျိုတာကျန်မှာ လက်နက်မဲ့ ဖြစ်သွားလေပြီ။ ဝေသိမ့်ကိုကို သက်ဝါးဖြင့် ခုခံရင်ဆိုင်ရန် မလွယ်တော့ပေ။

ဝေသိမ့်ကို၏ မျက်လုံးများ၌ ကောက်ကျစ်ရက်စက်သည့် အရိပ်အယောင်များ ဖြာထွက်နေ၏။

"ကဲ...မကျေပွဲလေး ဆက်လိုက်ကြဦးစို့ ကျိုတာကျန်"

ကျိုတာကျန်မှာ ဓားမရှိတော့သဖြင့် ဝေသိမ့်ကိုနှင့် ရင်ဆိုင်ဖို့ မကြံနိုင်တော့ချေ။

တဒင်္ဂအတွင်းမှာပင် သူ၏အသက် ဇီဝိန်ကို ဝေသိမ့်ကိုက နုတ်ခြေယူသွားနိုင်ပေသည်။

ထို့ကြောင့် နောက်သို့ ခြေလှမ်းသုံးလှမ်း ဆုတ်ပေးလိုက်ရ၏။

ဝေသိမ့်ကိုက ချောင်ပိတ်မိနေသော သားကောင်ကို အလွတ်မပေးသည့် ဝံပုလွေတစ်ကောင်ကဲ့သို့ ကောက်ကျစ်ယုတ်မာသော မျက်နှာထားဖြင့် ရှေ့သို့ တိုးလာ၏။

သူလက်ဝါးနှစ်ဘက်တွင် အားအပြည့် ထည့်ထားလိုက်သည်။

တစ်ချက်တည်းနှင့် ပွဲသိမ်းရန် သူ ဆုံးဖြတ်လိုက်သည်။ ကျိုတာကျန်အား ဝိညာဉ်ခြေတိုက်ကွက်ဖြင့် တိုက်ခိုက်ရန် သူ့လက်ဝါးကို မြှောက်တင်လိုက်သည်။

ထိုစဉ် သူ့နောက်ကျောမှ ဆေးစက်သောအသံ ပေါ်လာလေတော့၏။

"ကံမကုန်တော့ ပြန်ဆုံကြရပြန်ပြီပေါ့ ဝေသိမ့်ကို"

ဝေသိမ့်ကို မြှောက်ထားသော လက်ဝါးကို အသာပြန်ချထားလိုက်မိသည်။

အောင်သေအောင်သား စားရတော့မည်ဟု အူမြူးခဲ့ရသော မျက်နှာသည်လည်း အပျက်ပျက်ဖြစ်ကာ နောက်သို့ လှည့်ကြည့်လိုက်၏။

ပိုင်ထက်ကျွင်းက မားမားမတ်မတ်ရပ်ကာ သူ့ကို စိုက်ကြည့်နေလေ၏။

"မင်း သေချင်ပြန်ပြီလား ပိုင်ထက်ကျွင်း"

ထိုစကားကို ပြောလိုက်ရသော်လည်း သူ့ရင်ထဲတွင် တုန်လှုပ်မှုတော့ ဖြစ်သွားရသည်။



သူ အမျိုးမျိုးသတ်ဖို့ ကြိုးစားသော်လည်း မအောင်မြင်ဘဲ သက်လျှောခဲ့ရသည်မှာ အကြိမ်ကြိမ် ဖြစ်နေပြီ မဟုတ်ပါလော။

ဤသူငယ်သည် သတ်၍ မသေနိုင်သော လူစွမ်းကောင်းများ ဖြစ်နေသလား။ နတ်ရေကန်ထဲ ပစ်ချခံရသော သူရဲကောင်းများ ဖြစ်နေသလားဟု တွေးကာ ထိတ်လန့်လာမိသည်။

"ဆရာကြီး ဝေသိမ့်ကို၊ ခင်ဗျားနဲ့ ပထမဆုံး တွေ့ရတဲ့ အချိန်မှာ ကျုပ် သေလုလု ဖြစ်ခဲ့တယ်။ ဒုတိယအကြိမ်မှာတော့ ကျုပ်အသက်ကို ကျုပ် ကယ်နိုင်ခဲ့တယ်။ အခု တတိယအကြိမ် တွေ့ကြပြီ၊ ခင်ဗျားအလှည့်ပဲ ကျန်တော့တယ်"

ဝေသိမ့်ကို ပြုံးလိုက်သည်။

"ကိုယ့်လမ်းကိုကိုယ် လွတ်လွတ်လပ်လပ် မသွားဘဲ မင်းက သေလမ်းကိုမှ ရွေးပြီး လာရသလား ပိုင်ထက်ကျွင်း"

ပိုင်ထက်ကျွင်း နှုတ်ခမ်းထောင့်များ ကွေးသွားတော့သည်။

မထီတရီ ပြုံးလိုက်သည့် အပြုံးသည် ဝေသိမ့်ကိုအား စကားမပြောဘဲ စိန်ခေါ်သည့်အပြုံးပင်ဖြစ်သည်။

"ရွှေဓားသခင်ကြီးလုရဲ့ အသက်ကြွေးကို ဒီနေ့တော့ ခင်ဗျားဆီက မလွှဲမသွေ ပြန်တောင်းရတော့မှာပဲ ဝေသိမ့်ကို"

"မင်းက သူ့ကိုယ်စား ဆောင်ရွက်ဖို့ တာဝန်ရှိလို့လား၊ ပြီးတော့ မင်းမှာ အဲဒီအကြွေး တောင်းခံနိုင်လောက်အောင် အရည်အချင်းရှိလို့လား"

ပိုင်ထက်ကျွင်း ခေါင်းညိတ်ပြလိုက်သည်။

"သခင်ကြီးလု သေခါနီးမှ ခင်ဗျားဆီက အဲဒီအကြွေး တောင်းဖို့ ကျုပ်ကို တဖွဖွ မှာကြားခဲ့တယ်"

ဝေသိမ့်ကို၏ မျက်လုံးအရောင်များ စူးရှလာလေတော့သည်။

ရက်စက်မှု အရိပ်အငွေ့များ လူသတ်မည့် လက္ခဏာများက မျက်ဝန်းတွင် ထင်ဟပ်နေ၏။

ပိုင်ထက်ကျှင်းကို စူးစူးရဲရဲ ကြည့်ပြီးလျှင် ရုတ်တရက် ဟားတိုက် ရယ်မောလေတော့၏။

"ရွှေဓားသခင်ကြီးလုရဲ့ မှာကြားချက်မကလို့ သေတမ်းစာပဲဖြစ်ဖြစ် ငါနဲ့ ရင်ဆိုင်ရင် မင်း သေဖို့သာ ပြင်ပေတော့"

ပိုင်ထက်ကျှင်းက ဂရုမစိုက်သည့်အသွင်...

"ရယ်စရာကောင်းတဲ့ စကားတွေ ပြောမနေပါစမ်းနဲ့ဗျာ၊ သေမင်းတောင်ကြားထဲမှာ ကျုပ်ကို ခင်ဗျားတို့ ဝိုင်းပြီး လုပ်ကြံခဲ့တယ် မဟုတ်လား။ ခင်ဗျားတို့ ကျုပ်ကို တားဆီးလို့ ရသလား။ လုပ်ကြံလို့ အောင်မြင်ခဲ့သလား။ ကျုပ်လမ်းကို ကျုပ် ထိုးဖောက်ထွက်သွားနိုင်ခဲ့တာပဲ မဟုတ်လား"

ပိုင်ထက်ကျှင်းစကားကြောင့် ဝေသိမ့်ကို နည်းနည်းဖြုံသွားသည်။

ပိုင်ထက်ကျှင်းမှာ ဝေသိမ့်ကိုနှင့် လေးငါးကြိမ်ခန့် တိုက်ခိုက်ခဲ့ဖူးပြီဖြစ်၏။

အရေးနိမ့်ခဲ့သည့် အခြေအနေမှ လက်ရည်တူ အဆင့်အထိ တိုက်ခိုက်နိုင်ခဲ့ပြီမို့ ဝေသိမ့်ကို၏ စိတ်ထားသဘောထားကို သူ တီးမိခေါက်မိ ရှိနေ၏။

စကားစမြည် ပြောဆိုရင်းမှ ရုတ်တရက် အလစ်တိုက်ခိုက်တတ်သဲဖြင့် သူ၏ရှိသမျှသော အတွင်းအားများ ပိုင်ထက်ကျှင်း



တစ်ယောက် အဆင့်သင့် ထုတ်ထားရသည်။

"ဝိုး..."

ထိုစဉ်...

အနောက်ဘက်အရပ်ဆီမှ မီးကျည်မီးပန်းများ ဖြာခနဲ လွင့်တက်လာပြီး ပေါက်ကွဲလင်းလက်သွား၏။

ဝေသိမ့်ကိုသည် ထိုမီးပန်းမီးပွားများကို ကြည့်ပြီး အနည်းငယ် မျက်နှာပျက်သွားရသည်။

"ဒီနေ့တော့ မင်းရဲ့အသက်ကို ချမ်းသာခွင့်ပေးလိုက်ပြီ"

ပြောပြီးသည်နှင့် ရုတ်တရက် ထခုန်ကာ အနောက်ဘက် စူးစူးသို့ လျှင်မြန်စွာ ပြေးထွက်သွားလေတော့သည်။

* * *

ပိုင်ထက်ကျှင်းသည် ဝေသိမ့်ကို၏ နောက်ကျောပြင်ကို ငေးမောကြည့်ကာ တီးတိုးပြောဆို ရေရွတ်လိုက်၏။

"ဘာများ ကောက်ကျစ်ယုတ်မာတဲ့ အကြံအစည်တွေ ရှိနေပြန်ပြီလဲ မသိဘူး"

"အစ်ကိုပိုင်၊ ကျွန်တော်တို့ သူ့နောက် ဆက်လိုက်မယ်၊ အစ်ကို့ကို သူ မယှဉ်ရဲဘူး"

ချန်ပိန်း၏ လှုံ့ဆော်စကားကြောင့် ပိုင်ထက်ကျှင်း ခေါင်းယမ်းပြလိုက်သည်။

ပိုင်ထက်ကျှင်းသည် ပြန်လှည့်လိုက်၏။

မိုးအောက်မြေပြင် နံပါတ်တစ် ဓားသမားကြီး ကျိုတာကျန်

တစ်ယောက် တွေဝေငေးငိုင်နေသည်ကို တွေ့လိုက်ရသောအခါ သူ စိတ်မကောင်း ဖြစ်သွားမိသည်။

သူသည် ဦးညွတ်ဂါရဝ ပြုလိုက်လေ၏။

“ဆရာကြီးခင်ဗျာ”

ကျိုတာကျန်က သူ၏ဓားကျိုးကို ကောက်ယူကာ သက်ပြင်းကြီးချလိုက်၏။

ပိုင်ထက်ကျွင်းနှင့် ချန်ပိန်းတို့ကို လုံးဝ ဂရုမစိုက်ဘဲ သူ့ဓားအကျိုးကိုသာ ငိုင်တွေ စိုက်ကြည့်နေ၏။

ချန်ပိန်းနှင့် ပိုင်ထက်ကျွင်းတို့နှစ်ယောက်မှာ အဓိပတိ ဓားသမားကြီးတစ်ယောက် မိမိ၏ လက်နက်ဆုံးရှုံးသွားသဖြင့် အကြီးအကျယ် စိတ်ဓာတ်ကျဆင်းနေသည်ကို နားလည်လိုက်ကြ၏။

ချန်ပိန်းက ပျော့ပျောင်းညင်သာသော လေသံဖြင့်…

“ဆရာကြီးရဲ့သမီး ဘာဖြစ်လို့ပါလဲခင်ဗျာ”

ချန်ပိန်းက အကျိုးအကြောင်း မေးမြန်းလိုက်လေတော့သည်။

“ဝေသိမ့်ကိုက ဖမ်းသွားလို့”

“ဗျာ”

ချန်ပိန်းသည် အထိတ်တလန့်လေး ဖြစ်သွားမိတော့သည်။

“ဝေသိမ့်ကိုက ဖမ်းသွားတယ် ဟုတ်လား”

ကျိုတာကျန် ပြန်မဖြေ။

သူ့ဓားအကျိုးကိုသာ ငိုင်တွေ ငေးစိုက်ကြည့်နေလေသည်။

ချိန်ပိန်းသည် ကျိုတာကျန်၏ ခံစားမှုကို ဝေမျှခံစားနိုင်သည်။

ထို့ကြောင့်…

စကားလိုးလွှဲ၍ ပြေရာပြေကြောင်း ပြောဆိုလိုက်ရလေသည်။



“ဓားရှည်တစ်ချောင်းကျိုးတာ ဘာမှ မဖြစ်လောက်ပါဘူး ခင်ဗျာ၊ သိပ်လဲ စိတ်မကောင်း ဖြစ်မနေပါနဲ့။ ဒီမိစ္ဆာကောင်ကြီးဟာ သိုင်းလောကရဲ့ မဟာရန်သူကြီးပါ။ တစ်နေ့မှာ သိုင်းလောကရဲ့ ဒဏ်ခတ်ခြင်းကို ခံရမှာပါ”

ချန်ပိန်းသည် ယခင်က လူငယ်ကလေး ချန်ပိန်း မဟုတ်တော့။ သိုင်းလောကသားစစ်စစ် ဖြစ်နေသည့် ချန်ပိန်းဖြစ်နေသည်။

သိုင်းလောကအတွေ့အကြုံနှင့် လူ့လောက အတွေ့အကြုံ အတော်ကလေး စုံနေချေပြီ။

လောကဓမ္မတာ သဘောအရ ဖြစ်တတ်ပျက်တတ်သည့် သဘောများကိုလည်း အနည်းငယ် နားလည်စ ပြုနေလေပြီ။

ဝေသိမ့်ကိုသည် အနှစ်နှစ်ဆယ်ကျော်မျှ သိုင်းလောကကြီး တစ်ခုလုံးကို ကြိမ်မီးအုံးအောင် ဒုက္ခပေးခဲ့ပြီးပြီ။

သို့သော် ယခုအထိ ထိုဆိုးပြစ်များကို ဝေသိမ့်ကို မခံစားရသေးချေ။

မည်သို့ပင်ဖြစ်စေ တစ်နေ့တွင် ထိုဆိုးပြစ်များကို ဝေသိမ့်ကို ခံစားရမည်သာဖြစ်သည်။

သိုင်းလောကသားများကပင် ဝေသိမ့်ကိုကို ပြစ်ဒဏ်ခတ်လိမ့်မည်ဟု ချန်ပိန်း ယုံကြည်သည်။

ထိုစဉ် ပိုင်ထက်ကျွင်းကလည်း ကျိုတာကျန်ကို ဝင်၍ နှစ်သိမ့်လိုက်၏။

“ဆရာကြီးခင်ဗျာ”

ကျိုတာကျန်က လှမ်းကြည့်၏။

ပိုင်ထက်ကျွင်း၏ မျက်နှာသည် ရဲရင့်တည်ကြည်နေလေ

သည်။

တက်သစ်စ နေလုလင်ကဲ့သို့ ဝင်းကြည်နေသည်။

သူ၏အင်္ကျီလက်စရှည်များသည် လေထဲ၌ တဖျပ်ဖျပ် လွင့်ခါနေသည်။

သူသည် ဝေသိမ့်ကို ပြေးထွက်သွားသည့်အရပ်သို့ ငေးကြည့်နေသည်။

ထို့နောက် သူ့စကားကို ဆက်လေ၏။

"သေမင်းတောင်ကြားမှာ ကျွန်တော့်ကို ဝိုင်းပြီး ပတ်ဆို့တိုက်ခိုက်ကြတယ်။ သေပြီလို့ အောက်မေ့ထားတာ။ ကံကောင်းထောက်မပြီး လွတ်မြောက်လာရတယ်။ ဒါဟာ ကျွန်တော့်အတွက် ရှက်စရာပဲပေါ့။ ဟဲ...ဟဲ...ဟဲ၊ ဒါပေမယ့် ရှက်တာက ရှက်တာသတ်သတ်၊ အသက်ရှင်တာက အသက်ရှင်တာ သတ်သတ်ပဲ။ အသက်ရှင်နေသေးသမျှ တိုက်လို့ခိုက်လို့ ရသေးတယ်။ ကလဲ့စားချေလို့ ရသေးတယ်။ ရှက်နေရုံ၊ စိတ်ဓာတ်ကျနေရုံနဲ့ ဘယ်လိုလုပ်ပြီး ကောင်းနိုင်မှာလဲ"

ကျိုတာကျန် အတန်ကြာ ငိုင်တွေ စဉ်းစားနေ၏။ ပြီးမှ ပိုင်ထက်ကျွင်းကို ကျေးဇူးစကား ဆိုသည်။

"မင်းစေတနာကို နားလည်ပါတယ် ပိုင်ထက်ကျွင်း။ အခုလို နှစ်သိမ့်အားပေးစကား ပြောတာကိုလဲ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ပိုင်ထက်ကျွင်းက ဝေသိမ့်ကို,ကို ရှုံးနိမ့်ခဲ့တာက အကြောင်းမဟုတ်ပေမယ့် ကျိုတာကျန်ဆိုတဲ့ ငါကတော့ အကြောင်းဖြစ်တယ်။ သိုင်းလောကမှာ ငါမျက်နှာ မပြနိုင်တော့လောက်အောင် ရှက်စရာဖြစ်သွားခဲ့ပြီ"

"ဒီလိုလဲ တစ်ဖက်သတ်အတွေးတွေ တွေးပြီး မပြောပါနဲ့လေ၊



ဆရာကြီး ကျိုတာကျန် ရှုံးနိမ့်ရတာက တစ်ခြားလူ မဟုတ်ဘဲ ဆသိမ့်ကိုဆိုတဲ့ မြောက်ပိုင်းသိုင်းဦးသျှောင်တစ်ယောက် ဖြစ်နေတယ် မဟုတ်လား၊ အဲဒါလဲ ထည့်ပြောဦးမှပေါ့"

ချန်ပိန်းက ဝင်၍ စိတ်ဓာတ် ပြန်မြှင့်ပေးပြန်သည်။

ဆရာကြီး ကျိုတာကျန် ဖြေနိုင်အောင် ဝင်ပြောခြင်း ဖြစ်သော်လည်း ကျိုတာကျန်မှာ မဖြေနိုင်ရှာပါ။

ကျိုတာကျန်မှာ အားလျှော့သောလေသံဖြင့် ပြောလေသည်။

"ဟုတ်ပါတယ်လေ၊ ငါအစကတည်းက သူ့ကို မနိုင်ခဲ့ဖူးပါဘူးကွာ"

ပြောပြီးသည်နှင့် သူ့လက်ကို ဇွေ့ယမ်းလိုက်၏။

"ဝှီး"

လက်ထဲမှ ဓားကျိုး အဝေးဆီသို့ လွင့်ထွက်သွားလေသည်။ တစ်ဆက်တည်းပင် သူ ခြေလှမ်းကျဲကျဲ လှမ်းထွက်သွားတော့သည်။

"ဆရာကြီးက အခု ဘယ်ကိုများ သွားမလို့ပါလဲ"

ချန်ပိန်းက မေးသည်။

ကျိုတာကျန် ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်ပြီး ပြန်ပြောသည်။

"လော်ယန်မြို့ထဲကို သွားလို့ အဲဒီက ပန်းပဲဖိုမှာ ဓားတစ်လက် ဝယ်မယ်"

ပြေပြီးပြီးချင်း နှုတ်ပင်မဆက်တော့ဘဲ ခြေလှမ်းကျဲကျဲ ထွက်ခွာသွားလေတော့သည်။

ဓားအသစ်တစ်လက်ဖြင့် လက်စားချေရန် ကြိုးစားပေဦးတော့မည်။

★ ★ ★

## အခန်း (၁၅၈)

## တိုက်ပွဲ၏နိဒါန်း

ပိုင်ထက်ကျွင်းနှင့် ချန်ပိန်းတို့နှစ်ယောက်သည် မိုးသောက်အောက်မြေပြင် ဖြိုင်ဘက်ကင်း နံပါတ်တစ် ဓားသမားကြီး ကျိုတာကျန်၏ ကျောပြင်ကို ငေးကြည့်ကာ စိတ်မကောင်းဖြစ် ကျန်ရစ်ခဲ့ကြသည်။

ပိုင်ထက်ကျွင်းက စိတ်မသက်သာစွာ သက်ပြင်းချလိုက်ပြီးလျှင်

“ဝေသိမ့်ကိုရဲ့ လုပ်ရပ်တွေကတော့ ကြာလေကြာလေ ဆိုးရွားလာလေပါပဲလားကွာ။ သိုင်းလောကရဲ့ နံပါတ်တစ် ဓားသမားကြီးတစ်ယောက်ရဲ့သမီးကို ခုလို ဖမ်းထားတာက အတော့်ကို အရုပ်ဆိုးပါတယ်။ သိပ်ပြီး အောက်တန်းကျတဲ့ အလုပ်ပဲ



ညီလေးရာ”

ချန်ပိန်းက ခေါင်းညိတ်ပြလိုက်သည်။

“ဒီပြန်ပေးဆွဲတဲ့ကိစ္စကို ကျွန်တော်တို့ဝင်ပြီး ကူညီကြရင် မကောင်းဘူးလား အစ်ကိုပိုင်”

“ကောင်းတယ်၊ ဒါပေမယ့် တိုးတိုးတိတ်တိတ်နဲ့ အသိမပေးဘဲ ကူညီမှ ဖြစ်လိမ့်မယ်”

“ဒါဆိုရင် ကျွန်တော်တို့ လော်ယန်မြို့ထဲ ဝင်ကြရအောင်”

ပိုင်ထက်ကျွင်းက ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် လော်ယန်မြို့ဘက်ဆီသို့ လျှောက်လာခဲ့ကြသည်။

သူတို့ လော်ယန်မြို့ထဲ ဝင်လာသောအခါ အရုဏ်ကျင်း၍ အလင်းရနေလေပြီ။

လော်ယန်မြို့၏ စားသောက်ဆိုင်တစ်ခုအတွင်းသို့ ဝင်ရောက်ကြသည်။

အရက်နှင့် ဟင်းလျာများ မှာယူစားသောက်နေကြသည်။

သူတို့သည် ဟင်းလျာကောင်းကောင်းနှင့် ဝေးနေရသည်မှာ ကြာပြီဖြစ်၍ စားသောက်၍ ခံတွင်းတွေ့နေသည်။

စတွေ့ခါစ တစ်ယောက်နှင့်တစ်ယောက် အစားအသောက်လေးများ ပေးဝေ စားသောက်ခဲ့ကြသည်တို့ကို ပြန်လည်သတိရနေမိသည်။

ရေးရေစက်ကား ထူးခြားလှ၏။

ချန်ပိန်းနှင့် ပိုင်ထက်ကျွင်းတို့သည် တွေ့ခါစကပင် တစ်ဦးနှင့်တစ်ဦး သံယောဇဉ် ရှိခဲ့ကြသည်။

ထိုစဉ်မှ စခဲ့သည် သံယောဇဉ်ကြီးသည် ခိုင်မာသထက်

နိုင်မာလာခဲ့ကြသည်။

ထိုစဉ် စားသောက်ဆိုင်အတွင်းသို့ လူတစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရ၏။

ထိုသူမှာ ကိုယ်လုံးကိုယ်ထည် တောင့်တင်းထွားကျိုင်းသည်။

ဝေသိမ့်ကို၏ ဂိုဏ်းသားတစ်ယောက် ဖြစ်ပေသည်။

ချန်ပိန်းရော ပိုင်ထက်ကျွင်းပါ ထိုသူကို သတိပြုမိကြသည်။

ပိုင်ထက်ကျွင်းက ချန်ပိန်းကို ခြေထောက်ဖြင့် လှမ်းတို့ သတိပေးလိုက်သည်။

ချန်ပိန်းက သူ့အကြည့်ကို ရုတ်သိမ်းလိုက်သည်။

အစားအသောက်များကိုသာ ဟန်မပျက် ပြန်စားနေလိုက်သည်။

ထိုဂိုဏ်းသား ရှိနေလျှင် သူတို့၏ ဆရာကြီး ဝေသိမ့်ကိုသည် ဤအနီးအနား၌ ရှိနိုင်သည်ဟု ချန်ပိန်း တွေးနေလေ၏။

ဆိုင်အတွင်း၌ တဖြည်းဖြည်း လူရှုပ်ထွေးလာသည်။

ဆိုင်အတွင်းသို့ ဝင်လာခဲ့သော ဝေသိမ့်ကို၏ ဂိုဏ်းသားက ပိုင်ထက်ကျွင်းတို့ကို သတိမထားမိချေ။

လွတ်နေသည့် စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး အစားအသောက် မှာယူစားသောက်နေသည်။

"ညီလေး... ငါတို့နှစ်ယောက် ငွေရှင်းပြီးရင် တစ်ယောက်ပြီးမှတစ်ယောက် ဆိုင်ထဲက ထွက်သွားကြမယ်။ နှစ်ယောက်စလုံး ပြိုင်တူထွက်လို့ မဖြစ်ဘူး"

ပိုင်ထက်ကျွင်းက ချန်ပိန်းကို လေသံဖြင့် ပြော၏။

ချန်ပိန်း ခေါင်းညိတ်ပြကာ စားပွဲထိုးကို လှမ်းခေါ်လိုက်သည်။



ထို့နောက် ကျသင့်ငွေ ရှင်းပေးပြီး ဆိုင်အတွင်းမှ အရက်နားဘက် ယိုင်တိယိုင်တိုင် ထွက်ခွာသွားသည်။

အတန်ကြာသည့်တိုင် ပိုင်ထက်ကျွင်း လိုက်မထွက်ချေ။

ဝေသိမ့်ကို ဂိုဏ်းသား၏ အရိပ်အခြည်ကိုသာ ကြည့်နေသည်။

ဝေသိမ့်ကို ဂိုဏ်းသားမှာ အေးအေးလူလူပင်။ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ သူ့အစားအသောက်ကိုသာ ဂရုစိုက်နေသည်။

ပိုင်ထက်ကျွင်းသည် သူ့ကို ထိုသူ ဂရုမပြုနိုင်စေရန် မျက်နှာကို စောင်းထား၏။

အကြောင်းရှိသည်။

အကယ်၍ သူ့မျက်နှာကို ထိုဂိုဏ်းသား မြင်သွားလျှင် ဝေသိမ့်ကိုကို အကြောင်းကြားနိုင်သည်။

ဝေသိမ့်ကိုသည် အလွန်တရာ ဉာဏ်နီဉာဏ်နက်များသည်။ မိမိတို့ ဤမြို့၌ ရှိနေသေးကြောင်း သိသွားလျှင် ထောင်ချောက်တစ်ခုခု လုပ်နိုင်သည်။

မိမိတို့က ကျိုတာကျန်၏ကိစ္စကို မကူညီနိုင်မီ မိမိတို့သာ သူ့ထောင်ချောက်အတွင်း ရောက်ပြီး ကြက်ကလေး ငှက်ကလေးများလို အသတ်ခံရသွားနိုင်သည်။

ထို့ကြောင့် ပိုင်ထက်ကျွင်း ဤမျှ သတိထားနေခြင်းဖြစ်သည်။

ထိုသို့ သတိထားရှိခြင်း၊ အမြော်အမြင်ရှိခြင်းကြောင့်ပင် သူသည် ငယ်ငယ်ရွယ်ရွယ်ဖြင့် ကျန်လုဂိုဏ်းချုပ်ကြီး ဖြစ်နေရသည် မဟုတ်ပါလား။

ဝေသိမ့်ကိုဂိုဏ်းသား ငုံ့စားနေစဉ် ပိုင်ထက်ကျွင်းသည်

လှစ်ခနဲ ထလာ၏။

ဆိုင်ဝရောက်၍ မသိမသာ လှည့်ကြည့်သည်။

ထိုဂိုဏ်းသားသည် သူ့ကို ဂရုမပြုဘဲ သူ့အစားအသောက်ကိုသာ ငုံ့လွေးနေသည်။

ဆိုင်အပြင်ဘက်တွင် သူတို့နှစ်ယောက် ပြန်ဆုံကြ၏။

ထို့နောက် လမ်းမဘေးဘက်တွင် ရှိနေသော လူသူရှင်းသည့် လမ်းဆွယ်လေးတစ်ခုအတွင်းသို့ လျှောက်ဝင်လာခဲ့ကြသည်။

"ဒီအတိုင်းဆိုရင်တော့ ဝေသိမ့်ကို မြို့ထဲမှာ ရှိနေလိမ့်မယ်ထင်တယ်"

ပိုင်ထက်ကျွင်း မှတ်ချက်ချလိုက်သည်။

ချန်ပိန်းက ခေါင်းညိတ်ပြကာ–

"ကျွန်တော်တို့နှစ်ယောက် ဆရာကြီး ကျိုတာကျန်ကို သွားပြီး ရှာတွေ့ကြမလား"

"မလိုပါဘူး၊ တစ်ခုပဲ ရှိတယ်။ တို့ သတိဝီရိယထားပြီး အခြေအနေ ဂရုတစိုက် နားစွင့်ထားရလိမ့်မယ်။ ဆရာကြီး ကျိုတာကျန်လဲ မြို့ထဲမှာ ရှိနေမှာ သေချာတယ်။ ဒီည မလွဲမသွေ ပွဲကြီးပွဲကောင်းတစ်ပွဲနဲ့ ကြုံရမှာပဲ။ ကျိုတာကျန်ဟာ သူ့သမီးအတွက် လက်လျှော့မှာ မဟုတ်ဘူး"

နှစ်ယောက်သား ထိုလမ်းမြောင်လမ်းဆွယ်ကလေးထဲမှ ပြန်ထွက်ခဲ့ကြသည်။

တခွပ်ခွပ် အသံကြားလိုက်ရသည်နှင့် ပိုင်ထက်ကျွင်းက ချန်ပိန်း၏လက်ကို ရုတ်တရက် ဖမ်းဆွဲကာ လမ်းထောင့်ကလေးသို့ ပြေးဝင်ပုန်းကွယ်လိုက်သည်။



မြင်းဖြူကြီးတစ်စီးသည် ပြင်းထန်သော ခွါသံပေးလျက် သူတို့ကို ဖြတ်ကျော်သွားသည်။

မြင်းပေါ်တွင်ကား ဘုန်းကြီးအိုတစ်ပါး စီးနင်းလိုက်ပါလာကြောင်း တွေ့ရသည်။

ထိုဘုန်းကြီးကို မြင်လိုက်ရသောအခါ ချန်ပိန်းမှာ ဟာစ်အော်မိမတတ် ဖြစ်သွားလေတော့သည်။

သို့သော် သူ့စိတ်ကို ချုပ်တည်းနိုင်လိုက်၏။ သူ့အသံကြောင့် ပြဿနာ တက်မည်ကို မလိုလားချေ။

နောက်မှ ပိုင်ထက်ကျွင်းအား တီးတိုးမေးလေ၏။

"အဲဒါ ဘုန်းကြီးရှူး မဟုတ်လား အစ်ကိုပိုင်"

ပိုင်ထက်ကျွင်းက ခေါင်းညိတ်ပြလိုက်သည်။

ထိုတရုတ်ဘုန်းကြီးရှူး ကျော်ဖြတ်သွားမှ သူတို့နှစ်ယောက်လည်း လူအုပ်နှင့် ရောနှောကာ လမ်းမကြီးအတိုင်း လျှောက်ကာ မြို့တွင်းသို့ ပြန်ဝင်လာခဲ့ကြသည်။

တစ်နေရာသို့အရောက်တွင် ပိုင်ထက်ကျွင်းက ရပ်တန့်ကာ လက်ညှိုးညွှန်ပြလိုက်၏။

ချန်ပိန်း ထိုနေရာကို လှမ်းကြည့်လိုက်လျှင်...

"မူလလက်ဟောင်း...ဝူ...ပန်းပဲဖို"

သေသပ်ကောင်းမွန်သော လက်နက်များ ပြုလုပ်ပေးသည်။

လက်ရေး စာလုံးက မလှချေ။ သို့သော် ထိုပန်းပဲဖိုသည် လော်ယန်မြို့၌ နာမည်အကြီးဆုံး ပန်းပဲဖိုဖြစ်ပြီး သူ့ပန်းပဲဖိုမှ ထွက်သော ဓားများသည် နာမည်ကြီးလှ၏။

လော်ယန်မြို့မှ သိုင်းသမားတိုင်းလိုလို ဝူပန်းပဲဖိုထွက်

ဓားများကို ကိုင်ဆောင်ကြ၏။

ဓားကောင်းသလို ဈေးလည်း ကြီးလှသည်။

သို့သော် သိုင်းသမားများသည် ငွေကြေးကို ဂရုစိုက်သူများ မဟုတ်၍ ထိုပန်းပဲဖိုမှ ဓားများကိုသာ အလုအယက် ဝယ်ယူကိုင်ဆွဲကြသည်။

ဝူပန်းပဲဖိုမှ ဓားများကလည်း နာမည်ကြီးသလောက် ဈေးကြီးသလောက် အစွမ်းထက်လှ၏။

ဓားသွားပေါ်၌ ဝါးဂွမ်းစကို တင်ကာ လေမှုတ်ထုတ်လိုက်ရုံဖြင့် ထိုဝါဂွမ်းစသည် တိခနဲ ပြတ်ကျသွားသည်။

တော်ရုံတန်ရုံ သံဆိုလျှင် ဝူပန်းပဲဖိုမှ ဓားနှင့် မထိနှင့် ထိလျှင် ကျိုးပဲ့သွားမည်သာ။

ပိုင်ထက်ကျွင်းက အဘယ့်ကြောင့် ပန်းပဲဖိုကို လက်ညှိုးထိုးပြကြောင်း ချန်ပိန်း သဘောမပေါက်ချေ။

"ဘာလဲ အစ်ကိုပိုင်ရဲ့ ဒါ ပန်းပဲဖိုပဲ၊ အဲဒီမှာ အစ်ကို ဘာလုပ်ချင်လို့လဲ"

"ဟား…ဟား…ဟား…ငါက ဘာမှ မလုပ်ချင်ပါဘူး ညီလေးရာ၊ ငါက လက်နက်ကိုင်တဲ့လူမှ မဟုတ်ဘဲ"

"ဒါဖြင့်…"

ချန်ပိန်းက ပိုင်ထက်ကျွင်း၏ လက်ကို အသာတို့ကာ တီးတိုးပြောသည်။

"ထန်ချန်းဂိုဏ်းက ဆရာကြီး ဟိုကြည်ဖန်ပဲ အစ်ကိုပိုင်"

ပိုင်ထက်ကျွင်းမှာ ချန်ပိန်း၏လက်ကို ပြန်လည်၍ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားလိုက်သည်။



"ထန်ချန်းဓားနှစ်ဖော် စုံသွားပြီဆိုရင်တော့ ပွဲကြီးပွဲကောင်း တစ်ခု ကြုံရတော့မယ်ထင်တယ်"

ပန်းပဲဆရာကြီးသည် နောက်မှ ရောက်ရှိလာသည့် ဟိုကြည်ဖန်ကို ဂါရဝပြုသည်။

ကျိုတာကျန်က ပန်းပဲဆရာကြီးကို တစ်စုံတစ်ခု ပြောလိုက်သဖြင့် ပန်းပဲဆရာကြီး ကပျာကယာ ပြန်ဝင်သွားသည်။

သူပြန်ထွက်လာသောအခါ လက်ထဲ၌ ဓားရှည်တစ်ချောင်း ပါလာကြောင်း တွေ့လိုက်ရသည်။

ထို့နောက် ကျိုတာကျန်ကို လှမ်းပေးသည်။

ကျိုတာကျန်က ဓားအသစ်ကို ခါးကြားတွင် ချိတ်ဆွဲလျက် ဟိုကြည်ဖန်နှင့်အတူ ထွက်ခွာသွားလေတော့သည်။

"ထန်ချန်းဓားနှစ်ဖော်က အသေအကြေကို တိုက်ခိုက်တော့မယ်ထင်တယ် အစ်ကိုပိုင်"

"အင်းပေါ့ကွာ၊ ဒီညပဲ ပြဿနာ ဖြစ်ကြလိမ့်မယ်"

ချန်ပိန်း တွေးတွေးဆဆ လေသံဖြင့်–

"ဒါပေမယ့် အစ်ကိုပိုင်၊ ဟိုဘုန်းကြီးအရူး ရောက်လာပြီဆိုတော့ အခြေအနေ ကောင်းနိုင်မယ် မထင်ဘူး"

"မင်းကလဲကွာ၊ တို့နှစ်ယောက် အဲဒီတိုက်ပွဲကို ဘေးက အသာ လက်ပိုက်ကြည့်နေရမှာလား။ အပျော်သဘောနဲ့ ဒီမြို့ကို လာခဲ့ကြတာလား"

ချန်ပိန်း နားလည်သဘောပေါက်သွားသည်။ ထိုစကားကြောင့် တက်ကြွသွေးဆူလာ၏။

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး–

"ဟုတ်တယ်၊ ကျွန်တော်တို့ ဒီပွဲမှာ ရပ်ကြည့်နေဖို့ မဟုတ်ဘူး၊ ထန်ချန်း ဓားနှစ်ဖော်ဘက်က ကောင်းကောင်း ဝင်တိုက်ပေးရမယ်"

ပိုင်ထက်ကျွင်း မေးရိုးများ တင်းအစ်လာအောင် အံကြိတ်လိုက်ပြီး ခေါင်းညိတ်ပြမိ၏။ ထို့နောက် ချန်ပိန်းနှင့်အတူ လမ်းမကြီးအတိုင်း ဆက်လျှောက်လာခဲ့ကြသည်။

သူတို့၏ ဦးတည်ချက်ခြေလှမ်းများက တည်းခိုရိပ်သာတစ်ခုဆီသို့ ဖြစ်၏။

"တို့နှစ်ယောက် တစ်နေရာရာမှာ အေးအေးချမ်းချမ်း အနားယူကြရလိမ့်မယ်။ ဒါမှ တို့တိုက်ပွဲအတွက် ငါတို့အဆင်သင့်ဖြစ်မှာ"

ချန်ပိန်း ခေါင်းညိတ် သဘောတူလိုက်၏။

ထို့နောက် ခပ်ညံ့ညံ့ တည်းခိုရိပ်သာတစ်ခုသို့ ဝင်ရောက်ကာ အိပ်စက်အနားယူလိုက်ကြလေတော့သည်။

* * *

သူတို့နှစ်ယောက် အိပ်ရာမှ နိုးသောအခါ နေမွန်းတည့်နေပြီဖြစ်၏။

"တစ်ခုခု စားကြ သောက်ကြရအောင်ကွာ"

ပိုင်ထက်ကျွင်းသည် သူ့အိတ်ထဲသို့ လက်နှိုက်လိုက်လေသည်။

လက်ပြန်ထုတ်သောအခါ ငွေတစ်ပြားတစ်ချပ်မျှ ပါမလာချေ။



ပိုင်ထက်ကျွင်းက ပြုံး၍ ပြောလေ၏။

"ငွေတစ်ပြားတစ်ချပ်တောင် မကျန်တော့ဘူး၊ ညီလေးဆီမှာ ကျန်သေးသလား"

ချန်ပိန်းက အိတ်ထဲသို့ လက်နှိုက်လိုက်သည်။

လိန်ရင် ပေးလိုက်သော ငွေဒင်္ဂါးပြားက အိတ်အတွင်းမှ ထွက်လာသည်။

ချန်ပိန်း ငွေဒင်္ဂါးပြားကို ထောင်ပြပြီး–

"အစ်ကိုပိုင် ငွေဒင်္ဂါတစ်ပြားတောင် ကျန်သေးသဗျ"

ငွေဒင်္ဂါးတစ်ပြားဆိုသည်မှာ နည်းနည်းနောနော တန်ဖိုးမဟုတ်ပေ။

နောက်ထပ် သုံးရက်စာမျှ ကောင်းစွာ စားသောက်နိုင်ပေသေးသည်။

'ဟား...ဟား...ဟား တော်သေးတာပေါ့။ ငါတို့ ကောင်းကောင်းစားနိုင်ဦးမှာပေါ့'

ပိုင်ထက်ကျွင်းက ရယ်၍ ပြောသည်။

အိပ်ရာမှ လူးလဲထလိုက်ကြသည်။

အဝတ်အစား ချပ်ချပ်ရပ်ရပ် ဖြစ်အောင် ပြင်ဆင်သည်။

ထို့နောက်...

ခံ့ညားထည်ဝါလှသော စားသောက်ဆိုင်တစ်ဆိုင်သို့ ထွက်လာခဲ့ကြသည်။

စားသောက်ဆိုင်၏ ထောင့်ကျကျ ပြတင်းပေါက်အောက်တွင် နေရာယူကာ အရက်နှင့် ဟင်းလျာများ မှာယူစားသောက်ကြ၏။

ပိုင်ထက်ကျွင်းက လူ့ဘဝ၌ ဖွဲ့မာန်အရေးကြီးလှကြောင်း

ဥပမာ သာဓကများဖြင့် ရှင်းလင်းပြောပြသည်။

ချန်ပိန်းမှာ ပိုင်ထက်ကျွင်းကို လေးစားပြီးရင်း လေးစားနေရတော့သည်။

"အစ်ကိုပိုင်က တကယ့် သူရဲကောင်းပဲ၊ ဘယ်တော့မှ စိတ်ဓာတ်ကျတဲ့စကား မပြောဘူး"

ပိုင်ထက်ကျွင်းက မချိပြုံးကလေး ပြုံးပြလိုက်တော့သည်။

သူတို့နှစ်ယောက် စားသောက်နေကြစဉ် ဆိုင်အတွင်းသို့ လူတစ်ယောက် ဝင်လာလေ၏။

ချန်ပိန်း ခေါင်းထောင်သွားသည်။

ပိုင်ထက်ကျွင်းအနားသို့ ကပ်ပြီး တီးတိုးပြောလိုက်သည်။ သတိပေးလိုက်သည်။

"ဝေသိမ့်ကို ရောက်လာပြီ"

ဝေသိမ့်ကို ဆိုင်အဆင်းအတက် လှေကားထိပ်တွင် ဟန်ကျပန်ကျ ဝင်ထိုင်လိုက်သည်။

ဟင်းလျာနှင့် အရက်တို့ မှာယူနေစဉ်ပင် လှေကားမှ ခြေသံတစ်သံ ကြားလိုက်ရပြန်သည်။

ပိုင်ထက်ကျွင်းနှင့် ချန်ပိန်းတို့ မမှိတ်မသုန် ကြည့်နေကြသည်။

တက်လာသူကား ကျိုတာကျန် ပေတည်း။

★ ★ ★

အခန်း (၁၅၉)

## ဓားနှစ်လက်၏နိဂုံး

ကျိုတာကျန် လှေကားမှ တည်ငြိမ်အေးဆေးစွာ တက်လာခဲ့သည်။

ဝေသိမ့်ကို၏ စားပွဲရှေ့သို့ ရောက်လျှင် ဆတ်ခနဲ တုံ့သွားပြီး စာတစ်စောင် ပစ်ချကာ ထွက်သွားတော့သည်။

ဘာစကားမျှ မပြောပေ။

ပိုင်ထက်ကျွင်းက ထိုအဖြစ်အပျက်ကို ကြည့်ပြီး တီးတိုး မှတ်ချက်ချ၏။

"တိုက်ပွဲခေါ်သံ ချိန်းစာပဲ"

ဝေသိမ့်ကိုက စားပွဲပေါ်မှ စာကို ကြည့်ပြီး အေးတိအေးစက် ပြုံးလိုက်သည်။

ထိုအပြုး၏ နောက်ကွယ်၌ ကောက်ကျစ်ယုတ်မာမှုများ ပါရှိနေမည် မလွဲတည်း။

ထို့နောက်...

စာကို ကောက်ယူကာ ရင်ခွင်ထဲ ထိုးထည့်ထားလိုက်သည်။

ပိုင်ထက်ကျွင်းနှင့် ချန်ပိန်းတို့ ကံကောင်းသည်မှာ သူ၏ ကျောဘက်၌ နေရာယူမိကြခြင်း ဖြစ်သည်။ သူတို့ကို ဝေသိမ့်ကို သတိမပြုမိပေ။

ဝေသိမ့်ကိုသည် တုန်လှုပ်ဟန် မရှိဘဲ အေးဆေးစွာ စားသောက်သည်။

စားသောက်ပြီးပါက စာကို ထုတ်ဖတ်လိမ့်မည်ဟု ချန်ပိန်းတို့ ထင်ခဲ့သော်လည်း ဝေသိမ့်ကိုသည် လုံးဝ စာကို ထုတ်မဖတ်ချေ။

ထို့နောက်...

ငွေရှင်းပြီး ဆိုင်ထဲမှ ထွက်ခွာသွားလေတော့၏။

ချန်ပိန်းနှင့် ပိုင်ထက်ကျွင်းတို့သည်လည်း မရှေးမနှောင်းမှာပင် ဆိုင်အတွင်းမှ ထွက်ခဲ့သည်။

"ကျွန်တော်တို့ အခု ဘယ်ကိုသွားကြမလဲ အစ်ကိုပိုင်"

"တည်းခိုခန်းကို ပြန်ကြမယ်"

"ဘာလုပ်မလို့လဲ၊ အခန်းခ ရှင်းပေးမလို့လား"

"ဟင့်အင်း ပြန်အိပ်ကြမယ်လေ၊ အနားယူကြမယ်"

ချန်ပိန်းက ပထမတော့ ကြောင်သွားသည်။

နောက်မှ နားလည်သဘောပေါက်မိ၏။

တိုက်ပွဲမဝင်မီ ကြိုတင်အနားယူထားခြင်း ဖြစ်ကြောင်း ရိပ်မိသည်။



အားပြည့်အောင် အနားယူထားပါက ကိုယ့်အတွက် အဆင်သင့် ဖြစ်နိုင်မည် မဟုတ်ပါလား။ အရေးကြုံက သက်လုံကောင်းခြင်းသည် မဟုတ်ပါလား။

တည်းခိုခန်းတွင် အိပ်စက်ပြီး သူတို့နှစ်ယောက် ထွက်လာသာအခါ လော်ယန်မြို့က ညဥ့်ယံတွင် အိပ်မောကျနေချေပြီ။

လရောင်က ပျပျလေး လင်းနေ၍သာ လှည့်ပတ်လေ့လာကြည့်ပြီးမှ မြို့ပြင်သို့ ထွက်ခဲ့ကြသည်။

"ပြဿနာကတော့ မလွဲမသွေ ဖြစ်မှာပဲ ငါ့ညီ၊ ဒီတော့ ကိုယ့်ဘက်က ကြိုတင်စီစဉ်ထားမှ ဖြစ်လိမ့်မယ်"

"ဟုတ်ကဲ့၊ အစ်ကိုပိုင် ခိုင်းတဲ့အတိုင်း ကျွန်တော် တစ်သဝေမတိမ် လိုက်လုပ်ပါမယ်"

ပိုင်ထက်ကျွင်း စဉ်းစားဟန်ပြုပြီး-

"တရုတ်ဘုန်းကြီးရုး လော်ယန်မြို့ထဲ ရောက်လာတာ ဆန်ချန်း ဓားနှစ်ဖော် သိမယ်မထင်ဘူး၊ ဒီဘုန်းကြီးရုးကို တို့ပိုပြီး သတိထား ရလိမ့်မယ်"

"ဒါဆိုရင် ကျွန်တော်တို့ ဖြောင်နေလို့ မဖြစ်ဘူးပေါ့၊ ပုန်းအောင်းပြီး အခြေအနေ စောင့်ကြည့်ရမယ့် သဘောပဲပေါ့"

"အေး...ဟုတ်တယ်"

'ကောင်းပြီလေ၊ ကျွန်တော် လုံခြုံအောင် ပုန်းနေမယ်၊ အစ်ကိုပိုင်က ငါ့ညီ မင်း ဘယ်သူ့ကို ဝင်တိုက်လို့ ပြောတာနဲ့ ကျွန်တော် အဲဒီလူကို အသက်နဲ့လဲပြီး ဝင်တိုက်မှာပဲ"

ပိုင်ထက်ကျွင်း ခေါင်းငုံ့ကာ တွေနေလိုက်သည်။

ပြီးမှ မြေကြီးပေါ်ရှိ ကျောက်စရစ်ခဲလေးတစ်လုံးကို

ခြေထောက်ဖြင့် ကန်ထုတ်လိုက်ပြီး...

"အရေးအကြီးဆုံးက သူတို့ကို နောက်ယောင်ခံလိုက်နိုင်ဖို့ ဒီညလာမယ့် သိုင်းသမားတွေက ထိပ်ထိပ်ကြဲ ထိပ်သီးသိုင်းပညာ ရှင်ကြီးတွေဆိုတော့ သတိဝီရိယ ပိုထားရလိမ့်မယ်"

ပိုင်ထက်ကျွင်းပြောရင်း အသံထွက်အောင် ရယ်လိုက်လေသည်။

"ပြောသာ ပြောရတာပါကွ၊ ဒီအတွက်ကတော့ မင်းကို စိတ်ချရပါတယ်။ ကိုယ်ဖော့ပညာအရာမှာ မင်းကို ဘယ်သူမှီနိုင်မှာ လဲကွ"

ချန်ပိန်လည်း ပြုံးမိ၏။

ထိုစဉ် အရှေ့ရှုးရှုးဆီမှ လူရိပ်နှစ်ရိပ်က မြို့ပြင်ဆီသို့ ပြေးလာသည်ကို လရောင်အောက်၌ ဝိုးတဝါး တွေ့လိုက်ရလေသည်။

ပိုင်ထက်ကျွင်း အချက်ပြလိုက်သည်နှင့် ချန်ပိန်းလည်း ချုံပုတ်တစ်ခုအတွင်း၌ ဝပ်တွားပုန်းကွယ်နေလိုက်သည်။

လေအဟုန်အလား ပြေးလွှားလာသည့် လူရိပ်နှစ်ရိပ်က မြို့ပြင်ဆီသို့ ရောက်ရှိလာသည်။

သူတို့ကိုယ်ဖော့ပညာက ကောင်းလှသည်။

ပထမတန်းစား သိုင်းသမားများ ပီလှသည်။

ချန်ပိန်းက–

"ထန်ချန်း ဓားနှစ်ဖော်တော့ ရောက်လာပြီ အစ်ကိုကြီး"

ပိုင်ထက်ကျွင်း ခေါင်းညိတ်ပြလိုက်သည်။

လူရိပ်နှစ်ရိပ်က တစ်နေရာတွင် ရပ်သွားကြ၏။

ပိုင်ထက်ကျွင်းနှင့် ချန်ပိန်းတို့သည် ချုံပုတ်ထဲမှ အသံ



ထွက်ဘဲ ငြိမ်သက်စွာ စောင့်ကြည့်နေလိုက်သည်။

လက်ဖက်ရည်တစ်အိုး ဆူချိန်ခန့်ကြာလျှင် မြို့ပြင်မြောက် ဘက်ဆီမှ လူရိပ်တစ်ရိပ် လှစ်ခနဲ ပေါ်လာ၏။

တစ်ပြိုင်တည်းပင် အနောက်ဘက်ဆီမှ လူရိပ်တစ်ရိပ် လှစ်ခနဲ ပေါ်လာပြန်သည်။

ထို့နောက် မြို့ပြင်ဆီသို့ အသီးသီး ပြေးလွှားလာကြလေသည်။

"အနောက်ဘက်က ထွက်လာတာ တရုတ်ဘုန်းကြီးရှူးပဲ အစ်ကိုပိုင်"

"ဟုတ်တယ်၊ သူ့ကို မျက်ခြည်မပြတ်စေနဲ့၊ သူ့နောက်ကို တို့နှစ်ယောက် လိုက်ကြမယ်"

ပြောပြောဆိုဆိုပင် သူတို့နှစ်ယာက် သစ်တောအုပ်ကလေး တစ်ခုအတွင်းသို့ ပြေးဝင်ပုန်းအောင်းနေလိုက်ကြသည်။

သူတို့နှစ်ယောက် ပုန်းအောင်းခါစမှာပင် မြို့တွင်းမှ နောက် ထပ် လူရိပ်နှစ်ရိပ် ထွက်ပေါ်လာပြန်သည်။

ပိုင်ထက်ကျွင်းက ချန်ပိန်း၏ လက်ကို ဆွဲထားပြီး ထို လူရိပ်နှစ်ရိပ်ကို အသေအချာ အကဲခတ်ကြည့်သည်။

သူတို့ဘက်ဆီသို့ ပြေးလာပြန်သဖြင့် ပိုင်ထက်ကျွင်းရော ချန်ပိန်းပါ အသက်အောင့် ပုန်းအောင်းလိုက်ရပြန်လေသည်။

"ငါတို့ကို မမြင်သွားတာ တော်ပါသေးရဲ့ကွာ"

လူရိပ်နှစ်ရိပ်က လျှပ်ပြက်သည့်နှယ် ဖြတ်ပြေးသွားသဖြင့် ပန်းသဏ္ဌာန်နှင့် မျက်နှာကို သဲကွဲစွာ မမြင်လိုက်ကြရချေ။

ချန်ပိန်းစိတ်ထဲ မကျေမနပ်ဖြစ်ကာ ပိုင်ထက်ကျွင်းအား

မေးမိသည်။

"အဲဒီနှစ်ယောက်ဟာ ရန်သူဖြစ်မလား၊ မိတ်ဆွေဖြစ်မလား အစ်ကိုပိုင်"

ပိုင်ထက်ကျွင်း ခေါင်းကို ခါးယမ်းလိုက်ပြီး-

"ရန်သူဖြစ်ဖို့ များတယ်"

နှစ်ယောက်သား ရှေ့သို့ တိုးဝင်လာကြသည်။

သစ်တောထဲတွင် ပုန်းအောင်းနေသူ ရှိမရှိ သွေးတိုးစမ်းပြီး သူတို့ လျှောက်ကြသည်။

အတော်ကလေး လျှောက်လာကြလျှင် ဝေသိမ့်ကိုနှ ကျိုတာကျန်တို့ တိုက်ခိုက်ခဲ့သော တောင်ကုန်းကလေးဆီသို့ ရောက် လာကြ၏။

တောင်ကုန်းပေါ်မှ ဆီးကြည့်လိုက်လျှင် တောင်ပတ်လမ် ထိပ်တွင် လူရိပ်နှစ်ရိပ်ကို တွေ့လိုက်ကြရပြန်လေသည်။

* * *

လူရိပ်နှစ်ရိပ်၏ လှုပ်ရှားမှုများက လျှပ်ပြက်သည့်အလ လျင်မြန်လွန်းနေသဖြင့် ပိုင်ထက်ကျွင်း လွန်စွာ အံ့အားသင့်နေသည်

"ဒီလူနှစ်ယောက်သာ ဝေသိမ့်ကိုဘက်က ဝင်ပြီး တိုက်ခို ရင် တို့တော့ အခက်အခဲ တွေ့ပြီ၊ ငါပထမ ထင်တာက တရ ဘုန်းကြီးရူး တစ်ယောက်ပဲ ဝင်တိုက်မယ်ထင်နေတာ"

ပိုင်ထက်ကျွင်း၏ ညည်းညူစကားကြောင့် ချန်ပိန်းလည် စိတ်ဓာတ်ကျချင်ချင် ဖြစ်လာသည်။



တောင်ပတ်လမ်းကလေးဆီသို့ အသေအချာ ငေးစိုက်ကြည့် သည်။

ထိုလူရိပ်နှစ်ရိပ်သည် တဖြည်းဖြည်း နီးကပ်လာ၏။

ချန်ပိန်း၏ မျက်နှာအမူအရာကလည်း တဖြည်းဖြည်းနှင့် ပြောင်းလဲလာ၏။

"ဟုတ်ပြီ၊ သူတို့...သူတို့ ရောက်လာကြပြီ"

"ဘယ်သူတွေလဲ၊ ညီလေး သိလို့လား"

ပိုင်ထက်ကျွင်းက ပြန်မေးသည်။

ချန်ပိန်းမှာ ဝမ်းသာလွန်းသဖြင့် အသားများ တုန်ယင်နေသည်။

ပိုင်ထက်ကျွင်း၏ ပခုံးကို ပျော်မြူးစွာ ဖက်တွယ်လိုက်ပြီး ပီပီသသကြီး ပြောချလိုက်၏။

"ဖေဖေ..ဖေဖေနဲ့ ဘဘကြီးချန်ပဲ အစ်ကို"

ပိုင်ထက်ကျွင်း လွန်စွာ ဝမ်းသာသွား၏။ ချန်ပိန်း၏ လက်ကိုပင် ဆုတ်ကိုင်ဖျစ်ညှစ်လိုက်မိသည်။

ဆရာကြီး ကျော်ပိုင်ချူးနှင့် ဆရာကြီး ချန်ပိုင်ဖုန်းတို့ ရောက်ရှိလာလျှင် သူတို့အနေဖြင့် မည်သည့်ရန်သူကိုမျှ မှုရန် မရှိတော့ချေ။

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

ပိုင်ထက်ကျွင်း ဒါပဲ ပြောနိုင်သည်။

တောင်ပတ်လမ်းမှ လူရိပ်နှစ်ရိပ်က တစ်မုဟုတ်ချင်းမှာပင် တဖြည်းဖြည်း ပီပီပြင်ပြင် ဖြစ်လာသည်။

မကြာမီပင် ကျော်ပိုင်ချူးနှင့် ချန်ပိုင်ဖုန်းတို့နှစ်ယောက်

ပိုင်ထက်ကျွင်းတို့ရှေ့သို့ ရောက်ရှိလာခဲ့တော့သည်။

"ဖေဖေ"

ချန်ပိန်းက သစ်တောအုပ်အတွင်းမှ လေသံမှုဖြင့် ခေါ်လိုက်သည်။

ကျော်ပိုင်ချူး ခြေလှမ်းရပ်တန့်ကာ လေသံဖြင့်ပင်–

"သား...လူလေး ချန်ပိန်း မဟုတ်လား"

"ဟုတ်တယ်ဖေဖေ"

ချန်ပိန်းတို့နှစ်ယောက် တောအုပ်ကလေးထဲမှ လျှောက်ထွက်လာကြ၏။

ကျော်ပိုင်ချူးတို့ ရှေ့သို့ရောက်လျှင် ကျော်ပိုင်ချူးက ပိုင်ထက်ကျွင်းကို စတင်နှုတ်ဆက်သည်။

"ပိုင်ထက်ကျွင်းလဲ ရောက်နေပြီကိုး"

"ဟုတ်ကဲ့ဆရာကြီး"

ထို့နောက် လေးယောက်သား ပဋိသန္ဓာရ စကားများ ပြောဆိုကြ၏။

ခဏနေမှ ကျော်ပိုင်ချူးက မျက်မှောင်ကြုတ်ကာ ချန်ပိန်းအား စူးစမ်းစကားဆိုသည်။

"သားက ချိန်းဆိုသတ်မှတ်ထားတဲ့ နေရာကို ဘာကြောင့် မသွားခဲ့ရတာလဲ၊ ဖေဖေတို့ ဟိုမှာ လေးငါးရက်လောက် စောင့်နေခဲ့သေးတယ်"

ချန်ပိန်းမှ သူ့အဖြစ်ပျက်များအား သူ့ဖခင်ကို ပြောပြရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ပိုင်ထက်ကျွင်းက လောလောဆယ် အရေးကြီးနေ



...ည်ကိစ္စကို ဖြတ်ပြောလိုက်သည်။

"ဝေသိမ့်ကိုနဲ့ ဘုန်းကြီးရူးတို့ ဟိုဘက်မှာ ထန်ချန်း ...နှစ်ဖော်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်နေကြတယ်၊ ကျွန်တော်တို့ ...မြန်လိုက်သွားကြမှဖြစ်မယ်"

ချန်ပိုင်ဖုန်းရော ကျော်ပိုင်ချူးပါ ထိတ်ထိတ်ပျာပျာ ဖြစ်သွား...ည်။

"ဘုန်းကြီးရူး ဟုတ်လား၊ သူ အခု ဘယ်မှာလဲ"

ပိုင်ထက်ကျွင်းက တောင်ကုန်းထက်ဆီသို့ လက်ညှိုးညွှန်ပြ...က်သည်။

"ကဲ...ကျွန်တော်တို့ အမြန်ဆုံး လိုက်သွားကြရအောင်"

ငိုင်တွေနေကြသော သူတို့ကို ပိုင်ထက်ကျွင်းက နှိုးဆော်...တိပေးလိုက်၏။

ထို့နောက် တောင်ကုန်းဘက်ဆီသို့ ပြေးထွက်သွားကြ...သည်။

ဆရာကြီးကျော်ပိုင်ချူးနှင့် ချန်ပိုင်ဖုန်းတို့က ရှေ့က ပြေးပြီး ...င်ထက်ကျွင်းနှင့် ချန်ပိန်းတို့က နောက်က ပြေးလိုက်ကြ၏။

တစ်ခဏအတွင်းမှာပင် တောင်ကုန်းဆီသို့ ရောက်လာကြ...ည်။

ကျိုတာကျန်နှင့် ဝေသိမ့်ကိုတို့ တိုက်ခိုက်ခဲ့ကြသည့်နေရာကို ...မ်းကြည့်လိုက်ကြသည်။

ဓားရောင်က ပြိုးပြိုးပြက်ပြက် လက်နေကြောင်း တွေ့ကြ...သည်။

ဝေသိမ့်ကိုအား ထန်ချန်း ဓားနှစ်ဖော်က အလူးအလိမ့်

ဝန်းရံတိုက်ခိုက်နေကြလေပြီ။

ချန်ပင်ဖုန်းက တီးတိုးပြောသည်။

"ထန်ချန်းညီနောင်တော့ ရှိရှိသမျှ သိုင်းပညာတွေ အစွမ်းကုန် ထုတ်သုံးနေပြီ ထင်ပါရဲ့"

ဓားသံများက တရွမ်းရွမ်း အသံထွက်ကာ အရိပ်များ ယှက်ဖြာနေသည်။

ဓားစက်ဝိုင်းအတွင်းမှ ဝေသိမ့်ကိုမှာလည်း လိပ်ပြာ တစ်ကောင်၊ ပိတုန်းတစ်ကောင်လား လူးလွန့်ရှောင်တိမ်းနေသည်။

ကျော်ပိုင်ချူးက ဝေသိမ့်ကို တစ်ယောက်တည်းကို မြင်သဖြင့် စိတ်ထဲ ဇဝေဇဝါဖြစ်ကာ ပြော၏။

""ဘုန်းကြီးအရူး ဘယ်ရောက်နေတယ် မသိဘူး။ တိုက်ပွဲ ထဲမှာ မတွေ့ရပါလား"

"ထွက်မလာဘဲ ပုန်းအောင်းနေလို့ ဖြစ်မှာပေါ့ ဖေဖေရဲ့ အနီးအနားမှာ ရှိနေမှာ သေချာပါတယ်"

ချန်ပိန်း၏စကားကို ပိုင်ထက်ကျွင်းက ထောက်ခံသည့်နှယ် ခေါင်းညိတ်ပြပြီး သူ့သံသယကို တင်ပြသည်။

"ဒီအနီးအနားမှာ နောက်ထပ် လူနှစ်ယောက် ရှိနေသေး တယ်။ ရန်သူလား၊ မိတ်ဆွေလား ဆိုတာတော့ မကွဲပြားဘူး ဒါပေမယ့် ဖြစ်နိုင်တာက"

"ဘယ်သူတွေ ဘယ်သူတွေ ဖြစ်နိုင်လို့လဲ"

ကျော်ပိုင်ချူးက ဖြတ်မေးသည်။ ပိုင်ထက်ကျွင်းက မဆိုင်း မတွပင် ပြော၏။

"ယန်ချွင်နဲ့ သူ့အဖော် ဟိုမုတ်ဆိတ်ပါမြိုင်းမွေးနဲ့ လူဖြစ်



ဘူးတယ်"

"ဘယ်သူတွေပဲဖြစ်ဖြစ်လေ ကျွန်တော်တို့ဘက်ကလဲ အင်အား တောင့်တင်းနေပြီပဲ၊ ဘယ်သူ့မှ ကြောက်စရာမလိုတော့ဘူး"

ချန်ပိန်းက ကျေနပ်အားရစွာ ပြော၏။

ထိုစဉ် ချန်ပိုင်ဖုန်းက အစီအစဉ်ချ၏။

"တော်တော်ကြာရင် ဘုန်းကြီးအရူး ထွက်လာလိမ့်မယ်၊ တို့ သူ့ကို ထိန်းထားနိုင်ဖို့သာ အဓိကကျတယ်၊ ဝေသိမ့်ကိုတော့ ါပဲ တိုက်ခိုက်မှ ဖြစ်မယ်"

"နေပါစေ သူ့ကို ကျွန်တော်ပဲ တာဝန်ယူပါရစေ"

ပိုင်ထက်ကျွင်းက ဖြတ်ပြောသည်။

လူငယ်တစ်ယောက် သိုင်းလောက ထိပ်သီးပုဂ္ဂိုလ်ကြီး တစ်ယောက်ကို တာဝန်ယူ ရင်ဆိုင်ဝံ့သည်ဟု ဆိုလာသဖြင့် ချန်ပိုင်ဖုန်းက တစ်ချက်လှမ်းကြည့်လိုက်သည်။

ပိုင်ထက်ကျွင်း၏ မျက်နှာထား၍ တည်ကြည်လေးနက်နေသဖြင့် အခိုင်အမာ ပြောနေခြင်းဖြစ်ကြောင်း ချန်ပိုင်ဖုန်း သိရှိလိုက်၏။

ဝေသိမ့်ကိုနှင့် ပိုင်ထက်ကျွင်းတို့၏ ရန်ငြိုးရန်စကို သိရှိထားသဖြင့် ချန်ပိန်ဖုန်းက ခေါင်းညိတ်ပြသည်။

"ကောင်းပြီ၊ ဒီလိုဆိုရင် ဝေသိမ့်ကိုကို ပိုင်ထက်ကျွင်း တိုက်ခိုက်ပေတော့၊ တို့က အခြေအနေ စောင့်ကြည့်မယ်"

ပိုင်ထက်ကျွင်း မျက်နှာပေါ်တွင် ကျေနပ်မှု အရိပ်အယောင်များ ယှက်သန်းသွားလေသည်။

* * *

ချန်ပိုင်ဖုန်းက သူ့အစီအစဉ်ကို ဆက်ပြောလိုက်လေသည်။

"ငါနဲ့ လူလေးချန်ပိန်းက ဘုန်းကြီးရှုးကို ထိန်းထားမယ်၊ ကျော်ပိုင်ချူးက ယန်ချွင်နဲ့ သူ့အဖော်ကို တိုက်ခိုက်၊ အခွင့်သာရင် သာသလို အကူအညီပေးဖို့လဲ မမေ့နဲ့"

ကျော်ပိုင်ချူး၊ ချန်ပိုင်ဖုန်း၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ကောင်းစွာ နားလည်သဘောပေါက်မိသည်။

ဝေသိမ့်ကိုနှင့် တိုက်ခိုက်မည့် ပိုင်ထက်ကျွင်း အပေါ်တွင် စိုးရိမ်သောက ဖြစ်ကာ သူက အကူအညီ ပေးနိုင်ရန် ယခုကတည်းက သတိပေးနေခြင်း ဖြစ်ပေသည်။

ချန်ပိန်းက အားတက်သရောအသွင်ဖြင့်–

"ကျွန်တော်တို့ ဘယ်တော့မှ တိုက်ကြခိုက်ကြရမှာလဲ"

"ဘုန်းကြီးရှုး ဝင်လာတဲ့ အခါကျမှ ငါတို့ ဝင်တိုက်ကြမယ်"

ချန်ပိုင်ဖုန်းသည် လိုအပ်သမျှကို ပြောပြီးနောက် ဆက်မပြောတော့ချေ။

တိုက်ခိုက်နေကြသော တိုက်ပွဲဆီသို့ အာရုံရောက်ရှိသွားသည်။

သူ့ခေါင်းထဲတွင် အတွေးတစ်ခု ဖျတ်ခနဲ ပေါ်ပေါက်လာ၏။

"သိုင်းလောကသားတွေက ငါ့ကို နာမည်ပျက် စာရင်းသွင်းထားလို့ လော့ယင်းတပ် ဘုရားကျောင်းပျက်ကြီးထဲမှာ ငါ့ကိုယ်ငါ ပိတ်လှောင်ကာ အကျဉ်းချနေခဲ့ရတယ်။ အဲဒီတုန်းက ကျိုတားကျန်တို့ ခားညီနောင်ကို အသေအကြေ တိုက်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ အခုကျတော့ ငါက ဒီမှာ ပုန်းခိုနေပြီး သူတို့ညီအစ်ကိုကို အကူအညီ ပေးရတော့မယ်၊ အင်း...လောကကြီးဟာ မျှော်လင့်သလို မဖြစ်တဲ့ လောကကြီးပါလား"



သူ စဉ်းစားမိနေစဉ် တိုက်ပွဲက အခြေအနေ ပြင်းထန်လာသည်။

ငွေရောင်အလင်းတန်းများ ယှက်ဖြာလွှမ်းခြုံကာ ဝေသိမ့်ကိုအား ထန်ကျန်းဓားနှစ်ဖော်က တိုက်ခိုက်နေသည်။

ဝေသိမ့်ကိုကလည်း သူ၏ လက်ဝါးကို ရဲတင်းပုဆိန်အလား တဝုန်းဝုန်း တဗွီးဗွီး ရိုက်ထုတ်တိုက်ခိုက်နေ၏။

ကျော်ပိုင်ချူးသည် ထန်ချန်းဓားနှစ်ဖော်နှင့် တိုက်ခိုက်ခဲ့ဖူးသဖြင့် သူ၏ တိုက်ကွက်များကို မြင်ယောင်သတိရလာမိသည်။

ချန်ပိန်းက ပိုင်ထက်ကျွင်းကို လေသံမျှဖြင့် ကပ်ပြောလိုက်သည်။

""ဝေသိမ့်ကိုက ထန်ချန်းဓားနှစ်ဖော်ရဲ့ ထိုးစစ်ကို ပြန်ပြီး ချေဖျက်တိုက်စစ်ဆင်နိုင်ပါ့မလား အစ်ကိုပိုင်"

ပိုင်ထက်ကျွင်းက တိုက်ပွဲကိုသာ မျက်မှောင်ကြုတ် ကြည့်နေသည်။

ခဏကြာမှ ဖြည်းညင်းစွာ ပြော၏။

"ဝေသိမ့်ကို ပြန်ပြီး တိုက်စစ်ဆင်တော့မယ် ကြည့်နေ"

"ဝုန်း"

သူ့စကား မဆုံးမီမှာပင် ဝေသိမ့်ကိုက အတွင်းအားကြီးမားသည့် လက်ဝါးတိုက်ကွက်ကို ရိုက်ထုတ်လိုက်သည်။

အလွန်တရာ ကောင်းမွန်လှသည့် လက်ဝါးတိုက်ကွက်ဖြစ်၍ ကြည့်နေသူအားလုံး ကျိတ်၍ ချီးကျူးမိကြသည်။

"ကောင်းလိုက်တဲ့ လက်ဝါးတိုက်ကွက်ပါလား၊ သိုင်းလောက တစ်ခုလုံးကို လွှမ်းမိုးနိုင်လောက်တဲ့ ပညာရှင်တစ်ယောက်ရဲ့

လက်ဝါး တိုက်ကွက်ကို ရင်ဆိုင်ခွင့်ရပြီ၊ သေရင်လဲ စိတ်မထိခိုက်တော့ဘူး၊ ငါ့ညီရေ၊ နဂါးငွေ့တန်း ပြောင်းပြန်တိုက်ကွက်ကို ထုတ်သုံးပေတော့”

ပြိုင်ဘက်ဖြစ်သော ကျိုတာကျန်ကပင် မမျိုသိပ်နိုင်တော့ဘဲ နှုတ်ဖျား ထုတ်ဖော်ချီးကျူးမိတော့သည်။

သူတို့၏ ဓားနှစ်လက်မှာလည်း နံရံပြင်ကဲ့သို့ တစ်သားတည်း အရောင်များ ယှက်ဖြာလာသည်။

ဓားသွားမှ ငွေရောင်အအေးဓာတ်များ စိမ့်ထွက်လာသည် ထင်မှတ်ရ၏။

“ဗိုးဗိုး”

“ဝုန်းဝုန်း”

ဝေသိမ့်ကို၏ မိုးကြိုးလက်ဝါးတိုက်ကွက်လည်း လေထုကို တဟူးဟူး ထစေသည်။

ကျောက်ဆောင်ကို ဝင်ရိုက်သော လှိုင်းလုံးကြီးများပမာ တဝုန်းဝုန်းမြည်ကာ ထန်ချန်းဓားနှစ်ဖော်ကို တရစပ် တိုက်ခိုက်နေသည်။

ထန်ချန်းဓားနှစ်ဖော်မှာ တဖြည်းဖြည်း နောက်သို့ ဆုတ်ပေးနေရသည်။

ငါးလှမ်းခန့်ဆုတ်မိလျှင် ကျောက်ခဲပုံကြီး တစ်ပုံအနီးသို့ ရောက်ရှိလာ၏။

“အချိန်ကျပြီ”

ဝေသိမ့်ကို ရုတ်တရက် အော်လိုက်၏။

ကျောက်ပြားကြီးတစ်ချပ်နံဘေးမှ ဘုန်းကြီးရှုးက ရုတ်တရက်



ထွက်ခဲ့ပြီး လက်ဝါးဖြင့် ရိုက်ဝင်လေတော့သည်။ ချန်ပိုင်ဖုန်း အချက်ပေးလိုက်၏။

“ငါတို့ နောက်ကျနေပြီ၊ မြန်မြန်ထွက်မှ ဖြစ်တော့မယ်ဟေ့”

မရှေ့မနှောင်းမှာပင် ကျောက်ပြားကြီး၏ ညာဘက်ဆီမှ လူရိပ်နှစ်ရိပ် ခုန်ဝင်လာကြပြန်သည်။

ယန်ချွင်နှင့် ပါးမြိုင်းမွေးထူထူ သူ့အဖော်တို့ ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ကျော်ပိုင်ချူး၊ ချန်ပိုင်ဖုန်း၊ ပိုင်ထက်ကျွင်းနှင့် ချန်ပိန်းတို့သည် လျှပ်ပြက်သည့်အလား လျင်မြန်စွာ ခုန်ဝင်သွားကြသည်။ ထန်ကျန်းဓားနှစ်ဖော်မှာ ဝဲယာနှစ်ဘက်ဆီမှ ရန်သူ၏ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ခြင်းကို ခံနေရသဖြင့် အလူးအလဲ ရှောင်တိမ်း ကာကွယ်ရင်း နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်ပေးလိုက်ရသည်။

သူတို့နှစ်ယောက် နောက်သို့ထပ်ဆုတ်သည်နှင့် ဝေသိမ့်ကို ထံမှ အော်ဟစ်သတိပေးသံက ရုတ်တရက် ထွက်ပေါ်လာသည်။

“နောက်ဆုတ်ကြ”

ဘုန်းကြီးရှုးနှင့် ယန်ချွင်တို့ လျှပ်စီးလက်လိုက်သည့်အလား နောက်သို့ ခုန်ဆုတ်ပေးလိုက်ကြသည်။

ဝေသိမ့်ကို၏ မျက်လုံးများက မီးကျီးခဲများပမာ နီရဲနေသည်။ သူ့လက်ဝါးကို မြှောက်တင်လိုက်ပြီး ကျိုတာကျန်တို့ နောက်ဘက် သူ့မျက်နှာချင်းဆိုင်အရပ်ရှိ ကျောက်ပြားကြီးဆီသို့ အရှိန်ပြင်းစွာ ရိုက်ချလိုက်တော့သည်။

““ဝုန်း”

မိုးခြေသိမ့်သိမ့်တုန်မျှ ကျယ်လောင်သော အသံကြီး မြည်

ဟည်းသွားသည်။

မီးခိုးများနှင့်အတူ ကျောက်မှုန်ကျောက်သားများ မိုးပေါ်
လွင့်စင်ဖြာတက်သွားသည်။

ချန်ပိုင်ဖုန်းတို့လေးယောက်မှာ ဝေသိမ့်ကို အကော
ကြဲပြီဆိုသည်ကို နားလည်ရမိကာ မြေကြီးပေါ်သို့ လှဲချဝပ်
လိုက်သဖြင့် ဘာမျှထိခိုက်မှု မရှိလိုက်။

ယမ်းနံ့များက မွှန်ထူနေသည်။

မီးခိုးနှင့် ဖုန်လုံးများကလည်း ကောင်းကင်ယံသို့ အလိပ်လို
တက်နေသည်။ ပေါက်ကွဲမှု ချုပ်ငြိမ်း၍ ယမ်းနံ့ပြယ်သောအ
မြင်ကွင်းက ပီပြင်ထင်လင်းလာသည်။

ထန်ချန်းဘေးညီနောင် ကျိုတာကျုန်နှင့် ဟိုကြည်ဖန်
နှစ်ယောက်မှာ မြေပြင်ပေါ်တွင် လဲကျနေ၏။

ပေါက်ကွဲမှုကြောင့် ရုပ်လုံး မပီတော့။ အသက်ဝိညာ
သည်လည်း သူတို့ခန္ဓာကိုယ်မှ လွင့်စင်ပျောက်ကင်းခဲ့ချေပြီ။

★ ★ ★

အခန်း (၁၆၀)

## မျက်နှာစုံညီ တိုက်ပွဲ

ချန်ပိုင်ဖုန်း အကြီးအကျယ် ဒေါသထွက်သွားသည်။

မှောက်ဝပ်နေရာမှ ရုတ်တရက် ခုန်ထလိုက်၏။

အယုတ်တမာ့ထိပ်ခေါင် ဝေသိမ့်ကိုအား အော်ဟစ်ဟိန်း
ဟောက်လိုက်၏။

"ဝေသိမ့်ကို လူယုတ်မာ၊ ဒီတိုက်ပွဲဟာ သိုင်းလောကသား
တွေသုံးတဲ့ တရားသောတိုက်ပွဲ မဟုတ်ဘူး၊ ယမ်းထုပ်တွေ ထောင်ထား
တဲ့နေရာကို မျှားခေါ်ပြီး သတ်တာ သူရဲကောင်းတွေရဲ့ အလုပ်
မဟုတ်ဘူးကွ"

ဝေသိမ့်ကိုသည် သူတို့လေးယောက်ကို တွေ့လိုက်ရသော
အခါ ရင်ထိတ်သွား၏။

သို့သော်...

သူသည် ဣန္ဒြေမှင်မောင်းကောင်း၏။

ချက်ချင်း အမူအရာထိန်းသိမ်းပြီး အေးစက်စက် ရယ်မော သည်။

သူသည် ပွဲဝင်ပေါင်းများခဲ့ပြီ မဟုတ်ပါလား။

"စစ်တိုက်တယ်ဆိုတာ မတရားတာ ဘာမှမရှိဘူး၊ အရေး ကြီးတာက အနိုင်ယူတတ်ဖို့နဲ့ ပရိယာယ် ကြွယ်ဝဖို့ပဲ၊ ရန်သူကို ဘယ်လိုနည်းနဲ့ အနိုင်ယူ အသေသတ်သတ် လိုရင်းက နိုင်ဖို့ပဲ၊ ဒီအတွက် ရှက်စရာ မလိုဘူး"

အယုတ်တမာ၏ နှုတ်မှ ကလိန်ကကျစ် ထွက်လာသော စကားဖြစ်သည်။

မခိုင်မာသော ဆင်ခြေဆင်လက်ဖြင့် ကိုယ့်ကိုယ်ကို ကာကွယ် ခြင်းသာဖြစ်သည်။

ချန်ပိုင်ဖုန်းသည် ထိုစကားအတွက် ပို၍ပင် ဒေါသထွက်လာ သည်။

'ဘာပရိယာယ်လဲ၊ ဘာအနိုင်ယူတာလဲ၊ ကောက်ကျစ်ယုတ် မာတဲ့ အောက်လမ်းနည်းကလွဲရင် ခင်ဗျားတတ်တာ ဘာရှိသေးလဲ'

ဝေသိမ့်ကို ခနဲပြုံ ပြုံးလိုက်သည်။

ကျိုတာကျန်တို့နှင့် ချန်ပိုင်ဖုန်းတို့ သွေးခွဲမြှောက်ပင့် စကား ဆိုကာ သူ့ကိုယ်သူ အလွတ်ရုန်းဖို့ ကြိုးစားပြန်သည်။

"ခင်ဗျား ဘာကြောင့် ဒီလောက် ဒေါသကြီးနေရတာလဲဗျာ၊ ကျိုတာကျန်တို့ကြောင့် ခင်ဗျား လော့ယင်းတပ်ဘုရားကျောင်းပျက် ကြီးထဲမှာ အကျဉ်းသားလို နေခဲ့ရတယ် မဟုတ်လား၊ ခင်ဗျား



ကို ကလဲ့စားမချေ၊ ပြဿနာမရှာလို့ ကျုပ်က ခင်ဗျားကိုယ်စား ပေးလိုက်ရတာကိုလဲ ခင်ဗျားက ကျုပ်ကို အပြစ်တင်ချင်သေး လားဗျာ"

တတ်လည်းတတ်နိုင်သည့် ဝေသိမ့်ကိုပါပေ။

မည်သည့်ကွေ့ရောက်လျှင် မည်သည့်တက်ဖြင့် လှော်ရမည် ကို ကောင်းစွာ သိနေပေသည်။

သို့သော်...

ချန်ပိုင်ဖုန်းကဲ့သို့သော ဝါရင့်ဆရာကြီးတစ်ဦးကိုမူ ဤသို့ သာစကားများဖြင့် သူ့ဘက်ပါအောင် ဆွဲဆောင်နိုင်မည် မဟုတ်ပါပေ။

ချန်ပိုင်ဖုန်းသည် ဒေါသထွက်လွန်းသဖြင့် အသားများပင် တဆတ်ဆတ် တုန်နေသည်။

ထိုအချိန်မှာပင် ချန်ပိန်းက ဘုန်းကြီးရူးနံ့ဘေးသို့ ပြေးဝင် လိုက်သည်။

ဘုန်းကြီးရူးက လျှပ်တစ်ပြက် လက်ဝါးဖြင့် ရိုက်ချလေသည်။

ချန်ပိုင်ဖုန်းသည် ဝေသိမ့်ကိုနှင့် ပြောနေသည့် စကားစကို သိမ်းကာ ဘုန်းကြီးရူးထံ ပြေးဝင်၍ လက်ဝါးဖြင့် ရိုက်ချက်ကို ခုခံပေးလိုက်လေ၏။

"ဝုန်း"

လက်ဝါးချင်း ရိုက်မိသောအခါ ပြင်းထန်သော အသံကြီး ထွက်လာ၏။

နှစ်ယောက်စလုံးပင် ခြေထောက်ပေါ်တွင် တောင့်တောင့် တင်းတင်း ရပ်နိုင်ကြသည်။

ဘုန်းကြီးရူး၏ သိုင်းပညာနှင့် ကျန်ပိုင်ဖုန်းတို့၏ သိုင်းပညာ

ကား အံ့မခန်း ပညာပေတည်း။

ပိုင်ထက်ကျွင်းက အေးစက်စက် ပြောလိုက်လေ၏။

"ကျုပ်တို့ ထပ်ပြီး ဆုံကြပြန်ပြီနော် ဆရာကြီး ဝေသိမ့်က

ဝေသိမ့်ကို၏ မျက်နှာသည် ချက်ချင်း တင်းမာခက်ထ သွားသည်။

"ဘာလဲ၊ မင်းက ကျိုတာကျန်နဲ့ ဟိုကြည်ဖန်တို့ကိစ္စ ဝင်စွက်ချင်သေးလို့လား"

ပိုင်ထက်ကျွင်း ဒေါသဖြစ်နေသော်လည်း တတ်နိုင်သ ချုပ်တည်းထား၏။

ဘာမျှ မဖြစ်သလို တည်တည်ငြိမ်ငြိမ်ပင်ရှိနေ၏။

"ခင်ဗျားဘာသာ ခင်ဗျား ကျိုတာကျန်တို့ကို ဘယ် နည်းနဲ့ သတ်ခဲ့သတ်ခဲ့ ကျုပ်ဘာမှ မပြောချင်ဘူး၊ ကျုပ်ပြောချင်တာ ခင်ဗျားနဲ့ ကျုပ်မှာ ရှိနေတဲ့ ရန်ငြွေးရန်စကိစ္စပဲ၊ ဒီကိစ္စကို ကျ ရှင်းမယ်၊ ဒါပဲ"

ဝေသိမ့်ကို ပိုင်ထက်ကျွင်း၏ မျက်လုံးထဲသို့ ထိုးဖောက်ကြည့် လိုက်သည်။

သူ့အကြည့် စူးရဲသလို တစ်ဖက်သား၏စိတ်ကို သိမ်ငယ် ကြောက်ရွံ့လာအောင် လွှမ်းမိုးနိုင်စွမ်းရှိလေသည်။

သို့သော် သံမဏိသူရဲကောင်းကြီး ပိုင်ထက်ကျွင်း၏ နှလုံ အိမ်ကိုမူ မည်သို့မျှ မထိခတ် မလှုပ်ရှားနိုင်ခဲ့ပေ။

"မင်းကကော၊ ကျိုတာကျန်တို့ ဟိုကြင်ဖန်တို့လို ဖြစ်သွာ ချင်လို့လား"

"ဟား...ဟား...ဟား၊ ခင်ဗျားက ကျုပ်အသက်က



ချင်သေးလို့လား၊ တိမ်ကို လက်နဲ့ဖမ်းဆုပ်တာကမှ ခင်ဗျား က် လွယ်လိမ့်ဦးမယ်၊ ကျုပ်အသက်ကို သတ်နိုင်ဖို့ဆိုတာ ား မစဉ်းစားနဲ့တော့"

"မင်းက ကောက်ကျစ်စဉ်းလဲတဲ့ အောက်တန်းကျတဲ့ လမ်းကို သုံးပြီး ငါ့လက်ထဲက လွတ်သွားရတာပါကွာ၊ ကိုယ့်ကိုယ် သိပ်လဲ အထင်ကြီးမနေပါနဲ့၊ မှန်တာပြောရရင် မင်းသိပ်ကံ င်းနေလို့ အသက်မသေရသေးတာပဲ"

"ကံကောင်းတယ် ဟုတ်လား၊ ဟား...ဟား...ဟား'

"ဟုတ်တယ်၊ မင်း သိပ်ကံကောင်းခဲ့တယ်၊ မင်းအသက် ယ်နဲ့ မင်းရဲ့သိုင်းပညာက တကယ့်ကို မဆိုးပါဘူး၊ ဒါပေမယ့် ကို သတ်ဖို့ကတော့ ငါ့အတွက် လွယ်လွယ်ကလေးပါပဲ၊ မင်းထက် င့်တဲ့ လူတွေတောင် သေရသေးတာကွာ၊ ဟား...ဟား... "

ဝေသိမ့်ကိုက ကျိုတာကျန်နှင့် ဟိုကြည်ဖန်တို့ကို ရည်ရွယ်၍ ခြင်းဖြစ်ပေသည်။

ပိုင်ထက်ကျွင်းကလည်း ရယ်မောသည်။

"ခင်ဗျားနဲ့ ဟိုဘုန်းကြီးရူး ဝိုင်းတိုက်တာကို ဂရုမစိုက်ခဲ့သေး ပဲဗျာ၊ အခုလို အချိန်မှာတော့ ဘာပြောစရာ ရှိတော့မှာလဲ"

ဝေသိမ့်ကိုသည် အားမာန်အပြည့်ပါသော၊ ကိုယ့်ကိုယ်ကို ကြည်အားကိုးမှု အပြည့်အဝရှိနေသော ပိုင်ထက်ကျွင်း၏ အမူ ကြောင့် အနည်းငယ် သိမ်ငယ်သွားသလို ခံစားလိုက်ရ၏။

ချက်ချင်းပင် သူ့မာနကို ပြန်တင်လိုက်သည်။

"မင်းဟာ မင်းနဲ့ မသက်ဆိုင်တဲ့ကိစ္စတွေမှာ ဘာကြောင့်

ဝင်ပါချင်ရတာလဲ ပိုင်ထက်ကျွင်း"

ဝေသိမ့်ကို၏ လေသံက အနည်းငယ် ပျော့ပျောင်းလာ သည်။

ပိုင်ထက်ကျွင်းက ဘာမျှပြန်မပြောသဖြင့် သူ့စကားက ဆက်ပြောပြန်သည်။

"မှန်တာကို ဝန်ခံရရင် ငါ နာမည်ကြီးနေတဲ့ အချိန်ကာ တုန်းက မင်းကို မွေးသေးတာ မဟုတ်ဘူး။ မင်းကို ငါ ဘာ မကျေနပ်စရာအကြောင်း မရှိပါဘူးကွာ"

ဝေသိမ့်ကို ဤစကားမျိုး ပြောနေသဖြင့် ပိုင်ထက်ကျွင် အဖို့ သိပ်ကို အံ့သြစရာကောင်းနေသည်။

စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားလိုက်ရသည်။

"ဆရာကြီး ဝေသိမ့်ကို ပြောတာ မှန်ပါတယ်၊ ဒီကိစ္စတွေဟာ ကျွန်တော်နဲ့ ဘာမှ မသက်ဆိုင်ခဲ့ပါဘူး၊ ဒါပေမယ့်..."

ပိုင်ထက်ကျွင်း စကားကို ရပ်နားလိုက်သည်။

သူ့အပြောအဆို အသုံးအနှုန်းများက အတော်ကလေးပင် သိမ်မွေ့ယဉ်ကျေးနေ၏။

ကိုယ့်အပေါ်တွင် ယိမ်းညွှတ်လာသူကို အားနာသည့် စိတ်ရင်းကောင်းများ မွေးလာမိသဖြင့် ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်သွားသည်။

ဝေသိမ့်ကိုလို ယုတ်မာပက်စက်သည့် လူတစ်ယောက်ကို ချိုသာပျော့ပျောင်းစွာ ဆက်ဆံရန် အကြောင်းမရှိဟု တွေးပြီး ချက်ချင်းပင် လေသံကို ပြောင်းလဲလိုက်လေ၏။

"ဆရာကြီး ဝေသိမ့်ကို၊ ခင်ဗျား မေ့နေပြီလား၊ ဂိုဏ်းချုပ်ကြီး



န်လုဟာ ကျုပ်ရဲ့ မွေးစားဖခင်ကြီးပဲ၊ အဲဒီအချက်ကို မမေ့ရင် င်ဗျားနဲ့ကျုပ် ဘယ်တော့မှ ပြေပြေလည်လည် မဖြစ်နိုင်ပါဘူး"

ဝေသိမ့်ကိုက လှောင်ရယ်ကလေး ရယ်လိုက်သည်။

"ယန်လု သေလို့ အရိုးပဲ ဆွေးနေပြီ၊ ဒီကိစ္စက ငါနဲ့ ာဆိုင်တာမှတ်လို့လဲ"

'"ခင်ဗျား ဘာမှ ဖုံးကွယ်မနေနဲ့၊ အနှစ်နှစ်ဆယ်ကျော် ာခဲ့တဲ့ကိစ္စ ဖြစ်ပေမယ့် အမှန်တရားဟာ တစ်နေ့တော့ ပေါ်လာမှာပဲ"

ဝေသိမ့်ကို မျက်နှာပျက်သွားသည်။

"မင်းကို ငါ တစ်ခုပြောစရာရှိသေးတယ် ပိုင်ထက်ကျွင်း"

"ပြော ဘာပြောချင်သလဲ"

"ငါပြောချင်က ဒီနေ့ မင်း သေရမယ်၊ ဒါပဲ"

ဝေသိမ့်ကိုက ပြောပြောဆိုဆိုပင် လက်ကို ဆန့်တန်းကာ င်ထက်ကျွင်း၏ ရင်ဝသို့ ရိုက်ချလိုက်တော့သည်။

"ဟူး..."

လက်ဝါးရိုက်ချက် ပြင်းထန်လှ၏။

သို့သော်...

ပိုင်ထက်ကျွင်းက ရှောင်တိမ်း မပေးချေ။

ရှောင်တိမ်းပေးရန်လည်း စိတ်ဆန္ဒ မရှိချေ။

ထို့ကြောင့်–

လက်ဝါးနှစ်ဘက်ဖြင့် ပြန်ခံပေးလိုက်လေသည်။

"ဝုန်း..."

ပိုင်ထက်ကျွင်းသည် သူ့နေရာမှ တစ်လက်မမျှ မရွေ့ဘဲ ကြံ့ကြံ့ခိုင် ခုခံနိုင်ပေသည်။

ဝေသိမ့်ကိုမှာ ယမ်းပုံမီးကျကာ ဒေါသထွက်သွားရလေသည်။

"သိပ်ဟုတ်ပါလား၊ နောက်ထပ် ငါလက်ဝါး ရိုက်ချက်တစ်ချက်လောက် ခုခံကြည့်စမ်းပါဦး၊ အဲဒီရိုက်ချက်ကို ခံနိုင်ရင် မင်း တကယ်စွမ်းပြီ"

"စိတ်ချ၊ ဒီနေ့ ကျုပ် ဘယ်မှ ထွက်မပြေးဘူး၊ ခင်ဗျားနဲ့ အပြတ်အသတ် ရင်ဆိုင်မယ်"

ဝေသိမ့်ကိုက ဒီလှိုင်းကဲ့သို့ ပြင်းထန်လှသော တာလီကျင့်ကန်း လက်ဝါးရိုက်ချက်ဖြင့် တိုက်ခိုက်သည်။

ပိုင်ထက်ကျွင်းကလည်း တည်တည်ငြိမ်ငြိမ်ပင် နဂါးဖမ်းလက်တိုက်ကွက်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်သည်။

ဝေသိမ့်ကို၏ တိုက်ကွက်မှာ ရှောင်လင်ကျောင်းတော်၏ တိုက်ကွက်များကို ထုတ်သုံးခြင်း ဖြစ်သော်လည်း မူလထက်များစွာ ပြင်းထန်သည့် တိုက်ကွက်များ ဖြစ်နေလေသည်။

အကြောင်းမူ ဝေသိမ့်ကိုဟူသည် သိုင်းလော၏ ထိပ်ထိပ်ကြဲ နံပါတ်တစ်သိုင်းသမားကြီးတစ်ယောက် ဖြစ်နေခြင်းနှင့် အတွင်းအား ပိုကောင်းခြင်းကြောင့်ပေတည်း။

* * *

ပိုင်ထက်ကျွင်းသည် ယခုတစ်နှစ် နှစ်နှစ်အတွင်း ထင်ရှားခဲ့ပြီး ကျန်လုဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးတစ်ယောက် ဖြစ်လာခဲ့သော်လည်း တရုတ်ပြည် တစ်နံတစ်လျားကို ရောက်ခဲ့ဖူးပြီ။ တိုက်ပွဲပေါင်းများစွာကို ဆင်နွှဲခဲ့ဖူးသဖြင့် တိုက်ပွဲအတွေ့အကြုံ များနေသည်။



ထို့ကြောင့်...

ဝေသိမ့်ကို၏ သိုင်းပညာတွင် ထူးခြားမှု ရှိနေသည်ကို တိုးသံ ကြားရုံမျှနှင့် ဒက်ခနဲ သိရှိနေပေသည်။

သူ သိပ်စဉ်းစားမနေတော့။

နဂါးဖမ်းလက်နက်တိုက်ကွက်ကို သုံးကာ နောက်သို့ဆုတ်ခဲ့သည်။

သူ့လက်ဝါးအားလှိုင်းနှင့် ဝေသိမ့်ကို၏ လက်ဝါးအားလှိုင်းချင်း ဆုံမိသောအခါ လေပွေလှိုင်းများ ထလာတော့သည်။

ပိုင်ထက်ကျွင်း နောက်သို့ ဆုတ်ပေးခဲ့သော်လည်း အေးစက်သော လေလှိုင်းတစ်ခု တိုးဝင်လာသည်ကို ခံစားလိုက်ရ၏။

ပိုင်ထက်ကျွင်းသည် အလျင်အမြန်ပင် နောက်ထပ် လက်ဝါးအားလှိုင်း ရိုက်ချက်တစ်ချက် ထုတ်ပြီး သူ့ထံသို့ ဝင်လာသည့် အေးစက်သော အားလှိုင်းကို ဖျက်ဆီးပစ်လိုက်လေတော့သည်။

ဝေသိမ့်ကို၏ အစွမ်းအစကိုလည်း ယခုမှ တကယ်ပင် သိအမှတ် ပြုမိတော့သည်။

"ပြင်းထန်တဲ့ တာလီကျင့်ကန်းလက်ဝါးနဲ့ နူးညံ့တဲ့ အမအားလှိုင်းကို အဖိုအားလှိုင်းနဲ့ တွဲပါလာအောင် တိုက်ခိုက်နိုင်စွမ်းရှိတယ်။ ခင်ဗျား တော်တော်စွမ်းတာပဲ"

ဝေသိမ့်ကိုသည် သူ့အား ငေးမောကြည့်ရှုနေ၏။

မျက်လုံးချင်းတွင် တစ်ယောက်ကိုတစ်ယောက် လေးစားသိအမှတ်ပြုသော အဓိပ္ပာယ်များ ရောယှက်ပါဝင်နေကြသည်။

အမူအရာများလည်း ပြောင်းလဲလာကြသည်။

ပိုင်ထက်ကျွင်းက...

"လေးစားပါတယ်ဗျာ၊ ခင်ဗျားဟာ တကယ့်ကို ဆရာကြ
တစ် ဆူခေါ်ဆိုလောက်ပါပေတယ်။ သိုင်းလောကထဲမှာ ပျံ့နှံ့နေ
ပညာရပ်တစ်ခုကို ကိုယ်လက်ထဲမှာ ထက်မြက် အစွမ်းရှိအော
လုပ်နိုင်စွမ်း ရှိပါပေတယ်"

ဤစကားများကား သူ့ရင်ထဲမှ ယိုစီးထွက်ပေါ်လာသေ
စကားလုံးများပင်တည်း။

ယခုကဲ့သို့ လေးစားကြောင်း ထုတ်ဖော်ချီးကျူးခြင်းက
သူ၏ ရိုးသားပွင့်လင်းမှုကို ဖော်ပြနေခြင်း ဖြစ်ပေတော့သည်

ဝေသိမ့်ကိုသည် ပိုင်ထက်ကျွင်း၏ ပွင့်လင်းမှုကို လွန်စွ
သဘောကျသွား၏။

ထို့ကြောင့် ...

တဟားဟား ရယ်ရင်း ပြောသည်။

"ဝေယိုကွေးနဲ့ ငါဟာ တောင်ပိုင်းဝေနဲ့ မြောက်ပိုင်းဝေဆိုပြ
ခေတ်ပြိုင်ထင်ရှားကျော်ကြားခဲ့တယ်။ အခုတော့ သူ့ကို သိပ်ပြ
လေးစားဂုဏ်ယူမိသွားပြီ"

ဘုန်းကြီးရှူးနှင့် တိုက်ခိုက်ရာမှ ရပ်နားနေသော ချန်ပိုင်ဖုန်းက
ဝင်ပြောသည်။

"'ဝေသိမ့်ကို အပိုတွေ ပြောမနေနဲ့၊ ဝေယိုကွေးရဲ့ ပညာက
သိုင်းလောက တစ်ခုလုံးကို လွှမ်းမိုးနိုင်အောင် ထက်မြက်ထူးချ
ပါတယ်။ ဒါပေမယ့် သူက သိုင်းလောကကို လွှမ်းမိုးဖို့ မကြိုးစားဘူ
အေးအေးဆေးဆေးပဲ နေတယ်။ သူဟာ ခင်ဗျားနဲ့ တန်းတူထားသင့်တ
ပုဂ္ဂိုလ် မဟုတ်ဘူး၊ ခင်ဗျားထက် အဆင့်မြင့်တယ်"

ချန်ပိုင်ဖုန်းက အားမနာတမ်းပြောသည်။ ဝေသိမ့်ကိုက



င်းကို ဖြည်းညင်းစွာယမ်း၍ ပြော၏။

"ကျုပ်သူ့ကို လေးစားပါတယ်ဗျာ၊ တကယ့်ကို လေးစားတာ
"

ဝေသိမ့်ကို၏ လေသံက လှိုက်လှဲတုန်ခါနေသည်။

ဟန်ဆောင်မှု လုံးဝမပါဘဲ ရင်ထဲက တလေးတစား
ပြောဆိုနေပုံမှ ထင်ရှားလှပေသည်။

သူသည် သက်ပြင်းချကာ ဆက်ပြောပြန်သည်။

"ကျုပ် သူ့ကို ဘာကြောင့် လေးစားရတယ်ဆိုတာ ခင်ဗျားတို့
သိရဲ့လား၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ် ဒီတစ်သက်မှာ ဒီလို
အစွမ်းထက်မြက်တဲ့ တပည့်မျိုး မမွေးထုတ်နိုင်လို့ပဲဗျ"

ပိုင်ထက်ကျွင်း ကြက်သီး ဖြန်းခနဲ ထသွားရသည်။

"ပိုင်ထက်ကျွင်းဟာ ပထမတန်းအဆင့် သိုင်းသမားတစ်
ယောက်ပါပဲဗျာ'

ပိုင်ထက်ကျွင်းသည် သူ့ကိုယ်သူ သတိပေးနေ၏။

ထိုစဉ် ဝေသိမ့်ကို၏ အမူအရာက ပြောင်းလဲသွားသည်။
တတ်တရက် အော်ငေါက်လိုက်ကာ တိုက်ခိုက်တော့သည်။

"ရော့ ဒီလက်ဝါးကို ခုခံလိုက်ဦး"

စကားသံနှင့်အတူ တိုက်ကွက်ကလည်း ထွက်ပေါ်လာလေ
သည်။

သူ၏ ကိုယ်ပိုင်တိုက်ကွက်များကို ထုတ်သုံးသဖြင့် လျှင်မြန်
သွက်လက်လွန်းသည်။

လက်ဝါးရိပ်များ ရှုပ်ထွေးနေသည်။

လက်ဝါးရိုက်သံများလည်း တဝုန်းဝုန်းမြည်ဟည်းနေသည်။

တိုက်ကွက်ပေါင်း လေးငါးဆယ်ကို တစ်မုဟုတ်ချင်းမှာ ထုတ်သုံးတိုက်ခိုက်ခြင်း ဖြစ်တော့သည်။

★ ★ ★

အခန်း (၁၆၁)

## အချိန်စောင့်ကြခြင်း

---

ဝေသိမ့်ကို၏ တိုက်ကွက်မှာ တစ်ခါက ယန်ချွင် ထုတ်သုံးခဲ့ဖူးသော တိုက်ကွက်ဖြစ်ကြောင်း ချန်ပိန်း သိရှိသည်။

သို့သော် ယန်ချွင်ထက် အဆပေါင်းများစွာ ပြင်းထန်ထက်မြက်နေသည်။

လက်ဝါးတိုက်ကွက်တစ်ကွက်ချင်း တစ်ကွက်ချင်းပင် ပိုမိုသိပ်သည်းမြန်ဆန်လာသည်။

အတွင်းအား ကွာခြားမှု၏ သင်္ကေတပင် ဖြစ်တော့သည်။

ပိုင်ထက်ကျွင်းသည် ဝေသိမ့်ကို၏ သိုင်းကွက်များအပေါ်သာ အာရုံစိုက်နေသည်။

သူ့စိတ်ထဲတွင် ခြေလှမ်းတစ်ဝက်မျှပင် နောက်သို့ ဆုတ်မပေး

နိုင်ဟုလည်း ဆုံးဖြတ်ချက်ချထား၏။

ဝေသိမ့်ကို၏ တိုက်ကွက်ပေါင်း ရှစ်ဆယ့်တစ်ကွက်တိတိက တည်တည်ငြိမ်ငြိမ်ပင် ခုခံနိုင်ခဲ့သည်။

ချန်ပိုင်ဖုန်းက သူတို့နှစ်ယာက၏ အခြေအနေကို ကြည့်ပြ သဘောကျ နှစ်ခြိုက်စွာ ရယ်မောလိုက်သည်။

ချန်ပိုင်ဖုန်းက ကျော်ပိုင်ချူးအား လှမ်းပြော၏။

"ညီလေး ကျော်ပိုင်ချူး ပိုင်ထက်ကျွင်းကို မင်း ကူညီ မလိုတော့ဘူးထင်တယ်"

ကျော်ပိုင်ချူး သက်ပြင်းချလိုက်၏။

"ဟုတ်တယ်၊ သိုင်းလောကမှာ တစ်ခေတ်တစ်ယောက ထွန်းတောက်မယ့်သူရဲကောင်းကို ကျွန်တော် ကိုယ်တွေ့မျက်မြင ဖြစ်ပါပြီ နောင်ကြီးရာ"

ကျော်ပိုင်ချူးက နှလုံးသားထဲမှလာသော လေသံဖြင့် ပြောသည်။

ဝေသိမ့်ကိုသည် တိုက်ခိုက်ရင်းမှ ထိတ်လန့်တုန်လှုပ်လာ မိသည်။

သူ့ဝမ်းဗိုက်အောက်ပိုင်းတွင် ဝေဒနာတစ်မျိုး ခံစားလာရ၏၊

ပိုင်ထက်ကျွင်းကို သတ်ဖို့ သူ့အတွက် အခုအချိန်မှစ၍ လုံးဝ မလွယ်ကူတော့ဟု သိနားလည်လာမိသည်။

သူသည် ပထမဆုံးအကြိမ် စိတ်ဓာတ်ချောက်ချားစွာ မိုးပေါ်သို့ မော်ကြည့်လိုက်၏။

ထို့နောက် ပိုင်ထက်ကျွင်းကို–

"ဘယ်သိုင်းသမားနဲ့ပဲဖြစ်ဖြစ် မင်းမှာ ယှဉ်ပြိုင်နိုင်တဲ့



ညည်အချင်း ရှိနေပါပြီကွာ'

ဝေသိမ့်ကိုက စိတ်ပါလက်ပါပင် ချီးကျူးစကားဆို၏။

ပိုင်ထက်ကျွင်း ကိုယ့်ကိုယ်ကို အထင်မကြီး၊ ဝေသိမ့်ကို၏ ကျူးစကားကြောင့် ဘဝင်မမြင့်၊ ပြည့်ဝပြီးသူတစ်ယောက်အတွက် ချောက်ပင့်စကားသည်လည်း အရာမထင်နိုင်ပါချေ။

ဝေသိမ့်ကိုက ဘုန်းကြီးရှူးနှင့် ယန်ချွင်တို့ဘက်သို့ လှည့်လိုက် ၏။

ထို့နောက် ရုတ်တရက် အော်ဟစ်အမိန့်ပေးလိုက်သည်။

"ကျုပ်တို့ သွားကြမယ်"

ဝေသိမ့်ကို၏ အဖွဲ့သားများသည် ထွက်ခွာသွားရန် လှုပ်လှုပ် ရှ ဖြစ်သွားကြ၏။

ချန်ပိုင်ဖုန်း ဆတ်ခနဲ လှုပ်ရှားလာကာ...

"ဒီလိုသွားလို့ ရမယ်တဲ့လား၊ လူသတ်ထားခဲ့တဲ့ကိစ္စကို ကန်နှာလွှဲခဲပစ် လုပ်သွားမလို့လား"

"နေဦး၊ မသွားရသေးဘူး၊ ကိစ္စတစ်ခု ကျန်သေးတယ်"

ချန်ပိန်းကလည်း သူသိချင်တာကိုသာ အော်ဟစ်၍ အရေး ကြီး မေးမြန်းလိုက်သည်။

"လုံမလေး ကျိုယုံယင်ကို မေးတာလား၊ အခုမှတော့ သူဟာ ဘာမှ အသုံးမဝင်တော့ပါဘူးလေ၊ ဟဲ...ဟဲ...ဟဲ မနက်ဖြန် နက်ကျရင် ချင်ဝှမ်းကျောင်းဆောင် အနောက်ဘက်မှာ သွားရှာချေ။ ့တစ်ပေါက်မစွန်းဘဲ မြင်စေရမယ်"

ချန်ပိန်းကို အဖြေပြီးနောက် ချန်ပိုင်ဖုန်းဘက်သို့ လှည့်ကြည့် လိုက်၏။

"ကျုပ်တို့ ထွက်သွားတာကို မကျေနပ်ရင်လဲ ခင်ဗျား
သဘောပဲ၊ တိုက်ချင်တိုက် တားဆီးချင် တားဆီးနိုင်တယ်"

စကားဆုံးသည်နှင့် ဝေသိမ့်ကို လှည့်ထွက်သွားရန် ဟန်ပြ
သည်။

ချန်ပိုင်ဖုန်း အော်ငေါက်လိုက်ပြီး သူ့ရှေ့တည့်တည့်
ခုန်ဝင်ကာ လက်ဝါးရိုက်ချက်သုံးချက် ရိုက်ထုတ်လိုက်သည်။

"ဖိုး...ဖိုး...ဖိုး"

ဝေသိမ့်ကိုက ထိုရိုက်ချက်သုံးချက်စလုံးကို ခုခံပြီး ခုန်ရှော
ကာ ဝဲဘက်သို့ ပြေးထွက်သွားသည်။

ပိုင်ထက်ကျွင်းကလည်း ဝဲဘက်မှ ဆီးကြိုကာ လက်ဝါး
စောင်းဖြင့် သိမ်းခုတ်လိုက်၏။

"ဒီလောက် အလောတကြီးသွားလို့ မရဘူးလေ"

"ဝုန်း"

ဝေသိမ့်ကိုက သူ့လက်ဝါးစောင်းကို ခုခံပြီး ညာဘက်ဆီသို့
ကွေ့ရှောင်သွားပြန်သည်။

ညာဘက်မှ ကျော်ပိုင်ချူးကလည်း–

"ဖြည်းဖြည်းပေါ့ဗျာ"

စကားသံနှင့်အတူ ရိပ်ခနဲ လှုပ်ရှားလိုက်၏။

မထင်မှတ်လောက်အောင်ပင် မြန်ဆန်လွန်းသဖြင့် ဝေသိမ့်
ကို၏ ရှေ့တည့်တည့်သို့ ရောက်ရှိလာသည်။

ထိုစဉ် ဝေသိမ့်ကိုက အော်ဟစ်ကာ လက်ဝါးဖြင့် သုံးချက်ဆင့်
ရိုက်လိုက်သည်။

တစ်ဆက်တည်းပင် ပိုင်ထက်ကျွင်း၏ ဦးခေါင်းပေါ်မှ



ဖြတ်သွားခနဲ ခုန်ပျံကျော်ဖြတ်ထွက်သွား၏။

သူ့လက်ဝါးအားလှိုင်းမှာ ပြင်းထန်လွန်းသဖြင့် ချန်ပိုင်ဖုန်း၊
ကျော်ပိုင်ချူး၊ ပိုင်ထက်ကျွင်းတို့ သုံးယောက် တစ်ယောက် တစ်နေရာဆီ
သို့ လွင့်စဉ်ခံရသော်လည်း ... အရိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်သော်လည်း မရနိုင်ဘဲ လွတ်ထွက်သွား၏။

ချန်ပိုင်ဖုန်းတို့ သုံးယောက်မှာ ဝေသိမ့်ကိုအပေါ် ဒေါသထွက်
သည်ထက် လေးစားသွားမိခဲ့ကြသည်။

* * *

"ဟား...ဟား... ဟား၊ ငါ့ကျတော့ ဘယ်သူမှ မတိုက်ကြ
ပါလား"

ကျန်ရစ်နေသော ဘုန်းကြီးရူးက အော်ဟစ်၍ ရယ်လိုက်
သည်။

ရယ်သံဆုံးလျှင်ဆုံးချင်း ပိုင်ထက်ကျွင်းဘေးသို့ ပြေးဝင်ပြီး
ဖြစ်နေ၏။

ချန်ပိန်းက ဘုန်းကြီးရူးရှေ့သို့ အလွန်လျင်မြန်စွာ ရောက်ရှိ
လာသည်။

သို့သော် မထင်မှတ်နိုင်အောင်ပင် ဘုန်းကြီးရူးက ဘယ်ဘက်
သို့ စောင်းလျက် ခုန်ထွက်သွားပြန်သည်။

"ဝုန်း"

ချန်ပိုင်ဖုန်းက လက်ဝါးဖြင့် ဆီးကြိုတိုက်ခိုက်၏။

သို့သော်လည်း ဘုန်းကြီးရူးက ပျက်ပြားနေသော ကိုယ်
နေဟန်ကို ထိန်းကာ လက်သီးဖြင့် ထိုးချလိုက်သည်။

သူ့လက်သီးအားလှိုင်းက ပြင်းထန်လွန်းသဖြင့် ထိုးပြီး သည်နှင့် ရှစ်ပေခန့်အမြင့်သို့ ခုန်ပျံတက်ကာ လွတ်ထွက်သွားပြန်သည်။

ချန်ပိန်းရင်ထဲ ထိတ်သွား၏။

တဟားဟား ရယ်မောလိုက်ပြီး–

"သိပ်အခိပ္ပာယ်ရှိတဲ့ လက်သီးပဲ၊ ဂရုတစိုက် လေ့လာဖို့ ကောင်းတယ်"

ဘုန်းကြီးရှူး သူတို့သုံးယောက်၏ စည်းဝိုင်းအတွင်းမှ လွတ်ထွက်သွားပြီဖြစ်၍ ရယ်မောလိုက်၏။

ယန်ချွင်တို့ဘက်သို့ လှည့်ကာ–

"ကောင်လေးတွေ မင်းတို့ကို ထားကြလိမ့်မယ်"

ယန်ချွင်နှင့် မုတ်ဆိတ်ပါးမြိုင်းမွေးနှင့် ပုဂ္ဂိုလ်လည်း ဘုန်းကြီး ရှူး၏ သတိပေးစကားကြားမှ ပိုင်ထက်ကျွင်းနှင့် ချန်ပိန်းတို့ကြားမှ ဖောက်ထွက်ရန် ကြိုးစားကြသည်။

ကျော်ပိုင်ချူးက မတားနှင့်တော့ဟု အော်ဟစ်အမိန့်ပေးသဖြင့် ပိုင်ထက်ကျွင်းတို့က လွှတ်ပေးလိုက်ကြ၏။

ယန်ချွင်တို့ တစ်အုပ်စုလုံး တိုက်ပွဲစည်းအပြင်သို့ ရောက်သွား ကြလေပြီ။

ထပ်မံဝိုင်းရန် မလွယ်တော့ပေ။

ချန်ပိုင်ဖုန်းက လှမ်းမေး၏။

"ဝေသိမ့်ကိုးခင်ဗျားနဲ့ကျုပ်တို့ ဘယ်တော့ ပြန်ဆုံကြမလဲ"

ဝေသိမ့်ကို လှောင်ရယ် ရယ်လိုက်၏။

"သိုင်းလောကထဲမှာ ရှောင်လို့တိမ်းလို့မှ မရဘဲ အမြဲ တမ်း တွေ့နိုင်နေတာပဲ၊ တစ်ကွေ့တော့ ကြုံဦးမှာပါ"



"ဘယ်တစ်ကွေ့ကြုံမှာလဲ"

"အချိန်တန်တော့ သိရမှာပေါ့လေ"

"ကောင်းပြီ၊ နောက်တစ်ခါ ထပ်ကြုံကြရင်တော့ နောက်ဆုံး ...ွ့ဆုံခြင်းဖြစ်မှာပဲ"

ဝေသိမ့်ကို မဲ့ရွဲ့ပြလိုက်၏။

ထို့နောက် သူ့လူများကို လက်ဖွေ့ယမ်း အချက်ပြကာ ပြေးထွက်သွားတော့သည်။

ဘုန်းကြီးရှူးနှင့် ယန်ချွင်တို့လည်း နောက်မှ ထပ်ကြပ်မကွာ ...ိုက်ပါသွားကြ၏။

ဝေသိမ့်ကိုတို့အုပ်စုသည် မြင်ကွင်းမှ တဖြည်းဖြည်း ပျောက် ...ွယ်သွားသည်။

ကျော်ပိုင်ချူးတို့ လေးယောက်စလုံး စကားမပြောနိုင်ကြဘဲ ...တန်ကြာ ငိုင်တွေနေကြသည်။

ချန်ပိန်းက ကျော်ပိုင်ချူးအနား တိုးကပ်လာပြီး တိတ်ဆိတ် ...ခြင်းကို စတင်ဖြိုခွင်း၏။

"ဖေဖေ"

သူ့လေသံက တိုးညင်းသော်လည်း လေးနက်မှု အပြည့်အဝ ...ါ၏။

"ဘာလဲ သား၊ မင်း ဘာပြောချင်လို့လဲ၊ ဘာကိစ္စလို့လဲ"

"သခင်ကြီးလု မရှိတော့ဘူး ဖေဖေ"

ကျော်ပိုင်ချူးမှာ ထိုစကားကြောင့် အံ့သြသွားရသည်။

"ဘယ်လိုသေတာလဲ ပြောစမ်း၊ မြန်မြန်ပြောစမ်း"

"ဝေသိမ့်ကို သတ်လို့သေတာ'

"မင်း တကယ်ပြောတာလား"

သည်တော့မှ ငြိမ်နေခဲ့သည့် ပိုင်ထက်ကျှင်းက ဝင်ပြောသည်

"ဟုတ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြ ခဲ့ပါတယ်။ ချောင်းမြောင်းပြီး အလစ်လုပ်ကြံခံရလို့ သေတာပါ"

ကျော်ပိုင်ချူးနှင့် ချန်ပိုင်ဖုန်တို့ တစ်ယောက်ကိုတစ်ယော ဘယ်လိုလဲဟူသော သဘောဖြင့် လှမ်းကြည့်မိကြသည်။

ချန်ပိုင်ဖုန်း အောက်သို့ ငုံ့ကြည့်လိုက်ပြန်သည်။

ထန်ချန်းညီနောင်၏ အလောင်းများကို တွေ့ရလျှင် အတိ ကို သတိရလိုက်မိ၏။

လော့ယင်းတပ် ဘုရားကျောင်းပျက်ကြီးအတွင်း သူ့ဘာသာ အကျဉ်းချခံ စိတ်ဆင်းရဲခံခဲ့ပုံတို့ကို မြင်ယောင်လာသည်။

ထန်ချန်းဓားနှစ်ဖော်တို့က သူ့အပေါ် အထင်မှား၊ သူက ထန်ချန်း ဓားနှစ်ဖော်အပေါ် အထင်မှားခဲ့ပုံကို သတိရလာသည်။

ယခုအခါတွင်ကား ထန်ချန်းဓားနှစ်ဖော်ခမျာ ဝိညာဉ်ချုပ် နေရှာပြီ။

* * *

ပိုင်ထက်ကျှင်းက သူတို့နှင့် စကားမပြောတော့ဘဲ ကျိုတာ ကျန်းနှင့် ဟိုကြည်ဖန်ကို မြေမြှုပ်သင်္ဂြိုဟ်ပေးနေသည်။

ပိုင်ထက်ကျှင်းသည် အပိုစကား မပြောတတ်ချေ။ ချန်ပိန်းက သူ တွေ့ကြုံခဲ့ရသည်တို့ကို တစ်စစီ ထုတ်ဖော်ပြောပြ၏။

၅မ. "ဖေဖေ့ကို သခင်ကြီးလုက ပေးလိုက်တဲ့စာ ကျွန်တော့်မှာ



နေတယ်ဖေဖေ"

"ဘယ်မှာလဲ ပေးစမ်း"

ကျော်ပိုင်ချူးက အလျင်စလိုတောင်း၏။ ချန်ပိန်းရင်ခွင်ထဲမှ ကို ဆွဲထုတ်ယူလိုက်ပြီး–

"စာအိတ်ကိုတော့ ကျွန်တော်လွှင့်ပစ်မိခဲ့ပြီ၊ အထဲမှာရှိတဲ့ ကလဲ ဗလာစက္ကူအဖြူပဲ မြင်နေရတယ်"

ကျော်ပိုင်ချူးကို စာရွက်ကလေး ထိုးအပ်လိုက်၏။ ကျော်ပိုင် ချူး အံ့အားသင့်သွားသည်။

စာရွက်ကို ဖြန့်ဖတ်ကြည့်သော်လည်း စာတစ်လုံး တစ်ပါဒမျှ ရေးသားထားခြင်း မရှိ၊ ပြောင်ဗလာ ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ချန်ပိုင်ဖုန်းက ထိုစာရွက်ကို ကြည့်ပြီး မျက်မှောင်ကြုတ်မိ သည်။ အတန်ကြာ စဉ်းစားပြီးမှ တွေးတွေးဆဆလေသံဖြင့်–

"ဓားသခင်ကြီးလုဟာ ဒီစာကို ဒီလိုအကြောင်းမဲ့သက်သက် တော့ ရေးမှာမဟုတ်ဘူး၊ သူတို့ရဲ့ သယ်ယူပို့ဆောင်ရေး အာမခံအဖွဲ့ သင်္ကေတ အထိမ်းအမှတ်တွေသုံးပြီး ရေးထားလိမ့်မယ်လို့ ငါထင်တယ်၊ ဒီတော့ သူ့ရဲ့ သယ်ယူပို့ဆောင်ရေး အာမခံအဖွဲ့က သိုင်းဆရာ တစ်ဦးဦးကို ရှာတွေ့ခဲ့ရင် ဒီစာကို ဖတ်လို့ရလိမ့်မယ်"

ကျော်ပိုင်ချူး ခေါင်းညိတ်ပြလိုက်သည်။

ထိုစဉ် ပိုင်ထက်ကျှင်းက သူ့ကို သခင်ကြီးလု ပေးခဲ့သည့် အထုပ်ကိစ္စ ဝင်ပြောသည်။

"သခင်ကြီးလုက ကျွန်တော့်ကိုလဲ အထုပ်တစ်ထုပ် လျှို့ဝှက် ပေးခဲ့တယ်။ ပေးပြီးပြီးချင်းပဲ သူ သေဆုံးသွားတယ်၊ ဒါကြောင့် ဆရာကြီးနှစ်ယောက်ကပဲ ဘာလုပ်ရမယ်ဆိုတာ ကြည့်ပြီး စီစဉ်ပေး

စေချင်ပါတယ်။ အဲဒီအထုပ်ကိုလဲ ဖွင့်ကြည့်ရင် ဖွင့်ကြည့်နိုင်ပါတယ်"

"ဘာပစ္စည်း အပ်ထားခဲ့တာလဲ"

ချန်ပိုင်ဖုန်းက စိတ်ဝင်တစား မေးလာသည်။ ပိုင်ထက်ကျွ သူ့ရင်ခွင်ထဲမှ သားရေစက္ကူထုပ်ကို ဆွဲထုတ်ပြီး ချန်ပိုင်ဖုန်းလက် အပ်လိုက်သည်။

"သခင်ကြီးလုက သူ့အသက်နဲ့လဲပြီး ဒီအထုပ်ကို ပေးခဲ့ ကျွန်တော်လဲ တရိတသေ ဂရုစိုက် သိမ်းထားပါတယ်။ ဖွင့် မကြည့်မိပါဘူး၊ ဒါပေမယ့် ဖွင့်မကြည့်လို့ အရေးကြီးတဲ့ကိစ္စ မသိရဘဲ လွဲချော်သွားမှာကိုလဲ စိုးရိမ်မိပါတယ်"

ချန်ပိုင်ဖုန်းက အထုပ်ကို ကိုင်ကြည့်လိုက်ပြီး–

""ကျော်ပိုင်ချူး ငါ့ညီကကော ဘယ်လိုသဘောရသလဲ"

ကျော်ပိုင်ချူး စဉ်းစားနေသည်။ အတန်ကြာ စဉ်းစားပြီး ပြတ်သားစွာ ပြောသည်။

"ဖွင့်ကြည့်ဗျာ"

ချန်ပိုင်ဖုန်းက သားရေအပေါ်ထပ်ကို ဖွင့်လိုက်သည်၊ စက္ကူလိပ်တစ်လိပ် ထွက်လာပြီး ထိုစက္ကူလိပ်အပေါ်၌ ကတ်ပြား တစ်ခုဖြင့် အမှာစာ ရေးသားထားသည်ကို တွေ့ရ၏။

အားလုံး စိတ်ဝင်တစား ဖတ်ရှုကြည့်လိုက်ကြသည်။

'ကျေးဇူးတင်စွာဖြင့်...

နောင်ကြီးလုမှ တစ်ဆင့်

မန်ချူးမင်းသား အာကူရန် လက်သို့

ဆက်လက် ပေးအပ်ပေးပါ။

ကျိုးကုံမိန်'



ချန်ပိုင်ဖုန်းသည် ကျိုးကုံမိန်ဟူသော နာမည်ကို တွေ့လိုက်ရ င် လန့်ဖျပ်သွားမိသည်။

"ကျိုးကုံမိန်...ကျိုကုံမိန်က ဆက်သတဲ့ စာပါလား"

သူ့ရေရွတ်သံ အနည်းငယ် ကျယ်လောင်သွားသည်။

လူအားလုံးမှာ စာထုပ်ပေါ် စိတ်ဝင်စားသည်နှင့်အမျှ ချန်ပိုင် န်းထံမှ ထွက်လာမည့် စကားသံများကိုလည်း အာရုံစိုက်မိကြသည်။

ချန်ပိုင်ဖုန်းမှာလည်း မှင်တက်မိကာ ဘာမျှ မပြောနိုင်ချေ။

ကျော်ပိုင်ချူးက

"ဒီစာက ကျိုးကုံမိန်က သခင်ကြီးလုဆီကို ဒုမ်းတာထင် ဘယ်"

"ဟုတ်မှာပေါ့"

"အထဲကဟာ ပုရပိုက်နဲ့ ရေးတားတာ မဟုတ်လား"

ချန်ပိန်းရော ပိုင်ထက်ကျွင်းပါ ပြိုင်တူလေး ရုတ်တရက် ပြောလိုက်မိကြသည်။

"အဲဒါ (ပြဟ္မာကျောက်) လော်ဟာန်စီနဲ့ ရေးထားတဲ့စာ ဟုတ်လား"

ချန်ပိုင်ဖုန်း ခေါင်းညိတ်ပြပြန်သည်။

သူတို့အားလုံး စိတ်လှုပ်ရှားနေကြသည်။

ထူမုရဲတိုက်ပြသနာ၏ အခြေခံသည် ဤစာအိတ်ထဲတွင် ရှိနေသည်ဟု သူတို့ ယူဆကြသည်။

ချန်ပိုင်ဖုန်းက ကျော်ပိုင်ချူးနှင့် တိုင်ပင်လိုက်လေသည်။

"ကဲ...တို့ ဖွင့်ကြည့်ကြဦးမလား ငါ့ညီ"

ကျော်ပိုင်ချူးမှာ ဆုံးဖြတ်ရ ခက်နေမိသည်။

ပိုင်ထက်ကျှင်းနှင့်ချန်ပိန်းတို့လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စိတ်လှုပ်ရှားနေကြသည်။

ဤစာကို ကျိုးကုံမိန်က သခင်ကြီးလု လက်ထဲသို့ အပ်နှံ သည်။

သခင်ကြီးလုက ပိုင်ထက်ကျှင်း လက်ထဲသို့ အပ်နှံခဲ့ သည်။

ကျိုးကုံမိန်ရော၊ သခင်ကြီးလုပါ ဤစာကြောင့် ဝေသိမ့်ကို သတ်ဖြတ်ခြင်းကို ခံခဲ့ရ၏။

ထို့ကြောင့်–

ဤစာမှာ မရဏအမိန့်ဟုပင် ထင်မှတ်ရလောက်ပေသည်

မည်သို့ပင်ဖြစ်စေ သူတို့၏ နှလုံးသားထဲ၌မူ ဤစာကို ဖွင့်ဖောက်ကြည့်လျှင် ထူမုရဲတိုက် အရေးအခင်းပြဿနာ၏ လျှို့ဝှက် ချက်များကို မလွဲမသွေ သိရှိနိုင်မည်ဟု တွက်ဆထားမိကြသည်။

သို့သော်...

အာကူရန်သို့ပေးပါ ဟူသော ရည်ညွှန်းချက် ပါနေပြန်သဖြင့် အခက်ကြုံနေကာ ဖွင့်ဖောက်ရ ခက်နေကြသည်။ ချန်ပိုင်ဖုန်းက မျက်မှောင်ကြုတ်လိုက်ပြီး–

"ငါ့သဘောကတော့ကွာ"

စကားကို ဆုံးအောင်မပြောဘဲ ရပ်ထားလိုက်လေတော့သည်။

* * *

ကျော်ပိုင်ချူး ကောင်းစွာ နားလည်မိသည်။



ချန်ပိုင်ဖုန်းက စိတ်မြန်လက်မြန်သမားဖြစ်၍ ပြဿနာတစ်ခု မည်သို့ပင်ဖြစ်စေ ရင်ဆိုင်လိုက်ချင်သည့်သဘောရှိသည်။

ယခုကဲ့သို့ ထူးခြားသော စာတစ်စောင်သည် မိမိ၏ တိတ်အမည်းစက်များကို ဖြေဖျောက်နိုင်လိမ့်မည်ဟု ယုံကြည်နေ သည်။

ထို့ကြောင့် ဖွင့်ဖောက်ကြည့်ချင်သည်။

ကျော်ပိုင်ချူး အတန်ကြာ စဉ်းစားသည်။

စာကို ဖွင့်ဖောက်ကြည့်သင့်၊ မကြည့်သင့် သူ့ဦးနှောက်ထဲ၌ နှ်ဆွဲနေသည်။

"ကျွန်တော့်အမြင်ပြောရရင် ကျိုးကုံမိန်က အရေးကြီးလွန်း သော သခင်ကြီးလုကို ပေးအပ်ခဲ့တာ ဖြစ်လိမ့်မယ်။ သခင်ကြီးလုကလဲ ကြောင့်မို့လို့ ဖွင့်ဖောက်မကြည့်ဘဲ သိမ်းထားခဲ့တာဖြစ်မယ်"

"ငါ့ညီရဲ့ သဘောဆန္ဒအရ ဒီစာကို ဖွင့်မကြည့်သင့်ဘူး တဲ့သဘောလား"

ကျော်ပိုင်ချူး ခေါင်းညိတ်လိုက်ပြီး–

"သခင်ကြီးလုဟာ သေတဲ့အထိ ဒီစာအိတ်ကို ဖွင့်မကြည့် ဘူး၊ သူ့သဘောဆန္ဒကလဲ ပိုင်ထက်ကျှင်းကို အာကူရန် လက်ထဲ က်လက်ပေးပို့ဖို့ တာဝန်လွှဲခဲ့တဲ့ သဘောပဲရှိတယ်။ ဖွင့်ဖောက် ကြည့်ပါလို့ မှာခဲ့တာ မဟုတ်ဘူး"

"ဒီတော့ တို့က ဘာလုပ်ရမှာလဲ"

"ပထမအဆင့်ကတော့ ဒီစာကို အာကူရန့်လက်ထဲ ရောက် အောင် ပို့ပေးရလိမ့်မယ်"

ပိုင်ထက်ကျှင်း မျက်မှောင်ကုပ်ကာ–

"ပြီးတော့ကော ဘာလုပ်ရမလဲ"

"ပြီးတော့ ဒီစာကို ဖတ်ကြည့်ရမယ်၊ အာကူရန်လက်ထဲ ဒီစာ ရောက်ရှိပြီးမှ ဖတ်ကြည့်ဖို့ဆိုတာ ဘယ်လိုမှ မခက်တော့ပါဘူး ကျွန်တော်တို့ အာကူရန် လက်ထဲက စာကို လွယ်လွယ်ကူကူ ပြန်ယူနိုင်မယ်လို့ ထင်ပါတယ်"

ချန်ပိုင်ဖုန်း ခေါင်းညိတ်ပြလိုက်သည်။

ချန်ပိန်းက ငြိမ်နေရာမှ ဝင်၍ မေး၏။

"ဒီစာကို ကျွန်တော်တို့အထဲက ဘယ်သူ သွားပို့မလဲ"

ကျော်ပိုင်ချူး ခဏမျှ စဉ်းစားပြန်သည်။

""ဝေသိမ့်ကိုဟာ သခင်ကြီးလုကို သတ်ခဲ့ပေမယ့်လဲ သူ ချင်တဲ့ စာကို ရမသွားခဲ့ဘူး။ ဒီတော့ သူ့အနေနဲ့ ဘယ်လိုမှ ကျေနပ် နိုင်မှာ မဟုတ်ဘူး။ သွားပို့မယ့်လူဟာ သိပ်ကို သတိဝီရိယ ရှိရ လိမ့်မယ်"

ပိုင်ထက်ကျွင်းက အားတက်သရော တာဝန်ယူလိုက်လေ သည်။

"ဒီတာဝန်ဟာ သခင်ကြီးလု မသေခင်မှာ ကျွန်တော့်ကို ပေးခဲ့တာမို့ ကျွန်တော် သွားပို့ပေးပါ့မယ်"

ကျော်ပိုင်ချူး သဘောမကျ။ ဦးခေါင်းခါယမ်း၍-

"ပိုင်ထက်ကျွင်းသာ မြောက်အရပ်ကို သွားကြည့်ပါလား ဝေသိမ့်ကိုက လူအင်အားနဲ့ လိုက်ပြီး တားလိမ့်မယ်၊ သူအဲဒီအရ မရောက်နိုင်အောင် ရှေ့က ကြိုစောင့်နေလိမ့်မယ်။ ထောင်ချောက်တွေ ဆင်လိမ့်မယ်၊ မင်းကို သိုင်းပညာနဲ့ ယှဉ်တော့မှာ မဟုတ်ဘူး"

ချန်ပိုင်ဖုန်းက အကြံပေးသည်။



"ဒီလိုဆိုရင် ငါပဲ သူ့အဖော်အဖြစ် လိုက်သွားမယ်ကွာ"

ကျော်ပိုင်ချူးက ပိုင်ထက်ကျွင်းနှင့် ချန်ပိုင်ဖုန်းတို့နှစ်ယောက် ကြည့်မိသည်။

ဤနှစ်ယောက် သွားလျှင် ဝေသိမ့်ကိုသာမက ယက္ခကုမ္ဘဏ် တားဆီးနိုင်စွမ်း ရှိလိမ့်မည်မဟုတ်ဟု သူ ယုံကြည်သည်။

ထို့ကြောင့် ကျော်ပိုင်ချူးက ချန်ပိုင်ဖုန်းအား ခေါင်းညိတ်ပြ ပြီး-

"ကောင်းတာပေါ့၊ အဲဒီအတိုင်းပဲ ဖြစ်သင့်တာပေါ့"

"ဒါဆို အခုပဲ စပြီး ခရီးထွက်ရတော့မလား"

ပိုင်ထက်ကျွင်းက မေးသည်။

ကျော်ပိုင်ချူးက ဆုံးဖြတ်ပြီးဟန် အေးဆေးတည်ငြိမ်စွာပင် ၏။

"နေဦး၊ မနက်ဖြန်ကျမှပဲ စီစဉ်ကြတာပေါ့၊ အခုတော့ တာကျန်ရဲ့သမီးကို လိုက်ရှာကြရလိမ့်မယ်"

ချန်ပိန်းက စိုးရိမ်သောက မျက်နှာဖြင့်-

"ဝေသိမ့်ကိုက မနက်ဖြန်ကျရင် ချင်ဝှမ်ကျောင်းဆောင် မှာ ကျိုးယုံယင်ကို လာခေါ်ပါလို့ ပြောသွားတယ်။ အဲဒါ ညာပြီး ပြောခဲ့တာများလား ဖေဖေ"

"မဖြစ်နိုင်ဘူး၊ သူ လိမ်ညာကောက်ကျစ်ပေမယ့် ဒီတစ်ခါ ော့ ပြောမယ် မထင်ဘူး၊ သူ့အဓိကရန်သူ ကျိုတာကျန်က သွားပြီပဲ"

အားလုံး သက်ပြင်းချလိုက်ကြသည်။

★ ★ ★

အခန်း (၁၆

## နိမိတ်ဖတ် အဘိုး

နံနက်ခင်း၏ နေရောင်ခြည်က ရှန်ယန်းမြို့ကလေး
နွေးထွေးစွာ ပက်ဖျန်းထားသည်။

နေအလင်း ရင့်လာသည့်နှင့်အတူ မြို့အတွင်း၌ လူသွ
လူလာသည်လည်း ရှုပ်ထွေးလာသည်။

မြို့အနောက်ဘက် အဝင်တံခါးမကြီးဆီမှ အဘိုး
တစ်ယောက်က လက်တွန်းလှည်းကလေးတစ်ခုကို တွန်းကာ မြို့တွ
သို့ ဝင်ရောက်လာ၏။

နေရာသို့ရောက်လျှင် တွန်းလှည်းအတွင်းမှ ဆိုင်ဘုတ်ကလေ
တစ်ခုကို ထုတ်လိုက်သည်။

"နိမိတ်ဖတ် ဗေဒင်ဆရာ"



သူ့ဆိုင်းဘုတ်ကလေးကို တုတ်ဖြင့် အသေအချာ ထောက်
...်းထားလိုက်သည်။

မြို့တွင်းသို့ ဥဒဟို ဝင်ရောက်လာကြသောသူများက သူ့ကို
...မစိုက်ကြပေ။

ကိုယ့်အထုပ် ကိုယ်ထမ်းကာ ကိုယ့်လမ်းကိုယ်သွားနေကြ
...ည်။

အဘိုးအိုက ကုလားထိုင်တွင် ထိုင်နေရင်းမှ မျက်စိမှေးကာ
...သွားလူလာများကို အကဲခတ် ကြည့်ရှုနေသည်။

တစ်ခဏမျှအကြာတွင် မြင်းခွာသံ တဖြောင်းဖြောင်း
...က်ပေါ်လာသည်။

လူရွယ်သုံးယောက်သည် မြင်းကိုယ်စီ စီးကာ မြို့အတွင်းသို့
...ပ်ဖြည်းဖြည်း ခပ်မှန်မှန် ဝင်ရောက်လာသည်ကို တွေ့ရ၏။

ထိုသုံးယောက်ကို မြင်သည်နှင့် အဘိုးအိုက တတွတ်တွတ်
...ရွတ်လေတော့၏။

"အင်း...ဆင်းရဲတယ်၊ ချမ်းသာတယ်၊ ကျော်ကြားတယ်၊
...မ့်ကျတယ်ဆိုတာ လူတစ်ယောက်ရဲ့ ဥပဓိရုပ်နဲ့ ဆိုင်တယ်၊
သူ့အသက်၊ သူ့သေနေ့၊ သူ့အောင်မြင်မှုဆိုတာ သူ့မျက်နှာပေါ်မှာ
...လိုအလျောက် ထင်ပေါ်နေတယ်။ သေခြင်းတရားဆိုတာ
...ကွေးသောလက် မဆန့်မီ ဆန့်သောလက် မကွေးမီ ဖြစ်ပေါ်တတ်တဲ့
...ရားဖြစ်တယ်။ ဒီသေခြင်းတရားကို ငါလို နိမိတ်ဖတ်ဆရာ
...စ်ယောက်ကသာ ကြိုတင် ဟောပြောနိုင်တယ်"

သူ ညည်းတွားနေစဉ်မှာပင် ရှေ့ဆုံးမှ မြင်းစီးလာသူက
မြင်းဇက်ကြိုးကို တုံ့ခနဲ ဆွဲသတ်လိုက်သည်။

အဘိုးအိုကို ဖျတ်ခနဲ အကဲခတ် ကြည့်ရှုပြီးမှ သူ့အဖော်များ
ဆက်ပြောသည်။

"နံပါတ်ငါးနဲ့ နံပါတ်ခြောက်၊ မင်းတို့က ဒီဒေသ
ကျွမ်းကျင်တယ်။ ဒီတော့ စားသောက်ဆိုင် ကောင်းကောင်းတစ်
နေရာကောင်းကောင်းကျယ်ကျယ် ငှားထားလိုက်၊ ငါ စောင့်
ကိစ္စတစ်ခုရှိလို့ ဒီကနေပဲ စောင့်နေတော့မယ်။ မင်းမိသား
အစ်ကိုကြီး ငါးယောက်လာလိမ့်မယ်၊ သူတို့ကို ငါစောင့်လိုက်မယ်

သူနှင့်အတူပါသူနှစ်ယောက်က မြို့တွင်းသို့ ဝင်သွား
ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် အဘိုးအိုက ရုတ်တရက် တားဆီးလိုက်
"သခင်လေးတို့ နှစ်ယောက်ကလဲ သိပ်ပြီး အလောကြီးမ
နဲ့လေ၊ ဖြည်းဖြည်းမှပဲ သွားစမ်းပါ၊ ကျုပ် ဟောစရာ ရှိနေလို့ပ

ထိုနံပါတ်ငါးနှင့် နံပါတ်ခြောက်ဆိုသူနှစ်ယောက်မှာ ထိ
လန့်သွားကြသည်။

"ဘာပြောတာလဲဗျ၊ ဗေဒင်ဆရာအဘိုးကြီး"

အဘိုးအိုက ခပ်မှုံးမှုံးလေး ရယ်လိုက်ပြီး–

'အဟင်းဟင်း... စောစောသွားရင် စောစောသေမယ်
ဖြည်းဖြည်းမှသွားရင် ဖြည်းဖြည်းမှ သေမယ်၊ သခင်လေးတို့
သေရမှာတွေပဲ၊ ဘာလို့ လောနေရမှာလဲ၊ ကျုပ်က စေတနာ
ပြောနေတာပါ'

ထိုနံပါတ်ငါးနှင့် ခြောက်မှာ စိတ်ဆိုးဒေါသထွက်သွားသည်
မျက်ထောင့်ကြီးများ နီလာကြပြီး–

"ခင်ဗျား ဘာပေါက်ကရတွေ လျှောက်ပြောနေတာလဲ



င်ဗျားသေသွားချင်လို့လား၊ ကျုပ်တို့မသေခင် ခင်ဗျား အရင်သေမယ်"

ထိုနှစ်ယောက်သည် နိမိတ်ဖတ် အဘိုးအိုအနားသို့ တို
းပ်လာကြသည်။

သူတို့၏ ပုံပန်းသဏ္ဍာန်က တကယ်ပင် သတ်ဖြတ်တော့မည့်
ံစံမျိုး ဖြစ်နေသည်။

သို့သော်...အဘိုးအိုက တုန်လှုပ်ဟန် မပြချေ။

အေးတိအေးစက်ပင် ရယ်နေ၏။

ခေါင်းဆောင်လုပ်သူက အခြေအနေ တင်းမာတော့မည်ကို
အကဲခတ်မိကာ ထိုနှစ်ယောက်ကို မျက်ရိပ်ပြလိုက်သည်။

သူကိုယ်တိုင် အဘိုးအိုရှေ့သို့ တိုးကပ်သွားလိုသည်။

အဘိုးအိုက ရှေ့သို့ ဝင်လာခဲ့သည့် ခေါင်းဆောင်ဖြစ်သူကို
ကြို့ဆိုလိုက်သည်။

ပြုံးစစဖြင့် ကြည့်နေသည်။

ခေါင်းဆောင်လုပ်သူသည် ထိုအပြုအမူကြောင့် ဒေါသထွက်
သွား၏။

သူ့ကို သရော်သလို ပြုံးနေခြင်းဖြစ်သည်ဟု ထင်သည်။

သို့သော် စိတ်ကို ချုပ်ထိန်း၍ ပြောလိုက်၏။

"ကျွန်တော့်ကို ဗေဒင် တွက်ပေးစမ်းပါ ဆရာကြီး"

စကားကို ချေချေငံငံပင် ပြောသည်။

အဘိုးအိုက ခေါင်းညိတ်ပြ၏။

""ခင်ဗျားကို အင်္ဂဝိဇ္ဇာနည်းအရ ဟောမယ်ဆိုရင် အကောင်း
ဘက် ရောက်နေတယ်လို့ တွက်ရလိမ့်မယ်၊ ခင်ဗျားရဲ့ အိမ်တွင်းရေးက
သာသာယာယာရှိတယ်၊ ခင်ဗျားရဲ့ လုပ်ငန်းကလဲ အောင်မြင်မှုအထွက်

အထိပ်ကို ရောက်နေတယ်။ မကြာခင် ဦးဆောင်ဦးရွက် လုပ်နိုင်
အကြီးအကဲတစ်ယောက်ဖြစ်မှာလဲ သေချာနေပါပြီ'

အဘိုးအိုက စကားကို တစ်ခွန်းချင့်ပြောနေသည်။

ခေါင်းဆောင်လုပ်သူမှာ လွန်စွာ သဘောကျ ကျေနပ်သွ
လေ၏။

ငွေဒင်္ဂါးပြားတစ်ပြားကို ဗေဒင်တွက်ခအဖြစ် လာဘ်တ
သည်။

"ဟုတ်ကဲ့ ဆက်ပြီး အမိန့်ရှိပါဦး ခင်ဗျား"

အဘိုးအိုက သက်ပြင်းရှည်ကြီး ချလိုက်ပြီး-

"အင်း...နှမြောတယ်၊ သိပ်ကို နှမြောစရာ ကောင်းတယ်"

"ဘာများပါလိမ့်ခင်ဗျာ၊ ဆရာကြီး ဘာကို ဆိုလိုတယ်ဆိုတ
ကျွန်တော့်ကို ရှင်းပြပါလားခင်ဗျာ"

"ဘာရယ် မဟုတ်ပါဘူး၊ နှမြောစရာကောင်းလို့ နှမြောတယ
ပြောရတာပါ"

အဘိုးအိုက စကားကို လျှော့ချသည်။

ခေါင်းဆောင်လုပ်သူက အဘိုးအို၏ စကားကို သိပ်အလေး
အနက် မထားသေးဘဲ သူ့လူများကို လှည့်ကာ မှာကြားလိုက်ပြ
သည်။

"သွားကြလေ၊ မင်းတို့က ဘာလုပ်နေကြတာလဲ၊ ငါတို့
လိုချင်တဲ့အရာကို ဟိုကျန်းဆိုတဲ့ လူက နေရာဦးသွားဦးမယ်၊ အဲဒီ
အတိုင်းသာဆို တို့ဖိတ်ထားတဲ့ဧည့်သည်တွေ မျက်နှာပျက်ကုန်ကြ
လိမ့်မယ်။ ဘာကိုမှ တာဝန်မယူနိုင်အောင် ဖြစ်ကြရလိမ့်မယ်၊
မြန်မြန်သွားကြ၊ သွားဆို မြန်မြန်သွားကြ၊ ငါလဲ ခုပဲ လိုက်ခဲ့မယ်"



စကားဆုံးသည်နှင့် မြင်းဇက်ကြိုးကို ဆွဲကာ တံခါးဆီသို့
ဆက်သွားတော့သည်။

သူ့အဖော်နှစ်ယောက်မှာ လုံးဝမငြင်းဆန်နိုင်တော့ဘဲ မြင်းများ
ကို စိုင်းနှင်ရတော့သည်။

* * *

ထိုစဉ် အဘိုးအိုက အင်္ကျီလက်ကို ပင့်တင်လိုက်ပြီး
ခေါင်း ဆောင်ဖြစ်သူကို လှမ်းခေါ်လိုက်သည်။

"ဒီမယ်...ဗျို့ သခင်လေး၊ ခင်ဗျားငွေကို ကျုပ်လက်မခံ
နိုင်ဘူး"

အဘိုးအိုက သူ့ပေးထားခဲ့သော ငွေဒင်္ဂါးပြားကလေးကို
ထောင်ပြပြီး လှမ်းအော်နေသည်။

ခေါင်းဆောင်လုပ်သူ နောက်သို့ လှည့်ကြည့်လိုက်သည်။

သူ့မျက်လုံးများ၌ နားမလည်သည့် အရိပ်အယောင်များ
ပေါ်နေသည်။

အဘိုးအိုက သူ့ဘာသာသူ တစ်ကိုယ်တည်း ရေရွတ်နေ
လေ၏။

"သေပြီးသား လူတစ်ယောက်ရဲ့ ငွေကို ယူလို့ ဘယ်ဖြစ်ပါ့
မလဲ၊ သံသရာမှာ အမျှင်ပြတ်မှာမဟုတ်ဘူး၊ ကရွတ်ကင်း လျှောက်
သလို ဘယ်တော့မှ ပြီးဆုံးတော့မှာလဲ၊ ဩော်..ငွေ...ငွေ...ငွေတောင်
ငွေသေနဲ့ ငွေရှင် ရှိနေသေးတာပဲကိုး"

ခေါင်းဆောင်လုပ်သူမှာ သတိရှိသွဲ့ဖြစ်သည်။

အစပထမ၌ ဗေဒင်ဆရာအဘိုးအိုၡ၏ စကားကြောင့် စိတ်
ဒေါသထွက်ခဲ့သော်လည်း အကြောင်းရှိမည်ဟု တွေးကာ စိတ်
ထိန်းခဲ့သည်။

မိမိတို့၏အချိန်ကို ဖင့်နှေးအောင် အဘိုးအို လုပ်နေသည်
ထင်မိသည်။

သူ့မျက်ခုံးကို ပင့်တင်လိုက်ပြီးလျှင် ချောင်ပြေပြစ်
မေးလိုက်၏။

"ကျွန်တော်တို့သုံးယောက်ကို သေခြင်းတရားနဲ့ ခြောက်လှ
တာ ဘာသဘောကြောင့်ပါလဲ၊ ရှင်းပြပါလား ဆရာကြီး"

အဘိုးအိုက သက်ပြင်းချလိုက်ပြီးလျှင်–

'တော်ပြီ တော်ပြီ၊ သိချင်တဲ့စိတ်ရှိမှ ဒါမျိုးက ကောင်းတာ
မယုံကြည်တဲ့လူကို ဗေဒင်တွေ၊ အင်္ဂဝိဇ္ဇာတွေ၊ လောကီပညာတွေ
ရှင်းပြမနေတော့ဘူး'

အဘိုးအိုသည် စကားဆုံးသည်နှင့် ကုလားထိုင်တွ
အေးဆေးစွာ ထိုင်ချလိုက်သည်။

မျက်စိကို အသာပိတ်ထားလျက် အနားယူတော့သည်။

ခေါင်းဆောင်လုပ်သူ စိတ်မထိန်းနိုင်တော့ဘဲ အဘိုးအို၏
လက်မောင်းကြားထဲသို့ သူ့ညာလက်ကို ဆတ်ခနဲ ထိုးသွင်းလိုက်သည်

အဘိုးအိုက မျက်စိမှိတ်လျက်မှပင် သူ့လက်ကို မြှောက်
တင်လိုက်သည်။

သူ့မုတ်ဆိတ်ကို ပွတ်သပ်ဟန် ပြင်သလိုလိုဖြင့် ခေါင်းဆော
လက်ကို ပုတ်ထုတ်ပစ်လိုက်သည်။

ခေါင်းဆောင်ဖြစ်သူမှာ သူ၏ လျှပ်တစ်ပြက် တိုက်ကွက်



ပွဲချော်သွားရခြင်းအတွက် ထိတ်လန့်တုန်လှုပ်သွား၏။

အဘိုးအိုးမှာ သူ့အား မထိမဲ့မြင် ခုခံသွားခဲ့သည် မဟုတ်
ါလား။

ဤနိမိတ်ဖတ် ဗေဒင်ဆရာအဘိုးအိုသည် သာမညအဘိုးအို
ဟုတ်သည်မှာ သေချာသလောက် ရှိနေလေပြီ။

သို့သော် သူ့စိတ်ထဲတွင် ပို၍ သေချာအောင် စမ်းသပ်ကြည့်
လိုသေးသည်။

ထို့ကြောင့် လက်ဝါးတိုက်ကွက်ကို ပြောင်းကာ တိုက်မည်
ကြံလိုက်၏။

ထိုစဉ် သူ့နောက်မှ ကျယ်လောင်သော စကားသံကို
ကြားလိုက်ရတော့သည်။

"ငါ့ညီ ရှန်ပိုင်မြင့်ပါလား၊ ဟား...ဟား...ဟား ဖြစ်မှ
ဖြစ်ရလေ၊ ဘယ့်နှယ် ဒီမှာ ဗေဒင် လာမေးနေရတာလဲကွာ"

ခေါင်းဆောင်ဖြစ်သူ ရှိန်ပိုင်မြင့်က နောက်သို့ လှည့်ကြည့်
လိုက်သည်။

တစ်ခေါင်းလုံး ဆံပင်များ ဖြူဖွေးနေသည့် အဘိုးအိုတစ်ဦးက
ပြုံးရွှင်သောမျက်နှာထားဖြင့် သူ့ထံသို့ တန်းတန်းမတ်မတ် လျှောက်လာ
နေကြောင်း တွေ့လိုက်ရသည်။

သူ့နောက်နား လာရပ်သည်။

ရှန်ပိုင်မြင့် ပြုံးရွှင်သွား၏။

ဦးညွှတ်ဂါရဝပြုကာ နှုတ်ဆက်သည်။

နှုတ်ဆက်စကားပြောမည်ဟု ကြံနေစဉ်မှာပင် ဗေဒင်ဆရာ
အဘိုးအိုထံမှ တီးတိုးလေသံ ထွက်ပေါ်လာတော့သည်။

"ဒီညမှာ ပြဿနာတွေ အများကြီးရှိတယ်။ သခင်လေ အသက်ရှင်ချင်ရင် အရှေ့စူးစူးအရပ်ကို ထွက်သွားပါ။ ကျုပ် စေတနာရှေ့ထားပြီး ပြောတာပါ။ သခင်လေး ယုံချင်ယုံ၊ မယုံချင်ရင် မတတ်နိုင်ဘူး"

ရှန်ပိုင်မြင့်က နောက်သို့လှည့်၍ ဗေဒင်ဆရာအဘိုးအိုအ စကားပြောရန် ဟန်ပြင်လိုက်သည်။

သို့သော် ဆံဖြူအဘိုးအိုက ပိုအရေးကြီးသည်ဟု ယူဆ ဆံဖြူအဘိုးအိုကိုသာ နှုတ်ဆက်စကား ဆိုတော့သည်။

"ဆရာကြီးယောင် ရောက်လာတာ အတော်ပဲဗျာ၊ ကျွန်တော် တို့ညီအစ်ကို ဂုဏ်ရှိသလို အားလဲတက်တာပေါ့၊ ဆရာကြီး ရောက်လ မှတော့ ကျန်း ဆိုတဲ့လူက ဘာလုပ်နိုင်ဦးမှာတဲ့လဲ"

ဆံပင်ဖြူဆရာကြီးယောင်ဆိုသော အဘိုးအိုမှာ ချီးမြှောက် အပြောခံရ၍ တဟားဟားရယ်မောကာ အကျေနပ်ကြီး ကျေနပ်နေ တော့သည်။

"မင်းကတော့ တကယ့်ကို နှုတ်ရေးနှုတ်ရာ ကြွယ်တဲ့ လူပါပဲကွာ၊ ဒီလောကကြီးမှာ ပါးစပ်နဲ့ ဖြေရှင်းလို့မရတဲ့ ပြဿနာ ဆိုတာ မရှိနိုင်ပါဘူးကွာ။ မင်းလို အပြောကောင်းတဲ့ လူအဖို့ ဘယ်ပြဿနာကိုမဆို ကောင်းကောင်းဖြေရှင်းနိုင်မှာပါ။ ငါရောက် လာတော့ကော မင်းအတွက် ဘာအကျိုးထူးမှာတဲ့လဲကွာ၊ မင်းလိုလူမျိုး အတွက် ငါဟာ ဘာမှ တန်ဖိုးမရှိပါဘူးကွာ"

ဆံဖြူအဘိုးအိုက သူ့ကိုယ်သူ နှိမ့်ချသည်။

ရှန်ပိုင်မြင့်ကမူ ဆက်လက်ချီးကျူးနေလေ၏။

"အခုတလော ဆရာကြီးယောင်က အိမ်ထဲမှာ ပုန်းအောင်းနေ



သမယ့် အပြင်သိုင်းလောကမှာတော့ ဆရာကြီးရဲ့ နာမည်က င်ရှားကျော်ကြားနေဆဲပါပဲ။ သိုင်းဂိုဏ်းအသီးသီကလဲ ကိစ္စတွေရှိလို့ ရာကြီးကို မျှော်လင့်တောင့်တနေကြတယ်၊ သွေးထွက်သံယို ဖြစ်မယ့် စ္စတွေကို ဆရာကြီးယောင် ဖြေရှင်းမှ ပြေလည်တော့မှာပါ"

အဘိုးအိုမှာ လေမိသော စွန်ပမာ ကြာလေကြာလေ င့်လေ ဖြစ်လာ၏။ ဖရဏာပီတိ ဂွမ်းဆီထိသလို ဖြစ်လာ၏။

နှုတ်ခမ်းစေ့၍ မရအောင်ပင် ပြုံးဖြဲဖြဲနှင့် ကြည်နူးနေလေ တော့သည်။

အဘိုးအိုက ရှန်ပိုင်မြင့်၏ပခုံးကို အသာအယာ ပုတ်လိုက် သည်။

"ဒီလောက်လဲ မြှောက်ပင့်ပြောမနေပါနဲ့ကွယ်၊ ရိုးရိုး တန်းတန်း ပြောရင်လဲ ရပါတယ်၊ သိုင်းလောကသားတွေက နေရာပေး လာတော့လဲ ခိုကတ်နေလို့ မရတော့ဘူးပေါ့။ ကျန်းချင်းဖုန်းရဲ့ ကွယ်လွန်သူ ဆရာကြီးနဲ့ ငါနဲ့က မိတ်ဟောင်းဆွေဟောင်းတွေ ဖြစ်ခဲ့ဖူးတယ်ကွ၊ ဒါပေမယ့် ငါ့ညီရဲ့ မျက်နှာကို ထောက်ပြီးတော့ ဒီကိစ္စကို ငါတာဝန် ယူလိုက်ပါ့မယ်"

ရှန်ပိုင်မြင့်က ကျေးဇူးတင်စကားဆိုသည်။

စကားပြောပြောဆိုဆိုနှင့်ပင် မြို့ထဲဘက်သို့ အဘိုးအိုနှင့် အတူ လျှောက်လိုက်သွားခဲ့၏။

မူလက မင်းညီနောင်များကို စောင့်ဆိုင်းရန် ဖြစ်သော်လည်း သူ့အတွက် အားကိုးအားထားရခဲ့ပြီဖြစ်၍ မင်းညီနောင်များကို မစောင့်တော့ဟု ဆုံးဖြတ်လိုက်လေ၏။

★ ★ ★

အခန်း (၁၆၃)

## ထူးခြားသော ဧည့်သည်များ

ရှန်ပိုင်မြင့်တို့ ထွက်သွားပြီးသည်နှင့် မြင်းစီးခရီးသည် လေးငါးယောက်တို့သည် နိမိတ်ဖတ် ဗေဒင်ဆရာရှေ့သို့ ရောက်ရှိလာလေတော့၏။

ဗေဒင်ဆရာအဘိုးအိုက ထိုလူများကို အကဲခတ်လေသည်။

"အင်း...ဘာကြောင့်များ ရုပ်လက္ခဏာ ကြမ်းတမ်းတဲ့ လူတွေကိုချည်းပဲ ငါတွေ့နေရတာပါလိမ့်၊ ဒီလူတွေဟာ လူ့ပြည်မှာ ကြာကြာ မနေချင်ကြပါလား၊ သေချင်တဲ့ ကျားတွေ တောပြောင်းလာကြတာပေါ့လေ"

ဗေဒင်ဆရာကြီးသည် မျက်လုံးများကို မှိတ်လိုက်၏။

ဖြစ်ပေါ်လာမည့် အခြေအနေများကို စိတ်ထဲမှ သုံးသပ်



ည့်နေမိသည်။

မြို့တစ်မြို့စီ၌ သိုင်းသမား အနည်းနှင့်အများ ရှိကြရလေသည်။

သို့ရာတွင် မြို့တစ်မြို့ထဲ၌ သိုင်းသမားများစွာ စုလျှင်ခြေအနေကောင်းသည်ဟု မဆိုနိုင်တော့ပေ။

သွေးထွက်သံယိုကိစ္စများ ဖြစ်လာတတ်ပေသည်။

သူ့မျက်လုံးများ ပြန်ဖွင့်လိုက်ချိန်တွင် နောက်ထပ် သိုင်းသမားပ်စုများ အစုလိုက် အပြုံလိုက် မြို့တွင်းသို့ ဝင်လာကြောင်းတွေ့ပြန်တော့သည်။

"သိုင်းသမားတွေ အများကြီးပါလား၊ ကြည့်စမ်းပါဦး၊ ယ်ယောက်လောက်ရှိလိမ့်မယ်၊ အင်း...သူတို့ရုပ်ရည်တွေက မရဏည်သွားကြမယ့် လူတွေလိုပါပဲလား"

နိမိတ်ဗေဒင်ဆရာကြီးသည် ကုလားထိုင်ပေါ်၌ ကျောမှီချကာ သူ့မျက်လုံးများကို ပြန်မှိတ်လိုက်လေတော့၏။

အနိဋ္ဌာရုံများကို ဆက်မတွေးလိုတော့ချေ။

ထိုအချိန်၌ မြို့တံခါးဝ၌ ထူးခြားသော မြေးအဘိုးနှစ်ဦးတို့ရောက်ရှိနေကြလေပြီ။

"သမီးရယ် ဘဘတို့ ရှန်ယန်းမြို့ကို ရောက်လာခဲ့ကြပြီလား"

အဘိုးအို၏ အမေးကို ခုနစ်နှစ် ရှစ်နှစ်ခန့်ရှိသော မြေးမလေးက အသံစူးစူးလေးဖြင့် ပြန်ပြောသည်။

"ဟုတ်ကဲ့ ရောက်ပါပြီ ဘဘကြီး"

"အင်း...နောက်ဆုံးတော့လဲ တို့ဒီကို ရောက်ဖြစ်အောင်ရောက်လာကြသေးသားပဲ၊ သမီးလေးရယ်၊ ဘဘကြီးက မျက်စိ

မမြင်တော့ ဘာကိုမှ မသိရဘူး၊ ရှန်ယန်းမြို့ကြီး ဟိုအရင်တုန်းက စည်းကားသေးရဲ့လားဆိုတာ ဘာဘကို ပြောပြပါလားကွယ်"

အဘိုးအိုမှာ သူ့ဇာတိမြေနှင့် ကင်းကွာခဲ့သည်မှာ အတန်ကြာခဲ့ဟန် တူ၏။

နေရာဟောင်းကို ပြန်လည်ရောက်ရှိလာသဖြင့် ဝမ်းသ ကျေနပ်နေဟန်လည်း ရှိသည်။

ကလေးမလေးက စိတ်ဝင်စားမှုမရှိဘဲ ပြီးစလွယ် ဖြေသည်။

"မြို့ထဲမှ မဝင်ရသေးဘဲ ဘာဘကြီးရဲ့၊ အခုမှ မြို့တံခါးဝမှာ ရှိသေးတာကို ဘယ်လိုလုပ် ပြောနိုင်မှာလဲ"

ဗေဒင်ဆရာအဘိုးအိုမှာ ခေါင်းမတ်ခနဲ ထောင်ထားလိုက် သည်။

ထိုအဘိုးအို၏ အသံကို သူ့နားထဲတွင် ရင်းရင်းနှီးနှီး ကြားဖူးနေသည်ဟု စိတ်ထဲက ထင်နေမိသည်။

လှမ်းကြည့်လိုက်သောအခါ ခရီးကြမ်းကို ဖြတ်သန်းလာ ခဲ့သဖြင့် ပင်ပန်းနွမ်းနယ်ဟန်ရှိနေသော အဘိုးအိုတစ်ဦးနှင့် ကလေး မလေးတစ်ယောက်ကို မြင်လိုက်မိသည်။

အဘိုးအိုမှာ သူ့ထက် အိုစာဟန်ရှိပြီး မုတ်ဆတ်ပါးမြိုင်းမွေး များ မရိတ်မပယ်ဘဲ ထားသဖြင့် ရှည်လျားထူထပ်နေသည်။

ခရီးသည် အဘိုးအိုက သူ့မြေးမလေးကို ဆက်၍ မေးမြန်းနေ ပြန်သည်။

"သမီးလေးရယ်၊ မြို့အဝင် အုတ်တံတိုင်းအဝမှာ ကျောက်ရုပ် ခြင်္သေ့ကြီးနှစ်ကောင်ကော ရှိသေးရဲ့လားကွယ်"



မိန်းကလေးမှာ အမေးအမြန်း ထူနေသဖြင့် စိတ်တိုလာပုံ သည်။

နှုတ်ခမ်းလေးကို စူလိုက်ပြီး–

"သမီးတို့ လာခဲ့တဲ့ လမ်းတစ်လျှောက်လုံး မြို့တွေမှာရှိတဲ့ င်အဝ အုတ်တံတိုင်းအားလုံးမှာ ကျောက်ခြင်္သေ့ရုပ်ကြီး နှစ်ကောင် နေကြတာပဲ၊ ဒါများ ဘာထူးဆန်းလို့လဲ ဘာဘကြီးရဲ့"

အဘိုးအိုက မြေးမလေး စိတ်မရှည်တော့သည်ကို သိ၍ ာင်းပန်သံဖြင့် ထပ်မေးပြန်သည်။

"သမီးရယ် ခြင်္သေ့ကြီးနှစ်ရုပ်ထဲက ဘယ်ဘက်မှာရှိတဲ့ သေ့ကြီးရဲ့ ညာဘက်နားရွက်ကို စမ်းကြည့်ပေးစမ်းပါကွယ်၊ ဘက်ခြင်္သေ့ကြီးရဲ့ခေါင်းမှာတော့ အပေါက်တစ်ပေါက် ရှိတယ်၊ က်ဥလုံးလောက်ရှိလိမ့်မယ်၊ ဘာဘကြီးပြောတာ ဟုတ်ရဲ့လား၊ ...ငါ့မြေးက ဘာဘခိုင်းတာ လုပ်ပေးပါကွယ်၊ မြို့ထဲရောက်ရင် မြှးကြိုက်တဲ့ သကြားလုံးတွဲ တစ်တွဲ ဝယ်ပေးပါ့မယ်" လေးမလေးက ခေါင်းကို ခါယမ်းလိုက်သည်။

"ဟင့်အင်း…နှစ်တွဲဝယ်ပေးမှ"

"အေးပါကွယ်၊ နှစ်တွဲပဲ ဝယ်ပေးပါ့မယ်"

ဗေဒင်ဆရာအဘိုးအိုမှာ ထိုမြေးအဘိုး၏ ချစ်စဖွယ် ပြောဆို ကြသည်ကို ကောင်းစွာ ကြားနေရသည်။

ထိုအဘိုးအိုကို သူမည်သို့ပင် စဉ်းစား စဉ်းစား အဖြေမထွက် အောင် ဖြစ်နေရသည်။

သူသည် မှတ်ဉာဏ်ကောင်းသူတစ်ယောက် ဖြစ်လေသည်။

လူတစ်ယောက်ကို တစ်ကြိမ်တစ်ခါ မြင်ပြီးသည်နှင့် မမေ့

နိုင်အောင် မှတ်မိနိုင်၏။

အချိန်မရွေး မေးစမ်းကြည့်လျှင် တိကျမှန်ကန်သေ
အဖြေကို ပေးနိုင်စွမ်းရှိ၏။

ယခု ဤအဘိုးအိုကို စဉ်းစားမရသဖြင့် သူကိုယ်သူ အံ့
နေမိလေသည်။

သတိထားရမည့် လူတစ်ယောက်အဖြစ်မှ သူ့စိတ်ထဲ
အလိုလို သိနေမိသည်။

* * *

ကလေးမလေးမှာ ပါးရည်နပ်ရည်ရှိကာ လိမ္မာယဉ်ကျေးသ
အသွင်ရှိ၏။

အဘိုးဖြစ်သူထံမှ ကတိစကားရလျှင် မြို့စောင့်စစ်သ
အနီးသို့ တိုးကပ်ကာ မေးမြန်းလိုက်၏။

"ဦးလေး ဒီခြသေ့ရုပ်ကြီးကို သမီးလက်နဲ့ ပွတ်သပ်ကြ
ပါရစေနော်"

မိန်းကလေးမှာ ရုပ်ရည်သန့်ပြန့်ကာ သနားချစ်စ
လေးဖြစ်နေသည်။

စကားပြောချိုသာသဖြင့် မြို့စောင့်စစ်သားက ရယ်
ပြုံးပြုံးနှင့် ပြောသည်။

"တစ်ချက်ပဲ ပွတ်ရမယ်နော်"

ကလေးမလေးက မျက်လုံးဝေ့ကြည့်ကာ ချစ်စနိုးဟန်ဖြ

"ဟင့်အင်း နှစ်ချက်တော့ ပွတ်ကြည့်ပါရစေ"



မြို့စောင့်စစ်သား သဘောကျကာ ရယ်မောလိုက်၏။ ခြောက်လှန့်သည့်ဟန်ဖြင့်–

"ကောင်းပြီ၊ ဒါဆို ညည်းပြောသလို နှစ်ချက်ပွတ်ကြည့်၊ ဒီထက်ပို၍ ပွတ်ရင်တော့ ဟောဒီလို ရိုက်ပစ်မယ်"

ကလေးမလေး၏ ခေါင်းပေါ်သို့ လက်ဖြင့် ရိုက်ချမည့်ဟန် လုပ်ပြလိုက်၏။

ကလေးမလေးက ပခုံးလေးကို ကျုံ့ပြလိုက်ပြီး ခြသေ့ရုပ် အနီးသို့ ကပ်သွား၏။

သူ့မှာ ပုပုသေးသေးကလေးဖြစ်သဖြင့် ခြသေ့၏နားရွက်ဆီသို့ သူမ၏ လက်လှမ်းမမီချေ။

ဘာလုပ်ရမည်မှန်းမသိဘဲ ဖြစ်နေပြီးမှ ဥပဓိရုပ်ကောင်းကောင်း လူငယ်တစ်ယောက်ကို တွေ့လိုက်ရသဖြင့် အကြံရပြီး လက်ယပ်လှမ်းခေါ်လိုက်သည်။

လူငယ်အနီးသို့ ရောက်လာလျှင်–

"ဦးကို အရေးကြီးတဲ့ လျှို့ဝှက်ချက်တစ်ခု ပြောမလို့ သိလား"

လူငယ်မှာ ကလေးမလေးကို ချစ်ခင်မိသည်။ ကလေးမကလေး၏ ဟန်အမူအရာလည်း ချစ်ခင်စဖွယ်ပင်။

"ဘာတွေများ လျှို့ဝှက်ချက်ရှိလို့လဲ"

ကောင်မလေးက မျက်စိပြူးကြောင်ကြောင်ဖြင့် ဟိုဟိုသည်သည် ကြည့်လိုက်ပြီး အရေးကြီးသည့်ပုံစံဖြင့်–

"သူများတွေ ကြားသွားဦးမယ်၊ ကျွန်မကို နားကပ်ပေး တိုးတိုးလေးပြောပြမယ်"

လူငယ်က ခါးကိုင်းပေးလိုက်သည်။ ကလေးမလေးက သူ့ပခုံးကို ခိုတွယ်လိုက်သည်။

လည်ပင်းကို သိုင်းဖက်ထားလိုက်ပြီး–

"ဟော...ဟိုမြို့ရိုးကြီးပေါ်မှာ ဘာတွေရှိလဲ ကြည့်လိုက်စမ်းပါဦး"

လူငယ် မတ်တပ်ထရပ်လိုက်သည်။ ရယ်ရယ်မောမောဖြင့်–

"ညည်းသိပ်လည်တယ်၊ မြို့ရိုးပေါ်မှာ ဘာမှမရှိဘဲ၊ ဒီကျောက်ခြသေ့ကြီးကို ပွတ်သပ်ကြည့်မလို့ မဟုတ်လား"

"ခစ်...ခစ်"

ကလေးမလေးမှာ အလိမ်ပေါ်သွားသဖြင့် တခစ်ခစ်ရယ်မိသည်။

လူငယ်က ပါးစပ်က ပြောသာပြောနေသော်လည်း ကျောက်ခြသေ့ကြီးအနီးသို့ သူမကို ခေါ်သွားသည်။

ကလေးမလေးက သူ့ဘဘကြီး မှာကြားသည့်အတိုင်း ကျောက်ခြသေ့ကြီး၏ ဘယ်ဘက်နားရွက်ထဲသို့ လက်ထိုးသွင်းလိုက်သည်။

အပေါက်ကြီး ရှိနေသဖြင့် သူမ၏ လက်ကလေးက အတွင်းပိုင်း ဦးခေါင်းနေရာသို့တိုင် ရောက်ရှိသွားသည်။

လူငယ်က သူမကို အောက်သို့ ဖြည်းညင်းညင်သာစွာ ပြန်ချပေးလိုက်သည်။

"ကလေးက အသက်ငယ်ငယ်လေးနဲ့ တော်တော်ဉာဏ်ကောင်းတယ်၊ ကြီးလာရင် မလွယ်ဘူး"

ထိုစဉ် သူမ၏ အဘိုးဖြစ်သူက ချောင်းတစ်ချက်ဟန့်လိုက်ပြီး ပြန်ခေါ်လိုက်သည်။

"သမီးရေ မြန်မြန်လာပါကွယ်၊ ဘဘမေးတာ ပြောပြစမ်းပါဦး"

ကလေးမလေးက လူငယ်ကို နှုတ်ဆက်ပြီး သူ့အဘိုးဆီသို့ ပြန်ပြေးသွားသည်။

"ဘဘကြီး ပြောတဲ့အတိုင်းပဲ၊ တစ်ချက်ကလေးမှ မလွဲဘူး၊ ခြသေ့ကြီးရဲ့ နားရွက်ထဲမှာ အပေါက်ကြီး တစ်ခုရှိတယ်"

အဘိုးအို ခဏမျှ စဉ်းစားဟန် ပြုလိုက်သည်၊ ပြီးမှ–

"အင်း–နှစ်တွေလတွေ ကြာညောင်းခဲ့ပါပြီလေ၊ နောင်ကြီးယန်၊ နောင်ကြီးယန် ဘဝချင်း ခြားခဲ့ကြပေမယ့် ကျောက်ခြသေ့ရုပ်ကြီးကတော့ မပြောင်းမလဲ ရှိနေပါသေးတယ်ဗျာ'

အဘိုးအိုက ဝမ်းနည်းကြေကွဲသဖြင့် တီးတိုးလေး ရေရွတ်နေသည်။

သူ့စိတ်ထဲတွင် မကြည်မလင် မရွှင်မပျ ဖြစ်နေပုံမှာ မျက်နှာ၌ အရိပ်ထင်နေလေသည်။

ထို့နောက် သူ၏ မြေးမလေးကို လက်မှဆွဲကာ မြို့တွင်းသို့ ဝင်လာသည်။

အဘိုးအိုက ခိုင်မာစွာ သန္နိဋ္ဌာန်ချလိုက်သည်။

"နောင်ကြီးယန်အတွက် ငါကလဲ့စားချေရမယ်"

အဘိုးအိုနှင့် ကလေးမလေးတို့သည် မကြာမီမှာပင် လူအုပ်ကြား၌ ပျောက်ကွယ်သွားတော့သည်။

စောစောက ကလေးမလေးကို ပွေ့ချီခဲ့သူ လူငယ်သည် ဝတ်ဝန်းကျင်ကို လေ့လာအကဲခတ်ပြီး မူလနေရာ၌ ရပ်နေသည်။

ထိုအချိန်မှာပင် နောက်ထပ်သိုင်းသမားများ မြို့တွင်းဆီသို့ ထပ်မံဝင်ရောက်လာကြပြန်သည်။

လူငယ်သည် ထိုလူအုပ်ကို ကြည့်ပြီး တွေးနေ၏။

"“ရှန်ပိုင်မြင့်နဲ့ ကျန်းကြည်ကျော်တို့နှစ်ယောက်က ရှန်ယန်မြို့မှာ ကြီးမားတဲ့ ညှော်ခံပွဲကြီးတစ်ခု လုပ်ကြမလို့ပဲ၊ အနောက်မြောက်တိုင်းတစ်ခွင်မှာရှိတဲ့ သိုင်းသမားတွေကိုလဲ ဖိတ်ကြားထားတယ်၊ သိုင်းသမားတွေကို သူတို့ဘက် အင်အားဖြည့်ကြမလို့ပဲ၊ အဲဒီကိုသွားပြီး အချင်းချင်း အသေအကြေ တိုက်ခိုက်ကြရအောင် တို့မီးရှို့မီးလုပ်ပေးရမယ်၊ ကျန်တဲ့လူတွေကိုတော့ ငါတို့အတွက် အကျိုးရှိရှိ အသုံးပြုရမယ်၊ ဒါဟာ တစ်ချက်ခုတ်နှစ်ချက်ပြတ် အစီအစဉ်ပဲ"

လူငယ်သည် အစီအစဉ် ချပြီးသည်နှင့် မြို့ထဲသို့ လှမ်းဝင်လေတော့၏။

ခြေလှမ်းဆယ်လှမ်းခန့် လှမ်းပြီးစဉ် နောက်မှ ခေါ်သံကြားလိုက်ရလေ၏။

"သခင်လေး ခဏနေပါဦး သခင်လေး"

လူငယ်ခြေလှမ်းတုံ့ခနဲ ရပ်လိုက်၏။

လှည့်ကြည့်လိုက်သောအခါ မြို့တံခါးအတွင်းပိုင်း၌ ထိုင်ခုံတစ်လုံးဖြင့် ထိုင်နေသည့် နိမိတ်ဖတ် ဗေဒင်ဆရာအဘိုးအိုကို တွေ့လိုက်ရသည်။

အဘိုးအို၏ မျက်လုံးများ တောက်ပနေသည်ကို သတိပြုမိသဖြင့် ဤအဘိုးအိုကား သာမန်အဘိုးအို မဟုတ်ဟု သတ်မှတ်လိုက်မိလေ၏။

★ ★ ★

အခန်း (၁၆၄)

# သေခြင်း၏အတိတ်နိမိတ်များ

လူငယ်သည် ဗေဒင်ဆရာအဘိုးအို အနီးသို့ တိုးကပ်သွားသည်။

စကားတစ်ခွန်းမျှ မပြောဘဲ စိုက်ကြည့်လိုက်သည်။

အဘိုးအိုကလည်း ပြန်လည်စိုက်ကြည့်နေသဖြင့် တစ်ဦးရင်ကို တစ်ဦး ထွင်းဖောက်ကြည့်ကြသလို ဖြစ်နေကြလေသည်။

ကြည့်ရင်းကြည့်ရင်း အဘိုးအို မျက်နှာပျက်သွားလေသည်။

"သခင်လေးရဲ့မျိုးရိုးက ယန်မျိုးရိုး မဟုတ်လား"

အဘိုးအို၏ စကားကြောင့်-

လူငယ် မျက်မှောင်ကြုတ်သွားသည်။ ထိုလူငယ်မှာ ဧသိမ့်ကို၏ လက်ရင်းတပည့် ယန်ချွင် ဖြစ်လေသည်။

"ဟုတ်ပါတယ် ကျွန်တော့်နာမည် ယန်ချင်ပါ၊ ဘာ
ပြောစရာရှိပါလဲ"

ဗေဒင်ဆရာက အဘိုးက–

"သခင်လေးရဲ့ ရင်ဝမှာ မှဲ့နီလေးသုံးလုံး ဆက်လျက်ရှိ
တယ် မဟုတ်လား"

ယန်ချင်မှာ ချန်ပိန်းကို လုပ်ကြံရာတွင် အောင်မြင်မှု
ဘဲ ပိုင်ထက်ကျွင်း၏ လက်ဝါးရိုက်ချက်ကြောင့် အတွင်းဒဏ်
ရရှိခဲ့သည်။

ထိုဒဏ်ရာကို အချိန်အတော်ကြာ ကုသပြီးမှ ဝေသိမ့်ကို
စေခိုင်းချက်အရ ဤရှန်ယန်းမြို့သို့ ရောက်ရှိလာရခြင်း ဖြစ်ပေသည်

သူ့တာဝန်မှာ ရှန်ယန်းမြို့သို့လာပြီး အနောက်မြောက်ပို
တစ်ခွင်မှ တရုတ်သိုင်းသမားများကို စည်းရုံးသိမ်းသွင်းရန် ဖြစ်ပေသည်

ယခု ထိုအစီအစဉ် ပြုလုပ်ရန် မြို့ထဲသို့ ဝင်မည်အပြုတွင်
ဗေဒင်ဆရာဘိုးအိုက ခေါ်၍ မေးမြန်းပြီး သူ့ခန္ဓာကိုယ်မှ လျှို့ဝှက်ချက်
များကို ဒက်ထိ မေးမြန်းနေသဖြင့် ယန်ချင်မှာ အံ့အားကြီးသင့်ေ
တော့သည်။

ထိုထက်ပို၍ အံ့အားသင့်ရသည့် မေးခွန်းမှာ–

"သခင်လေးရဲ့ နားရွက်က တွဲလောင်ကျပြီး နားပေါက်လဲ
ရှိခဲ့တယ် မဟုတ်လား"

ယန်ချင်မှာ ပို၍ပင် ထိတ်လန့်သွားရသည်။

အမှုအရာကို ဟန်ဆောင်ထိန်းလိုက်သော်လည်း မျက်နှာကမူ
သွေးဆုတ်ဖြူရော်နေသည်။

သူ၏ နားပေါက်ကိစ္စကို သူ့အား ပညာသင်ကြားပေးသည့်



ရာအရင်းပင် သိရှိမထားခဲ့ချေ။

ပညာသင်ဘက် ညီအစ်ကိုတော်တို့ နောက်ပြောင်ကျီစယ်
ည်စိုးသဖြင့် နားရွက်အသီးလေးကို ဖြတ်တောက်ပစ်ခဲ့သည်။

သူ့ရင်ထဲတွင် မည်သို့မျှ မေ့ပျောက်နိုင်စွမ်းမရှိသော ကိစ္စကို
စဖော်ကာ ဒက်ထိ မေးမြန်းခံလိုက်ရသဖြင့် ယန်ချင်မှာ စိတ်ဆိုး
ါသထွက်လာလေတော့၏။

"ခင်ဗျားက ဘာလဲ၊ ကျုပ်ကို ဘာအောက်မေ့လို့
နောက်ပြောင် နေရတာလဲ'

အဘိုးအိုသည် ယန်ချင်၏အမူအရာကို ကြည့်ပြီး သူခန့်မှန်း
ချက် မှန်သွားပြီဖြစ်ကြောင်း နားလည်သဘောပေါက်လိုက်သည်။

ဝမ်းသာလွန်းသဖြင့် ထိုင်နေရာမှ ခုန်ထလိုက်လေတော့သည်။

အရွယ်နှင့်မလိုက်အောင် လျင်မြန်ဖျတ်လတ်လှလေသည်။

ထို့နောက်–

ယန်ချင်၏ လက်ကို ဆွဲယူနှုတ်ဆက်တော့မည့်ဟန်ပြုကာ
လျှပ်တစ်ပြက် စတင်တိုက်ခိုက်လိုက်တော့၏။

ယန်ချင်မှာ အဘိုးအိုနှင့် သူ တစ်ပေမျှပင် အကွာအဝေး
မရှိသော်လည်း ဖျတ်ခနဲ အဘိုးအို၏ လက်ဝဲဘက်နောက်ကျောဆီသို့
ရောက်သွားသည်။

ရုတ်တရက် တိုက်ခိုက်သည်ကို ရုတ်တရက်ပင် ရှောင်တိမ်း
နိုင်စွမ်းရှိသဖြင့် အဘိုးအိုက အားပါးတရ ချီးကျူးလေတော့၏။

"သိပ်ကောင်းတဲ့ အကွက်ပါလား"

ပြောပြောဆိုဆိုပင် ထပ်မံ၍ လက်နှစ်ဘက်ဖြင့် ဖမ်းကုတ်
လိုက်ပြန်သည်။

သူ့လက်ချောင်းငယ်ကလေးဆယ်ချောင်း အနီးသို့ ရောက်ရှိလာလျှင် ယန်ချွင်က တိမ်လိုင်းကို စီးမျောလိုက်သွားသည့်နယ် ခုန်ပျံကာ ရှောင်တိမ်းလိုက်ပြန်သည်။

သို့သော် ...

သူ့ခြေဖျားမြေကြီးနှင့် ထိတွေ့မိသည့်အခါ ကြီးမားသော အားလှိုင်းကြီးတစ်ခု ဝင်ရောက်လာသဖြင့် နောက်ပြန်ခြေနှစ်လှမ်း ဆုတ်ပေးလိုက်ရသည်။

"ဆရာကြီးနာမည် ဘယ်သူလဲ၊ သိမ်းငှက်လက်သည်းကုတ် ပညာကတော့ သိပ်ကို အစွမ်းထက်ပါလား"

ယန်ချွင်သည် အဘိုးအိုကို လုံးဝ အထင်မသေးရဲတော့ချေ။

အဘိုးအိုက ဆက်မတိုက်တော့ဘဲ နောက်သို့ ခုန်ဆုတ်သွားသည်။

ထို့နောက် အားရရွှင်လန်းစွာ တတွတ်တွတ် ရေရွတ်နေတော့သည်။

"ယန်မိသားစုမှာ နောက်ထပ် ဆက်ခံမယ့်သူ ရှိပြီပဲ၊ ယန်မျိုးဆက် လက်ခမောင်းခတ်နိုင်ပြီ"

ယန်ချွင်မှာ ဘာမျှ နားမလည်နိုင်ဘဲ ရှိနေ၏။ အဘိုးအိုကို ငေးမော၍သာ ကြည့်နေမိတော့သည်။

"ဒီအဘိုးကြီးရဲ့ ပုံစံကို ကြည့်ရတာ လေတိုက်ရင်ပဲ လဲကျ တော့မတတ် အိုစာနေပြီ။ ဒါပေမယ့် စောစောက သူ ထုတ်သုံးခဲ့တဲ့ သိမ်းငှက်လက်သည်းကုတ် သိုင်းကွက်က ကြောက်စရာ ကောင်း လောက်အောင် ထက်မြက်နေတယ်။ တိုက်ကွက်ထုတ်ပြီး တာတောင်မှ လေထုထဲမှာ အားလှိုင်းကြီးတွေ ကျန်နေရစ်တဲ့



...ည်အချင်းမျိုးက သိုင်းလောကမှာ သိပ်ရှားပါတယ်"

အဘိုးအိုက သူ့နာမည်ကို ထုတ်ဖော်မပြောဘဲ သူ့ကို ...န်ကြာအောင် ငေးကြည့်နေသည်။

ပြီးမှ...

"ငါနဲ့ မင်းအဖေက သိပ်ကို ခင်မင်ရင်းနှီးခဲ့ကြဖူးတယ်၊ ...ယ်လွန်သွားတဲ့ မင်းအဖေသာ မင်းအရည်အချင်းတွေကို သိရင် ...လ္လာကနေ ဝမ်းသာကြည်နူးနေမှာ ကျိန်းသေပဲ"

"ဆရာကြီး ကျွန်တော်ဖခင်ရဲ့ မိတ်ဆွေပေါ့၊ ဟုတ်လား"

ယန်ချွင်က သူ သိချင်သည်ကို ထပ်မေးသည်။ အဘိုးအိုက ...က်ပြင်းချလိုက်ပြီး

"မင်းဖခင်ကွယ်လွန်ခဲ့တာ အနှစ်နှစ်ဆယ်ကျော်သွားခဲ့ပြီ၊ ...င်း...အချိန်တွေ ကုန်တာကလဲ မြန်လိုက်တာကွာ မနေ့တစ်နေ့က ...ပါပဲ။ အခုလို မိတ်ဟောင်းဆွေဟောင်းရဲ့ သားတစ်ယောက် ...းချွန်နေတာတွေ့လို့ ငါသိပ်ကို ဝမ်းသာမိတယ်ကွာ၊ ငါ့နာမည် ...တော့ လူတွေက..."

အဘိုးအို၏ စကားမဆုံးမီပင် ထူးခြားသော လေချွန်သံကို ...ကြားလိုက်ရသဖြင့် ယန်ချွင်မှာ သမင်လည်ပြန် ဖြစ်သွားလေသည်။

အဘိုးအိုနှင့် ဆက်ပြောရန် အချိန်မပေးနိုင်တော့ပေ။

"ပြီးတော့မှ ဆရာကြီးပြောတာ ကျွန်တော် နားထောင် ...ါမယ်"

ယန်ချွင်သည် မြို့ထဲသို့ ခပ်သုတ်သုတ် ပြေးထွက်သွား ...လေတော့၏။

ဗေဒင်ဆရာအဘိုးအိုမှာ ပျောက်ဆုံးသွားသော လည်ဆွဲ

ရတနာကို ရတ်တရက်တွေ့ပြီးကာမှ ပြန်လည်ပျောက်ဆုံးသွားရ... အဖြစ်မျိုးကို မလိုလားသကဲ့သို့ သူ့လက်တွန်းလှည်းနှင့် ဗေ... ပစ္စည်းများကို ပစ်ထားခဲ့ပြီးလျှင် ယန်ချွင်၏ နောက်သို့ လိုက်... ဟန်ပြင်လေတော့၏။

ခြေလှမ်းနှစ်လှမ်းခန့် လှမ်းမိသည်နှင့် သူ့နောက်ကျောဘ... ဆီမှ အေးစိမ့်သော အသံတစ်သံက ထွက်ပေါ်လာတော့သည်။

"မဆိုင်တဲ့ကိစ္စကို ဝင်မစွက်ပါနဲ့မိတ်ဆွေ"

ထိုအချိန်မှာပင် ယန်ချွင်သည် လမ်းထောင့်ကွေ့လေး... ချိုးဝင်ပျောက်ကွယ်သွားပြီဖြစ်၏။

အဘိုးအိုလည်း နောက်မှလူကို ဂရုမစိုက်ဘဲ ယန်ချွင်နော... သို့သာ အမြန်ပြေးလိုက်သည်။

သူ့နောက်မှ လူကလည်း သူ့ကဲ့သို့ပင် ခပ်သုတ်သု... ပြေးလိုက်လာပြန်သည်။

အဘိုးအိုမှာ ယန်ချွင်ကို မတွေ့ရတော့သဖြင့် နောက်... လူအပေါ် ဒေါသများ စုပြုံကျရောက်တော့သည်။

သူသည် ရှေ့ဆက်မလိုက်တော့ဘဲ နောက်သို့ ပြန်လှည့်လို... သည်။

ထိုအခါ ထောင်ထောင်မောင်းမောင်း ရုပ်ရည်သန့်ပြန့်သော... လူငယ်တစ်ယောက်ကို တွေ့လိုက်ရတော့သည်။

"ဒီကောင် အသက်ငယ်ငယ်လေးနဲ့ ငါလို အဘိုးကြီး... တစ်ယောက်ကို ရိုင်းရိုင်းစိုင်းစိုင်း ဘာဖြစ်လို့ တားရတာလဲ၊ သေရွာ... မြန်မြန် သွားချင်ပြီနဲ့တူတယ်"

နိမိတ်ဖတ် ဗေဒင်ဆရာ အဘိုးအိုက ငေါက်ငမ်း ကြိမ်းမောင်...



...ည်။

သို့သော် လူငယ်ကမူ ထိမထင်ဟန်ဖြင့် ပခုံးတွန့်ပြ၏။

"ခင်ဗျားကလဲ အသက်ကြီးကာမှ သူများကိစ္စ ဝင်မစွက်ချင် ...းပါနဲ့၊ ငြိမ်ငြိမ်နေရင် အသက်ရှည်မယ်။ ငြိမ်ငြိမ်မနေရင် နောက် ...ဟာ ခင်ဗျားအတွက် နှစ်ပတ်လည် သေနေ့ဖြစ်လိမ့်မယ်"

အဘိုးအိုသည် သူ့ခြိမ်းခြောက်ကာမှ ပို၍ ရိုင်းစိုင်းစွာ ...ပြောသည့် လူငယ်အား ရွံ့ရှာစွာ ကြည့်သည်။

စိတ်မသက်သာဟန်ဖြင့် ခေါင်းတဆတ်ဆတ် ခါယမ်းကာ ...ည်းညည်းညူညူ ပြောဆိုလေသည်။

"လူပုံက သနားကမားနဲ့၊ လေသံက ဆောင့်ကြွားကြွား ...င်လှတယ်၊ ဒီအတိုင်းသာ ပုံစံမပြောင်းရင် မင်းအတွက် ဇာတ်သိမ်း ...ကောင်း ဖြစ်သွားလိမ့်မယ်၊ ငါမသေခင် မင်းအရင်သေလိမ့်မယ်"

လူငယ်က လက်ဖှေ့ယမ်းပြလိုက်ပြီး အဘိုးအိုကိုပင် ပြန်လည် ...မိန့်ပေးနေ၏။

"ကဲ...ခင်ဗျားရဲ့ ဗေဒင်ပစ္စည်းတွေကို ယူပြီး မြန်မြန်သာ ...က်သွားစမ်းပါဗျာ၊ အချိန်ဆွဲနေရင်တော့ ကျုပ်တာဝန်အရ ခင်ဗျားကို ...ရှင်ထားလို့ မရတော့ဘူး၊ ခုချက်ချင်း သတ်ပစ်ရတော့မယ်"

အဘိုးအိုက ထိတ်လန့်ဟန်ဆောင်လိုက်၏။ သူ တွေးသည်။

"စောစောက မြို့ထဲကို ဝင်လာတဲ့ သိုင်းသမားတွေရဲ့ ရုပ် ...က္ခဏာက သေတွင်းထဲ ဝင်ကြရမယ့် အနေအထားပဲ၊ ဒီကောင် ...လေးဟာ သေမင်းများ ဖြစ်နေမှာလား"

အဘိုးအိုသည် လူငယ်အား စိတ်ဆိုးရန် ဆွပေးမည် ...ဆုံးဖြတ်လိုက်၏။

"မင်းလမ်း မင်းလျှောက်သလို ငါ့လမ်းကို ငါ လျှောက်နေ
ပဲ၊ ငါ့ကို မင်းက ဘာကြောင့် ဝင်မစွက်ပါနဲ့လို့ ပြောချင်ရတ
မင်းကိုယ်မင်း သိမ်မွေ့ယဉ်ကျေးအောင် ပြုပြင်လိုက်စမ်း၊ ဒီပုံစံအ
ဆိုရင် မင်းရဲ့ ရုပ်မှုအရာ နှုတ်အမှုအရာအရ ငါးနှစ်အ
သေရလိမ့်မယ်"

လူငယ်က နှာခေါင်းရှုံ့ပြလိုက်ပြီး–

"သေတာ မသေတာကို ပြောမနေနဲ့၊ အလကားအဘိုး
လူလိမ်ကြီး၊ ကျုပ် ဓားမြတ်အကြောင်း သိစေရမယ်"

အဘိုးအိုက လူငယ် မျက်နှာနေ မျက်နှာထားကို ကြည့်လ
ပြီး စူးစမ်းလိုက်သည်။

"မင်း လုံနန်က လာခဲ့တာလား"

အဘိုးအိုသည် တစ်စုံတစ်ယောက်ကို သတိရနေသည်

လူငယ်က ဂရုမစိုက်ဘဲ–

"ခင်ဗျားက ကျုပ်ကို လုံနန်ဒေသက လာတယ်လို့ ခန့်မှ
နိုင်တဲ့နောက် ကျုပ်အကြောင်း အကုန်လုံး ခင်ဗျားသိနေတာပေ

အဘိုးအိုက သူ့အတွေးနှင့်သူ ငေးနေမိသည်။

လူငယ်က သူ့အကြောင်းကို အဘိုးအို သိသွားသ
သူ့ကို ကြောက်ရွံ့သွားပြီဟု အထင်ရှိသည်။

"အဘိုးကြီး ခင်ဗျားကို သနားလို့ စေတနာနဲ့ ပြောတ
မြန်မြန်ဖယ်လိုက်စမ်းပါ၊ ခင်ဗျားပစ္စည်းတွေကိုလဲ အမြန်
သယ်သွားလိုက်ပါ"

အဘိုးအိုက ခေါင်းကို ပြန်မတ်လိုက်ပြီး လူငယ်အ
ပြန်ကြည့်လိုက်သည်။



"လုံနန်က လာတဲ့လူကလဲ ကြင်နာတတ်တဲ့စိတ် ရှိသားပဲ၊ မင်းအဖေကို ပြောလိုက်စမ်း၊ ငါဒီနေရာမှာ ရှိနေသမျှ သတ်တဲ့ ဖြတ်တဲ့ကိစ္စကို မလုပ်ရဘူး၊ အိပ်မက်တောင် မမက်နဲ့လို့ကြားလား"

လူငယ်မှာ အဘိုးအိုနှင့် ယန်ချွင်တို့ တိုက်ကွက်နှစ်ကွက် ယှဉ်ပြိုင်ခဲ့သည်ကို ကောင်းကောင်းတွေ့မြင်ခဲ့၏။

ထို့ကြောင့် အဘိုးအို၏ လက်ရည်ကိုလည်း နားလည်သဘော ပေါက်မိ၏။

သူ့ဖခင်၏ အစီအစဉ် ပျက်စီးအောင် အဘိုးအိုက ဖန်တီးမည် ကိုလည်း စိုးရိမ်ပေသည်။

ထို့ကြောင့် အဘိုးအိုကို ခြောက်လှန့်ရုံသက်သက် ခြောက်လှန့် နေခြင်းဖြစ်၏။

ယခုမူ အဘိုးအိုကပင် သူ့အား ဘာမလုပ်ရ ညာမလုပ်ရဟု တားမြစ် အမိန့်ပေးနေလေပြီ။

ထို့ကြောင့် စိတ်ဆိုးဒေါသထွက်လာ၏။

ငယ်ရွယ်သူတစ်ဦးဖြစ်သဖြင့် အဘိုးအို အထက်စီးမှ ပြော သည့် စကားများကို မခံနိုင်ပေ။

ထို့ကြောင့် ရုတ်ခြည်းပင် လက်ဝါးဖြင့် အားကုန်ရိုက်ချ လိုက်မိတော့သည်။

* * *

"ဝှမ်း..."

"ဗိုး..."

အဘိုးအိုကလည်း သူ၏ လက်ချောင်းကလေးများကို ကွေ့ကုတ်လိုက်ပြီး ဖေ့ယမ်းကာကွယ်လိုက်သည်။

လူငယ်၏ တိုက်ကွက် လွဲချော်သွားသည်။

"မင်းက စ,စချင်းပဲ အဆိပ်ခုနစ်ပါး လက်ဝါးတိုက်ကွက်ကို တုတ်သုံးနေပါလား၊ အေး...ဒို့ပြင် သိုင်းသမားတွေကသာ မင်းမိသားစုကိုကြောက်ရင် ကြောက်မယ်၊ ငါကတော့ လုံးဝ ဂရုမစိုက်ဘူး"

လူငယ် ထိတ်လန့်တုန်လှုပ်ကာ သူ့တိုက်ကွက်ကို ပြန်လည် ရုပ်သိမ်းလိုက်ရသည်။

နောက်သို့ပင် ခြေလှမ်းငါးလှမ်းခန့် ဆုတ်ပေးလိုက်လေသည်။

ထိုသို့ ဆုတ်ပေးလိုက်မှသာလျှင် ဗေဒင်ဆရာ အဘိုးအို၏ တိုက်ကွက်မှ လွတ်မြောက် ရှောင်တိမ်းနိုင်ခဲ့၏။

"ဆရာ...ဆရာကြီးက နိမိတ်ဖတ် အဘိုးအိုမဟုတ်လား"

အဘိုးအိုက ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါဘဲ ခက်ထန်မာကျောစွာပင် ပြောလိုက်၏။

"ငါလူငယ်တွေနဲ့ မတိုက်ခိုက်ချင်ဘူး၊ မင်းအိမ်က လူကြီးတွေကို ပြောလိုက်၊ ဟိုအချိန်တုန်းက နောင်ကြီးယန်လုအပေါ် ထားရှိခဲ့တဲ့ ကတိစကား သစ္စာစကားတွေကို မေ့နေပြီလားလို့ ကြားလား"

လူငယ်မှာ အကြီးအကျယ် မျက်နှာပျက်နေရလေသည်။

သူ့ဖခင်နှင့် လက်ရည်တူ ရှိမည် ထင်ရသော ပြိုင်ဘက်တစ်ယောက်၏ ရှေ့တွင် အချိန်ဆွဲ မျက်နှာမပြရဲတော့ပေ။

ထို့ကြောင့် ရိပ်ခနဲ ပြေးထွက်သွားလေတော့သည်။

အဘိုးအိုသည် လူငယ် ပြေးထွက်သွားသောအခါမှ သူ့



ည်းများကို သိမ်းသည်။

ထိုခဏမှာပင် စောစောက ကလေးမငယ်ကလေးနှင့် သော အဘိုးအိုသည် ကုလောင်စန်းဟူသော သူ့မိတ်ဆွေဟောင်း ဦးဖြစ်သည်ကို ပြန်လည်သတိရလာလေတော့သည်။

"ကုလောင်စန်းဟာ အရမ်းလုပ်တတ်တယ်၊ ကုလောင်စန်းကို း‌ထိန်းသိမ်းသိမ်း လုပ်ပေးမယ်လို့ နောင်ကြီးယန်လုကို ငါကတိ ပေးတယ်၊ အခု...နောင်ကြီးယန်လု မရှိပေမယ့် ကတိဟာ ိပဲ၊ ကုလောင်စန်းလာတဲ့နေရာမှာ အလောင်းတွေ ထပ်နေတတ် ယ်၊ ငါဝင်ကယ်မှ လူတွေ သက်သာရာရတော့မယ်"

အဘိုးအိုသည် စိတ်ထဲ၌ ကျိတ်၍ ရေရွတ်ပြီး သူ့လက်တွန်း ည်းကို တွန်းကာ မြို့အပြင်ဘက်ဆီသို့ ထွက်လာခဲ့သည်။

လမ်းတစ်လျှောက်၌ အတွေးပေါင်းစုံ ဦးနှောက်ကို အလုပ် နေ၏။

"အနောက်မြောက်ပိုင်းက သိုင်းသမားတွေဟာ ဘာမှ တွေးအခေါ် မရှိဘူး၊ ရှန်ပိုင်မြင့်နဲ့ ကျန်းကြည်ကျော်ဆိုတဲ့ စ်ယောက်ကိုများ လာပြီး အကူအညီ ပေးနေကြသေးတယ်၊ မင်း ချောင်သခင်ကြီး ကုလောင်းစန်း ဆိုတဲ့သူ ဒုက္ခပေးရင် ကို့ကိုယ်တိုင် ဒုက္ခရောက်နိုင်တယ် ဆိုတာလဲ တွေးမိပုံ မရကြဘူး၊ စောက သူငယ်ကလဲ သူ့မျက်လုံးတွေက လောကကြီးတစ်ခုလုံးကို နေသလိုပဲ၊ အင်း...ဒါကြောင့်လဲ သိုင်းလောကနတ်ဆိုးကြီးကို တိရ လိုက်တာပေါ့၊ သူ့မြေးကလေးတောင်မှ ဒီလောက်တောင် က်ကြီး လာခဲ့ပြီပဲ"

သူနံဘေးမှ လူအများ ဖြစ်သွားနေကြသည်။ သူသည်

ထိုလူများကို လုံးဝဂရုမစိုက်ဘဲ တွေးလက်စ အကြောင်းအရာများ
သာ ဆက်တွေးနေသည်။

"ရှန်ပိုင်မြင့်နဲ့ ကျန်းကြည်ကျော်ရဲ့ ဆရာဟာ အရင်တုန်း
ထူမုရဲတိုက် အရေးအခင်းမှာ ပါဝင်ခဲ့ဖူးတယ်၊ ကုလောင်စန်းဟာ
နောင်ကြီးလုအတွက် ကလဲ့စားချေဖို့ လာခဲ့တာများလား၊ တကယ်တော
ဒါလဲ တကဲယ် ကုလောင်စန်းကို ကူညီဖို့သင့်တယ်၊ နောင်ကြီးယ
သေခဲ့ပြီးနောက် သူ့ရဲ့မုဆိုးမနဲ့ သားငယ်လဲ အစော်ကားခံခဲ့ရတာ
အင်း...တစ်ခုရှိသေးတယ်၊ အဲဒီကိစ္စမှာ သက်ဆိုင်တဲ့ပုဂ္ဂိုလ် ဒီအ
အဝေးထဲမှာ ပါလာလိမ့်မယ်၊ တကယ်လို့သာ မပါဘဲ အသတ်ခံခဲ့ရ
ငါ နောင်ကြီးယန်နဲ့ နောင်ဘဝမှာ ဘယ်လို မျက်နှာချင်းဆိုင်ရမှာလ

အဘိုးအိုသည် အတွေးလွန်ရင် လူအုပ်ထဲ ရောနှောပါမှန်းမသ
ပါသွားလေတော့သည်။

★ ★ ★

အခန်း (၁၆၅)

## သတင်းထူး

ရှန်ယန်းမြို့ကလေးသည် နေဝင်စအချိန်မှစ၍ ပိုမိုစည်
ားလာသည်။

သိုင်းသမား ရှန်ပိုင်မြင့် ကျန်းကြည်ကျော်တို့၏ တပည့်
းသည် သင့်တင့်ကောင်းမွန်သော စားသောက်ဆိုင်ကြီး တစ်ဆိုင်ကို
းရမ်းထားကြသည်။

ဒေသအသီးသီးမှ ရောက်လာကြသော သိုင်းသမား ဧည့်သည်
းသည် ထိုစားသောက်ဆိုင်ကြီးသို့ ရောက်ရှိလာကြသဖြင့် တစ်ဆိုင်
း စည်ကားနေသည်။

ယနေ့၌ ရှန်ယန်းသည် ပို၍ စည်ကားသည်။

ရှန်ပိုင်မြင့်နှင့် ကျန်းကြည်ကျော်တို့၏ ဧည့်ခံပွဲကြောင့်ပင်

ဖြစ်တော့သည်။

မြို့သူမြို့သားအားလုံးလိုလိုပင် ထိုစားသောက်ဆိုင်ကြီး[...] သိသိသာသာတစ်မျိုး၊ မသိမသာတစ်မျိုး စောင့်ငဲ့ အကဲခတ်[...] ကြလေ၏။

ထိုအချိန်၌ ယန်ချွင်သည် စိတ်ဂနာမငြိမ်ဘဲ လမ်းမကြ[...] အတိုင်း လျှောက်လာခဲ့မိသည်။

နေ့ခင်းက သူ မြင်တွေ့ခဲ့ရသည့် အဘိုးအိုအပေါ် သူ့စိတ်မျ[...] ရောက်ရှိနေသည်။

သူနှင့် ပတ်သက်၍ ထိုအဘိုးအိုတွင် ပြောစရာစကားများစွာ[...] ရှိနေမည်ဟု ထင်မိသည်။

သူသည် ငယ်စဉ်ကတည်းက ဆရာဖြစ်သူ ဝေသိမ့်ကို၏[...] ပြုစုစောင့်ရှောက်မှုအောက်တွင် ကြီးပြင်းခဲ့ရရှာလေသည်။

ဝေသိမ့်ကိုက သိုင်းပညာရပ်များကိုလည်း သင်ကြားပေး[...] ခဲ့သည်။

သို့သော်...

သူ့ဘဝဖြစ်စဉ်များကိုမူ အမှန်အတိုင်း လုံးဝ ပြောကြားခြင်း[...] မပြုခဲ့ချေ။

အဘိုးအိုနှင့် နောက်တစ်ကြိမ် တွေ့ဆုံရလျှင် အဘိုးအိုထံမှ[...] သူ သိသင့်သိထိုက်သော အကြောင်းအရာများကို ထပ်မံသိရလိမ့်မည်ဟု[...] သူ ယုံကြည်လေသည်။

အဘိုးအို၏ သိုင်းပညာသည် ထူးချွန်ထက်မြက်နေလေသည်။

သာမန် ဗေဒင်ဆရာတစ်ယောက် မဖြစ်နိုင်။ ဤသို့ဆိုလျှင် ဤအဘိုးအိုသည် မည်သူနည်း။



သူ့အကြောင်းကို ဘာကြောင့် သိရှိနေရသနည်း။

အတွေးများက ခေါင်းထဲတွင် ဘောင်ဘင်ခတ်နေလေသည်။

ထိုစဉ်...

သူ့နောက်ကျောဘက်ဆီမှ စူးရှသော အသံကလေးတစ်သံကို ကြားလိုက်ရသည်။

"ဦး... ဦးလဲ မြို့ထဲကို လျှောက်လည်နေတာလား"

ယန်ချွင်နောက်သို့ လှည့်ကြည့်လိုက်ရာ မနက်တုန်းက တွေ့ခဲ့ရသည့် ကလေးမလေးကို လက်ထဲတွင် သကြားလုံးတွဲ နှစ်တွဲ ကိုင်လျက် တွေ့လိုက်ရလေ၏။

ယန်ချွင်၏ ရှုပ်ထွေးနေသည့် အတွေးများသည် ထိုတဒင်္ဂ၌ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားလေသည်။

သူ့မျက်နှာ၌ အပြုံးများ ပေါ်လာသည်။

"ဟုတ်ကဲ့ ခင်ဗျာ၊ ဒီလောက်လူတွေ ရှုပ်နေတဲ့ လမ်းမှာ ညည်းက တစ်ယောက်တည်း ထွက်လာရသလား။ ညည်းအဘိုးက ညည်းကို သူများတွေ ပြန်ပေးဆွဲသွားမှာ မကြောက်ဘူးလား၊ မျက်လှည့်ပြတဲ့ လူဆီမှာ သွားရောင်းစားခံရလိမ့်မယ် ဘာမှတ်သလဲ"

ယန်ချွင်က နောက်ပြောင်ပြောလိုက်၏။

ကလေးမလေးက နှုတ်ခမ်းကို မဲ့ရွဲ့လိုက်ပြီး–

"သမီးကို ဖမ်းရင် ဖမ်းတဲ့သူ ငရဲကြီးမှာပေါ့သိလား၊ သမီးက သူများအပေါ် တစ်ခါမှ မကောင်းမကြံစည်ဖူးဘူး"

"အံမယ် အံမယ် ညည်းက အလာကြီးပဲ၊ ညည်းကို ဖမ်းမယ့်လူတောင် ညည်းစကားကြားပြီး ကြောက်သွားတော့မှာပဲ"

ကလေးမလေး ဒေါသထွက်သွားသည်။

ရန်တွေ့သည့် မျက်လုံးများဖြင့် ပြူးစိုက်ကြည့်လိုက်ပြ

"ဦးက လူကောင်းမဟုတ်ဘူးလား"

ယန်ချွင် သဘောကျစွာ ပြုံးလိုက်သည်။

ကလေးမလေး၏ ထိပ်ကို အသာအယာ ပုတ်လိုက်ပြ

"ကဲပါကွယ်၊ သကြားလုံးကလေးတွေ ဝယ်ပြီးပြီဆိုရင် မြန်မြန်ပြန်ပြေးတော့ ဟုတ်လား"

"ရော့...ဦး၊ ဟောဒီသကြားလုံးတွဲတစ်တွဲကို ယူထားလို

ယန်ချွင်သည် စိတ်ပြေလက်ပျောက် ကလေးမလေး စကားပြောခြင်းဖြစ်သည်။

သူသည် မိန်းကလေး ကမ်းပေးနေသော သကြားလုံးတွဲ လက်ခံယူလိုက်၏။

ပါးစပ်ထဲထည့်သွင်းဟန် ပြုပြီး ပြန်ကမ်းပေးလိုက်တော သည်။

"ညည်းရဲ့ သကြားလုံးတွေကို ဦးက မညှာမတာ မစား ပါဘူးကွယ်"

မိန်းကလေး မျက်နှာမကောင်း ဖြစ်သွားသည်။

"စားသာစားပါ ဦးရယ်၊ အဲဒီအထဲမှာ အဆိပ်မရှိပါဘူ

ယန်ချွင် ထိတ်လန့်သွားသည်။

ကလေးမလေး၏ စကားကြောင့် သတိဝင်လာတော့သည

တကယ်စားချင်စိတ်ရှိသည့်တိုင် မစားရဲတော့ချေ။ မစားဘဲ ငိုင်နေသည်ကို ကြည့်ပြီး ကလေးမလေးက ဒေါ ထွက်သွားသည်။

'စေတနာကို နားမလည်ဘူး၊ ပေး...သမီးသကြား



မီးကို ပြန်ပေး'

ကလေးမလေးက ဆတ်ခနဲပင် ယန်ချွင်၏ လက်ထဲမှ ကြားလုံးတွဲကို ဆွဲယူပြီး ပါးစပ်တွင်းသို့သွင်းကာ ဝါးစားပစ် တော့သည်။

ကလေးမလေး အဆိပ်မမိကြောင်း တွေ့ရသောအခါ ယန်ချွင်မှာ သူ့အစိုးရိမ်ကြီးနေမှုကို ရှက်မိတော့သည်။ သူသည် ကလေးမလေးအား စိတ်ပြေစေရန် ချော့ချော့မော့မော့ စကားပြောရ တော့သည်။

"ဟား...ဟား...ဟား၊ ဦးက မစားရဲလို့ မဟုတ်ပါဘူးကွယ်၊ ဦး စားလိုက်ရင် သမီး သကြားလုံးတွဲကလေးတွေ လျော့သွားမှာ းလို့ပါကွယ်"

ကလေးမလေး သည်တော့မှ မျက်နှာပြန်လည် ကြည်လင် လာ၏။

စားလက်စ သကြားလုံးကို သူ့ထံသို့ ပြန်ပေးနေပြန်နေ လေသည်။

ယန်ချွင်လည်း ကျေနပ်အောင် လှမ်းယူပြီး ဝါးစားပြလိုက်၏။

"စားကောင်းလား ဦး"

ယန်ချွင်မှာ အရသာတွေ့နေသဖြင့် ခေါင်းညိတ်ပြလိုက်ပြီး

"သိပ်ပြီး ဝယ်တတ်ခြမ်းတတ်တဲ့ မိန်းကလေးပဲ၊ သိပ် ကောင်းတယ်၊ တစ်ခါမှ ဒီလောက်ကောင်းတဲ့ သကြားလုံးကို စားဖူးသေးဘူး'

ယန်ချွင်က ချီးကျူးစကားပြောလိုက်ရာ ကလေးမလေး၏ မျက်လုံးများ အရောင်တလက်လက် တောက်လာလေတော့သည်။

ကျေနပ်ပီတိ ဖြစ်လွန်းသဖြင့် ဝမ်းသာခြင်းကို မထိ...
တော့ဘဲ–

"သမီးက သေသေချာချာ ရွေးဝယ်လာတာကိုး၊ ဒီ...
ကောင်းတော့တာပေါ့ ဦးရဲ့"

ယန်ချင်စိတ်ထဲတွင် ရယ်ချင်လာသည်။

ကလေးမလေးမှာ ငယ်စဉ်ကပင် မိဘနှစ်ပါးစလုံး ကွယ်...
ခဲ့ကြသည်။

သူကလေး၏ ဘဝတစ်လျှောက်လုံး၌ ဘကြီးဖြစ်သူနှင်...
နေခဲ့ရသည်။

ဦးလေး၊ အဒေါ်ဟူ၍ ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ရသူ မ...
ယန်ချင်ကို ဦးလေးသဖွယ် ခင်မင်စွာ ဆက်ဆံနေခြင်း ဖြစ်ပေသ...

ယန်ချင်မှာလည်း ကလေးမလေးကို သံယောဇဉ် ဖြစ်မိသ...
စိတ်လိုလက်ရပင် ရင်းရင်းနှီးနှီး စကားပြောမိသည်။

"ကျွန်မကို ဘဘကြီးက မြို့တံခါးဝမှာ စောင့်ဆိုင်းထား...
ဦးရဲ့၊ သူက သုံးချက်တီးမှ လာမယ်လို့ပြောတယ်၊ ကျွန်မ...
ယောက်တည်း ဒီအတိုင်းနေရမှာ ပျင်းလို့ ပုံပြောပြပါလားဦးရ...

ယန်ချင်က မျက်မှောင်ကြုတ်လိုက်မိသည်။

တစ်စုံတစ်ရာကို တွေးမိလိုက်ပြီး ကလေးမလေးအား မေး...
ထုတ်လိုက်၏။

"ညည်းဘိုးဘိုးက မျက်စိမမြင်ဘူး မဟုတ်လား၊ ဘယ်...
လုပ်ပြီး လမ်းသွားတတ်မှာလဲ၊ မြို့တံခါးကို ရောက်အောင် ...
နိုင်ပါ့မလား"

မိန်းကလေးမှာ သူမ၏စကား လွန်သွားပြီကို သိ...



...ကျက်လုံး ပြူးသွား၏။

အလျင်အမြန်ပင် သူမ၏ဘိုးဘိုးကို ကာကွယ်စကား ပြောလိုက်၏။

"ဦး သိပ်စိုးရိမ်မနေပါနဲ့၊ ဟောဒီ မြို့ထဲက ကျောက်ခဲတစ်လုံး သံမှုန်တစ်မှုန်ကိုတောင်မှ ဘကြီးက မှတ်မိနေတာရှင့်"

"သြော်..."

ယန်ချင် အာမေဋိတ်သံဖြင့် ရေရွတ်မိသည်။

မိန်းကလေး၏ ပါးနပ်ထက်မြက်မှုကိုလည်း စိတ်ထဲက ကျိတ်၍ ချီးကျူးမိပြန်သည်။

* * *

ကလေးမလေးက သူ့ကို ပုံပြောပြရန် ထပ်မံပူဆာပြန်သည်။

"လုပ်ပါဦးရယ်၊ ကျွန်မကို ပုံတစ်ပုံလောက် ပြောပြစမ်းပါ"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

ယန်ချင်မှာ မပြောတတ် ပြောတတ်နှင့် ပုံတစ်ပုဒ်ကို ကြံဖန်ပြောပြလိုက်သည်။

သူ့ပုံပြင်၌ ယုတ္တိမတန်သော အကြောင်းအရာများ ပါလာ၏။

မိန်းကလေး ထိုအချက်များကို ထောက်ကာ ပြန်လှန် မေးခွန်းထုတ်၏။

ယန်ချင် ဘေးကျပ်နံကျပ်ဖြစ်အောင်ပင် သူမ၏ မေးခွန်းများက အဖြေရ ခက်ခဲနေသည်။

နောက်ဆုံး၌ ယန်ချင်က–

"ပုံပြင်ပဲ သမီးရဲ့၊ ပုံပြင်ဆိုတာ ယုတ္တိ တန်ချ
တန်မယ်။ ပုံပြင်ရဲ့ တန်ဖိုးက ကလေးတွေ ယူရမယ့် သင်ခန်း
ပါ၊ မပါ ဆိုတဲ့အချက်ပဲ"

ကလေးမမှာ မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်ကာ မျက်မှော
ကြုတ် စဉ်းစားနေ၏။

"အင်း...ညည်းကတော့ သိပ်ပါးနပ်တဲ့ မိန်းကလေး
ကြီးလာရင် ထင်ပေါ်ကျော်ကြားတဲ့ မိန်းကလေးတစ်ယော
ဖြစ်မှာပါကွယ်။ ကဝေမ မြေခွေးမလေးတော့ ဘယ်ဖြစ်မှာ
ညည်းကို အလကား နောက်ပြောင် ပြောနေတာပါကွယ်"

သူတို့နှစ်ယောက် စကားကောင်းနေကြသည်မှာ ညဦးနက်
လ ထွက်လာသည်အထိ ရှိ၏။

ညှိခံပွဲအချိန်မှာ တဖြည်းဖြည် နီးကပ်လာခဲ့ပေပြီ။

ယန်ကျွင် ဖင်တကြွကြွ ဖြစ်နေစဉ် ကလေးမလေးက
ထူထူးခြားခြား ပြောလာလေ၏။

"ဒီည လူစွမ်းကောင်းတွေ ညှိခံပွဲရှိတယ် မဟုတ်လာ
အဲဒီ ညှိခံပွဲကို ရှန်ပိုင်မြင့်ဆိုတဲ့လူနဲ့ ကျန်းကြည်ကျော်ဆိုတဲ
လူနှစ်ယောက်က စီစဉ်တယ် အဲဒါကို ဦးဦး သိသလား"

"အေးလေ၊ အဲဒီကို ငါ သွားကြည့်မလို့"

ကလေးမလေးက ခိုင်မာပြတ်သားသော လေသံဖြင့်–

"သွားလို့ ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့လဲ"

"ဘာပဲဖြစ်ဖြစ်ပါ၊ သမီးစကားကိုသာ နားထောင်စမ်းပါ
မသွားနဲ့ဆို မသွားနဲ့ပေါ့"



ယန်ချွင် ရင်ထဲတွင် ထိတ်သွား၏။ သို့သော် ဟန်ဆောင်
က်ပြီး ခေါင်းညိတ်ပြလိုက်၏။

"ညည်းက မသွားနဲ့ဆိုလဲ မသွားရုံပေါ့ကွာ၊ ဒါပေမယ့်
ခုအချိန်က မစောတော့ဘူး၊ သူငယ်ချင်းတစ်ယောက်နဲ့ တွေ့စရာ
နေသေလို့ ငါ သွားလိုက်ဦးမယ်"

ကလေးမလေးမှာ ယန်ချွင် ထွက်သွားဟန် ပြင်နေသဖြင့်
မှုအရာက အေးတိအေးစက်ဖြစ်လာသည်။

"ဦး... အဲဒီကိုမသွားဖို့ ကျွန်မက ကြိုတင်ပြောထားလျက်နဲ့
သွားရင်တော့ သမီးကို အပြစ်မတင်နဲ့"

ယန်ချွင် ပြုံးပြလိုက်ပြီး ခြေလှမ်းကျဲကျဲလှမ်းထွက်လိုက်၏။

ကလေးမလေးက နောက်မှ အသံကျယ်ကျယ်ဖြင့် လှမ်း၍
အော်ဟစ်ကာ သတိထပ်ပေးပြန်သေးသည်။

"ဦး တွေ့ရမယ် မိတ်ဆွေသူငယ်ချင်းက လူကောင်းဆိုရင်
သူ့ကိုလဲ အဲဒီမသွားဖို့ ပြောလိုက်နော်"

ယန်ချွင်နောက်သို့ လည်ပြန်လှည့်ကာ လက်ပြနှုတ်ဆက်
လိုက်ရင်း–

"အခုလို ပြောပြလို့ ညည်းကို သိပ်ပြီး ကျေးဇူးတင်ပါ
တယ်ကွယ်"

စကားဆုံးသည်နှင့် ယန်ချွင်လည်း ပြေးထွက်သွားတော့သည်။

သူ နေ့နေ့လျှင် ကလေးမလေးနှင့် စကားစဖြတ်၍ မရမှာ
ိုးသည်။ထို့ပြင် ကလေးမလေးထံမှ တစ်စွန်းတစ်စ သတင်းတစ်ခုကို
ရလိုက်ပြီ မဟုတ်ပါလား။

★ ★ ★

အခန်း (၁

## ကယ်တင်

ရှန်ပိုင်မြင့်၊ ကျန်းကြည်ကျော်တို့သည် အနောက်မြော ဒေသမှ သိုင်းသမားများကို ဖိတ်ခေါ်ပြီး သူတို့အတွက် အသုံးချနိုင် ကြံစည်ကြခြင်းဖြစ်သည်။

ပထမ၌ သူတို့နှစ်ဦးသည် စိတ်တူကိုယ်တူ မဟုတ်ကြ

တစ်ဦးကိုတစ်ဦး ကျော၍ မရမှန်းသိသောအခါမှ နှစ်ဦး ပေါင်းပြီး စားသောက်ဆိုင်ကြီး တစ်ဆိုင်လုံးကို ငှားရမ်းကာ ဧည့်သ သိုင်းသမားများကို တည်းခိုစေခြင်းဖြစ်တော့သည်။

သူတို့ တကယ်ဧည့်ခံသည့်နေရာမှာ ရှန်ယန်းမြို့၌ ကျော်ကြ သော သခင်ကြီးရဲ့ယိုချွမ်း၏ အိမ်ဂေဟာတွင် ဖြစ်ပေသည်။

အနောက်မြောက်ဒေသမှ များပြားလှသော သိုင်းသမားများ



သိက္ခာရှိရှိ ဧည့်ခံရန် နေရာဌာနသည် သခင်ကြီးရဲ့ယိုချွမ်း၏ ဂေဟာမှတစ်ပါး အခြားမရှိတော့ပေ။

သခင်ကြီး ရဲ့ယိုချွမ်းသည် ရှန်ပိုင်မြင့်၏ ဖခင်နှင့်လည်း ကောင်း၊ ကျန်းကြည်ကျော်၏ ဖခင်နှင့်လည်းကောင်း ရင်းနှီးသူ ပေသည်။

ထို့ပြင် ယခုဧည့်ခံပွဲသည် သူ့အဖို့လည်း တစ်နည်းတစ်ဖုံ ကျိုးထူးနိုင်သည်ကို သိနေသည်။

ထို့ကြောင့် သူ၏ ဂေဟာကြီး၌ အခမ်းနားဆုံး၊ အလှပဆုံး ဆင်နေခြင်း ဖြစ်တော့သည်။

ယန်ကျွင်သည် ကလေးမလေးထံမှ ခွဲခွာလာပြီးသည်နှင့် ခင်ကြီး ရဲ့ယိုချွမ်း၏ ဂေဟာဆီသို့ ဦးတည်လျှောက်လာတော့သည်။

သူ့ခြေလှမ်းများက မြို့အနောက်ဘက် တံခါးဝမှတစ်ဆင့် သားစု ခြံဝင်းဘက်ဆီသို့ ဦးတည်လိုက်သည်။

ကွမ်းတစ်ယာညက်ခန့်အကြာတွင် မီးရောင်များ ထိန်လင်း သော အဆောက်အအုံကြီး တစ်ခုဆီသို့ ရောက်ရှိလာခဲ့သည်။

အိမ်၏ ခမ်းနားထည်ဝါပုံကို ကြည့်ပြီး အလွန်ပင် ချမ်းသာ ယ်ဝသော မိသားစုတစ်ခုဖြစ်ကြောင်း သိရှိလိုက်သည်။

မီးပုံးရောင်စုံများဆီမှ ချိုလွင်သော ရယ်သံများ၊ ဆူညံသော ားသံများ ဖိတ်လျှံထွက်လာသည်။

ယန်ချွင်က အဝင်တံခါးအနီးသို့ တိုးကပ်သွားပြီး တံခါးမှူးကို ဝပြု ဦးညွှတ်လိုက်သည်။

“သခင်ကြီးရဲ့က ဖိတ်ကြားထားလို့ လာခဲ့ပါတယ် ခင်ဗျာ”

“သခင်လေးအမည်က ဘယ်သူပါလဲ”

"မယိပါ"

ထိုနာမည်မျိုးကို အနောက်မြောက်ဒေသတစ်ခွင်တွ မကြားဖူးသဖြင့် တံခါးမှူးက စေ့စေ့ကြည့်နေသေးသည်။

ပြီးမှ ဦးညွတ်ကာ နှုတ်ဆက်ပြီး ဝင်ခွင့်ပြု၏။

"လေးစားပါတယ်ခင်ဗျာ၊ လေးစားပါတယ်၊ ဝင်ပါခင်ဗျာ ဝင်ပါ"

ယန်ချွင်သည် လဝန်းသဏ္ဍာန် ဆောက်လုပ်ထားသော တံခါးပေါက်မှ ဝင်လာခဲ့သည်။

အဝင်လမ်းတစ်လျှောက်၏ ဘေးတစ်ဘက်တစ်ချက် ရောင်စုံပန်းပင်များ စိုက်ပျိုးထားသည်။

မီးအလင်းရောင်နှင့် ပန်းပွင့်တို့၏ အသွေးအရောင်များ ပန်ရ တင့်တယ်နေသည်။

ယန်ချွင်မှာ ညကြီးမင်းကြီး ပန်းပွင့်များ အစွမ်းကုန်ပွင့် ကြသည်ကို အံ့သြနေမိသည်။

သခင်ကြီးရဲ့ကို ချီးကျူးနေမိသည်။

လေအဝှေ့၌ ပန်းပွင့်တို့၏ သင်းထုံသောရနံ့ ပျံ့ဝဲလာသဖြင့် ရင်ထဲ၌ လန်းဆန်းလာသလို ထင်မှတ်ရပေသည်။

ယန်ချွင်သည် လဝန်းတံခါးငါးခုကို ထပ်မံ၍ ဖြတ်ကျော် ပြန်၏။

တဖြည်းဖြည်း လူသံများက ဆူညံလာသည်။ အဆောက်အ တစ်ခုအတွင်းသို့ သူ ရောက်ရှိလာ၏။

အခန်းထဲတွင် လူလေးရာခန့်ရှိပြီး ရုပ်ဆင်းအင်္ဂါ အမျိုးမျိုး ဝတ်စားဆင်ယင်မှု အဖုံဖုံဖြင့် လူရောင်စုံကြီး ဖြစ်နေသည်။



ဟင်းလျာများက အဆောက်အအုံကြီးအနီးတွင် ချက်ပြုတ် သဖြင့် စားချင်သဖွယ် သင်းပျံ့နေသည်။

အကောင်းစား အရက်နံ့ကလည်း နှာခေါင်းကို ဆွတ်ချူ ပြန်၏။

"သူ ဘယ်လောက် ချမ်းသာကြွယ်ဝတယ်ဆိုတဲ့အကြောင်း ချင်တာနဲ့ သခင်ကြီးရဲ့ကတော့ ဧည့်သည်တွေကို အစွမ်းကုန် တော့ပဲ"

ယန်ချွင်သည် တွေးနေရာမှ ဘေးဘက်ကျကျ စားပွဲခုံတစ်ခု ဝင်ထိုင်သည်။

ဝင်လာစဉ်ကပင် သူ့စိတ်ထဲ၌ သတိကို အမြဲချုပ်ထားခဲ့သည်။

သို့သော် ယခုထက်တိုင် ထူးခြားမှု တစ်စုံတစ်ခုမျှ မကြုံရ သေးပေ။

ထိုစဉ် ငေါက်ငမ်းလိုက်သည့်အသံကို ကြားလိုက်ရလေ၏။

"လောင်လီနဲ့ လောင်ဝမ် သိပ်ညံ့တဲ့ ကောင်တွေပဲ။ တော့ မလာ:မသိပါဘူး၊ အရက်အိုးတွေ သယ်နေတာ မပြီးနိုင်ဘူး"

"လာပါပြီ ခင်ဗျာ၊ လာပါပြီ၊ သိပ်ပြီးမလောပါနဲ့ သခင်လေး တ်ငါး"

ယန်ချွင် လှည့်ကြည့်လိုက်သည်။ အရက်အိုးများ ထိန်းသိမ်း အတွက် တာဝန်ယူထားသူဖြစ်ကြောင်း တွေ့ရသည်။

ယန်ချွင်သည် သူကိုယ်တိုင်က သူတစ်ပါးကို နောက်ကျောမှ ဖြင့်ထိုးရန် ဝန်မလေးသူဖြစ်ရာ သူတစ်ပါးကိုလည်း သံသယ စိဖြင့် ကြည့်တတ်သည်။

ထို့ကြောင့် အစားအသောက် ပြင်ဆင်သည့်လူများ အရက်အိုးအနီး၌ ရှိနေသူများကို မျက်တောင်မခတ် အကဲခတ်လျ ရှိနေပေသည်။

"သခင်ကြီးရဲ့က အရက်ထဲကို အဆိပ်တွေများ ခတ်ထ ထား မှာလား မသိဘူး၊ အဲဒီအတိုင်းသာ လုပ်လိုက်ရင် အနောက်မြော ဒေသမှာ သိုင်းသမားဆိုလို့ မူးလို့ ရူးစရာတောင် ရှိမယ်မဟုတ်ဘူး"

သူတွေးနေစဉ်မှာ လူအားလုံး ရုတ်တရက် မတ်တတ်ထ လိုက်သည်။

သူလည်း ဣန္ဒြေမပျက် ထရပ်ရလေ၏။

ညှိခန်းဆောင်သို့ဝင်ရာ စင်္ကြံလမ်းဆီမှ ထောင်ထော မောင်းမောင်း အရပ်မြင့်မြင့် လူတစ်ယောက်နှင့် အရပ်ပုပု လ တစ်ယောက်တို့ တွဲယှဉ်ကာ လျှောက်လာကြသည်။

ညှိပရိသတ်များက သူတို့နှစ်ဦးကို ဂါရဝပြု နှုတ်ဆက် ဟန်ရှိသည်။

ထိုလူနှစ်ယောက်က အဆောင်ထဲသို့ရောက်လျှင် လူချင် ခွဲလိုက်ကြပြီး ညှိပရိသတ်များကို လိုက်လံနှုတ်ဆက်စကားဆိုသည်

"ဖြောင်း...ဖြောင်း"

ခဏအကြာတွင် သခင်ကြီးရဲ့ဆိုသူက လက်ခုပ်တီးကာ အချက်ပေးလိုက်သည်။

တစ်ပြိုင်နက်တည်းမှာပင် အစေခံမိန်းကလေးများက အရက် ဗန်းကိုယ်စီကိုင်ဆောင်ပြီး အခန်းတွင်းသို့ ဝင်ရောက်လာကြလေသည်

ညှိခံသည့် မိန်းကလေးများသည်ပင်လျှင် အားလုံး လူပေါင် လေးဆယ်ခန့် ရှိပေလိမ့်မည်။



ထိုမိန်းကလေးများက စားပွဲဝိုင်းအသီးသီးသွားကာ ညှိသည် ား အရက် ကမ်းပေးသည်။

ညှိသည်တော်များကလည်း ဗန်းအတွင်းမှ အရက်ခွက်တစ် ကိုင်ဆောင်ထားလိုက်ကြ၏။

ရဲ့သခင်ကြီးက ညှိခံပွဲစတင်ပြီဖြစ်ကြောင်း မိန့်ကြားသည်။

"ညှိသည်တော်များခင်ဗျား ကျွန်တော် တတ်နိုင်သလောက် ားအသောက်တွေနဲ့ ညှိဝတ်ပြုတာကို ကျေနပ်အားရမှု မရှိသေး း၊ အစားအသောက် မကောင်းလို့ ညှိဝတ်မကျေမပွန် ဖြစ်မိရင် ည်းခံခွင့်လွှတ်ကြပါလို့ ကြိုတင်တောင်းပန်အပ်ပါတယ်"

ဤမျှခမ်းနားသော ညှိခံပွဲကိုပင် စိတ်တိုင်းမကျသေးပါ နေသဖြင့် ညှိပရိသတ်များ လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

ထိုထဲတွင် နှုတ်ရဲလျှာရဲရှိသူ တစ်ယောက်က-

"အားနာစရာ မလိုပါဘူး သခင်ကြီးရဲ့ခင်ဗျာ၊ ဒီလောက်ခမ်း တဲ့ ညှိခံပွဲကို တက်ရောက်ရတာကိုလဲ ကျွန်တော်တို့ ကံထူးလှပါပြီ၊ င်ကြီးရဲ့ကသာ ညှိဝတ်မကျေဘူးဆိုရင် ဒီလောကမှာရှိသမျှ ည်ခံပွဲတိုင်းမှာ ညှိပရိသတ်ကို ဘယ်လိုမှ ညှိဝတ်ကျေပွန်အောင် ည်ခံနိုင်ကြတော့မှာ မဟုတ်ပါဘူး"

ထိုလူ၏စကားကို အားလုံးက ထောက်ခံကြသဖြင့် ဝေါခနဲ ည်သွားတော့၏။

* * *

ယန်ချွင်သည် သူတို့၏ စကားများကို နားထောင်နေရင်း

ယူထားသော အရက်ခွက်ကို မသိမသာ နမ်းရှိုက်ကြည့်လိုက်သေ

မည်သည့်အနံ့အသက်ကိုမျှ ရှူရှိုက်မိခြင်း မရှိချေ။

အဆိပ်ထည့်ထားလျှင်လည်း အနံ့မရှိသော အဆိပ်ကို ထည့်ထားနိုင်ကြောင်း သူ တွေးမိလေ၏။

"ဧည့်ပရိသတ်များ ခင်ဗျာ"

သခင်ကြီးရဲ့၏ အောင်မြင်ခန့်ညားသော စကားသံ ထွက် လာပြန်သည်။

ဧည့်ပရိသတ်များအသံ ရုတ်ခြည်းတိတ်ဆိတ်သွား၏

"ကျွန်တော်ရဲ့ ဧည့်ခံပွဲ အစီအစဉ်ကို စတင်ပြီ ဖြစ်ပါတ အခုအချိန်ကစပြီး ဧည့်ပရိသတ်များကို ပေးဝေထားတဲ့ အ တစ်ခွက်စီကို ပထမအစီအစဉ်အဖြစ် သောက်သုံးကြပါမယ်။ အ တစ်ခွက်စီလောက် ဝင်ပြီးသွားကြရင် ကျွန်တော်တို့အားလုံး ပွင့် လင်းလင်း ဆွေးနွေးပြောဆိုကြလို့ ရပါပြီခင်ဗျာ"

ဧည့်သည်တော်များထဲမှ တစ်ခဲနက် ကောင်းချီးပေးသံ ဟိန်းထွက်လာသည်။

လူအသီးသီးသည် ကိုင်ထားသော အရက်ခွက်များကို သောက်လိုက်ကြ၏။

ယန်ချွင်သည်လည်း ခွက်ကို မြှောက်ပြီး နှုတ်ခမ်း တော့လိုက်၏။

ထိုစဉ် အဝေးတစ်နေရာဆီမှ လေတိုးသံထွက်ပေါ်လာ သူကိုင်ဆောင်ထားသည့် အရက်ကို ထိမှန်ကာ ချွမ်းခနဲ ကွဲသွ တော့သည်။

"ချလွမ်း"



ဖန်ခွက်အကွဲအစနများနှင့် အရက်ခွက်များ ကြမ်းပြင်ပေါ်တွင် စဉ်ကျဲလွင့်သားတော့သည်။

အောင်မြင်ခန့်ညားသော အသံတစ်သံလည်း ဟိန်းထွက်လာ ည်။

"ဒီအရက်ကို မသောက်နဲ့"

အသံနှင့်အတူ လူရိပ်တစ်ရိပ်သည် ညှို့ကြိုးမှ လွတ်သော းတစ်စင်းပမာ ရိပ်ခနဲ ခုန်ဝင်လာ၏။

ထိုသူ၏ အစွမ်းထက်မြက်ပုံကို ကြည့်ပြီး ယန်ချွင်မှာ တက်အံ့သြနေမိသည်။

ထိုအချိန်တွင် ယန်ချွင်မှတစ်ပါး ဧည့်သည်အားလုံး အရက် း သောက်သုံးပြီး နေလေပြီ။

"ကြမ္မာငင်ကုန်ကြပြီ၊ ကိုယ့်ကြမ္မာကိုယ် ကိုယ်ဖန်တီးခဲ့ကြပြီ"

ခုန်ဝင်လာသူက ကြေကွဲလှိုက်လှဲစွာ အော်နေ၏။

ဧည့်သည်အားလုံးသည် ထိုသူ၏ ကိုယ်ဖော့ပညာနှင့် းဆန်းသော စကားများကြောင့် အံ့သြထိတ်လန့်ကာ ငေးကြောင်နေ ကြသည်။

သခင်ကြီးရဲ့လည်း ငေးကြောင်နေရာမှ သတိပြန်ဝင်လာ သည်။

"မိတ်ဆွေက ဘယ်သူလဲ၊ မဟုတ်မမှန် လုပ်ကြံစကားတွေနဲ့ ျပ်ကို တမင်ပြဿနာ လာရှာတာလား"

သခင်ကြီးရဲ့က ဝင်လာသူကို အေးစက်မာကျောစွာ းလိုက်၏။

ထိုသူက ကြမ်းပြင်ပေါ်တွင် မတ်မတ်မားမား ရပ်လျက်မှ

သခင်ကြီးရဲ့ကို စူးစူးရဲရဲ ပြန်စိုက်ကြည့်နေသည်။

သူ့မျက်လုံးများက အရောင်တောက်ကာ စူးရှနေလေသည်

သူ့ကိုယ်ပေါ်တွင် မီးခိုးပြာရောင်အင်္ကျီကို ဝတ်ဆ
ထားသည်။

သူ့မျက်နှာပေါ်တွင် အိုမင်းမှု အရေးအကြောင်းများ
ထင်ထင်လင်းလင်း ပေါ်လွင်နေသည်။

သူကား နိမိတ်ဖတ် ဗေဒင်ဆရာအဘိုးအို ကို့ချုပွင်ပ
ဖြစ်တော့သတည်း။

★ ★ ★

အခန်း (၁၆၇)

## သေခြင်းဟူသည်

---

ကို့ချုပွင်၏ မျက်လုံးများက သခင်ကြီးရဲ့ထံမှ လွှဲဖယ်ပြီး ညှော်ပရိသတ်များကို အကဲခတ်ကြည့်ရှုလိုက်သည်။ သူသည် ပရိသတ်ထဲမှ သူ့အသိတစ်ယောက်ကို တွေ့ရနိုးနိုး ရှာဖွေနေခြင်း ဖြစ်တော့သည်။

သခင်ကြီးရဲ့မှာ သူ၏ မထီမဲ့မြင် ပုံသဏ္ဌာန်ကို ကြည့်ပြီး ဒေါသထွက်လာသည်။

“မေးနေတာ မကြားဘူးလား မိတ်ဆွေ၊ ခင်ဗျားကျုပ်ကို ပြေပြေလည်လည် မရှင်းပြနိုင်သမျှ ဒီကနေ ထွက်သွားလို့ မရဘူး မှတ်ထားလိုက်”

ကို့ချုပွင်သည် ထိုအခါကျမှ သခင်ကြီးရဲ့ဘက်သို့ ပြန်လှည့်

ကာ ရှေ့သို့ ခြေနှစ်လှမ်းခန့် တိုးတက်လိုက်ပြီးလျှင် တည်ငြိမ်အေ
ဆေးသော လေသံဖြင့် ပြောသည်။

"ခင်ဗျားက ကျုပ်ကို ရှင်းပြနိုင်းတယ် ဟုတ်လာ
အေး…ကျုပ်ကလဲ ခင်ဗျားကို ရှင်းပြခိုင်းရမယ်၊ ဧည့်သည်ေ
သောက်တဲ့ အရက်ထဲမှာ အဆိပ်ခတ်ထားသလား၊ မြန်မြန်ပြောစမ်းပ

ဧည့်ပရိသတ်များ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။

"အဘိုးကြီး ခင်ဗျား ဘာလာဒုက္ခပေးတာလဲ၊ ဒီလိုလာ
ခြောက်လှန့်တိုင်း ကြောက်ကြမယ်လို့ ထင်နေသလား"

ကို့ချုံပွင့်က အေးစက်စက်ပင် ရယ်မောလိုက်လေတေ
သည်။

ထိုအချိန်မှာ အော်ငေါက်လိုက်သံတစ်သံ ထွက်ပေါ်လာပြ
ပြတ်တောင်းပြတ်တောင်း စကားသံ တိုးတိုးက ထွက်ပေါ်လာသည

"ဝိညာဉ်နတ်အမိန့် ရောက်လာပြီ၊ ဝိညာဉ်နတ်အမိန့်ေ
ရောက်လာပြီ"

အသံက တိုးသော်လည်း အတွင်းအား ပါသဖြင့် အားလုံ
ပင် ပြတ်သားစွာ ကြားလိုက်ကြရသည်။

ထိုအသံဟာ ဧည့်ပရိသတ်တို့၏ အသည်းနှလုံးကို ဆွဲကို
လှုပ်ယမ်းလိုက်သလို ကြောက်မက်ဖွယ်ကောင်းနေပေသည်။

ရဲ့ယိုချွမ်းသည်လည်း ထိုစကားသံကြောင့် မျက်နှာအပျက
ကြီးပျက်ကာ ထိတ်လန့်တုန်လှုပ်သွား၏။

အသံရှင်၏ ခြေသံက တဖြည်းဖြည်း နီးကပ်လာတော့သည

တစ်မုဟုတ်ချင်းမှာပင် မီးအလင်းရောင်များက ဖျတ်ခ
မှိန်ဖျော့သွားပြီး အင်္ကျီဖြူဝတ်ဆင်ထားသော လူတစ်ယောက် ဧည

ဆောင်အတွင်းသို့ ဝင်ရောက်လာတော့သည်။

ထိုလူသည် မျက်နှာကို အစိမ်းရောင် မျက်နှာဖုံးတစ်ခုကို
ထား၏။

ထိုသူ ခန်းမဆောင်ကြီးအတွင်းသို့ မည်သို့ ဝင်ရောက်
ခဲ့သည်ကို မည်သူမျှ သတိမထား မသိရှိလိုက်ကြချေ။

ထိုသူ စကားတစ်ခွန်းမျှ မပြောသေးဘဲ ရဲ့ယိုချွမ်း၏
တည့်တည့်တွင် ရပ်နေလိုက်သည်။

ထူခြားသော အဖြစ်အပျက်ကြီးတစ်ခု ဖြစ်ပျက်တော့မည်ဟု
င်းစိတ်က အလိုလို သိနေကြသဖြင့် ဧည့်သည်များသည်
က်တည်ရာမရ ကြောက်လန့်နေမိကြတော့သည်။

ရဲ့ယိုချွမ်းမှာလည်း ထိန်းချုပ်မရလောက်အောင် အမူအရာ
နေသည်။

'ခင်…ခင်ဗျား…ခင်ဗျား'

အသံတုန်တုန်ယင်ယင်ဖြစ်ကာ ရှေ့မဆက်နိုင်အောင် ဖြစ်နေ
ည်။

ကြောက်ရွံ့လွန်းသဖြင့် သူ့မျက်လုံးများမှာ ကလည်ကလည်
လာသည်။

""ခင်ဗျား… ခင်ဗျားဟာ လုံနန်… လုံနန် ကုစန်းသခင်
သခင်ကြီး"

စကားဆုံးသည်နှင့် အကြောက်လွန်ကာ ရုတ်တရက် လဲကျ
းတော့သည်။

တစ်ချက်ကလေးမျှပင် လှုပ်ရှားနိုင်ခြင်းမရှိတော့။ နှလုံး၎ ကျုးလွန်
သွားခဲ့ပြီလားမသိ။ းနှစ်ဘက်ကို

ကျန်ရှိနေသည့် ဧည့်ပရိသတ်အားလုံးမှာ ထိုမျက်
စိမ်း တပ်ဆင်လာသည့် ပုဂ္ဂိုလ်ကို ကြည့်ပြီး လိပ်ပြာလွင့်စဉ်လု
ကြောက်ရွံ့နေကြပေသည်။

သိုင်းလောကမှ နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွ
ခဲ့သော သေမင်းချောင်သခင်ကြီး ကုလောင်စန်းတစ်ယောက်
ဧည့်ခံပွဲသို့ ရောက်ရှိလာလိမ့်မည်ဟု လုံးဝ ထင်မှတ်မထားမိခဲ့ကြ

ထို့ကြောင့်–

ဤဧည့်ခန်းဆောင်ကြီးအတွင်းမှ ပြေးထွက်သွားဖြ
ကြိုးစားလိုက်ကြသည်။

'ဝုန်း...ဝုန်း...ဝုန်း'

'ဖြောင်း...ခွမ်း...ဒိုင်း'

လူအားလုံးမှာ ပြင်းထန်သော အားလှိုင်းကြီးများ
လိုက်ကြရာ ဦးခေါင်းနောက်ဘက်ဆီသို့ အရိုက်ခံရသည့်အ
ခံစားလိုက်ကြရပြီးလျှင် အတုံးအရုံး လဲကျသေဆုံးကုန်ကြတော့

* * *

'သေကြစမ်း...သေကြစမ်း'

ဝတ်စုံဖြူဝတ်ဆင်ထားသော သေမင်းချောင်သခေ
ကုလောင်စန်းက ကျေနပ်အားရစွာ အော်နေလေတော့သည်။

လူများမှာ အရုပ်ကြိုးပြတ် ပုံလျက်သား လဲကျသွာ

မိန်ဖျော့သူ :ငါးယောက်မျှသာ အသက်ရှင်သန်လျက် ကျန်ရှိနေကြတော့

ထိုအခါကျမှ ကုလောင်စန်းသည် သူ့မျက်နှာတွင် တ



ထားသော မျက်နှာဖုံးကို ခွာချလိုက်သည်။

ထို့နောက်–

မီးခိုးပြာရောင် ဝတ်ဆင်ထားသော နိမိတ်ဖတ် အဘိုးအို ကို့ချုံယွင်အား လှိုက်လှဲစွာ နှုတ်ဆက်လိုက်သည်။

"ဘယ်နှယ် ကျန်းခန့်သာလို့ မာရဲ့နော် နောင်ကြီး ကို့ချုံယွင်"

ကို့ချုံယွင်က စိတ်ဆိုးပြီး ပြောလေ၏။

"သေနိုင်ခဲတဲ့ နတ်ဆိုးကြီးရယ် စိတ်ရှိလက်ရှိများ လူတွေကို လာသတ်ရသေးသလားဗျာ။ အရင်က ခင်ဗျားပြောခဲ့တဲ့ ကတိစကားတွေကို လုံးလုံး မထောက်ထားတော့ဘူးလား"

ကုလောင်စန်းက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

အားရအောင် ရယ်ပြီးမှ ရှင်းပြ၏။

"အထင်မလွဲစမ်းပါနဲ့ နောင်ကြီးကို့ရယ်၊ ကျုပ်က နောင်ကြီး ယန်လုအတွက် ကလဲ့စားချေနေရတာပါ။ အခု သေတဲ့လူတွေဟာ နောင်ကြီးယန်လုကို ဒုက္ခပေးခဲ့တဲ့ လူတွေရဲ့ တပည့်တပန်းတွေပါဗျ'

"ခင်ဗျားကတော့ဗျာ၊ အခုဥစ္စာ လူပေါင်းလေးရာလောက် ရှိနေတာပဲ၊ ဟိုအရင်တုန်းက နောင်ကြီးယန်ရဲ့ ဇနီးကို ဝိုင်းဝန်း တိုက်ခိုက်ခဲ့တဲ့သူတွေက လေးငါးဆယ်လောက်ပဲရှိတာ။ ကျန်တဲ့ လူတွေက အကြောင်းမဲ့သက်သက် သေဆုံးကုန်ရတာပေါ့။ ဒီလုပ် ဆောင်ချက်ကို သေသွားတဲ့ နောင်ကြီးယန်လု ဘယ်လိုမှ နှစ်သက် လက်ခံနိုင်မှာ မဟုတ်ဘူးဗျ"

ကုလောင်စန်းက ကြီးမားသော လူသတ်မှုတစ်ခုကို ကျူးလွန် နေသော်လည်း ဘာမျှ မဖြစ်သလိုပင် သူ့လက်ဝါးနှစ်ဘက်ကို

ပွတ်သပ်နေသည်။

"ဒါကတော့ဗျာ ကျုပ်လဲ ဘယ်သိနိုင်ပါ့မလဲ၊ သူတို့ သေသွားတော့ အားလုံး စာရင်းရှင်းသွားတာပေါ့"

ကုလောင်စန်းက ခပ်ပေါ့ပေါ့ပင်ပြောနေသည်။

ကို့ချုံယွင်မှာ သူနှင့် ဤအကြောင်းကို ဆက်လက်ပြောဆိုနေ၍ အကျိုးထူးမည်မဟုတ်မှန်း သိ၏။

"နေစမ်းပါဦးဗျား၊ ခင်ဗျား ဒီလိုလုပ်တာကို ခင်ဗျားရဲ့ ဇနီးကကော သဘောတူရဲ့လား"

ကုလောင်စန်း၏ မျက်နှာ ညှို့မှိုင်းသွား၏။ တုန်ယင်သောလေသံဖြင့် တိုးတိုးလေး ပြောသည်။

"သူ...သူ...ကွယ်လွန်ခဲ့ရှာပါပြီဗျာ"

ကို့ချုံယွင် စိတ်မကောင်းဖြစ်သွား၏။

ကုလောင်စန်း၏ ဇနီးသည် စိတ်ထားကောင်း၏။ နူးညံ့၏။ ကုလောင်စန်း၏ ဇနီးသည်သာ ရှိနေခဲ့လျှင် ဤကဲ့သို့ ဆိုးရွားလှသော လုပ်ရပ်မျိုးကို ခွင့်ပြုမည် မဟုတ်ချေ။

ကုလောင်စန်းကလည်း သူ့ဇနီးဆန္ဒကို ကျော်လွန်ပြီး ဤသို့ ကျူးလွန်ဝံ့မည် မဟုတ်ပါချေ။

"ခင်ဗျားဇနီးသည်က ခင်ဗျားကို ကြိုးစားပြီး ပြုပြင်ပြောင်းလဲလာခဲ့သမျှတော့ အလကား ဖြစ်ရပြီပေါ့ဗျ"

ကို့ချုံယွင်က ရွှတ်ချစကား ဆိုလိုက်၏။ သူ့အနေဖြင့် ပြစ်တင်ရှုတ်ချရုံမှတစ်ပါး အခြားဘာမျှ မတတ်နိုင်တော့ပေ။

ကုလောင်စန်း၏ သတ်ဖြတ်မှုကြီးသည် အထမြောက်သွားခဲ့လေပြီ။



"ခင်ဗျား အပြစ်တင်မယ်ဆိုလဲ အပြစ်တင်ထိုက်ပါတယ်ဗျာ၊ ခင်ဗျားပြောတာ မှားတယ်လို့လဲ ကျုပ် မဆိုလိုပါဘူး"

သူ့စကားများက ဝမ်းနည်းခြင်းတို့ကြောင့် လှုပ်ခတ်နေ၏။

ကုလောင်စန်းတစ်ယောက် ဤကဲ့သို့ ကြေကွဲဝမ်းနည်းရသည်ကို ကို့ချုံယွင် ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသည်။

နှစ်သိမ့်စကား တစ်ခွန်းမျှပင် မဆိုမချေ။ ထိုအချိန်တွင် ညစ်ခန်းမဆောင်ကြီးအတွင်း၌ ယန်ချွင်၊ ရှန်ပိုင်မြင့်၊ ရှန်ယန်းမြို့ချုပ်ရေးမှူးနှင့် သခင်ကြီးရဲ့၏ ဧည့်ခံပွဲတွင် အရက်တည်ခင်းရေးကို တာဝန်ယူရသည့် ဘဏ္ဍာထိန်းကြီးတို့သာ ရှိနေကြတော့သည်။

နိမိတ်ဖတ်အဘိုးအို ကို့ချုံယွင်သည် သေဆုံးသူ သိုင်းသမားလေးရာ၏ အနိဋ္ဌာရုံ မြင်ကွင်းကိုကြည့်ပြီး ရင်ထဲ၌ ဆို့သွား၏။

သူ့တစ်သက်၌ ဤမျှများပြားသော လူသေအလောင်းများကို တစ်ချိန်တည်း မတွေ့ခဲ့ဖူးချေ။

အနောက်မြောက်ပိုင်း သိုင်းလောကကြီးသည်လည်း လုံးဝ ထလန်ထူနိုင်တော့မည် မဟုတ်ကြောင်း သိလိုက်မိသည်။

* * *

သေမင်းချောင်သခင်ကြီး ကုလောင်စန်းသည် ရှန်ပိုင်မြင့်ထံသို့ တိုးကပ်သွားကာ အေးစက်သော လေသံဖြင့် မေးမြန်းလိုက်လေ၏။

"မင်းကကော ဘယ်လိုပုံစံမျိုးနဲ့ သေချင်သလဲ ပြောစမ်း"

ရှန်ပိုင်မြင့်မှာ စောစောက မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရသော

ဘေားအန္တရာယ်ဆိုးကြီးကြောင့် စိတ်ဓာတ်အကြီးအကျယ် ပျက်
ပေသည်။

ထွက်ပြေးရန်လည်း သူ သတိမရတော့။ စောစောက
ဆွေများနှင့် စကားကောင်းနေခဲ့သဖြင့် အဆိပ်အရက်ကို သူ မသေ
မိခဲ့ပေ။

ထို့ကြောင့် သူ အသက်ရှင်လျက် ရှိနေခြင်း ဖြစ်၏

ယခုကဲ့သို့ သေမင်းချောင်သခင်ကြီး ကုလောင်စ
အော်ငေါက်မေးမြန်းလာသောအခါ သတိဝင်လာသည်။

သူ ပြေးလမ်း မရှိတော့ပြီကို သိလိုက်သည့်အလျေ
မိမိကိုယ်ကို ပြန်လည်ထိန်းသိမ်းပြီး ကုလောင်စန်းကို
ရင်ဆိုင်လေတော့၏။

"ကျွန်တော့်အတွက် သေရမှာကို ဘယ်လိုမှ ကြေ
နေစရာ မရှိတော့ပါဘူး၊ ချောင်သခင်ကြီးအနေနဲ့ တိုက်ခိုက်ချင်
သာ တိုက်ခိုက်ပါ၊ ကျွန်တော်ကတော့ ခုခံရမှာပါပဲ"

"ဟဲ...ဟဲ...ဟဲ"

သေမင်းချောင်သခင်ကြီး၏ ရယ်သံက ကြောက်မက်
ကောင်းလှသည်။

ဤကဲ့သို့ ရယ်ပြောပုံကို နိတ်ဖတ်အဘိုးအို ကို့ချုံယ
ကောင်းစွာ နားလည်သဘောပေါက်မိသည်။

ရက်သံဆုံးလျှင် ရက်ရက်စက်စက် သတ်ဖြတ်ခြင်း အ
ပြုပေတော့မည်။

"ကျုပ် သူ့ကို တာဝန်ယူပါတယ် ကုန်လောင်စန်း၊ မ
ပါနဲ့၊ အသက်ချမ်းသာခွင့် ပေးလိုက်ပါ"



ကုလောင်စန်း၏ ရာဇဝင်တွင် သူနှင့် ရင်ဆိုင်တွေ့သူအား
က်ရှင်သန်ခွင့် ပေးရိုးထုံးစံ မရှိခဲ့ပါချေ။

ယခု မိတ်ဆွေဟောင်းဖြစ်သူ ကို့ချုံယွင်က တောင်းပန်မေတ္တာ
လာသောအခါ သူ ငိုင်တွေစဉ်းစားမိသည်။

နောက်ဆုံး သက်ပြင်းချပြီး ကို့ချုံယွင်း၏ မေတ္တာရပ်ခံချက်ကို
ခံရလေတော့သည်။

"ဘယ်လိုကနေ ဘယ်လိုဖြစ်ပြီး နောင်ကြီးကို့နဲ့ ကျုပ်ကို
ပေးလိုက်သလဲ မသိပါဘူးဗျာ။ နောင်ကြီး တာဝန်ယူရင်လဲ
ာပါပဲ၊ ကဲ...ကောင်လေး သွားပေတော့"

ရှန်ပိုင်မြင့်သည် အသက်သခင် ကျေးဇူးရှင်ဖြစ်သည့်
ချုံယွင်ကို ရိုသေစွာ ဦးညွတ်ဂါရဝ ပြုလေ၏။

"ဆရာကြီးရဲ့ ကျေးဇူးကို သေတဲ့အထိ မမေ့ပါဘူးဗျာ၊
ကြီးရဲ့ နာမည်ကို သိပါရစေလားခင်ဗျာ"

အဘိုးအို ကို့ချုံယွင်က ခေါင်းခါလိုက်၏။

ရှန်ပိုင်မြင့်ကို ခပ်မြန်မြန် မောင်းထုတ်လိုက်သည်။

ကုလောင်စန်း စိတ်ပြောင်းသွားလျှင် သည်လူငယ် သေသွား
သည်။

"သွားလေကွာ၊ အရှေ့ဘက်စူးစူးကို မြန်မြန်သွားနိုင်ရင်
အသက်ရှင်လိမ့်မယ်၊ ဘာစကားကြောရှည်နေတာလဲ"

ထိုသို့ ငေါက်ငမ်းလိုက်သောအခါမှ ရှန်ပိုင်မြင့် ပြေးထွက်
တော့သည်။

"ဆရာကြီးကို တစ်သက်မမေ့တော့ပါဘူးခင်ဗျာ"

ပြေးလွှားရင်း ကျေးဇူးစကားကို ပြောဖြစ်အောင် ပြောသွား

သေး၏။

ရှန်ပိုင်မြင့်ကိုယ်လုံး ပျောက်ကွယ်သွားသောအခါမှာ နိမိ ဖတ်အဘိုးအိုက

"အရက်တာဝန်ယူတဲ့သူ ဒီကို လာခဲ့စမ်း"

အရက်တာဝန်ယူသူ ဘဏ္ဍာထိန်းကို ခေါ်လိုက်၏။

သူ့အော်ငေါက်ခေါ်လိုက်သံကြောင့် သေမင်းချောင်သခင် ကုလောင်စန်း မျက်နှာတစ်ချက် ညိုပုပ်သွားလေသည်။

နိမိတ်ဖတ်အဘိုးအိုက တည်ငြိမ်အေးဆေးသော လေသံ ကုလောင်စန်းကို ရှင်းပြသည်။

"ဒီမှာ ကုလောင်စန်း၊ ဒီလူက သိပ်ဉာဏ်များတ အရက်စပ်တဲ့အခါမှာ သူ အရက်မြည်းစမ်း၊ သောက်မကြည့်ဘဲ မဟုတ်ဘူး၊ အခုကြည့်စမ်း၊ သူ ဘာမှမဖြစ်ဘူး မဟုတ် ဒီတော့ သူဟာ ခင်ဗျားရဲ့ အစီအစဉ်ကို ကြိုတင်သိနေလို့ပဲ၊ သူ မသတ်လို့ မဖြစ်ဘူး"

★ ★ ★

အခန်း (၁၆၈)

## ယန်ချင်၏ဘဝမှန်

သေမင်းချောင်သခင်ကြီး၏ လှုပ်ရှားမှုသည် လျင်မြန်ပါ၏။

သို့သော် နိမိတ်ဖတ်ဗေဒင်ဆရာ အဘိုးအိုက ပို၍ င်မြန်သည်ဟု ဆိုနိုင်သည်။

ဗေဒင်ဆရာအဘိုးအို၏ ဇွန်လက်သည်းကုတ် လက်ချောင်း း:က ဘဏ္ဍာထိန်း၏ မျက်နှာကို ကုတ်ချသွားသည်။

"ဗြဲ..."

ထိုသူ၏ မျက်နှာတွင် တပ်ဆင်ထားသော သားရေမျက်နှာဖုံး စုတ်ပြဲကာ နိမိတ်ဖတ်အဘိုးအို၏ လက်အတွင်းသို့ ပါသွား၏။

အဘိုးအိုက တဟားဟား ရယ်မောလေတော့သည်

"ဟား...ဟား...ဟား၊ တော်တော်ဆိုးတဲ့ကော

သေမင်းချောင်သခင်ကြီး ပထမဦး နိမိတ်ဖတ်အဘိုးအို တကယ်တိုက်သည်ဟု ထင်မှတ်ခဲ့သည်။

နောက်မှ နောက်ပြောင်ကျီစယ်မှန်း သိသည်။

သေမင်းချောင်သခင်ကြီး ကုလောင်စန်း သူ ဆွဲထားသည် လူငယ်အား သတိပေးလိုက်သည်။

"သား မင်းဘဘကြီးကို ဂါရဝပြုလိုက်လေကွာ"

ရုပ်ရည်အားဖြင့် နုပျိုပြီး ကြည်လင်သော မျက်လုံးများရှိသည် ထောင်ထောင်မောင်းမောင်း လူငယ်က နိမိတ်ဖတ်ဗေဒင်ဆရာကြီးအာ ဦးညွှတ်ဂါရဝ ပြုလေ၏။

နိမိတ်ဖတ်အဘိုးအို လက်ဝှေ့ယမ်းပြလိုက်ပြီး

"နေပါစေဗျာ နေပါစေ၊ ခင်ဗျားရဲ့သားကတော့ လူသတ် နေရာမှာ ခင်ဗျားထက် သာသွားပြီ၊ ကျုပ်သူ့ရဲ့ ဂါရဝပြု မခံယူဝံ့ ဘူးဗျ၊ ဟား...ဟား...ဟား"

နိမိတ်ဖတ်အဘိုးအိုမှာ စိတ်ထဲတွင် အတော်ပင် ကျေန နေမိသည်။

သေမင်းချောင်သခင်ကြီး၏ သားဖြစ်သူမှာ မနက်က သူနှ လက်ဝါးချင်း ယှဉ်ပြိုင်ခဲ့သူ ထောင်ထောင်မောင်းမောင်း လူငယ် ဖြစ်နေပေသည်။

သေမင်းချောင်သခင်ကြီး၏ ရုပ်ပြောင်းရုပ်လွှဲပညာမှ အံ့မခန်းအောင် ထူးချွန်ထက်မြက်လှပေသည်။

ယနေ့လုပ်ကြံမှု အစီအစဉ်မှာ ကြိုတင်ကြံစည်ထားခြ ဘော်မှာ သေချာလှပေသည်။

ကုလောင်စန်း နေ့ခင်းကတည်းကပင် အရက်တာဝန်ယူရ



ာထိန်းကို လက်ရဖမ်းဆီးခဲ့သည်။

သူ့သားအတွက် မျက်နှာဖုံးစွပ် လုပ်ပေးခဲ့သည်။

အလုံးအရပ်ချင်း တူညီ၍ ဤကဲ့သို့ ကြိုတင်စီမံထားနိုင်ခြင်း ပေသည်။

ချောင်သခင်ကြီး၏ သားက အရက်ထဲသို့ သူ၏ အဆိပ်ခုနစ် ထည့်ခဲ့သဖြင့် သိုင်းသမားများစွာ သေဆုံးသွားခဲ့ရခြင်း ဖြစ်ပေ ည်။

ထောင်ထောင်မောင်းမောင်းနှင့် သခင်ကြီးချောင်၏ သားက တ်ဖတ်အဘိုးအိုကို ဦးညွှတ်ဂါရဝပြုလိုက်ရသော်လည်း မျက်နှာက ပ်ပြီး မကြည်သာချေ။

သေမင်းချောင်သခင်ကြီးက ယန်ချွင်ကို လက်ညှိုးညွှန်လျက် တ်ဖတ်အဘိုးအိုအား ပြောချလိုက်ပြန်သည်။

"ဟောဒီတစ်ယောက်ကိုတော့ အသက်ရှင် ကင်းလွတ်ခွင့် ပေးနိုင်ဘူး၊ စောစောကလူတစ်ယောက်ကို လွတ်ငြိမ်းချမ်းသာခွင့် းခဲ့ပြီးပြီ"

ယန်ချွင်မှာ သူ့ထက်လျင်သူများနှင့် တွေ့နေရသဖြင့် ဘာမျှ လုပ်နိုင်ဘဲ ဖြစ်နေသည်။

သေမင်းချောင်သခင်ကြီး၏ ကြမ်းတမ်းရက်စက်မှု သတင်း ကို ကြားဖူးနားဝ ရှိထားသော်လည်း ကြောက်စိတ်ဟူ၍ နည်းနည်း လေးမျှ မဖြစ်မိချေ။

နိမိတ်ဖတ်အဘိုးနှင့်သာ သူ့ဘဝအကြောင်းကို ဆွေးနွေးလို တ်ဆန္ဒ ပြင်းပြနေသည်။

သူ့အစွမ်းအားဖြင့် ဤဂေဟာအတွင်းမှ လွယ်ကူစွာ

ရှောင်တိမ်းပြေးလွှားနိုင်ပေသည်။

သို့သော် အကြောင်းရှိနေသဖြင့် ထွက်ပြေးရန် သူစိတ် ပေ။

နိမိတ်ဖတ်အဘိုးအိုက ဝင်၍တားသည်။

"ခင်ဗျားသတ်ရင် ခင်ဗျားပဲ မှားမှာပေ့ါ၊ အကြောင်း ကျုပ်က ဝင်တားနေတာဗျ၊ အကြောင်းမရှိရင် အလကား လေ မနေဘူး"

"ဟား...ဟား...ဟား"

ကုလောင်စန်းက ဂရုမစိုက်ချေ။

ဟက်ဟက်ပက်ပက် ရယ်မောကာ ယန်ချွင်အနီးသို့ ထ တိုးကပ်သွားသည်။

ယန်ချွင်ကလည်း ရှောင်ပြေးခြင်းမရှိချေ။ အဘယ်မှာ ရှောင်ပြေးပါအံ့နည်း။

သူကိုယ်တိုင် ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်နေသ မဟုတ်ပါလော။

နိမိတ်ဖတ် ဗေဒင်ဆရာ အဘိုးအိုက အဓိကအချက် ဖော်ထုတ်အော်ဟစ်လိုက်လေတော့၏။

"ကုလောင်စန်း မလုပ်နဲ့၊ နောင်ကြီးယန်လုရဲ့ သား ခင်ဗျား သတ်ဝံ့သလား"

ယန်ချွင်မှာအခြေအနေ ပြောင်းလဲသွားသဖြင့် သူ့ကျေ ရှင်ဆရာ၏ မှာကြားခိုင်းစေချက်များ မဆောင်ရွက်နိုင် ဖြစ်သ ရသည်။

သို့သော် နိမိတ်ဖတ်အဘိုးအိုနှင့် ပြန်တွေ့ဆုံရခြင်းအတွက်



ဝမ်းသာသည်။

အရှုံးထဲမှ အမြတ်ရသည်ဟုပင် ယူဆသည်။ ကုလောင် းကိုမူ သူ မကြောက်ချေ။

သို့သော် သတိတော့ထားသည်။

နိမိတ်ဖတ်အဘိုး၏ အသံက ကျယ်လောင်စွာ ဟိန်းထွက် သွားသည်။

ညှော့ခန်းမဆောင်ကြီးအတွင်း၌ ထိုအသံက ပဲ့တင်ထပ် န်ခါနေတော့သည်။

ကုလောင်စန်းသည် ထိုစကားသံကြောင့် တုံ့ခနဲရပ်သွား သည်။

ယန်ချွင်မှာလည်း ထိုစကားကြောင့် ထိတ်လန့်သွားသည်။

"ဆရာကြီးကလဲဗျာ၊ ရယ်စရာတွေ ပြောနေပြန်ပါပြီ"

နိမိတ်ဖတ်အဘိုးအိုက သေမင်းချောင်သခင်ကြီးအား သးလေးနက်နက်ကြီး ပြောလိုက်ပြန်သည်။

"ကုလောင်စန်း ဂိုဏ်းချုပ်ကြီးယန်လုရဲ့ သား၊ ခင်ဗျား တ်ဆွေ နောင်ကြီးယန်လုရဲ့သားကို ခင်ဗျား သတ်ဝံ့သလားဗျ"

ကုလောင်စန်းမှာ နောက်သို့ ခြေလှမ်းငါးလှမ်း ပြန်၍ တ်သွား၏။

"နောင်ကြီးကို့က ဒီလူငယ်ကို နောင်ကြီးယန်ရဲ့ သားဖြစ် ဘယ်ဆိုတာ ဘယ်လို အတိအကျ ပြောနိုင်ရတာလဲဗျ၊ ကျုပ်တော့ းကိုမလည်ဘူး"

"ပြောနိုင်လောက်တဲ့ သက်သေရှိလို့ပေါ့ဗျာ"

ယန်ချွင်၏ စိတ်များမှာ ပင်လယ်ပြင်မှ မုန်တိုင်းမိသော

လှိုင်းလုံးများသဖွယ် လှုပ်ရှားနေ၏။

နိမိတ်ဖတ်ဗေဒင်ဆရာ အဘိုးအိုအား သေချာစွာ မေးခွန်း
ဖြစ်ကြောင်းလည်း သိရှိနေသည်။

"ဆရာကြီး ကို့ချုံယွင်ခင်ဗျာ၊ ဆရာကြီးအနေနဲ့ ဒီစကား
အင်မတန် ခိုင်မာတဲ့ သက်သေရှိလို့သာ အခုလို ထုတ်ပြောတယ်
ကျွန်တော်ယူဆပါတယ်"

နိမိတ်ဖတ်အဘိုးအို ကို့ချုံယွင်က ခေါင်းညိတ်လိုက်၏
"မင်းက ငါ့စကားကို မယုံကြည်လို့လား"

"မယုံကြည်လို့ မဟုတ်ပါဘူးခင်ဗျာ၊ ဒီကိစ္စက သိ
အရေးကြီးတဲ့ကိစ္စ ဖြစ်နေပါတယ်၊ ဒီတော့ ကျွန်တော် ကျေ
လောက်အောင် ကျေးဇူးပြုပြီး ရှင်းပြပေးပါလား၊ ကျွန်တော
တောင်းပန်တာပါ"

"ကောင်းပြီ၊ ငါတို့ရဲ့ မျိုးရိုးအမည်ကို အရင်ပြောစမ်းပါ
ယန်ကျွင်သည် ထိုအမေးစကားကြောင့် ငိုင်သွားသည်
တစ်ခဏမျှကြာမှ ထစ်တီးထစ်ငေါ့လေသံဖြင့်–
"ကျွန်တော်...ကျွန်တော်က ယန်...ယန်မျိုးရိုးပါ"
ယန်ချွင်မှာ သူ့ကိုယ်သူ ယန်မျိုးရိုး ဖြစ်သည်ကို မေ့လျော့
မရှိချေ။

အဘယ့်ကြောင့် ယန်အမည်ကို ဆက်ခံထားရခြင်း
ကြောင်း သူ့ကိုယ်သူလည်း မသိခဲ့ချေ။

သူ့ဆရာကလည်း ရှင်းမပြခဲ့ချေ။

ယန်ချွင်ထံမှ စကားပြန် မရသဖြင့် နိမိတ်ဖတ်အဘိုးအို
ဆက်မေးလေ၏။



"ခပ်စောစောက မင်းရဲ့ သိုင်းပညာကို ငါစစ်ဆေးကြည့်
ပြီ၊ မင်းမှာ သိပ်ကောင်းတဲ့ သိုင်းပညာ ရှိနေတယ်ဆိုတာ ငါသိရ
ယ်။ ကဲ... ယန်ချွင်၊ မင်းဆရာက ဘယ်သူလဲ"

ယန်ချွင် ထိတ်လန့်လာသည်။

သူ့ဆရာသည် သိုင်းလောကဓါး မဟာရန်သူတော် ဝေသိမ့်ကို
ခံနေသည် မဟုတ်ပါလား။

ဂိုဏ်းချုပ်ကြီးယန်လုကို သတ်သူဟု သိုင်းလောက စွပ်စွဲနေသူ
ဟုတ်ပါလား။

* * *

"ဒီမေးခွန်းကိုတော့ သည်းခံ...သည်းခံပါဗျာ"
နိမိတ်ဖတ်အဘိုးအိုက သက်ပြင်းကြီး ချလိုက်လေသည်။
ကုလောင်စန်း ရုတ်တရက် ဝင်မေးမိလေတော့သည်။

"နောင်ကြီးကို လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုန်းက
ဏ်းချုပ်ကြီးယန်လုရဲ့ ကျုန်လုစခန်းဌာနချုပ်ကို ရန်သူတစ်ယောက်
င်တိုက်ခိုက်ခဲ့တယ်။ ယန်လုရဲ့ သားအရင်းကိုလဲ လုယူသွား
ယ်လို့ ဆိုကြတယ်။ အခု ခင်ဗျား ပြောနေတဲ့ကိစ္စက"

"ယန်လုမှာ သားနှစ်ယောက်ရှိခဲ့တယ်ဆိုတာ ခင်ဗျားသိထား
သလားခင်ဗျာ"

"ဘယ်လိုဆိုတာကို ရှင်းပြစမ်းပါဦးဗျာ"

နိမိတ်ဖတ်အဘိုးအိုက ခေါင်းတညိတ်ညိတ် လုပ်လိုက်ပြီးမှ
"တကယ်တော့ သားအကြီးက မွေးစားသား၊ သားအငယ်က

သူ့ရဲ့သားအရင်းဗျ၊ မွေးစားသားကလဲ ထူးထူးခြားခြား ရတဲ့သား ကန္တာရခွေးကြီးတစ်ကောင်က ကလေးငယ်တစ်ယောက်ကို မပွန်း ကိုက်ချီလာလို့ သူက ခွေးကို ခြောက်ပြီး ကလေးကို ယူထားခဲ့တ မွေးစားသားကတော့ သားရင်းထက် ငါးနှစ်လောက် ကြီးပါတယ်

ကုလောင်စန်းက သက်ပြင်းချလိုက်ပြီး–

"နောင်ကြီးယန်လုရဲ့ကိစ္စကို ခင်ဗျားကတော့ အတိအက သိနိုင်မှာပါလေ။ ကျုပ်က နောင်ကြီးယန်ရဲ့ အဆက်အသွ ပြတ်ခဲ့တဲ့ လူကိုဗျ"

နိမိတ်ဖတ်အဘိုးအိုက ဆက်ပြောပြလေ၏။

"သူ့သားအငယ်ဟာ အဲဒီတုန်းက တစ်လသားလောက် ရှိလိမ့်ဦးမယ်။ စန်းတုံးပြည်နယ်က သူ့ဌာနချုပ် အတိုက်မခံရခ ကျုပ်ရောက်ဖူးခဲ့တယ်။ အဲဒီတုန်းက ယန်လုပြောသမျှ ဆိုသမျှတွေ ကျုပ်ကောင်းကောင်း မှတ်မိနေသေးတယ်။ တရုတ်ပြည် စစ်မက်ရေး အခြေအနေ၊ သိုင်းလောက အခြေအနေတွေ မတိမ်မဝှက် ပြောကြ ခဲ့တယ်။ ပြီးတော့ သူ့သားနှစ်ယောက်ကို ကျုပ်နဲ့ပေးတွေ့တယ် အင်္ဂါရုပ်ကို ကြည့်ပြီး နိမိတ်ဖတ်ခိုင်းခဲ့တယ်"

နိမိတ်ဖတ်အဘိုးအို ကို့ချုံယွင်သည် စကားကို ခဏဖြတ်ပြီ ယန်ချွင်ကို အကဲခတ်ကြည့်သည်။

ယန်ချွင်တစ်ယောက် အာရုံစိုက်နားထောင်နေကြောင်း တွေ့မ သူ့စကားကို ဆက်ပြောသည်။

"ကျုပ်လဲ ကလေးနှစ်ယောက်ရဲ့ လက်နှစ်ဖက်ကို ကိုင်ပြ အတော်လေးပဲ လေ့လာခဲ့ပါတယ်၊ ယန်လုက သားနှစ်ယောက်ရဲ့ အနာဂတ်အခြေအနေကို သိပ်သိချင်နေတယ်၊ ကျုပ်က သူ့ကို



လေးနှစ်ယောက်ကြောင့် ခင်ဗျားရဲ့ ယန်မိသားစုမျိုးဆက်ဟာ တစ်ရာအတွင်း အဆင့်အတန်း နိမ့်ကျသွားမှာ မဟုတ်ဘူးလို့ ဖြစ်ခဲ့တယ်"

"သူက ထပ်ရှင်းပြခိုင်းလို့ ကျုပ်ကလဲ အသေအချာ ပြခဲ့ပါတယ်။ နောင်ကြီးယန်ရဲ့ သားအကြီးဟာ ရိုးဖြောင့်ပြီး း ပညာကို ကောင်းအောင် သင်ယူတတ်မြောက်မယ်၊ ထူးထူးချွန်ချွန် ယ်၊ သတ္တိရှော ဗျတ္တိပါ ပြည့်ဝမယ်၊ တစ်ခေတ်တစ်ယောက် င်းသမား ဖြစ်လိမ့်မယ်လို့ ဟောကိန်း ထုတ်ခဲ့ပါတယ်"

"သားအငယ်ကကောဗျာ"

ကုလောင်စန်းက ဖြတ်မေးသည်။

ကို့ချုံယွင်က လက်ဝါးကာပြလိုက်ပြီး–

"ကျုပ် အဲဒီလို ပြောလိုက်တော့ နောင်ကြီးယန်လုဟာ သဘောကျ ကျေနပ်လွန်းလို့ ရယ်လိုက်တာဗျ၊ ပြီးတော့မှ သားအငယ်ရဲ့ ရေးကိုလဲ ဟောကိန်းထုတ် တွက်ချက်ခိုင်းပြန်တယ်၊ ကျုပ် အဲဒီ လေးရဲ့ အင်္ဂါရုပ်ကို အသေအချာ အကဲခတ်ကြည့်မိတယ်"

"ကလေးရဲ့ နှုတ်ခမ်းထောင့်က အောက်နှစ်ဘက်ကို လေး င်းလို ကွေးနေတယ်၊ မျက်လုံးကို စုံမှိတ်ထားလို့ မျက်စိ သူငယ် မ်ကိုတော့ မလေ့လာခဲ့ရဘူး၊ သူ့ညာဘက် နားရွက်မှာက မွေးရာပါ ပေါက်တစ်ခု ပါရှိနေတယ်။ ညာဘက်ရင်အုံအောက်ဆီမှာတော့ အနီသုံးလုံး ဆက်လျက်ရှိနေတာကို တွေ့လိုက်ရတယ်၊ ကျုပ် ာင်းကောင်း မှတ်မိနေတယ်"

နိမိတ်ဖတ်အဘိုးအိုက သက်ပြင်းချကာ ဆက်ပြောပြန်သည်။

"ကျုပ်တစ်ခါမှ မြင်ဖူးတဲ့ ထူးထူးဆန်းဆန်း အမှတ်အသား

တွေ ဖြစ်နေတယ်။ ကျုပ်လဲ အံ့သြလွန်းမက အံ့သြပြီး စကားမ
နိုင်အောင် ဖြစ်သွားရတယ်။ ကျုပ်ငြိမ်နေတာကို ကြည့်ပြီး
နောင်ကြီးယန်က ထပ်တလဲလဲ ထပ်မေးတယ်။ ကျုပ်လဲ ရှင်ရှ
ဘွင်းဘွင်းပဲ၊ သိပ်ထူးခြားတဲ့ အမှတ်အသားတွေ ဖြစ်နေလို့ ကျုပ်
ကိန်းမထုတ်နိုင်သေးဘူး၊ အံ့သြလို့လဲ မဆုံးဘူးလို့ ဖြေလိုက်တယ

"ဒီတော့ ယန်လုက ဘာပြောသလဲ"

"ဘာပြောရမလဲဗျာ၊ တဟားဟား ရယ်မောလိုက်တာပေါ

"ပြီးတော့ ခန့်မှန်းတွက်ချက်လို့ မရတဲ့လူကမှ ငို
လျှို့ဝှက်နက်ရှိုင်းတယ်၊ ပို ထူးချွန်မယ်ထင်တယ်လို့ ရယ်ရယ်မော
ပြောတယ်ဗျ၊ သူဟာ သားနှစ်ယောက်စလုံးကို ထူးချွန်စေချင်တ
ကျုပ်ဆက်မဟောနိုင်တာကိုလဲ ထပ်မမေးတော့ပါဘူး၊ နောက်တော
ဒိပြင် အကြောင်းအရာတွေ စကားလမ်းကြောင်း ပြောင်းသွားတယ
ကျုပ်ဟာ အဲဒီကတည်းက နောင်ကြီးယန်လုရဲ့ သားငယ်ကလေး
မှတ်မိနေတာပါပဲ"

နိမိတ်ဖတ်အဘိုးအို၏ စကားဆုံးသွားသည်။

ယန်ချွင်၏ ရင်မှာ တလှပ်လှပ် လှိုက်ဖိုနေ၏။

သူ့ဘဝ၏အရိပ်ကို သူ ထိတ်လန့်နေပုံရသည်။

အတန်ကြာမှ နိမိတ်ဖတ်အဘိုးအိုးက ယန်ချွင်ကို လက်ည
ထိုးပြကာ

"ဒီနေ့ မနက်ခင်းမှာတော့ ကျုပ်ဟာ ဟောဒီသူငယ်
မြို့အဝင်တံခါးဝ အနားမှာ ဆုံဖြစ်ကြတယ်။ ကျုပ်စိတ်ထဲမှ
သူ့မျက်နှာကို ကြည့်ပြီး တွေ့ဖူးမြင်ဖူးသလို ဇဝေဇဝါ ဖြစ်နေမိတယ
သူ့အပေါ် အလိုလိုနေရင်း သံယောဇဉ် တွယ်နေတယ်၊ ဒါနဲ့



ပ်လဲ သူ့ရင်ဘတ်ပေါ်က ဆက်လျက်မှဲ့သုံးလုံး ရှိ,မရှိ၊ နားရွက်မှာ
ပေါက် ပါ,မပါတို့ကို မေးကြည့်တော့ ဒီသူငယ်ဟာ သိပ်ကို
န်လှုပ်ချောက်ချားသွားသဗျ။ ကျုပ်မေးခွန်းတွေ မှန်နေကြောင်း
အမူအရာက သက်သေပြလိုက်တာပေါ့ဗျာ"

"ဩော်..."

ကုလောင်စန်းမှာ အာမေဋိတ်သံ ထွက်သွားရသည်။

ကို့ချုံယွင်၏ စကားကို ယုံကြည်စပြုလာသည်။

"ဒီအတိုင်းသာ မှန်ရင်တော့ မင်းဟာ ငါ့ရန်သူ မဖြစ်နိုင်တော့
၊ ရန်သူဖြစ်နေတာတောင် ရန်သူလို့ သတ်မှတ်လို့ မရတော့ဘူးပေါ့"

ကုလောင်စန်းက သက်ပြင်းချကာ ပြောလိုက်သည်။

ယန်ချွင်မှာ သူ့ကိုယ်သူ မကဲ့ပြားသေးဘဲ တွေဝေငေးငိုင်နေ
ဆံပင် ရှိ၏။ သူ့စိတ်ထဲတွင် ထူးခြားဆန်းကြယ်သော ခံစားချက်များ
ဖြစ်ပေါ်နေသည်။

မြေပြင်နှင့် ခြေထောက် မထိနိုင်ဘဲ တိမ်စိုင်ခဲပေါ်၌
တ်မတ် ရပ်နေသလို ထင်မိသည်။

ရင်ထဲ၌ တလှပ်လှပ် ဖြစ်နေသည်။

ငယ်စဉ်ဘဝကို သူ ပြန်သတိရလာသည်။

ဝေသိမ့်ကိုက သူ့အား ပညာသင်ကြားပေခဲ့ပုံ၊ ကျွေးမွေးစောင့်
ရှောက်ခဲ့ပုံတွေကို မြင်ယောင်လာ၏။

အတွေးလွန်လာသည်နှင့်အမျှ သူ့ခေါင်းထဲ၌ နောက်ကျိ
ှုပ်ထွေးလာသည်။

ဆံပင်များအကြားမှ ချွေးများသည်ပင် တပြိုက်ပြိုက်ကျဆင်း
လာသည်။

သူ့မျက်လုံးများ၌ ပထမဆုံးအကြိမ် အားငယ်သည့် အ…
အယောင်များ ထွက်ပေါ်လာလေတော့၏။

★ ★ ★

အခန်း (၁၆၉)

## သက်သေ

ကုလောင်စန်းသည် ယန်ချွင်ကို အကဲခတ်နေ၏။

ယန်ချွင်၏ မျက်နှာအမူအရာ အမျိုးမျိုး ပြောင်းလဲနေပြီး …င်းပေါ်မှ ချွေးစေးများ တဖြိုင်ဖြိုင် စီးကျလာသည်ကို မြင်ရသောအခါ …်ထဲ၌ ကြင်နာသနားသလို ဖြစ်လာသည်။

"ငါ့တူ ယန်ချွင် ဘာဖြစ်လို့လဲကွယ်"

ယန်ချွင်မှာ ကုလောင်စန်း၏ အမေးစကားကို မည်သို့မျှ …ပြန်ချေ။

နိမိတ်ဖတ်အဘိုးအို ကို့ချုံယွင်ကသာ လေပူကို မှုတ်ထုတ် …က်ပြီး–

"ကျုပ်ပြောတဲ့ စကားတွေကို သူ့ မယုံကြည်နိုင်သေးလို့လဲ

ဖြစ်ရမယ်၊ ယုံကြည်ပြီး ဦးနှောက်ချောက်ချားလို့လဲ ဖြစ်ရမယ်

ကုလောင်စန်း မျက်မှောင်ကြုတ်သွားသည်။

ကို့ချုံယွင်က အပ်ကျမတ်ကျ ပြောနေသည်ကို အဘ... အတွက် ဤသူငယ်က အယုံအကြည် မရှိရသနည်းဟု တွေးနေမိသည်။

အတန်ကြာမှ ခေါင်းညိတ်ပြကာ–

"ဘာကြောင့်များလဲဗျာ၊ ခင်ဗျား ဒီလောက်အတိအ... ပြောနေနိုင်တာကို သူက ဘာကြောင့် မယုံကြည်နိုင်ရတာတဲ့... ကျုပ် စဉ်းစားလို့ မရနိုင်တော့ဘူး"

နိမိတ်ဖတ်အဘိုးအို ပြုံးလိုက်သည်။

ကုလောင်စန်း၏ စကားကြောင့် သူ့တွင် စဉ်းစားမ... အဖြေတစ်ခုက လက်ခနဲ ထွက်ပေါ်လာ၏၊

သူ့မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာခဲ့သည်

"သိပြီဗျ၊ ကျုပ်ပြောတာကို သူ ယုံနိုင်တယ်ဗျ၊ သူ... မွေးစားထားတဲ့သူနဲ့ ယန်လုက သိပ်ပြီး ပတ်သက်နေလို့ပဲ ဖြစ်လိ... မယ်"

သူက ပြောရင်း ယန်ချွင်ကို စူးစိုက်အကဲခတ်လိုက်သည်

ယန်ချွင်မှာ သူ့အကြည့်ဒဏ်ကြောင့် မျက်နှာအမူအ... ပြောင်းလဲသွားသည်။

ကုလောင်စန်းက နိမိတ်ဖတ်အဘိုးအို၏ ဆိုလိုရင်း အဓိပ္ပာ... ကို နားမလည်သဖြင့် ထပ်မေးသည်။

"လုပ်စမ်းပါဦးဗျာ၊ ခင်ဗျားပြောတာ ကျုပ်သိပ် နားမရှင်းဘူ... ရှင်ရှင်းလင်းလင်း ပြောစမ်းပါဗျ"



ကို့ချုံယွင်က ဆက်၍ ရှင်းပြလေ၏။

"နှေဦးကာလမှာ ကျုပ်နဲ့ နောင်ကြီးယန်လုတို့ လူချင်းခွဲ... ကြတယ်။ အဲဒီတုန်း ထူမုရဲတိုက်ကို ရန်သူက ဝန်းရံထားတဲ့အချိန်ပေါ့၊ ...ောင်ကြီးယန်ဟာ တရုတ်ပြည်ထဲမှာရှိတဲ့ သိုင်းသမားအကျော်အမော် ...တွကို စည်းရုံးစုစည်းပြီး ထူမုရဲတိုက်ထဲက ဘုရင်ကို ကယ်တင်ဖို့ ...ွက်လာခဲ့တယ်။ သူ့ရဲ့ စန်းတုံပြည်နယ်မှာရှိတဲ့ ဌာနချုပ်ထဲကနေ ...သားအရင်း ပျောက်သွားတာတောင် သူဟာ ခရီးစဉ်ကို မဖျက်ခဲ့ဘူး၊ ...ွေးစားသားကတော့ ကျန်ခဲ့လို့ ဘာမှ ပြဿနာမရှိပါဘူး၊ သားအရင်း ...ဘယ်သူခေါ်သွားသလဲဆိုတာ ခင်ဗျား သိချင်မှာပေါ့"

ကုလောင်စန်း ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်၊ ဘယ်သူက မွေးစားစောင့်ရှောက်ထားသလဲ ...ဘာ့ မသိဘူးပေါ့ဗျာ"

"ဘယ်သူ မွေးစားတယ်ဆိုတာ ဒီကိစ္စမှာ သိပ်တော့ ...ပတ်သက်သေးဘူးဗျ၊ အရေးကြီးတာက အဲဒီလူဟာ နောင်ကြီးယန်နဲ့ ...င်မင်ရင်းနှီးတဲ့ မိတ်ဆွေ ဟုတ်,မဟုတ် ဆိုတာပဲ၊ ခင်မင်တဲ့သူ ...ုတ်ခဲ့ရင်တော့ ကလေးကို သူ့ဖခင်ရဲ့ မျိုးရိုးအမည်ကို ထည့်ပြီး ...မည်မှည့်ခေါ်မယ်၊ အဲဒီလို မှည့်ခေါ်လာပြီဆိုရင်တော့ သဲလွန်စ ...ရတာ အတော်ကလေးပဲ ဘောင်ကျဉ်းလာလိမ့်မယ်"

နိမိတ်ဖတ်အဘိုးအို၏ ရှင်းလင်းချက်များကြောင့် ယန်ချွင်၏ ...ခေါင်းထဲတွင် တရိပ်ရိပ် မူးဝေလာသည်။

သူ့ဆရာနှင့် ယန်လုတို့ မည်ကဲ့သို့ ပတ်သက်ခဲ့သနည်း ဆိုသည်ကို တွေးကာ ရင်ထဲတွင် ထိတ်လန့်ကြောက်ရွံ့လာမိ၏။

နိမိတ်ဖတ်အဘိုးအိုက မျက်တောင်တဖျပ်ဖျပ်ခတ်ကာ

ဆက်ပြောပြန်သည်။

"ကျန်လုဂိုဏ်းချုပ်ကြီး ယန်လုရဲ့ ဌာနချုပ်ဂေဟာ
ဝင်ပြီး တိုက်ခိုက်ခဲ့တဲ့သူဟာ ဝတ်စုံနက်ဝတ်ပြီး မျက်နှာကို
စည်းထားတယ်ဆိုတဲ့ အကြောင်းတော့ ကျုပ်ကြားမိခဲ့တယ်၊ တ
ပြောတော့ ချန်ပိုင်ဖုန်းလို့ ပြောကြတယ်။ အဲဒီအချိန်တု
ချန်ပိုင်ဖုန်းဟာ သိုင်းလောကက နာမည်ဆိုးစာရင်းဝင် နံပါတ်
ဖြစ်နေခဲ့တယ်။ သူ့ကို သက်သက်မဲ့ အပြစ်ဖို့ချင်လို့ အထင်လွဲ
ဖန်တီးတယ်လို့လဲ ပြောသံကြားရတယ်။

"ဒါတွေကို ထားလိုက်တော့၊ ဝတ်စုံနက်ဝတ်လာတဲ့သူ
ယန်လုရဲ့ ဌာနချုပ်မှာရှိတဲ့ လူတွေကို တစ်ယောက်မကျန် သတ်ဖြတ်
တယ်ဆိုရင် အသက်ရှင်လျက် ရှိနေတဲ့ ကလေးငယ်ကို ဘာ
ခေါ်သွားရမှာလဲ၊ အဲဒီကလေးဟာ တစ်နေ့ကျရင် သူ့ကို ပြဿ
ဖြစ်စေနိုင်မယ့် မီးခဲပဲ မဟုတ်လားဗျာ"

ယန်ချွင်မှာ တုန်လှုပ်ချောက်ချားလာသည်။

သူ့နားထဲတွင် လေများ ထွက်နေသည့်အလား အူလား

ဝတ်စုံနက်ဝတ်လာသူ ချန်ပိုင်ဖုန်း၊ ယန်လုဆိုသော စကား
သံများက နားထဲတွင် ပဲ့တင်ထပ် တုန်ဟည်းနေ၏။

သူ့နှလုံးသွေးများ ဆူပွက်လာသည်။ မျက်စိများ ပြာ
လာသည်။

ယန်လု၏ သားဟု ဝိုင်းဝန်းစွပ်စွဲပြောဆိုချက်များ အကြ
ရှန်းတွက်ရန် ကြိုးစားမိသည်။

သူ့နှလုံးသားက နှံ့ထဲတွင် နစ်နေသော ခြေကို ဆွဲနုတ်ယူ
သကဲ့သို့ ရှန်းရခက်နေသည်။



ယန်ချွင်က နွမ်းနယ်စွာ ပြောသည်။

"ဒီထက်ခိုင်လုံတဲ့ အကြောင်းအရာရှိရင် ပြောပြပါဗျာ"
သူ့လေသံက နွမ်းနယ်လှသည်။

နိမိတ်ဖတ်အဘိုးအို ကို့ချုံယွင်က တစ်ခဏမျှ တွေးတော
က်ပြီး ပြန်ပြောသည်။

"မင်း သက်သေ လိုချင်တယ်ဆိုရင် လူတစ်ယောက်ကို
းကြည့်ရလိမ့်မယ်"

"ဘယ်သူလဲ၊ အဲဒီလူ ဘယ်သူလဲ၊ ပြောပါ"

နိမိတ်ဖတ်အဘိုးအို ပြုံးလိုက်သည်။

ခေါင်းတဆတ်ဆတ် ညိတ်ကာ ရှင်းလင်းပြတ်သားသည့်
သံဖြင့် ပြောလိုက်၏။

"နောင်ကြီးယန်နဲ့ငါ လူချင်း ခွဲလိုက်ကြပြီးတဲ့အချိန်မှာ
ာက်ထပ် ပြန်ဆုံကြဖို့ ချိန်းဆိုခဲ့တယ်။ အဲဒီတုန်းက ငါ ကျန်နန်ကို
ားစရာရှိနေလို့ပဲ၊ နှစ်လာကြာရင် ယန်ကျိုးမြို့မှာ သူနဲ့ ပြန်ဆုံကြမယ်၊
န်းကြီးကျောင်းတစ်ကျောင်းဟာ တို့ရဲ့ ချိန်းဆိုထားတဲ့နေရာပဲ"

"အဲဒီဘုန်းကြီးကျောင်းက ဆရာတော်ကြီးဟာ နောင်ကြီး
န်နဲ့ သိပ်ကို ရင်းနှီးခင်မင်ကြတယ်။ တစ်လကြာတော့ နောင်ကြီး
န်က ငါ့ဆီကို လူလွှတ်ပြီး စာပေးလိုက်တယ်။ ငါက ကျန်နန်မှာ
နေတာကိုး၊ စာထဲမှာက သူ့မှာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့
မလာနိုင်ဘူးဆိုတာ အကြောင်းကြားတာပဲ"

"ငါလဲ ချိန်းဆိုတဲ့နေရာကို ဘာကြောင့် မလာနိုင်သလဲ
တော သိပ်သိချင်တာနဲ့ စာလာပို့တဲ့သူကို မေးကြည့်လိုက်မိတယ်။
ဒီလူက ယန်လုဆီကို ဘုန်းတော်ကြီးတစ်ပါး ရောက်လာတယ်တဲ့၊

အဲဒီဘုန်းတော်ကြီးရဲ့ မျက်နှာထားက သိပ်ကို အရေးကြီးလေးနက်
ရတယ်တဲ့၊ သူတို့နှစ်ယောက်က အခန်းတံခါးပိတ်ပြီး နှစ်ယောက်
တိတ်တိတ်ကျိတ်ပြီး တိုင်ပင်ဆွေးနွေးနေကြတယ်လို့ ပြောတ

"တကယ်တော့ ဒီအကြောင်းတွေကလဲ ထုတ်ဖော်
သင့်တဲ့ အကြောင်းအရာတွေ မဟုတ်ဘူးဆိုတာ စာပို့တဲ့ ဆက်သ
သူသိပါတယ်တဲ့၊ ဒါပေမယ့် ငါနဲ့ နောင်ကြီးယန်ဟာ သိ
ခင်မင်ရင်းနှီးကြတဲ့သူတွမို့ ထုတ်ဖော်ပြောရခြင်း ဖြစ်ပါတယ်

နိမိတ်ဖတ်အဘိုးအို စကားကို ဖြတ်ထားလိုက်သ
လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီးမှ–

"ဒီအကြောင်း သိရတော့ ကျုပ်သိပ်ကို ထိတ်လန့်သွား
တယ် ကုလောင်စန်း၊ ခင်ဗျား စဉ်းစားကြည့်လေ၊ ရှောင်
ကျောင်းတော်ဟာ သိပ်ကို စည်းကမ်းကြီးတယ်၊ ရှောင်လင်ဘုန်း
ကြီးတွေဟာလဲ ပြင်ပသိုင်းဂိုဏ်းအသီးသီးက သိုင်းသမား
ခွေးရောယှက်တင် မနေတတ်ကြဘူး၊ အခု ဒီဘုန်းကြီးက ဂိုဏ်းချုပ်
ယန်ရဲ့ နေရာကို လာပြီး ဆွေးနွေးတယ်ဆိုတော့ သိပ်ကို စိတ်
စားစရာ ကောင်းနေတာပေါ့ဗျာ"

"အင်း...စိတ်ဝင်စားစရာပါပဲ"

"ကျုပ်လဲ စာလာပို့တဲ့ ကျန်လုဂိုဏ်းသားထဲ သွားတ
ဂြိုဟ်စီးဂြိုဟ်နင်း နက္ခတ်အသွားအလာကို တွက်ချက်ကြည့်မိတ
ဂိုဏ်းချုပ်ကြီးယန်လုရဲ့ အခြေအနေကို တွက်စစ်ကြည့်မိတ
ဘာကိုမှ သဲသဲကွဲကွဲ တွက်ချက်လို့ မရခဲ့ဘူး၊ ဒါကြောင့် စိတ်ထဲ
စနိုးစနောင့်နဲ့ မနေတတ် မထိုင်တတ် ဖြစ်ခဲ့ရတယ်"

ဤမျှအထိ ဘာမှ အထူးအထွေ အကြောင်းအရာ မပ



သဖြင့် ယန်ချွင်မှာ စိတ်သက်သာရာ ရရှိနေသည်။

နိမိတ်ဖတ်အဘိုးအို၏ စကားများ ဟုတ်နိုင်ပါ့မလားဟူသော
ွားလည်း ဝင်လာပြန်သည်။

ကိုချျုယွင်က စိတ်ပါလက်ပါ ဆက်ပြောနေပြန်သည်။

နောက်တစ်နေ့ကျတော့ စာပို့ဆက်သားတစ်ယောက် ထပ်ပြီး
က်လာပြန်တယ်၊ နောင်ကြီးယန်ရဲ့ စာထဲမှာ သူဆီရောက်လာတဲ့
ကြီးအကြောင်း လုံးဝ ပါမလာဘူး၊ သူ့တစ်လသားငယ်ရဲ့
ကွဏာတွေပဲ ထည့်ရေးထားတယ်။ နောက်တော့ အားလုံးသိတဲ့
င်း သူ့သားလေး ပျောက်သွားတယ်။ သူလဲ တာရာတောင်
ထဲမှာ သေသွားတယ်။ အဲဒါတွေကတော့ တကယ့်အဖြစ်
က်တွေပါပဲဗျာ"

ကိုချျုယွင်က လေးနက်စွာ လှမ်းကြည့်လေသည်။

ပြီးမှ တစ်ခွန်းချင်း ဆက်ပြောသည်။

"ဒါကြောင့် ပြောရမယ်ဆိုရင် မင်းစိတ်ထဲမှာ သံသယ
ရင် အဲဒီရှောင်လင်ကျောင်းက ဘုန်းတော်ကြီးကို လိုက်ရှာပါ။
ဘုန်းတော်ကြီးက ငါ့စကားတွေ မှန်၊မမှန် ဟုတ်၊မဟုတ်
သေပြပေးပါလိမ့်မယ်"

ယန်ချွင် ကြက်သီးဖြန်းဖြန်း ထသွားရလေတော့သည်။

နိမိတ်ဖတ်ဗေဒင်ဆရာကြီး ကိုချျုယွင်သည် အကြောင်းမဲ့
ညာမည် မဟုတ်ကြောင်း သူ သိရှိလိုက်လေပြီ။

★ ★ ★

ဖြစ်လို့ သားလို့ မခေါ်ခဲ့တာလဲ၊ သူ့သားအရင်း မဟုတ်လို့ပဲပေါ့"

ယန်ချွင် ဆက်မတွေးရဲတော့ချေ။

တွေးမိသမျှ အကြောင်းအရာတိုင်းက သူ့ဦးနှောက်ကို
ိန်းဒိန်းပင် ထိုးနှက်နေသည်။ သူ့နားထဲတွင် အော်ဟစ်သံများကို
င်ထပ်ကြားနေသည်။

သူ့မျက်နှာတွင် ပြင်းထန်သော ဝေဒနာကို ခံစားနေသည့်
ပ်အယောင်များ ပေါ်လွင်နေသည်။

ယန်ချွင်သည် ကောင်းကင်ထက်သို့ ခေါင်းမော့ကြည့်
က်သည်။

သူ့ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ဖိညှစ်လိုက်သည်။

စိတ်ဝေဒနာ ခံစားနေရသည့် ယန်ချွင်အား ကိုချျံယွင်နှင့်
လောင်စန်းတို့ ကြင်နာစွာ ကြည့်နေမိကြလေသည်။

ထိုစဉ် ယန်ချွင်သည် တစ်ဟုန်ထိုး ပြေးထွက်သွားလေ
တ့သည်။

"ဟိတ်"

သေမင်းချောင်သခင်ကြီး ကုလောင်စန်း ထိတ်လန့်ကာ
တရက် တားလိုက်သည်။

သို့သော် လျှပ်ပြက်သည့်အလား မြန်ဆန်လှန်းသော ယန်ချွင်
မတားနိုင်တော့ချေ။

* * *

အခန်း (၁

## ဘဝမှန် ရှာဖွေ

ယန်ချွင်၏နဖူးပြင်၌ ချွေးများ စို့လာသည်။

ယုံကြည်စိတ်ချစွာ ပြောနေသည့် ကိုချျံယွင်၏ စကားလုံး
က သူ့အသည်းနှလုံးကို အပြင်းအထန် ထိုးနှက်နေသည်။

"ဘာကြောင့်လဲ၊ ငါ့ဆရာက ငါ့ကိုခေါ်ပြီး ရှောင်လင်ကျေ
တော်ကို သွားခဲ့တယ်။ ကျောင်းတော်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သ
လွန်းနေတာကို ငါ သတိထားခဲ့တယ်။ အဲဒီတုန်းက ဆရာတော်
မျက်စိတွေ မှိတ်နေခဲ့တယ်။ ဆရာက ဆရာတော်ကြီးကို မေးခွန်း
အကြိမ်ကြိမ် မေးလျှောက်တယ်။ ဒါတွေဟာ ငါ့ဘဝနဲ့ ပတ်သ
နေတာတွေ များလား။ ငါဟာ ယန်လုရဲ့သားဆိုတာ ဟုတ်ရှော့သ
ငါ့ကိုဆရာက ကလေးဘဝကတည်းက ပြုစုစောင့်ရှောက်ခဲ့ပေ

"သူ...သူ ဘာလုပ်တာ"

ကုလောင်စန်းက စိတ်လှုပ်ရှားစွာပင် ကို့ချုံယွင်ကို မေးသည်

ကို့ချုံယွင်က ခေါင်းကို လေးလေးပင်ပင် ခါယမ်းလိုက်
လျှင်

"သူ သွားပါစေတော့ဗျာ"

"ဘာလဲ၊ သူက ရှောင်လင်ကျောင်းတော်ကို သွား
ဒီကိစ္စ သဲကွဲအောင် မေးမလို့လား"

"တကယ်တော့ ဒီသူငယ်ဟာ သိပ်ကို သနားစရာကောင်း
ကလေးတစ်ယောက်ပါပဲဗျာ"

ကုလောင်စန်းစိတ်ကို လျှော့ကျကာ ထားလိုက်သည်။

"အင်း...နောင်ကြီးကို့ချုံယွင် ပြောတဲ့စကားတွေက ခိုင်
နေတော့ ဒီသူငယ် ဟန်ဆောင်ချင်ပေမယ့်လဲ ဟန်ဆောင်လို့
တော့ဘူး၊ မယုံဘဲနဲ့ မနေနိုင်တော့ဘူး"

ကုလောင်စန်း၏ ပြောကြားချက်ကို ကို့ချုံယွင်က စိ
မသက်မသာဟန်ဖြင့်–

"မယုံကြည်တာ မဟုတ်ပါဘူးဗျာ၊ မယုံ့ဝံ့ ဖြစ်နေတာ
တကယ်ဖြစ်ရပ်အမှန်တွေဆိုတာကို သိလျက်နဲ့ မယုံချင်စိတ် ဝင်
တာပါ"

"ဘယ်လိုလဲဗျ နောင်ကြီးရဲ့၊ ခင်ဗျားစကား အဓိပ္ပာယ်က
တစ်မျိုးပါလား။ ယန်လုဆိုတာ သိုင်းလောကမှာ သစ္စာဘက်တော်သ
တစ်ယောက်အဖြစ် ထင်ပေါ် ကျော်ကြားတဲ့သူပဲ။ သိုင်းပညာရပ်မှာ
တောင်ပိုင်းဝေယိုကွေး၊ မြောက်ပိုင်း ဝေသိမ့်ကိုတို့နဲ့ ယှဉ်နိုင်လော
တဲ့လူ ဖြစ်နေတယ်။ သူ့သားဖြစ်ရမယ်ဆိုရင် တကယ့်ကို ဂုဏ်ယူ



ကောင်းတဲ့ကိစ္စပဲ၊ ဒါကို ဘာကြောင့် ယုံကြည်ချင်စိတ်ဝင်ရမှာလဲ"

ကုလောင်စန်း၏ မျက်နှာက ရှုံ့မဲ့နေသည်။

နိမိတ်ဖတ်အဘိုးအို၏ စကားများအပေါ် သံသယဝင်နေပုံ
လည်းရ၏။

ကို့ချုံယွင်က စဉ်းစားဟန်ပြုပြီးမှ

"ဒီကလေးကို မွေးစားလိုက်တဲ့သူဟာ ယန်လုနဲ့ ပတ်သက်နေ
လိမ့်မယ် ကုလောင်စန်း"

ကုလောင်စန်းသည်တော့မှ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ခင်ဗျား...ခင်ဗျား ဆိုလိုတဲ့သဘောက ဒီကလေးကို
မွေးစားတဲ့သူဟာ ယန်လုရဲ့ ကြီးမားတဲ့ရန်သူ တစ်ယောက်လို့
ဆိုတာလား"

နိမိတ်ဖတ်အဘိုးအို ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ကျုပ် ပြောချင်တာ ဒီသဘောပဲ"

"သြော်...ဒါကြောင့် ဒီသူငယ်ရဲ့ မျက်နှာအမူအရာတွေ
ပျက်နေတာကိုး၊ ဟုတ်ပါတယ်လေ၊ ခင်ဗျားထင်တာ မှန်မှာပါ၊
နို့မို့ရင် ဘာမှ ဒီလောက် စိတ်ထိခိုက်စရာ မရှိပါဘူး"

နိမိတ်ဖတ်အဘိုးအို မျက်မှောင်ကြုတ်လိုက်သည်။

သူ့မျက်နှာက တစ်စုံတရာကြောင့် သုန်သုန်မှုန်မှုန် ဖြစ်နေ၏။

"ဒီနေ့မနက်ခင်းမှာ သူ့နဲ့ ကျုပ်လက်ဝါးချင်း ယှဉ်ကြည့်ခဲ့
ကြသေးတယ်၊ သူ့ရဲ့ ကျင်းချိုအတွင်းအားလှိုင်းတွေက အဆင့်အမြင့်ဆုံး
နေရာကို ရောက်နေပြီ၊ ကျုပ်နဲ့ တန်းတူ၊ ဒါမှမဟုတ် ကျုပ်ထက်တောင်
သာကောင်း သာနေလိမ့်မယ်"

ကုလောင်စန်း ဆတ်ခနဲ ဖြစ်သွားသည်။

နိမိတ်ဖတ်အဘိုးအို ကို့ချုံပွင်ကို အထိတ်တလန့် ကြည့်က

"နောင်ကြီးကို့ရဲ့ သိန်းငှက်လက်သည်းကုတ် တိုက်ကွက် ကျုပ် ကောင်းကောင်းကြီး သိတယ်။ ဒီလူငယ်လေးက ခင်ဗျ လက်ရည်တူ တိုက်ခိုက်နိုင်တယ် ဟုတ်လား"

"ဟုတ်တယ်၊ ဒါကိုတွက်ကြည့်ရင် သူ့ကို ပညာသင်ကြား တဲ့ပုဂ္ဂိုလ်ဟာ အလွန်အစွမ်းထက်တယ်ဆိုတာ ထင်ရှားတယ်၊ က တို့ထက် သာတယ်ဆိုတာ ထင်ရှားနေတယ်"

ကုလောင်စန်းမှာ ထိုစကားကြောင့် မျက်လုံးပြူးသွားသည်

နိမိတ်ဖတ်အဘိုးအိုအား မယုံသင်္ကာအကြည့်ဖြင့် ကြည့် မိ၏။

နိမိတ်ဖတ်အဘိုးအိုက ဆက်ပြောသည်။

"ခင်ဗျား တွက်ကြည့်လေ၊ ကျန်လုဂိုဏ်းသားတွေ ဒီလော ရှိနေလျက်နဲ့ ဝတ်စုံနက် ဝတ်လာတဲ့ သူက ညဘက်ကြီး ဝင်တို ခိုက်သွားတယ်။ လူမရှိတဲ့နေရာလို အလွယ်တကူ ဝင်ရောက်သွ တယ်ဆိုတာ အဲဒီလူရဲ့ သိုင်းပညာ အဆင့်အတန်း သိပ်ကိုမြင့်မား လို့ပဲပေါ့ဗျာ။ ဒါကြောင့်လဲ ဒီလိုတပည့်မျိုးဖြစ်အောင် ပြုစုပျိုးထော လာနိုင်ခဲ့တာပဲပေါ့"

ကုလောင်စန်းမှာ ဘာပြောရမှန်း မသိအောင်ပင် ဖြစ် တော့သည်။

နိမိတ်ဖတ်အဘိုးအိုက သူ့ထင်မြင်ချက်များကို ဆက်ပြော ပြန်သည်။

"အင်း...ဒီဆယ့်ငါးနှစ် အနှစ်နှစ်ဆယ်အတွင်းမှာ ကျန် ဂိုဏ်းချုပ်ကြီး လုပ်ကြခဲ့ရတာဟာ သိုင်းလောကရဲ့ ပဟေဠိကြီးတစ်ခု



ဖြစ်နေတယ်။ သိုင်းလောကတစ်ခုလုံးအတွက် ကြီးမားတဲ့ ပြစ်မှုကြီး တစ်ခု ဖြစ်နေခဲ့ရတယ်။ ဒါတွေဟာ ကျန်လုဂိုဏ်းက လုပ်ဆောင်မယ့် လုပ်ငန်းတွေနဲ့ အစကပတ်သက်နေခဲ့လို့ပဲ"

"အင်း...ဒီနေ့ကတော့ ဘုရားသခင်ရဲ့ ကူညီစောင့်ရှောက်မှု ကြောင့်ပဲ နောင်ကြီးယန်လုရဲ့ သားနဲ့ တွေ့ဆုံခဲ့ကြရတယ်၊ သူကသာ သူ့ဘဝ အစစ်အမှန်ကို ယုံကြည်လက်ခံလာရင် ဘယ်သူဟာ သူ့ ဖခင်ရဲ့ ဌာနချုပ်ကို တိုက်ခိုက်ခဲ့တယ်ဆိုတာ သိလာလိမ့်မယ်၊ သိပ်လျှို့ဝှက်ခဲ့တဲ့ ပြစ်မှုကြီးကို ဖော်ထုတ်နိုင်လာလိမ့်မယ်"

ကုလောင်စန်းက ခေါင်းညိတ်ပြကာ-

"ဟုတ်ပါရဲ့ဗျာ၊ တကယ့်ကို အမှတ်မထင် တိုက်ဆိုင်မှုပါပဲ၊ အခုဆိုရင် အရေးကြီးတဲ့ သဲလွန်စတစ်ခု ကျုပ်တို့ လက်ထဲမှာ ဆုပ်ကိုင်မိနေပြီပေါ့ဗျာ"

"ကဲ...ဒါတွေ ထားလိုက်ကြပါစို့၊ ကျုပ်တို့ ဒီလူငယ် နောက်ကို လိုက်သွားကြရအောင်။ ဘာဖြစ်လာမယ်ဆိုတာကို လိုက်ကြည့်ကြမယ်။ လိုအပ်လာရင် ဘေးပန်းကနေ ဝင်ပြီး ကူညီလို့ ရတာပေါ့"

"အင်း...ဒီအတိုင်းဆိုရင် ကျုပ်တို့ ရှောင်လင်ကျောင်းတော် ကို တစ်ခေါက်သွားကြရဦးမှာပေါ့။ ဒီသူငယ်ပုံစံက ရှောင်လင်ကျောင်း ကို ပြေးမယ့်ပုံစံပဲ"

နောင်ကြီး ကုလောင်စန်းက အားပါးတရ ရယ်မော လိုက်သည်။

"ဒီလေးငါးနှစ်အတွင်းမှာ ကျုပ်ကောင်းကောင်း အနားယူ နေခဲ့တယ်။ ဒါပေမယ့် အခုဟာက နောင်ကြီးယန်ရဲ့ကိစ္စဖြစ်တော့

ဘာငြင်းနေစရာ ရှိတော့မှာလဲ၊ ကျုပ်မှာ ဘယ်လောက်ပဲ အရေးကြီး
ကိစ္စတွေ ရှိနေရှိနေ လိုက်ရမှာပေါ့ဗျာ၊ ဓားပင်လယ်ပဲ ဖြတ်
ဖြတ်ရ၊ မီးကန္တာရကိုပဲ ကျော်ရကျော်ရ ဖြစ်ပါတယ်"

"အင်း... ခင်ဗျားရဲ့ စိတ်ဓာတ်ကတော့ လေးစားလောက်
ပေတယ်ဗျာ၊ တမလွန်ဘဝက နောင်ကြီးယန်သာသိရင် ခင်ဗျား
ဘယ်လောက် ကျေးဇူးတင်မလဲ မသိဘူး"

နိမိတ်ဖတ်အဘိုးအို၏ မျက်လုံးများသည် ရုတ်တရ
ညိုမှိုင်းသွား၏။

မျက်ဝန်းရိပ်ထဲတွင် ယန်လု၏ ရုပ်ပုံလွှာများ ပေါ်လာသည်

သူရော ကုလောင်စန်းပါ ဂိုဏ်းချုပ်ကြီးယန်လုကို ချစ်
လေးစားကြသည် မဟုတ်ပါလော။

ကုလောင်စန်းက သူ၏ သားဖြစ်သူကို မှာကြားစရာမျာ
မှာကြားသည်။

ပြီးနောက်-

"ကဲ...ကျုပ်တို့ အခုချက်ချင်းပဲ သွားကြရအောင်"

ကိုချျုယွင်ကို နှိုးဆော်လိုက်၏။ ကိုချျုယွင်လည်း ဘာ
ထပ်မပြောတော့ဘဲ သူနှင့်အတူ ပခုံးချင်းယှဉ်ကာ ထွက်လာခဲ့သည်

သူတို့၏ ခြေလှမ်းများက ရှောင်လင်ကျောင်းတော်ဆီသို
ဦးတည်နေ၏။

နှစ်ပေါင်းတစ်ရာအတွင်း မကြုံစဖူး ကြုံလျက် အခြေပျက်
နေရှာသော ရှောင်လင်ကျောင်းတော်၏ အဖြစ်ပျက်ကို မသိရှိဘဲ
သူတို့ ပြေးလွှားလျက် ရှိနေကြလေ၏။

★ ★ ★

အခန်း (၁၇၁)

## အပြေရှာသည့် ခရီးသည်နှစ်ဦး

ဆောင်းဦးရာသီဖြစ်၍ လေက စိမ့်အေးနေ၏။ ကြည်လင်
သော ကောင်းကင်ယံတွင် တိမ်ဖြူဇာသားကလေးများကို ပါးပါးရေး
ရေး မြင်နေရသည်။

မြစ်ဝါမြစ်ဝှမ်းဒေသ၏ သာယာပုံများက ရင်ခွေးစရာ
ကောင်းလှပေသည်။

စိမ်းစိုခြင်းနှင့် ဝါကျင့်ကျင့်တို့ ရောပြွမ်းနေသဖြင့် ဆေးရောင်စုံ
ချီကားကဲ့သို့ လှပနေလေ၏။

ထိုသာယာသောကောင်းကင်နှင့် ပတ်ဝန်းကျင်ကို မခံစား
သူ နှစ်ယောက်ကား ရှိနေ၏။

လမ်းမကြီးအလယ်တွင် အေးခြင်း၊ ပူခြင်း၊ စောခြင်း

နောက်ကျခြင်း ဟူသော စိုးရိမ်မှုများက တစ်စုံတစ်ခုအပေ [illegible] အာရုံစိုက်နေကြ၏။

ထိုနှစ်ယောက်ကား ချန်ပိုင်ဖုန်းနှင့် ပိုင်ထက်ကျင်း [illegible] တည်း။

သူတို့နှစ်ဦးစလုံးက နွမ်းနယ်ပုံ မရသော်လည်း ခရီး [illegible] လာခဲ့ကြသူများဖြစ်ကြောင်း သိသာလှသည်။

ပိုင်ထက်ကျင်းက ချန်ပိုင်ဖုန်းအား–

"ဒီမနက်တော့ ကျွန်တော်တို့ တစ်နေရာရာမှာ အနား [illegible] ကြရင်ကောင်းမယ် ဆရာကြီး"

"အေး…ကောင်းသားပဲ၊ မြို့ထဲရောက်ဖို့ သိပ်မလိုတော့ [illegible] တည်းခိုရိပ်သာ တစ်ခုခုကို ဝင်ပြီး အနားယူကြတာပေါ့"

သူတို့နှစ်ယောက်သည် ကျိုးကုံမိန်ထံမှ မန်ချူးမင်း [illegible] အာကူရန်ထံသို့ ပေးပို့လိုက်သောစာကို ယူဆောင်လာကြ [illegible] ဖြစ်သည်။

မန်ချူးပြည်သို့ ရောက်လျှင် လျှို့ဝှက်ပြဿနာကြ [illegible] သိရတော့မည်ဟု သူတို့ နားလည်ထားကြ၏။

ထို့ကြောင့် စိတ်ဆန္ဒစောကာ ခရီးပြင်း နှင်လာကြ [illegible] ဖြစ်သည်။

ယခု သူတို့ရောက်ရှိနေသော နေရာမှာ တရုတ်ပြည်မြော [illegible] ပိုင်းနှင့် တောင်ပိုင်း ဆက်သွယ်ရာ နယ်စပ်တစ်နေရာဖြစ်၏ [illegible]

တောင်နှင့်မြောက် လမ်းဆုံနေရာဖြစ်သဖြင့် လူသွားလူ [illegible] ရှုပ်ထွေးစည်ကားလျက် လူပေါင်းစုံ ခရီးသည်ပေါင်းစုံတို့ကို တွေ့ [illegible] ပေသည်။



ပိုင်ထက်ကျင်းက–

"ထမင်းအိုးတစ်လုံးချက်လောက် သွားမိရင် မြို့ကို ရောက် [illegible] တော့မှာပဲ။ အဲဒီမှာ လမ်းဆုံတစ်ခုရှိတယ်။ အနောက်ဘက်သွားတဲ့လမ်း [illegible] တိုင်း လျှောက်လိုက်သွားရင် ရှောင်လင်ကျောင်းတော်ကို ရောက်ပြီ၊ [illegible] လမ်းကိုတော့ ကျွန်တော်ကိုယ်တိုင် သွားခဲ့ဖူးတယ်"

ပိုထက်ကျင်းက ခရီးစဉ် အခြေအနေကို ရှင်းပြသည်။ [illegible] ပိုင်ဖုန်း ခေါင်းညိတ်ပြ၏။

ထို့နောက်–

နှစ်ယောက်သား စကားမပြောကြဘဲ ဆက်လျှောက်လာကြ [illegible] သည်။

တစ်ခဏမျှ လျှောက်မိလျှင်ပင် မြို့ငယ်လေးတစ်မြို့ကို [illegible] မ်းမြင်လိုက်ရသည်။

မြို့ထဲသို့ဝင်ပြီး အသင့်အတင့်ကောင်းမွန်သော စားသောက် [illegible] ဆိုင်၌ ဝင်ထိုင်ကြလေ၏။

ထို့နောက် အရက်နှင့် ဟင်းလျာများ မှာယူစားသောက် [illegible] ကြ၏။

ဆိုင်တစ်ဆိုင်လုံးတွင် သူတို့နှစ်ယောက်တည်းသာ ရှိနေသဖြင့် [illegible] အားကို လွတ်လပ်စွာ ပြောဆိုနိုင်ကြလေသည်။

* * *

ချန်ပိုင်ဖုန်းသည် အတိတ်အဖြစ်အပျက်များ၊ ပစ္စုပ္ပန် အဖြစ် [illegible] ပျက်များကို ဆက်စပ်စဉ်းစားနေ၏။

သူ့ဆောင်ရွက်ချက်များ မည်မျှ အရာရောက်မရော
လည်း ဆန်းစစ်နေ၏။

ထိုစဉ် ပိုင်ထက်ကျွင်းက ရုတ်တရက် ပြောလာလေ
"ဆရာကြီး ကျွန်တော့်စိတ်ထဲမှာ အရိုးစွဲနေတာ တ
တယ်"

"ဘာလဲ၊ ဘာတွေကို စွဲမြဲနေလို့လဲ"

ပိုင်ထက်ကျွင်းသည် လက်ကျန်အရက်ကို ကောက်
လိုက်သည်။

နှုတ်ခမ်းထောင့်စွန်းတွင် စီးကျလာသော အရက်အ
များကို လက်ခုံဖြင့် ပွတ်သုတ်လိုက်၏။

"ပထမဆုံး ရှင်းရမယ့် ပြဿနာက လောဟန်စီကျော
လို့ ထင်ပါတယ်"

"ဘာကြောင့်လဲ၊ ရှင်းစမ်းပါဦး"

"လော်ဟန်စီ(ဗြဟ္မကျော်) ကျောက်ပြားက သုံးချ
တယ်။ ရှောင်လင်ကျောင်းတော်က လောဟန်စီကိုတော့ ဘုန်း
တစ်ပါးက ပွေ့ယူပြီး ရေထဲခုန်ဆင်းသွားတယ်၊ နောက်တစ်ချပ်က
ဟူတန်းတောင်ပေါ်မှာ မြင်ခဲ့ရတယ်။

"ကျန်တဲ့တစ်ချပ်က ကျွန်တော်နဲ့ ညီလေး ချန်ပိ
နှစ်ယောက် မြင်ခဲ့ရပြန်တယ်။ အဲဒီမှာ မုခ်ဦးလို့ ကမ္ပည်းရေးထိုးထ
ကျိုးကုံမိန် တာ့မင် မင်းဆက် ဆယ့်တစ်နှစ် လို့လဲ ရေးထားတ
(မုခ်ဦး) ကွမ်း ဆိုတာက ဘာကို ဆိုလိုသလဲ ဆိုတာ မသ
ကျိုးကုံမိန်နဲ့ ပတ်သက်နေတာကိုတော့ နားလည်ခဲ့ပြီ"

ပိုင်ထက်ကျွင်း စကားရပ်တန့်သွားသည်။



ချန်ပိုင်ဖုန်းသည် သုံးလေးရက် ဆက်တိုက် မြင်မက်ခဲ့သော
မက်များကို ပြန်လည်မြင်ယောင်လာရသည်။

တစ်ကိုယ်လုံး သွေးဖုံးနေသော အဘိုးအိုက သူ နင်းထား
ည်မြို့ရိုးကို လက်ညှိုးထိုး ညွှန်ပြခဲ့သည်။

ပိုင်ထက်ကျွင်း၏ စကားသံများက ချန်ပိုင်ဖုန်း၏ အတွေး
းကို ဖြတ်တောက်ပစ်လိုက်၏။

"ဒုတိယအချက် ပြောချင်တာကတော့ ကျွန်တော့်မွေးစား
င်ကြီး ယန်လု သေဆုံးခဲ့ရတာရယ်၊ ကျိုးကုံမိန် ထွက်ပေါ်လာ
ရယ်၊ ဘယ်လိုဆက်စပ် ပတ်သက်နေသလဲ ဆိုတာပဲ"

ချန်ပိုင်ဖုန်း ခေါင်းညိတ်ပြလိုက်သည်။

ပိုင်ထက်ကျွင်းက စိတ်ပါဝင်စားစွာ ဆက်ပြောပြန်သည်။

"တတိယအချက်ကတော့ ဘုန်းကြီးနှစ်ပါးနဲ့ ပတ်သက်
တယ်"

"ဘုန်းကြီးနှစ်ပါး ဟုတ်လား၊ ထားပါတော့၊ တစ်ပါးက
န်းကြီးရှူး၊ နောက်တစ်ပါးက ဘယ်သူလဲ"

"ဝေသိမ့်ကိုနဲ့ လောင်းကြေးစားကြေး လုပ်တာ ရှုံးနိမ့်တာနဲ့
န်တော့်ဖခင်ကြီးကို တိုက်ခိုက်တားဆီးခဲ့တယ် ဆိုတဲ့ တာရာ
ာင်ကြားက ဘုန်းကြီးပေါ့"

ချန်ပိုင်ဖုန်း သက်ပြင်းချလိုက်၏။

"အင်း...ဟိုအရင်ကိစ္စတွေကို တစ်စစီတစ်စစီ တစ်ခုချင်း
ာက်ချက်ဆွဲ ဖော်ထုတ်သလို ဖြစ်နေပြီ။ ဒါပေမယ့် ခက်တာက
လွန်စတွေက လုံးဝပြန့်ကျဲနေတော့ တစ်ပေါင်းတစ်စုတည်း ဖြစ်
ာင် ကောက်သင်းကောက် စုစည်းဖို့ဆိုတာ အချိန်ယူမှ ဖြစ်မှာပဲ"

"ဘာပဲဖြစ်ဖြစ်လေ၊ အခုဆိုရင်ပဲ ကျွန်တော်တို့ အ[illegible]
ကလေး အခြေအနေ ကောင်းနေပါပြီ။ မန်ချူးနယ်ထဲ ရောက်ပြီး[illegible]
အဖြေမှန်ကို သိရတော့မှာပါပဲ။ အဓိကတရားခံဟာ ဝေသိမ့်ကို[illegible]
လွဲလို့ တစ်ခြားလူ မဖြစ်နိုင်ဘူးဆိုတော့ ကျွန်တော်တို့အဖို့ သဲလွ[illegible]
လိုက်ရတာ သိပ်မခက်လှပါဘူး။ နောက်ပြီး သူကိုယ်တိုင်[illegible]
ကျွန်တော်တို့ကို အပြင်းအထန် လုပ်ကြံနေတာ၊ ကျွန်တော်တို့[illegible]
ခြေရာကောက်ရတာ ပိုလွယ်နေတာပေါ့"

ပိုင်ထက်ကျွင်းက ဝေသိမ့်ကိုအား အနိုင်အမာပင် စွပ်စွဲ[illegible]
ဆိုနေ၏။

ချန်ပိုင်ဖုန်းက တွေးတွေးဆဆ လေသံဖြင့်–

"အင်း...ဒီကိစ္စတွေထဲမှာ ငါဟာ အဓိကသားကော[illegible]
ဖြစ်ခဲ့ရတာပေါ့ကွာ"

"လူတွေက အထင်လွဲနေကြလို့ ဆရာကြီးဟာ ကိုယ့်ကိုယ်[illegible]
လော့ယင်းတပ် ဘုရားကျောင်းပျက်ကြီးထဲမှာ အကျဉ်းချပစ်ခဲ့[illegible]
ကိစ္စလား"

"ဒါလဲ အချက်တစ်ချက်ပဲပေါ့ကွာ"

ပိုင်ထက်ကျွင်း တစ်ခဏမျှ ငိုင်သွားသည်။

ပြီးမှ–

"ဒီအကြောင်းကို ကျွန်တော်အစအဆုံး မသိခဲ့ရဘူး၊ တစ်ဝက်[illegible]
တစ်ပျက်လောက်ပဲ သိတတ်ပါတယ်"

ချန်ပိုင်ဖုန်းက လက်ဝါးယမ်းပြလိုက်ပြီး–

"ဒါတွေက ပြောဖို့ စောနေပါသေးတယ်ကွာ။ ငါ့ရင်ထဲမှာ
အနှစ်နှစ်ဆယ်လောက် မျိုသိပ်ထားခဲ့ရတာပါ။ တကယ့်ဖြစ်ရပ်မှန်တွေ



[illegible]ပေါက်မချင်း ဘာမှ ထုတ်ဖော်မပြောချင်သေးပါဘူး"

ပိုင်ထက်ကျွင်း မတတ်သာဘဲ စကားလမ်းလွှဲပြောရတော့
[illegible]သည်။

"ဒါဖြင့်ရင် ကျန်တဲ့အချက်အလက်တွေကော"

"ငါ့ညီတော် ကျော်ပိုင်ချူး လော့ယင်းတပ်ဘုရားကျောင်း
[illegible]က်ကြီးထဲ ဇွတ်အတင်း ဖြတ်ဝင်လာခဲ့တဲ့ကိစ္စ ရှိသေးတယ်"

ပိုင်ထက်ကျွင်း လန့်သွား၏။

"ဆရာကြီး ကျော်ပိုင်ချူးက ဘာဖြစ်လို့ ဇွတ်ဝင်လာရတာလဲ
[illegible]ယ်သူတွေက တားလို့လဲ"

"အဲဒီအချိန်တုန်းက ငါနဲ့ ကျော်ပိုင်ချူးတို့ တစ်နေရာစီ
[illegible]စ်နေတယ်။ ငါက ကျန်လုဂိုဏ်းဌာနချုပ်မှာ သူ့ကို စောင့်နေခဲ့တယ်။
[illegible]ရက်ကြာတဲ့အထိ သူ မရောက်လာခဲ့ဘူး၊ နောက်ပိုင်းကျတော့
[illegible]တ်ခေတ်ကျပြီး ငါဟာ လော့ယင်းတပ်ဘုရားကျောင်းပျက်ထဲ
[illegible]ရောက်နေပြီ။ ကျိုတာကျန်တို့၊ ဟိုကြည်ဖန်တို့ ရသေ့ကြီးထန်ရှန်း
[illegible]တို့ကလဲ ငါဟာ ကျန်လုဌာနချုပ်ကို တိုက်ခဲ့တဲ့လူလို့ အထင်မှားပြီး
[illegible]လော့ယင်းတပ်ဘုရားကျောင်းပျက်ကို လာဝိုင်းနေကြတယ်"

"အဲဒီအချိန်မှာ ကျော်ပိုင်ချူး ရောက်လာလို့ အဲဒီ
[illegible]သုံးယောက်နဲ့ တိုက်ခဲ့ကြတာပဲ။ သူလဲ အားပြတ်ပြီး လဲကျသွားတယ်။
[illegible]ငါကပဲ သူ့အသက်ကို ပြန်ပြီး ကယ်တင်ပေးခဲ့ရတယ်။ အဲဒီ အခါ
[illegible]တုန်းက သူ့ပါးစပ်က တတွတ်တွတ်ရွတ်နေခဲ့တာ တစ်ခုရှိတယ်။
[illegible]ကြီးညီအမိန့်ပေးတံဆိပ် မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း ဆိုတဲ့
[illegible]စကားလုံးတွေပဲ"

ချန်ပိုင်ဖုန်း အရက်တစ်ခွက်ကို ထပ်ငှဲ့ကာ ကောက်မော့

သောက်ချလိုက်သည်။

ပိုင်ထက်ကျွင်းက စိတ်ဝင်တစား နားထောင်နေလေသည်

* * *

"ငါ့ရဲ့ ကုသပေးမှုကြောင့် ကျော်ပိုင်ချူး ကျန်းကျန်းမာ
ပြန်ဖြစ်လာတယ်။ အဲဒီတော့မှ သူ့ကို ငါနဲ့ခွဲခဲ့ရတဲ့ နောက်ပိုင်းဖြစ်ခဲ့ရ
အဖြစ်ပျက်တွေ ပြန်မေးကြည့်တယ်။ သူကိုယ်တိုင်လဲ ရေရေရာ
ရှင်းမပြနိုင်ဘူး။ သူ့လဲ အပြစ်တင်လို့ မရပါဘူး။ အခြေအနေတွေက
သိပ်ရှုပ်ထွေးနေတာကိုး။ ဒါကြောင့် ငါလဲ ထပ်မေးမနေတော့ပါဘူး"

ပိုင်ထက်ကျွင်းက ခေါင်းညိတ်ပြလိုက်သည်။

"သူ့အလှည့်ဖြား အလိမ်ညာခံလိုက်ရတယ်လို့တော့ သူကိုယ်
တိုင် ပြောတာကို ကျွန်တော်ကြားမိပါတယ်။ ဒါကြောင့် ကျွန်တော်တို့
အခက်အခဲတွေ့နေတာလို့ သူကပြောတယ်၊ အဲဒါ ဒီကိစ္စကို ဦးတည်ပြီး
ပြောတာ ဖြစ်မှာပါပဲ"

ချန်ပိုင်ဖုန်း သက်ပြင်းချလိုက်သည်။

"အချိန်ကျလို့ မျက်နှာစုံလူစုံ ဖြစ်ပြီဆိုရင် ဝေသိမ့်ကို
အနေနဲ့ လိမ်ညာလို့ မရတော့ဘူးဆိုတာ ငါ ယုံကြည်နေတယ်"

"အင်း…ဝေသိမ့်ကို ဆိုတာကလဲ တကယ့်ကို ထူးချွန်ထက်
မြက်ပြီး တစ်ခေတ်တစ်ယောက် ဆိုလောက်တဲ့ ပုဂ္ဂိုလ်မျိုးပဲ၊ သူ့အကြံ
အစည်တွေ ခန့်မှန်းလို့ မရနိုင်ဘူး။ ပထမ ကျွန်တော့်ကို လုပ်ကြံဖို့
ကြိုးစားတယ်။ ကြိုးစားပြီးတာနဲ့ ကျွန်တော်ဟာ စင်းတာ့ဝမ်ရဲ့
လက်ချက်ကြောင့် သေခဲ့ပြီလို့ ကောလာဟလ သတင်းလွှင့်ထုတ်ခဲ့



တယ်။

"ကျွန်တော်နဲ့ပတ်သက်ရင် ကျွန်တော့်ဆရာက သည်းခံခွင့်
တ်မှ မဟုတ်ဘူးဆိုတာကို သူ သိထားတယ်လေ။ ဒါ့ကြောင့်
ျွန်တော့်ဆရာအဖြစ် သူကိုယ်တိုင် ဟန်ဆောင်မယ်၊ စင်းတာ့ဝမ်ကို
ူကိုယ်တိုင် သတ်ဖြတ်မယ်။ နောက်ပြီး ရှောင်လင်နဲ့ ဟူတန်းဂိုဏ်း
ွကိုလဲ ထပ်ချေမှုန်းမယ်။ တကယ့်ကို အကြံကြီးကြံတဲ့ လူပါပဲ
ရာကြီးရယ်"

"အင်း…မင်းပြောတာကို ငါ သဘောတူပါတယ်ကွယ်၊
င်းတာ့ဝမ်ဆိုတဲ့ လူက သိပ်ယုံလို့ရတာ မဟုတ်ဘူး။ ထူမုရဲတိုက်
ရေးအခင်းနဲ့ တာရာတောင်ကြား လုပ်ကြံမှုကိစ္စဟာ သူက
ခိကျတဲ့ လူတစ်ယောက် ဖြစ်နေနိုင်တယ်။ ဝေသိမ့်ကိုက သူ့ကို
လွှန်အမင်း သတ်ချင်ဖြတ်ချင်နေပုံထောက်ရင်တော့ ဒီပြဿနာထဲမှာ
ဝေသိမ့်ကိုကော စင်းတော့ဝမ်ကော နှစ်ယောက်စလုံး ပါနေတယ်ဆိုတာ
သချာသလောက် ဖြစ်နေတယ်။ ဒါကြောင့် ဝေသိမ့်ကို သူတို့က
တ်ပိတ်ချင်နေတာပေါ့"

ပိုင်ထက်ကျွင်းက–

"ဟိုတစ်ခါ ကျွန်တော်တို့ တွေ့ခဲ့တဲ့ ဘုန်းတော်ကြီးကလဲ
ျွန်တော့်မွေးစားဖခင်ကြီးရဲ့ နောက်ကျောကို စင်းတာ့ဝမ်က
က်ဝါးနဲ့ အလစ်ဝင်ရိုက်ချခဲ့တယ်လို့ ပြောတယ်မဟုတ်လား"

"အင်း…ဟုတ်တယ်"

"ဒီကိစ္စကို စင်းတာ့ဝမ်က အကျောက်အကန် ငြင်းဆိုပေ
ယ့် နောက်ဆုံးကျတော့ ခြေရာဖျောက် ထွက်ပြေးခဲ့ရတာပဲ မဟုတ်
ား။ အခုလုပ်ရမယ့် စာပို့ကိစ္စပြီးရင်တော့ ကျွန်တော့်အနေနဲ့

စင်းတာ့ဝမ်ကို လိုက်ရှာပြီး အဲဒီကိစ္စကို ရှင်းပစ်လိုက်ချင်တယ်၊ အမှန်တွေ သိထားလိမ့်မယ်လို့ ထင်တယ်"

ချန်ပိုင်ဖုန်း ခေါင်းညိတ်ပြသည်။

စားပွဲထိုးက နောက်ထပ် မှာထားသော ဟင်းလျာ... လာရောက်ပို့သဖြင့် စကားမပြောသေးဘဲ စားသောက်လိုက်ကြသ...

ပိုင်ထက်ကျွင်းရော ချန်ပိုင်ဖုန်းပါ အရက်သောက်နိုင်... ရှိနေကြသောကြောင့် အရက်နှစ်ပိုသသာမှာ တစ်ခဏချင်းမှာ... ကုန်သွားသည်။

နောက်ထပ် ရောက်လာသော်အရက်ကို သောက်နေ... ဆိုင်အပြင်ဘက်မှ မြင်းခွာသံများ ကြားလိုက်ရသဖြင့် ချန်ပိုင်ဖုန်းသ... ဆိုင်အပြင်သို့ လှမ်းကြည့်လိုက်လေ၏။

မြင်းနှစ်စီး ဆိုင်ရှေ့သို့ ရောက်လာသည်။

ထိုနှစ်ယောက်အနက်မှ ညသာဘက်ကလူကို သူဖျတ်... မြင်လိုက်ရသည်။

ထိုသူကို မြင်လိုက်ရသောအခါ ချန်ပိုင်ဖုန်းရင်ထဲ ထိတ်... ဖြစ်သွား၏။

ထိုနှစ်ယောက်၏ အမူအရာမှာ သူတို့စားနေသည့်ဆိုင်... ဝင်လာမည့်ပုံစံမျိုး ဖြစ်နေသဖြင့် အစေခံလူငယ်ကို ချက်ချ... လှမ်းခေါ်လိုက်လေ၏။

"အနားယူဖို့ အခန်းတစ်ခန်း အမြန်ဆုံး လုပ်ပေးစမ်းပါ"

ပိုင်ထက်ကျွင်းသည် အတွေ့အကြုံ များသူဖြစ်၍ တစ်... တစ်ရာ အရေးကြီးလာပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။ ထို့ကြော... ဝံခါးမကြီးကို ကျောပေးထိုင်လိုက်၏။



ဝင်လာသူများ သူ့ရုပ်ကို မမြင်စေရန် ကာကွယ်ပေးလိုက်ခြင်း...သည်။

ချန်ပိုင်ဖုန်း ယူဆသည့်အတိုင်းပင် ထိုခရီးသည် နှစ်ယောက် ...ဆိုင်ထဲသို့ ဝင်လာကြလေ၏။

ချန်ပိုင်ဖုန်းသည် ရုတ်ခနဲ မတ်တတ်ထရပ်လိုက်ပြီး အစေခံ ...သ်စီစဉ်ပေးသော အခန်းထဲသို့ ဖျတ်လတ်လျင်မြန်စွာ လျှောက်ဝင်...သည်။

ပိုင်ထက်ကျွင်းလည်း ထက်ကြပ်မကွာ ပါရှိသွားလေ၏။

★ ★ ★

**အခန်း (…**

## သားနှစ်…

ချန်ပိုင်ဖုန်းသည် အခန်းတံခါးကို ညင်သာစွာ ပိတ်လိုက်…

"အင်း..တော်တော်တော့ အံ့သြစရာကောင်းတာပဲ…

ပိုင်ထက်ကျွင်းသည် ချန်ပိုင်ဖုန်း ဆက်ပြောမည့်စကား… ဆက်၍ ကြားလိုသဖြင့် စကားထောက်ပေးလိုက်သည်။

"ဆရာကြီးက သူတို့ကို သိနေတယ်လို့ ကျွန်… ထင်ပါတယ်"

ချန်ပိုင်ဖုန်း ခေါင်းညိတ်ပြ၏။

အတန်ကြာမျှ စဉ်းစားနေသည်။

ပိုင်ထက်ကျွင်းသည် အနှောင့်အယှက် မပေးလို… ငြိမ်၍ နားထောင်နေမိသည်။



"သူတို့နှစ်ယောက် ရောက်လာတာ သိပ်ထူးဆန်းနေတယ်"

ချန်ပိုင်ဖုန်းသည် သူ့ဘာသာသူ တီးတိုးရေရွတ်နေသည်။

ချန်ပိုင်ဖုန်းက ပိုင်ထက်ကျွင်းအား ပြောသည်။

"သူတို့နှစ်ယောက်ကိုကြည့်တာ ခရီးဝေးကြီးက လာခဲ့ကြ…ယ်"

"ဟုတ်ပုံရပါတယ်ဆရာကြီး၊ သူတို့တွေ ဘယ်သူတွေများလဲ…၊ ထိပ်တန်းသိုင်းဆရာကြီးတွေ ဆိုတာတော့ ကြည့်ရုံနဲ့…ပါတယ်"

ချန်ပိုင်ဖုန်း မျက်နှာညှိုသွားသည်။

"ငါ့မိတ်ဆွေဟောင်းတွေပဲပေါ့၊ သူတို့နှစ်ယောက်စလုံး…လာကထဲမှာ တိမ်မြုပ်ခြေရာပျောက်နေတာ ကြာခဲ့ပြီ။ အဲဒီ…ယောက်ထဲမှာ သိုင်းလောကသားတိုင်းလိုလိုက ကြောက်လန့်…တဲ့သူ တစ်ယောက် ပါလာတယ်။ သူ့ကို သေမင်းချောင်သခင်ကြီး…ခေါ်ကြတယ်"

ပိုင်ထက်ကျွင်းက တအံ့တသြ မေးမိသည်။

"ကုလောင်စန်းလား"

"ဟုတ်တယ်၊ မင်းကလဲ သူကို သိထားသလား"

ပိုင်ထက်ကျွင်း ခေါင်းညိတ်ပြလျက်–

"ကျွန်တော့်ဆရာ ပြောပြလို့ သိထားဖူးပါတယ်။ သူဟာ…ပ်ဘုရင်လို့လဲ ပြောတယ်။ လူတွေက သူ့ကို မသိရ မမြင်ရဘဲ…တ်မှထင် အသတ်ခံရတတ်တယ်လို့လဲ ပြောတယ်"

"နောက်တစ်ယောက်ကိုကော မင်း သိလား"

"ဟင့်အင်း မသိပါဘူး"

"အေး...သူ့ကိုတော့ သိုင်းလောက သိုင်းသမား နိမိတ်ဖတ်အဘိုးအိုလို့ ခေါ်တယ်"

ပိုင်ထက်ကျွင်းသည် ထိုနာမည်ကိုလည်း ကြားဖူး ဆုံတွေ့ဖူးခြင်းတော့ မရှိပါချေ။

ချန်ပိုင်ဖုန်းက–

"မင်းရဲ့ မွေးစားဖခင်ကြီး ယန်လုရဲ့ နိမိတ်ဖတ်အဘိုး တော်တော်ပဲ ရင်းနှီးခင်မင်ကြတယ်ကွ။ သူငယ်ချင်းတွေ ဖြစ်နေတာ"

"အခု ဆရာကြီးနှစ်ယောက်က ဂိုဏ်းတူညီအစ်ကိုတွေ လားခင်ဗျာ"

ချန်ပိုင်ဖုန်း ခေါင်းခါ၏။

"ဘယ်ကလာ၊ သူတို့နှစ်ယောက်က ရန်သူတွေ မဟုတ်ပါဘူး။ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် သိပ် တာတော့ မဟုတ်ဘူး။ အငြင်းသိပ်သန်တယ်ကွ။ ဘာဖြစ်လို့ နှစ်ယောက် အတူတူ လာတယ်ဆိုတာ ငါ တွေးလို့ မရသေး တကယ်တော့ သူတို့ဟာ တွဲဖက်တွေ မဟုတ်ဘူး"

ပိုင်ထက်ကျွင်းသည် ချန်ပိုင်ဖုန်းက ရေနှင့် မီး တွဲစပ်လာ ဆိုသကဲ့သို့သော သဘောမျိုး ပြောနေသဖြင့် နားမလည်နိုင်

ချန်ပိုင်ဖုန်းလို ဗဟုသုတ အကြားအမြင်များသည့် တစ်ယောက်ပင် တွေးမရသည့်ကိစ္စကို သူလည်း မစဉ်းစား တော့ပေ။

အတန်ကြာမှ ပိုင်ထက်ကျွင်းက မေးသည်။

"ဆရာကြီးက ဘာဖြစ်လို့ ဒီအခန်းထဲဝင်ပြီး ရှောင်



လဲ၊ မျက်နှာချင်းမဆိုင်ချင်လို့လား"

"ဟုတ်တယ်၊ အခုချက်ချင်း လောလောဆယ် သူတို့နဲ့ တွေ့ချင်သေးဘူး"

"သူတို့ဟာ သိုင်းလောကထဲက အနှစ်နှစ်ဆယ်လောက် နီး ပျောက်ကွယ်နေကြတဲ့သူတွေဆိုတော့ ထူးခြားမှု တစ်ခုခုရှိမှာ ကိန်းသေပဲ။ ဒါကြောင့် အကျိုးအကြောင်း မသိသေးဘဲ အတွေ့အမြင် ခံချင်တာကွ"

ပိုင်ထက်ကျွင်းက ခေါင်းညိတ်ပြလိုက်ပြီး–

"ကျွန်တော်တို့ ဘာဆက်လုပ်ကြရမလဲ၊ ဒီအတိုင်းပဲ အခန်း အောင်းနေရမှာလား"

ချန်ပိုင်ဖုန်း ခဏမျှ စဉ်းစားနေလိုက်ပြီးမှ–

"ငါ့သဘောကတော့ အခုဒီအထဲမှာပဲ ခဏလောက် အနား ယူလိုက်မယ်။ ခရီးမဆက်ကြသေးဘဲ နေမယ်။ သူတို့ အခြေအနေကို စောင့်ကြည့်မယ်လို့ စိတ်ကူးထားတယ်"

"ဒါဆိုရင် သူတို့နဲ့ တစ်နည်းတစ်ဖုံ အကြောင်းရှာပြီး ဆက်ရင် ကောင်းမယ်နဲ့ တူတယ်"

"အင်း...သူတို့နဲ့ မင်းနဲ့က မသိကြ မကျွမ်းကြတဲ့သူတွေ ဆိုတော့ မင်းက အစားအသောက်လာစားတဲ့ ခရီးသည်ပုံစံမျိုးနဲ့ သူတို့နဲ့ အနီးဆုံးစားပွဲမှာ သွားစားရင် သူတို့ပြောတဲ့ တစ်စွန်း တစ်စကိုတော့ မင်း ကြားမှာပဲ"

ပိုင်ထက်ကျွင်း ခေါင်းညိတ်ပြ၏။

"ကောင်းပါပြီ၊ တကယ်လို့ အရေးရယ်၊ အကြောင်းရယ် ဖြစ်လာရင် ကျွန်တော် ပန်းကန်တွေ ခွဲပစ်လိုက်မယ်။ ဒီတော့မှ

ဆရာကြီး ထွက်လာပြီး ကျွန်တော့်ကို အကူအညီပေးပေါ့"

ပိုင်ထက်ကျွင်းသည် အခန်းတံခါးကို ဖွင့်လိုက်၏။

ချန်ပိုင်ဖုန်းက အရေးကြီးသော စကားတစ်ခွန်း မှာကြားသည်။

"ကုလောင်စန်းရဲ့ လှုပ်ရှားမှုကို သတိထားနော်၊ သူ အမှတ်မထင် လူသတ်တတ်လွန်းလို့ ကြောက်စရာ သိပ်ကောင်းတယ်

"ဟုတ်ကဲ့၊ ကျွန်တော် သတိရှိပါ့မယ်"

ပိုင်ထက်ကျွင်းသည် သူ့အင်္ကျီပေါ်မှ ဖုန်မှုန့်သဲမှုန့်များ ခါပြီ အင်္ကျီကို ဆန့်ဆန့်ရန့်ရန့် ဖြစ်အောင် ဆွဲချလိုက်လေသည်

ထို့နောက် စားသောက်ခန်းမဆီသို့ ဖြည်းညင်းစွာပင် လျှော သွား၏။

ကုလောင်စန်းတို့နှင့် မနီးမဝေး စားပွဲတစ်လုံးတွင် ဝင်ထိုင်က ၄င်းတို့ ပြောမည့်စကားများကို နားစွင့်နေလေတော့သည်။

* * *

"နောင်ကြီးကို၊ ကျွန်တော်တို့ မြင်းတွေကို ဒီဆိုင်မှာ ထားခဲ့ရင် ကောင်းမယ်ဗျာ။ ဒီကနေ လေးငါးနာရီ လျှောက်လိုက်ရင် ကောင်းစန်းတောင်ပေါ်ကို ရောက်မှာပါ။ ခြေကျင်လျှောက်သွားတော့ ကျုပ်တို့ကို လူတွေက ဂရုမစိုက် သတိမထားမိတော့ဘူးပေါ့ဗျ မြင်းနဲ့ဆိုရင် သတိပြုနေမိကြဦးမယ်"

ပိုင်ထက်ကျွင်း ထိတ်လန့်သွားသည်။

"သူတို့ ရှောင်လင်ကျောင်းတော်ကို သွားကြမှာပါလား သူတို့လာတဲ့အချိန်နဲ့ ရှောင်လင်ကျောင်း ပြဿနာ ဖြစ်နေတဲ့အချိန်



က်ဆိုင်နေတယ်။ ထုမုရဲတိုက် အရေးအခင်းကိစ္စ ဖြစ်ဖို့ များနေပြီ"

နိမိတ်ဖတ်အဘိုးသည် ပြောလက်စ စကားကို ရပ်ပစ်လိုက်

သူတို့နှင့် မနီးမဝေး၌ လာထိုင်သည့် ပိုင်ထက်ကျွင်းကို ယုံသင်္ကာသောအကြည့်ဖြင့် လှမ်းကြည့်သည်။

ကုလောင်စန်းက နိမိတ်ဖတ်အဘိုးအိုကို အသာအယာ က်တို့လိုက်ပြီး လေသံတိုးတိုးဖြင့် ပြောလေ၏။

"နောင်ကြီးကို၊ နောက်ဘက်က စားပွဲကို လှည့်ကြည့်စမ်း၊ ဒီလူငယ်ကို ကျုပ်မသင်္ကာဘူး၊ ကျုပ်တို့စကားကို ခိုးပြီး နားထောင် နေတယ်လို့ ထင်တယ်"

"ခင်ဗျားကလဲဗျာ လူတကာကို မယုံသင်္ကာ ဖြစ်နေတာပဲ၊ သူ့ဘာသာ လာစားသောက်တဲ့လူ ဖြစ်မှာပါ"

"သာမန် အရပ်သားဆိုရင် ကျုပ်က မပြောပါဘူး၊ သူ့ရဲ့ မျက်လုံးတွေက သိပ်တောက်ပနေတယ်ဗျ၊ ထိပ်သီးသိုင်းသမားတစ် ယောက်ဗျ။ ဘယ်သူမှ သူ့လို တစ်ယောက်တည်း ငေါင်ငေါင်ကြီး ထိုင်ဘူး။ ကျုပ်တို့ပြောမယ့်စကားကို ချောင်းနားထောင်နေတာပဲ ဖြစ်ရမယ်"

သူ့စကားကြောင့် နိမိတ်ဖတ်အဘိုးအိုကလည်း နောက်သို့ လှည့်ကြည့်လိုက်ရသည်။

ပိုင်ထက်ကျွင်း၏ ရုပ်ရည်မှာ လွန်စွာ ခန့်ညားတည်ကြည် သဖြင့် တစ်ကြိမ်ကြည့်မိသူတိုင်း စိတ်ဝင်စားသွားကြရမည်သာ ဖြစ်သည်။

နိမိတ်ဖတ်အဘိုးအိုသည် ပိုင်ထက်ကျွင်းကို ငါးနှစ်သားခန့်က

တွေ့ခဲ့ဖူးသူဖြစ်၍ မြင်သည်နှင့် မှင်တက်ငေးကြောင်သွားတော့သ

ထူထဲသော မျက်ခုံး၊ စူးရှသော မျက်လုံး၊ ကြံ့ခိုင်တော တင်းသော ခန္ဓာကိုယ် အချိုးအဆစ်၊ ပြေပြစ်သော ကျားသစ်ခါးလ ခန့်ညားကောင်းမွန်သော ဥပဓိရုပ်တို့ကြောင့် သူ့ရင်ထဲ လှုပ်ရှားသ သည်။

ရုတ်တရက် မတ်တတ်ထရပ်လိုက်ကာ ခေါင်းမော့စဉ်း လေတော့သည်။

အတန်ကြာ စဉ်းစားသောအခါမှ အမှတ်ရလာ၏။

"မှတ်မိပြီ၊ ငါ မှတ်မိပြီ၊ သူ့ကို ငါ သိပြီ"

အဘိုးအိုက ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

ပိုင်ထက်ကျွင်းသည် အဘိုးကြီးနှစ်ယောက်၏ အရိပ်အခြ ကို ကြည့်ရုံဖြင့် သူနှင့် မကြာမီ စကားအချေအတင် ပြောရတော့မ ဖြစ်ကြောင်း သိလိုက်မိလေ၏။

လာမည့်ဘေး ပြေးတွေ့သည့်သဘောဖြင့် ပိုင်ထက်ကျွင်းက ထရပ်ပြီး မေးလေ၏။

"ဆရာကြီးတို့ ကျွန်တော့်အကြောင်းများ ပြောနေကြသလ ခင်ဗျာ"

နိမိတ်ဖတ်အဘိုးအိုးက စကားမပြောဘဲ ငြိမ်နေသည်။

ကုလောင်စန်းက နိမိတ်ဖတ်အဘိုးအိုအား မေးမြန်းလို လေ၏။

"နောင်ကြီးတို့ ဘာတွေများ မှတ်မိနေရတာလဲဗျာ"

နိမိတ်ဖတ်အဘိုးအို ကို့ချုံယွင်က ပိုင်တက်ကျွင်း၏ မျက်နှ ကို ထပ်မံကြည့်ရှုလိုက်သည်။



ထို့နောက် တစ်ကိုယ်တည်း ပြောပြန်သည်။

"သန့်မာပေမယ့် မကြမ်းတမ်းဘူး၊ မာကျောပေမယ့်လဲ ရက်စက်ဘူး၊ ဥပဓိရုပ်က အကောင်းဆုံး ဥပဓိရုပ်မျိုးပဲ၊ ကျုပ်အသက်ကြီးလို့ မျက်စိတွေ မှုန်လာပေမယ့် ဒီမျက်နှာပေါက်မျိုးကို တစ်သက်လုံး မေ့မရအောင် စွဲလမ်းနေတယ်"

ကုလောင်စန်းသည် ကို့ချုံယွင်ကိုသာ ငေးကြည့်နေသည်။ ကို့ချုံယွင်ကလည်း ပိုင်ထက်ကျွင်းကိုသာ စိုက်ကြည့်နေလေ၏။

မျက်တောင်မခတ် အကဲခတ် စိုက်ကြည့်နေသဖြင့် ပိုင်ထက်ကျွင်း မနေတတ် မထိုင်တတ် ဖြစ်လာသည်။

မည်ကဲ့သို့ စကားစတင် ပြောဆိုရမည်ကို သူ့အစရှာမရ ဖြစ်နေ၏။

ခဏကြာမှ အရဲစွန့်ကာ သိလိုသည်ကို မေး၏။

"ဆရာကြီးက ကျွန်တော့်ကို မြင်ဖူးလို့လားခင်ဗျာ"

နိမိတ်ဖတ်အဘိုးအို သက်ပြင်းချလိုက်ပြီး-

"မြင်ဖူးရုံတွင် ဘယ်ကမလဲ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် လောက်တုန်းက မင်းကို ငါကိုယ်တိုင် ဗေဒင်တွက်ချက်ဟောကိန်း ထုတ်ခဲ့ဖူးသေးတာပဲကွာ"

ပိုင်ထက်ကျွင်း ကြက်သေသေသွားလေ၏။

သူ့အနေဖြင့်မူ နိမိတ်ဖတ်အဘိုးအိုကို မမှတ်မိချေ။

ငါးနှစ်သားကလေးငယ်အနေဖြင့် အဘယ်မှာလျှင် မှတ်မိနိုင် ပါအံ့နည်း။

သူသည် နိမိတ်ဖတ်အဘိုးအိုကိုသာ မမှိတ်မသုန် ကြည့်နေ မိပါသည်။

အဘိုးအိုက ရှင်လန်းစွာပြောသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်တုန်းက ယန်လုအိမ် ဂေဟာမှာ မင်းကို ငါနိမိတ်ဖတ် တွက်ချက်ခဲ့ဖူးတယ်။ အဲဒီတုန်းက မင်းရဲ့အသက် ငါးနှစ်ယောက်ပဲ ရှိလိမ့်ဦးမယ်"

ပိုင်ထက်ကျွင်း ခေါင်းထဲတွင် ဟင်းလင်းပြင်ကြီးကဲ့သို့ ဖြစ်သွား ရသည်။

ကုလောင်စန်းခမျှာ နိမိတ်ဖတ်အဘိုးအို စကားကြောင့် အထိတ်တလန့်ဖြစ်ကာ ထခုန်မိလေတော့၏။

"သူ့ကိုလဲ ခင်ဗျားက နောင်ကြီးယန်လုရဲ့သားလို့ ပြောနေတာလား"

ကို့ချုံယွင် ခေါင်းညိတ်ပြလိုက်သည်။

ယန်လု၏ သားနှစ်ယောက်စလုံးကို တွေ့ခဲ့ကြရလေပြီ။

★ ★ ★

အခန်း (၁၇၃)

## ရှောင်လင်ကျောင်းသို့ နောက်တစ်ခေါက်

"နောင်ကြီးကို့ ဘယ်လို လုပ်လိုက်တာလဲဗျ"

ကုလောင်စန်းသည် နိမိတ်ဖတ်အဘိုးအိုက ပိုင်ထက်ကျွင်းအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်ကို နားမလည်နိုင်သဖြင့် အော်ဟစ်မေးမြန်းလိုက်မိသည်။

ဟုတ်လည်း ဟုတ်သည်။

နိမိတ်ဖတ်အဘိုးအိုသည် ထိုလူငယ်အား နောင်ကြီးယန်လု၏ သားဟုလည်း ဆိုသေးသည်။ တိုက်လည်း တိုက်ခိုက်သေးသည်။

ရှေ့နောက် မညီမညွတ် ဖြစ်နေသည်။

ပိုင်ထက်ကျွင်းလည်း မယုံကြည်နိုင်လောက်အောင် ဖျတ်ခနဲ တိမ်းဆုတ်လိုက်သည်။

ညာဘက်လက်ကိုလည်း ရုတ်ခြည်း မြှောက်ပေးလိုက်၏
"ဝှစ်"

ကို့ချုံယွင်၏ လက်ငါးချောင်းမှာ ရှေ့သို့ ဆက်မတိုးနိုင် ရပ်တန့်သွားသည်။

ပိုင်ထက်ကျွင်းက သူ့လက်ဝါးကိုပင် ပြန်ဖမ်းနိုင်နေသ မတတ်သာတော့ဘဲ လေပူမှုတ်ထုတ်ကာ လက်ကို ပြန်ရုပ်လိုက် လေ၏။

အဘိုးအိုက ခေါင်းတညိတ်ညိတ်လုပ်ရင်း နောက် ပြန်ဆုတ်သွားသည်။

သူ့မျက်နှာပေါ်၌ ကျေနပ်နှစ်သိမ့်သော အရိပ်အယောင်မျာ ယှက်သန်းနေသည်။

သူသည် ကုလောင်စန်းဘက်သို့ တစ်ချက်လှည့်ကြည့်ပြ အရှုံးသဖွယ် တဟားဟား အော်ဟစ်ရယ်မောလေတော့၏။

"ကောင်းပဲ့ဗျာ၊ သိပ်ကောင်း သိပ်ကောင်း၊ ငါ့မျက်စိတွေ အမြင်မလွဲသေးဘူး၊ ငါ့တွက်ကိန်းတွေ မမှားသေးဘူး"

ကုလောင်စန်းသည် သိုင်းလောက၏ ထိပ်သီးသိုင်းသမား တစ်ယောက်ဖြစ်၏။

ကို့ချုံယွင်နှင့် တိုက်ခိုက်နေသော ပိုင်ထက်ကျွင်း၏ လက်ရည် ကို နံဘေးမှ ကြည့်ကာ အံ့သြနေ၏။

လက်ဖျားခါနေသည်။

ဤလူငယ်သည် အရွယ်နှင့် မလိုက်အောင် သိုင်းပညာစွမ်း ထက်နေသည်ကို သူ သိနားလည်နေသည်။

ပိုင်ထက်ကျွင်းက ပြုံးလိုက်ပြီးလျှင်-



"ဘာဘပြောလို့ ကျွန်တော်လဲ နည်းနည်းတော့ မှတ်မိလာပါပြီ ဗျာ၊ ကျွန်တော့်မေမေကြီးဟာ နိမိတ်ဖတ်အဘိုးအိုဆိုတဲ့ နာမည်ကို ကြာခဏ ပြောဖူးပါတယ်။ ဘာဘက နိမိတ်ဖတ်အဘိုးအိုပါပဲလား"

နိမိတ်ဖတ်အဘိုးအိုက တဟားဟား ရယ်မောလိုက်လျှင်-

"တိုက်ဆိုင်တယ်ကွာ၊ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ပါ၊ ားသခင်ရဲ့ ဂုဏ်ကျေးဇူးအရသာ မဟုတ်ခဲ့ရင် နှစ်ပေါင်းနှစ်ဆယ် ာ်က နောင်ကြီးယန်ရဲ့ သားနှစ်ယောက်ကို အခုလို ဆယ်ရက် တွင်း ဘယ်လိုလုပ် တွေ့နိုင်မြင်နိုင်မှာလဲဗျာ။ ကဲ...ကျုပ်ရဲ့ ာကိန်းတွေ မှန်ကန်နေပြီ မဟုတ်လား"

ပိုင်ထက်ကျွင်းမှာ သူ့နားကြား လွဲပြီလားဟု မှတ်ရအောင်ပင် နားကိုသူ မယုံနိုင်အောင် ဖြစ်သွားမိတော့သည်။

ပို၍ သေချာစေရန် နိမိတ်ဖတ်အဘိုးအိုအား မျက်မှောင် ကြုတ် မေးခွန်းထုတ်လိုက်ပြန်သည်။

"ဆရာကြီးတို့ ဘာများ ပြောနေတာပါလဲခင်ဗျာ။ ကျွန်တော့် းထဲမှာ မရှင်းလို့ပါ။ သားနှစ်ယောက်ဆိုတာ ဘာကို ရည်ရွယ် ပြောတာပါလဲခင်ဗျာ"

နိမိတ်ဖတ်အဘိုးအိုက သက်ပြင်းချလျက်-

"လွန်ခဲ့တဲ့ ဆယ်ရက်ကျော်ကျော်လောက်က ရှန်ယန်းမြို့ မှာ နောင်ကြီးယန်လုရဲ့ သားငယ်ကို မြင်ခဲ့ရသေးတယ်။ အဲဒီအချိန် န်းက ငါ့နားမှာ နောင်ကြီးကုလောင်စန်းလဲ ရှိနေခဲ့တယ်"

ပိုင်ထက်ကျွင်း ရင်ထဲတွင် ပူနွေးဆွတ်ပျံ့သွားလေသည်။

မယုံကြည်နိုင်သော အဖြစ်အပျက်နှင့် သတင်းဆန်းများ ကြောင့် စိတ်အကြီးအကျယ် လှုပ်ရှားကာ တစ်ကိုယ်လုံး တဆတ်ဆတ်

တုန်လာတော့သည်။

သည်တစ်ကြိမ်တွင်တော့ သူရဲကောင်း ပိုင်ထက်ကျှင်း
သူ့ကိုယ်သူ မထိန်းသိမ်းနိုင်ရှာတော့ပေ။

"ခြွမ်း"

သတိလစ်လွတ် ဖြစ်သွားသဖြင့် သူ့လက်ထဲမှ အရ
သောက်နေသော ကြွေပန်းကန်လုံးသည် ကြမ်းပြင်ပေါ် ကျသွား
တော့၏။

"ဝုန်း"

ချန်ပိုင်ဖုန်း သူ့အား သတိပေး အကြောင်းကြားသည်
ထင်မှတ်ကာ အခန်းတံခါးကို တွန်းဖွင့်လိုက်ပြီး ဝုန်းခနဲ ခုန်
လာသည်။

ကို့ချုံယွင်နှင့် ကုလောင်စန်းတို့အား ဂါရဝပြု နှုတ်ဆ
လိုက်၏။

"ဆရာကို့နဲ့ ကုလောင်စန်းတို့ပါလား၊ မတွေ့ရ
တော်တော်တောင် ကြာနေပြီ၊ အခု ဘယ်က မျက်စိလည်လာ
ပါသလဲ"

နိမိတ်ဖတ်အဘိုးအို ကို့ချုံယွင်နှင့် သေမင်းချောင်သခင်
ကုလောင်စန်းတို့ အသံကြားရာဘက်သို့ ပြိုင်တူ လှည့်ကြ
လိုက်ကြသည်။

ချန်ပိုင်ဖုန်းကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရသ
အံ့အားကြီး သင့်သွားကြတော့သည်။ ဤစားသောက်ဆိုင်၌ ဤသို့
မိတ်ဟောင်းများနှင့် ပြန်လည်ဆုံတွေ့ရလိမ့်မည်ဟု လုံးဝ ထင်မှ
မထားမိကြချေ။

* * *



ကုလောင်စန်း တုန်ယင်ထစ်ငေါ့သော လေသံဖြင့်-

"နောင် ...နောင်ကြီး ချန်ပိုင်ဖုန်း၊ ခင်ဗျာ...ခင်ဗျား"

သူ့စကားဆုံးအောင် မပြောနိုင်မီမှာပင် နိမိတ်ဖတ်အဘိုးအို
ချုံယွင်က စကားဆက်ပေးလိုက်၏။

"နှစ်ပေါင်းနှစ်ဆယ်လောက် မတွေ့မမြင်ရခဲ့ပေမယ့် ခင်ဗျား
ကတော့ အရင်အတိုင်းပါပဲလား၊ ဝမ်းသာတယ်ဗျာ၊ သိပ်ဝမ်း
တယ်"

"အဟင်း...ဟင်း တော်ပါတော့ဗျာ၊ တော်စမ်းပါတော့၊
ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ် အတိတ်ကကိစ္စတွေဟာ ပြီးသင့်တာတွေလဲ
ခဲ့ပြီးပြီပဲ။ နောင်ကြီးကို့ သိုင်းလောထဲက အနားယူသလိုလို
ပြီးကာမှ အခုဘာကြောင့် ကုလောင်စန်းနဲ့ အတူတွဲပြီး ထွက်လာ
ပြန်တာတုံး"

နိမိတ်ဖတ်အဘိုးအိုက တည်ငြိမ်စွာပင် ပြန်ပြောလိုက်
သသည်။

"ကျုပ်တို့နှစ်ယောက်က နောင်ကြီးယန်လုအတွက် ထွက်လာ
ကြရတာပါဗျာ"

သစ္စာစကားပင်။ သူတို့သည် နောင်ကြီးယန်လု၏ သားငယ်
စောင့်ရှောက်ရန် ထွက်လိုက်လာရာမှ နောင်ကြီးယန်လု၏
ားကြီးကို လာတွေ့နေကြခြင်းဖြစ်သည်။

ချန်ပိုင်ဖုန်း စိတ်အေးသွားသည်။

ပိုင်ထက်ကျှင်းက နိမိတ်ဖတ်အဘိုးအိုကို ကြည့်ပြီး မရှင်း
င်းသည့်ကိစ္စကို ထပ်မံမေးခွန်းထုတ်လိုက်ပြန်သည်။

"ဆရာကြီးတို့ စောစောကပြောတဲ့ ယန်လုရဲ့ တစ်ဦးတည်း

သောသားဆိုတာ အခုဘယ်မှာလဲ"

နိမိတ်ဖတ်အဘိုးအိုက–

"အခု သူ့နောက်ကို လိုက်လာခဲ့တာပဲ"

"အခု သူ့အခြေအနေက ဘယ်လိုလဲ၊ သူကော သိ
ပြီလား"

"သူလဲ သူ့ကိုယ်သူ စိတ်မချ၊ ကျုပ်တို့ကလဲ ကျုပ်တို့
ကျုပ်တို့ စိတ်မချဘဲ ဖြစ်နေတာပါ။ ဒါပေမယ့်လေ တကယ်
အားလုံးဟာ ကျုပ် ထင်ထားတဲ့အတိုင်း ဖြစ်လာမှာပါ"

နိမိတ်ဖတ်အဘိုးအိုက ခဏမျှ စဉ်းစားသည်။

ပြီးမှ သူ့စကားကို ပြန်ဆက်၏။

"ကျုပ်နဲ့ သူနဲ့ ရှန်ယန်းမြို့မှာ ဆုံခဲ့မိကြတယ်။ သူ့နားရွက်
နားပေါက်ကလေးနဲ့၊ ရင်ဝမှာ မှဲ့အနီလေးသုံးလုံး ဆက်လျက်
တယ်ဆိုတာကို ကျုပ်က ထုတ်ဖော်ပြောလိုက်တယ်။ သူက ကျု
မယုံဘူး။ ဒါပေမယ့် ကျုပ်ပြောတဲ့ အမှန်တွေဆိုတာကို သူ့မျက်
အမူအရာက ဖုံးဖိမရအောင် ပေါ်လွင်နေတယ်။ ကြည့်ရတာ သူ
ပြုစုပျိုးထောင်ပေးခဲ့ရသူအတွက် အခက်အခဲ ရှိနေပုံပဲ"

ပိုင်ထက်ကျွင်း ငိုင်တွေနေသည်။

အတန်ကြာမှ တွေးတွေးဆဆ လေသံဖြင့်–

"ညီလေးက ကျွန်တော့်ထက် အသက်ငါးနှစ်ငယ်တ
အခုဆိုရင် ညီလေးအသက် နှစ်ဆယ်လောက် ရှိပြီပေါ့"

နိမိတ်ဖတ်အဘိုးအို ခေါင်းညိတ်ပြလိုက်သည်။

"သူ့ကိုယ်လုံးကိုယ်ပေါက်ကတော့ တောင့်တင်းဖြောင့်
တယ်။ ငါနဲ့တွေ့တော့ အစိမ်းရောင်အင်္ကျီကို ဝတ်ဆင်ထားတ



သိုင်းပညာကို အကဲစမ်းကြည့်တော့ ထိပ်ထိပ်ကြဲပါပဲ၊ ကျုပ်ရဲ့
ကော်ချောင်းအားလှိုင်းကလေးတွေကို ချေဖျက်နိုင်စွမ်း ရှိနေတယ်။
အရွယ်နဲ့ ဒီလောက် အတွင်းအား ကောင်းတဲ့သူကို သိုင်းလောက
မှာ လက်ချိုးရေးတွက်လို့တောင် ရနိုင်လိမ့်မယ်လို့ ထင်တယ်။
အဆင့်က တစ်ဆိုမှ နံပါတ်တစ်အဆင့်ကို ရောက်နေခဲ့ပြီ"

ပိုင်ထက်ကျွင်းက ကြားဖြတ်ကာ–

"သူ့မျိုးရိုးက ဘာတဲ့လဲ၊ ကျွန်တော်ပြောတာက သူ့ကို
မွေးစားတဲ့သူရဲ့ မျိုးရိုးကို ပြောတာနော်။ သူ့ကို မွေးစားတဲ့ လူကလဲ
တို့ရဲ့မျိုးရိုးနာမည်ကိုပဲ ပေးမှာပေါ့"

နိမိတ်ဖတ်အဘိုးအို မျက်နှာရှုံ့မဲ့လိုက်သည်။

ပြီမှ ရယ်ကာမောကာ–

"ပထမတုန်းက ကျုပ်လဲ ဒီလိုပဲ စဉ်းစားမိခဲ့တယ်။ သူ့ကို
းတဲ့သူရဲ့မျိုးရိုး နာမည်နဲ့ပဲ အမည်မှည့်လိမ့်မယ်လို့ ထင်ခဲ့တယ်။
ဖြေတဲ့ အဖြေစကားက တကယ့်ကို မထင်စရာပဲ။ သူ့မျိုးရိုးက
န်မျိုးရိုးတဲ့"

ပိုင်ထက်ကျွင်းမှာ ဟာခနဲ ဖြစ်သွားသည်။

'ယန်မျိုးရိုး၊ အဆင့်မြင့် လူငယ်သိုင်းသမား ဘယ်သူလဲ၊
ဘယ်သူလဲ၊ ရုတ်တရက်တော့လဲ စဉ်းစားလို့ မရသေးပါလား"

နိမိတ်ဖတ်အဘိုးအိုက စကားမဆက်ဘဲ ငြိမ်နေသည်။

ချန်ပိုင်ဖုန်းက ငြိမ်နေရာမှ ဝင်ပြော၏။

"ယန်လုရဲ့သား အခုဘယ်မှာ ရှိနေတယ်ဆိုတာကို နောင်ကြီး
မပြောသေးဘူးနော်"

ကို့ချုံယွင် ခေါင်းညိတ်လိုက်၏။

"ကျုပ်တို့ သူ့နောက်ကို လိုက်ခဲ့ကြတာပဲ။ အခု ကောင်း…
တောင်ကို သွားလိမ့်မယ်ထင်တယ်"

"ဗျာ…ရှောင်လင်ကျောင်းစံတော်ကို သွားမလို့ ဟုတ်လာ…

ပိုင်ထက်ကျွင်းရော ချန်ပိုင်ဖုန်းပါ အထိတ်တလန့် ပြို…
ရေရွတ်လိုက်မိကြသည်။

ကို့ချုံယွင် ခေါင်းညိတ်ပြကာ လေသံအုပ်အုပ်ဖြင့် ဆက်…
သည်။

"သူ့ကို ကျုပ်က ယန်လုရဲ့သားပါလို့ ပြောတော့ သ…
ကျုပ်ကို အထောက်အထား သက်သေ ရှိသလားလို့ မေးတ…
ဒီအမေးကို ထပ်ခါတလဲလဲ မေးနေလို့ ကျုပ်လဲ ရှောင်လင်ကျေ…
တော်က တိုက်အုပ်ဆရာတော်ကြီးလဲ ဒီကိစ္စနဲ့ ပတ်သက်ခဲ့ဖူးတ…
ပြောပြလိုက်တယ်။ မင်း ရှောင်လင်တိုက်အုပ် ဆရာတော်ကြ…
တွေ့ဆုံ မေးမြန်းကြည့်ရင် အဖြေသိလိမ့်မယ်လို့လဲ ပြောလိုက်မိတ…

"ဒီစကားလဲကြားရော သူ ရုတ်တရက် ကောက်ကာင…
ထွက်ပြေးသွားတော့တာပဲ။ ဒါကြောင့် သူရှောင်လင်ကျောင်းတော…
သွားမှာပဲဆိုပြီး ကျုပ်တို့နှစ်ယောက် နောက်က လိုက်လာခဲ့ကြ…

နိမိတ်ဖတ်အဘိုးအို အာခြောက်သွားဟန်ဖြင့် နှုတ်ခ…
လျှာဖြင့် သပ်လိုက်သည်။

ပိုင်ထက်ကျွင်းက စိတ်ပျက်စွာ ပြောလေ၏။

"သူ သွားလဲ အပိုဖြစ်နေပါပြီဗျာ။ ရှောင်လင်ကျောင်းတော…
လွန်ခဲ့တဲ့လကပဲ ဖျက်ဆီးခံလိုက်ရပြီ၊ ရှောင်လင်ဘုန်းတော်ကြီး…
အသတ်ခံလိုက်ကြရပြီ။ တော်တော့်ကို အခြေအနေဆိုးသွားတ…

နိမိတ်ဖတ်အဘိုးအို ကို့ချုံယွင်နှင့် ကုလောင်စန်း…



…အားကြီး သင့်သွားကြလေ၏။

"ဘယ်လို…ဘယ်လို ပြောတယ်။ ရှောင်လင်ကျောင်းတော်
…ကြီး ဖျက်ဆီးခံလိုက်ပြီ ဟုတ်လား"

ပိုင်ထက်ကျွင်း ခေါင်းညိတ်ပြလိုက်မိသည်။

"ဒါပေမယ့် ကျောင်းထိုင်ဆရာတော်ကြီးကတော့ ပျောက်ဆုံး
…နေသေးတယ်"

"အင်း…အဲဒီလူငယ်တော့ ရှောင်လင်ကျောင်းတော်ကြီး
…ဖျက်ဆီးခံရတာ သိချင်မှ သိလိမ့်မယ်"

ပိုင်ထက်ကျွင်းနှင့် ချန်ပိုင်ဖုန်းတို့နှစ်ယောက်မှာ စကား
…ပြောနိုင်ကြဘဲ ငိုင်တွေသွားကြပြန်သည်။

ကုလောင်စန်းက–

"ရှောင်လင်ကျောင်းတော်ကို ကျုပ်တို့ လိုက်သွားရင်
…ကြောင်းစုံ သိမှာပဲပေါ့ဗျ"

"အင်း…ဟုတ်တယ်"

နိမိတ်ဖတ်အဘိုးအိုက ထောက်ခံလိုက်၏။

ပိုင်ထက်ကျွင်းမှာ မည်သို့ ဆုံးဖြတ်အဖြေပေးမည်ကို မဝေ
…တတ်အောင်ဖြစ်နေ၏။

ဤသတင်းမှာ သူ့အတွက် သိပ်ကိုအရေးကြီးသောသတင်း
…ဖြစ်နေသည်။

သို့တိုင် မြောက်ပိုင်းဒေသသို့ ခရီးဆက်စရာကလည်း
…နေပေသေးသည်။

ဤခရီးမှာ သူ လိုက်လံစုံစမ်းနေသော ထူမုရဲတိုက် အရေး
…ခင်းအတွက် လွန်စွာ အကျိုးသက်ရောက်စေမည့် ခရီးစဉ်တစ်ခု

လည်း ဖြစ်နေပြန်သည်။

တစ်ဖန် ဤခရီးစဉ်မှာ မိမိတစ်ယောက်တည်း၏ သဘော
တစ်ခုတည်းဖြင့် ထွက်လာခဲ့သည့် ခရီးစဉ် မဟုတ်ပေ။

ချန်ပိုင်ဖုန်းထံမှ သဘောတူညီချက် ရရှိမှသာ အစီအစဉ်
ပြောင်းလဲပြီး ရှောင်လင်ကျောင်းသို့ လိုက်နိုင်ခွင့်ရှိပေသည်။

ထို့ကြောင့် ပိုင်ထက်ကျွင်းက အဖြေစောင့်သည့်သဘောဖြင့်
ချန်ပိုင်ဖုန်းကို လှမ်းကြည့်သည်။

ချန်ပိုင်ဖုန်းမှာလည်း စိတ်ထဲတွင် ဒွိဟ ဖြစ်နေသဖြင့်
အတန်ကြာမျှ အချိန်ယူ စဉ်းစားနေရပေသည်။

နောက်ဆုံးတွင် နိမိတ်ဖတ်အဘိုးကို့ချုံယွင်က ချန်ပိုင်ဖုန်းအား
အဓိကထား၍ လှမ်းမေးသည်။

"ကဲ...ဘယ်လိုလဲ၊ ကျုပ်တို့ ကောင်းစန်းတောင်ပေါ်
တက်တဲ့အခါ နောင်ကြီးချန်နဲ့ ပိုင်ထက်ကျွင်းတို့ လိုက်ခဲ့ကြမှာလား"

ချန်ပိုင်ဖုန်း စဉ်းစားနေရာမှ ခေါင်းကို မတ်လိုက်သည်။

ထို့နောက် တိကျပြတ်သားစွာ ဖြေကြားလိုက်တော့သည်။

"လိုက်မယ်၊ ကျုပ်တို့အားလုံး ရှောင်လင်ကျောင်းတော်ကို
သွားကြမယ်"

ပိုင်ထက်ကျွင်းသည် ချန်ပိုင်ဖုန်းကို ကျိတ်၍ ကျေးဇူးတင်
မိတော့သည်။

* * *



ချန်ပိုင်ဖုန်း တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

"အင်း...ရှောင်လင်ကျောင်းတော်ကို လိုက်သွားရင် ဒီသူ
် ဟုတ်,မဟုတ် သိမှာပေါ့လေ"

သူ့စကားက မည်သူ့ကို ရည်ရွယ်ပြောဆိုမှန်း နားမလည်၍
န်လူသုံးယောက်မှာ ကြောင်စီစီလေး ဖြစ်သွားကြရသည်။

နိမိတ်ဖတ်အဘိုးအိုက–

"နောင်ကြီးချန်ရဲ့ စကားက ဘာကို ဆိုလိုတာလဲဗျ၊
ျပ်နားထဲ မရှင်းလို့ ရှင်းပြစမ်းပါဦး"

ချန်ပိုင်ဖုန်း သက်ပြင်းချလိုက်သည်။

ပြီးလျှင် လေးနက်တည်ငြိမ်သောလေသံဖြင့် ပြော၏။

"ကျုပ် စိတ်ကူးထဲမှာ တွေးထင်ထားတဲ့ ကလေးသာ
ာ်မှန်နေခဲ့ရင်တော့ ရှောင်လင်ကျောင်းတော်ကြီး အဖျက်ဆီးခံ
က်ရတာကို သူ သိနေပါပြီ။ ဒါပေမယ့် သူ့စိတ်ထဲမှာ မကျေနပ်လို့
ာင်လင်ကျောင်းတော်ကို တစ်ခေါက်ထပ်သွားချင်ရင် သွားလိမ့်မယ်။
ာပဲ ဖြစ်ဖြစ်လေ၊ ကျုပ်တို့ ကောင်းစတောင်ပေါ် လိုက်တက်သွား
ည့်ရင် အဖြေသိမှာပါ"

ပိုင်ထက်ကျွင်းကလည်း ချန်ပိုင်ဖုန်းစိတ်ထဲတွင် ယူထားသော
ညီကို သိချင်နေသည်။

ထို့ကြောင့်–

အလောတကြီးပင် မေးသည်။

"ကျွန်တော့်ညီလေးရဲ့ အခြေအနေကို ဆရာကြီး မှန်းဆလို့
ပြီလား၊ ဘယ်သူလို့ ထင်သလဲဟင်"

ချန်ပိုင်ဖုန်းက နှိုင်းနှိုင်းချိန်ချိန် လေသံဖြင့် တစ်ခွန်းဖြေ

ကြားသည်။

"ခန့်မှန်းထားတာပဲ ရှိပါသေးတယ်ကွာ၊ ရာနှုန်းပြည့်
မပြောနိုင်သေးပါဘူး။ အေး... ဒက်ထိ မှန်ပြီဆိုရင်တော့ တို့စိတ်
ရှိနေခဲ့တဲ့ သံသယတွေအားလုံး ရှင်းသွားမှာပါ"

ပိုင်ထက်ကျွင်း မျက်မှောင်ကြုတ်လိုက်သည်။

မျက်လုံးကလေးများ မှေးစင်းကာ ဦးနှောက်ခြောက်မတ
စဉ်းစားနေလိုက်၏။

အတန်ကြာမှ–

"ယန်မျိုးနွယ်ထဲက အဆင့်မြင့်လူငယ် သိုင်းသမားဆို
ဘယ်သူပါလိမ့်။ ကျွန်တော် စဉ်းစားလို့ မရနိုင်သေးပါလား"

သူ ရေရွတ်နေသည်။

လက်ဖျစ်တစ်တွက်အတွင်းမှာပင် သူ့ခေါင်းထဲ၌ အလ
ရောင်တစ်ချက် လက်သွားခဲ့သည်။

ရုတ်ခြည်းပင် အထိတ်တလန့် အော်ဟစ်လိုက်တော့
"ယန်ချွင်၊ ဟုတ်ပြီ၊ ယန်ချွင်ကို ပြောတာ မဟုတ်လာ
ချန်ပိုင်ဖုန်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ငါ့စိတ်ထဲက ခန့်မှန်းတာလဲ သူပါပဲ"

ပိုင်ထက်ကျွင်း၏ မျက်နှာတွင် အရောင်မျိုးမျိုး ပြောင်
သွားသည်။

ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ကျေနပ်ပီတိဖြစ်ခြင်း၊ ဒေ
ထွက်ခြင်းတို့ တစ်လှည့်စီ ထင်ဟပ်လာကြ၏။

ခဏငြိမ်နေပြီးမှ သူ့အယူအဆကို ထုတ်ဖော်ပြောပြသ
"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ ဝေသိမ့်ကိုက အနက်



တ်စုံဝတ် မျက်နှာဖုံးစွပ်ပြီး ကျန်လုဂိုဏ်း ဌာနချုပ်စခန်းကို
ဝင်ရောက်တိုက်ခိုက်တယ်။ ပြီးတော့ ညီလေးကို ခေါ်သွားခဲ့တယ်၊
အဲဒီညီလေးကို ပညာသင်ကြားပေးပြီးမှ အရွယ်ရောက်လာတော့
သူ့လုပ်ငန်းမှာ အသုံးချတယ်၊ သူ့အကျိုးအတွက် ညီလေးကို
ဘတ်မြှုပ်ပြီး အသုံးချတယ်"

"ဖြန်း"

နိမိတ်ဖတ်အဘိုးအိုက သူ့နဖူးကို သူ့လက်ဝါးဖြင့်
ရုတ်တရက် ရိုက်ချလိုက်သည်။

"ဟုတ်တာပေါ့၊ မင်းတွေးတာ တစ်စက်ကလေးမှ မမှား
ပါဘူး၊ သိပ်ကို မှန်တာပေါ့။ အဲဒီကောင်ရဲ့ မျက်နှာပေါ်မှ ခံစားနေရတဲ့
ခံစားချက်တွေက အဲဒီလို ပေါ်လွင်နေတယ်။ အဖေက တစ်ဘက်၊
ဆရာသခင် ကျေးဇူးရှင်က တစ်ဘက်ဆိုတဲ့ အသိနဲ့ တော်တော်ကလေး
ကို စိတ်ရှုပ်ထွေးနေခဲ့တယ်၊ သူ့စိတ်ကို သူ အတင်းချုပ်တည်းထားပုံလဲ
ရတယ်။ ဒီအကြောင်းကို သိရလို့ သူ သိပ်ကို ခံစားနေရှာတယ်"

အားလုံး ငြိမ်သွားကြသည်။

အတွေးကိုယ်စီနှင့် ဖြစ်သွားကြသည်။

အတန်ကြာမှ ချန်ပိုင်ဖုန်းက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်
သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ရှောင်လင်ကျောင်းတော်ကို
လိုက်တာကတော့ လိုက်ရမှာပဲ"

ပိုင်ထက်ကျွင်းက ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်၊ ရှောင်လင်တိုက်အုပ်ဆရာတော်ကြီး ဘယ်ဆီ
ကို ရောက်နေတယ်ဆိုတာ ယန်ချွင် သိချင်လဲ သိနေနိုင်တယ်။

မသိရင်လဲ မသိဘူးပေါ့။ ဒါပေမယ့် သူ့စိတ်ထဲမှာ သိပ်ကို ခံစားသော ရောက်နေတာတော့ ကျိန်းသေပဲ။ ရှောင်လင်ဆရာတော်ကြီး ဘယ်ရောက်နေတယ်ဆိုတာကို သူ မသိရင်တော့ ကျောင်းတော်ပေါ်က တက်လိမ့်မယ်။ သိနေရင်လဲ မတွေ့တွေ့အောင် လိုက်ရှာမှာ မလွဲဘူး"

နိမိတ်ဖတ် အဘိုးအိုကလည်း ထောက်ခံ၏။

"ဟုတ်တယ်၊ ဒီလိုပဲ ဖြစ်ရမှာပဲ၊ ဒီတော့ ကျုပ်တို့ အဲဒီကို အမြန်ဆုံး လိုက်သွားကြရင် မကောင်းဘူးလား"

"ကောင်းတယ်၊ ကဲ...ခရီးစဖို့ ပြင်တော့"

လေးယောက်သားသည် တည်းခိုရိပ်သာ၌ ကျသင့်ငွေများ ရှင်းပေးပြီး ဆိုင်အတွင်းမှ ထွက်လာခဲ့ကြသည်။

ကုလောင်စန်းနှင့် ကို့ချူယွင်တို့က သူတို့ ယူဆောင်လာခဲ့သော မြင်းများကို တည်းခိုရိပ်သာ၏ မြင်ဇောင်းထဲသို့ သွင်းကာ ကြိုးဖြင့် ချည်နှောင်ထားခဲ့သည်။

ထို့နောက်-

ကောင်းစန်းတောင်ဘက်သို့ ဦးတည် ပြေးလွှားသွားကြလေတော့သတည်း။

★ ★ ★

အခန်း (၁၇၄)

## သေမင်းချောင် သခင်ကြီး

လမ်းခရီး၌ နိမိတ်ဖတ်အဘိုးအို ကို့ချူယွင်က ပိုင်ထက် ကျောင်းအား မေးမြန်းစူးစမ်း၏။

"မင်းရဲ့ မျိုးရိုးကကော ဘယ်လိုခေါ်သလဲ"

ပိုင်ထက်ကျောင်းမှာ သူ့ကိုယ်သူ တုံမျိုးနွယ်မှ ဆင်းသက် ပေါက်ဖွားလာသူဖြစ်သည်ကို သိလျက် ဖုံးကွယ်ထားလိုက်သည်။

"ပိုင်ထက်ကျောင်းဆိုတော့ ကျွန်တော်က ပိုင်မျိုးရိုးပေါ့"

နိမိတ်ဖတ်အဘိုးအို ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက် သသည်။

"ကောင်းပါ့ဗျာ၊ နာမည်နဲ့လူနဲ့ လိုက်ပါပေတယ်။ ပိုင်ထက် ကျောင်းဆိုတော့ အဖြူရောင်သံမဏိ တပ်မတော်ပေါ့။ နှလုံးသားက

ဖြစ်ချင်မယ်၊ စိတ်ဓာတ်က သံမဏိစိတ်ဓာတ်၊ လူက စစ်တပ်တစ်တပ် တောင့်တင်းခိုင်မာတယ်။ သိပ်ကောင်းပြီး သိပ်လိုက်ဖက် နာမည်ပါပဲ"

ပိုင်ထက်ကျွင်း ပြုံးလိုက်ပြီး-

"ဘဘရဲ့ ချီးမြှောက်မှုကို ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"မြှောက်ပြောတာ မဟုတ်ပါဘူးကွယ်၊ ကျုပ်က သိုင်း လောကထဲက အနားယူခဲ့တာ အနှစ်နှစ်ဆယ်လောက်က ကြာခဲ့ ဆိုတော့ မင်းရဲ့ အမည်နာမကို မသိခဲ့ရဘူး။ အခုတော့ သိပြီပေါ့ ကြည့်ရတာ မင်းကို သိုင်းလောကသားတွေ ဂရုစိုက်ရမယ့်ပုံပါ

ချန်ပိုင်ဖုန်းက တဟားဟား ရယ်မောပြီး ပြောသည်။

"သူက ကျန်လုဂိုဏ်းရဲ့ ဆယ်နှစ်ဆက်မြောက် ဂိုဏ်းချုပ် ကြီးလေဗျာ၊ သိုင်းလောကရဲ့ ပြိုင်ဘက်ကင်း ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေပြီ သိုင်းသမားတိုင်းက ကြောက်ရွံ့ထိတ်လန့်ရရုံတင်မကဘူး၊ လေး လေးစားကြပါတယ်။ အနာဂတ်မှာ တစ်ခေတ်တစ်ယောက် ထွန်း တောက်မယ့် သိုင်းသူရဲကောင်း တစ်ယောက်ပဲပေါ့ဗျ"

ချန်ပိုင်ဖုန်း၏ စကားကြောင့် ကုလောင်စန်းနှင့် နီမိတ်ဖေ အဘိုးအို ကိုချျယွင်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြလေ၏။

ကုလောင်စန်းက ကိုချျယွင်၏ လက်မောင်းကို ကိုင်လှု လျက် အားပါးတရ ချီကျူးစကားပြောသည်။

"နောင်ကြီးကိုရဲ့ အင်္ဂဝိဇ္ဇာပညာနဲ့ ဟောကိန်းတွေကို ကျု တော့ သိပ်လေးစားသွားပြီဗျာ"

ကုလောင်စန်းစကားကို ချန်ပိုင်ဖုန်းနှင့် ပိုင်ထက်ကျွင်းတို့



းမလည်ကြချေ။

ကြောင်စီစီ ကြည့်နေကြ၏။

ထိုအခါ ပိုင်ထက်ကျွင်း ငါးနှစ်သားလောက်က ကိုချျယွင် ဟောကိန်း ထုတ်ခဲ့ပုံအကြောင်းကို ကုလောင်စန်းက ပြန်လည်၍ င်းပြသည်။

ချန်ပိုင်ဖုန်းက-

"နေစမ်းပါဦးဗျာ၊ နှစ်ပေါင်းနှစ်ဆယ်လောက် ကြာအောင် င်ဗျားဟာ သိုင်းလောကထဲမှာ ဓာတ်မြုပ်နေတယ်။ ဘာဆို ဘာမှ ကြားရဘူး၊ အိမ်ထဲက အိမ်ပြင် မထွက်တဲ့ သဘောပဲလားဗျာ"

ကုလောင်စန်း ရယ်မောလိုက်ပြီး-

"ဟုတ်ပါ့ဗျာ၊ ခင်ဗျားထင်တာ တစ်ချက်ကလေးမှ မမှားပါဘူး"

"အင်း...အရင်တုန်းကဆိုရင် ခင်ဗျားရဲ့ သေမင်းချောင် သခင်ကြီးဆိုတဲ့ နာမည်ဟာ သိုင်းလောကထဲမှာ တော်တော်ကြီး ဩဇာလွှမ်းမိုးခဲ့တာပဲ၊ သိုင်းလောကသားတိုင်းက ဖိမ့်ဖိမ့်တုန် ကြောက်ရွံ့ခဲ့ကြတာပဲ၊ ဘယ်လို စိတ်ကူးပေါက်ပြီး သိုင်းလောကထဲက ဓာတ်မြုပ်ထွက်သွားရတာလဲဗျာ"

"နောင်ကြီးယန်လုရဲ့ စကားတစ်ခွန်းကြောင့်ပဲ ဆိုပါတော့ဗျာ"

"ဗျာ"

ချန်ပိုင်ဖုန်း အံ့အားသင့်သွားသည်။

ထို့နောက် ဆက်ပြော၏။

"ခင်ဗျား အခုထွက်လာတဲ့ကိစ္စကလဲ ဂိုဏ်းချုပ်ကြီး ယန်လုနဲ့

ပတ်သက်တယ်လို့ ခင်ဗျားပဲ ပြောခဲ့တယ်နော်”

ကုလောင်စန်း သက်ပြင်းချလိုက်သည်။

ထို့နောက် ခပ်ဖြည်းဖြည်း ရှင်းပြသည်။

“လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ့်နှစ်နှစ်လောက်က ကျ... ယန်လုဟာ အနောက်မြောက်ပိုင်းဒေသရဲ့ လမ်းခရီးတစ်နေ... ဆုံမိခဲ့ကြတယ်။ သူ့နဲ့ မဆုံမိခင်ကလေးမှာပဲ ကျုပ်ဟာ အနော... မြောက်ဒေသက သိုင်းသမားငါးယောက်နဲ့ ပြဿနာဖြစ်နေပြီ...

“နောင်ကြီးသိတဲ့အတိုင်း ကျုပ်က ထစ်ခနဲဆို လူသတ်... ကောင် မဟုတ်လား။ အဲဒီငါးယောက်ကို ငရဲပြည် ပို့မလို့ လုပ်နေတ... နောင်ကြီး ယန်လုနဲ့ တွေ့တာပဲဗျ၊ နောင်ကြီး ယန်လုဟာ ကျုပ်... ဆုံးမတယ်။ အင်မတန် စကားပြောကောင်းတဲ့ လူပါဗျာ။ ... ငါးယောက်လဲ အသက်နဲ့ကိုယ် မြဲသွားတယ်”

စကားပြောရင်း သူ့မျက်လုံးက အရောင်တောက်ပလာသည်...

ချန်ပိုင်ဖုန်းသည် ယန်လု၏ စိတ်နေသဘောထားကို ကော... စွာ သိရှိပြီးဖြစ်သည်။

သိုင်းလောက၌ တဓောက်ကန်းလုပ်နေသော သူ့ကိုပ... လမ်းဖြောင့်လမ်းမှန်ပေါ် ရောက်အောင် တရားပြခဲ့သူ မဟုတ်ပါလား...

* * *

စင်စစ် ကုလောင်စန်းသည်လည်း မိတ္တာနတ်ဆိုးကြီး တစ်ပါ... ပင်။

မည်သို့ပင်ဖြစ်စေ ယန်လုသည် သိမ်းသွင်းတတ်သူသာ...



...ဖြစ်ပေသည်။

ကုလောင်စန်းက တစ်ခဏမျှ ငြိမ်နေပြီးမှ–

“သူ့ကို လေးစားတာနဲ့ နောက်နောင် အဆိပ်နဲ့ သုံးပြီး ...သတ်ဖြတ်ခြင်း မပြုတော့ပါဘူးလို့ သူ့ရှေ့မှာ ကျိန်ဆို ကတိသစ္စာ ...ပြုခဲ့တယ်။ ဒါကြောင့် နှစ်ဆယ့်နှစ်နှစ်လုံးလုံး ဒေါသကြီး၊ စိတ်တို ...သာတိုင်း သူ့ဆုံးမ ဩဝါဒစကားတွေကို ပြန်သတိရမိတယ်။ သူ့စကားကြားမိတာနဲ့ ကျုပ်ဒေါသတွေ ပြေသွားခဲ့တာပါပဲ”

ချန်ပိုင်ဖုန်းကလည်း သက်ပြင်းချကာ ပြောသည်။

“အင်း...ယန်လုဟာ နောင်လာနောက်သားတွေအတွက် ...ခံနမူနာ ပြခဲ့တာပါပဲ။ သူလိုလူနဲ့ မိတ်ဆွေ ဖြစ်ရတဲ့အတွက် ကျုပ် ...ဂုဏ်ယူပါတယ်

“ကျုပ်ဟာ လော့ယင်းတပ်ဘုရားကျောင်းပျက်ထဲမှာ ကိုယ့်ကိုယ်ကို အကျဉ်းချခဲ့တယ်။ အကျဉ်းချခဲ့ရတာပေါ့ဗျာ။ နောင်ကြီး ယန်လုရဲ့ ဌာနချုပ်ကို ဝင်ဖျက်ဆီးတဲ့လူလို့လဲ ကျုပ်အစွပ်စွဲခံခဲ့ရတယ်။ သိုင်းလောကထဲက ထွက်တာနဲ့ ကျုပ်ကို ဘယ်သူမှ မျက်နှာချင်း မဆိုင်ချင်တော့ဘူး”

“ကျုပ် သိပ်စိတ်ညစ်တယ်။ သိုင်းလောကသားတွေက ကျုပ်ကို ဝိုင်းပယ်ကြတယ်။ ကျုပ်ဟာ တရားခံကို လိုက်မရှာဘဲ ကိုယ့်ကိုယ်ကို အပြစ်ပေးမိခဲ့တယ်။ အဲဒီအချက် မှားတယ်ဆိုတာ ကိုတော့ ကျုပ် အပြင်ထွက်လာခဲ့ပြီ။ အချိန်သိပ်နောက်ကျတယ်လို့တော့ မပြောနိုင်ဘူးပေါ့ဗျာ။ နောင်ကြီးယန်လုကို သတ်တဲ့ တရားခံကို ခုထက်ထိ မဖော်နိုင်သေးဘဲ ဖြစ်နေတယ် မဟုတ်လား”

ချန်ပိုင်ဖုန်းမှာ ပြောရင်းမှပင် သူ သိသိပ်စောင့်စည်းထားခဲ့

ရသည့် အကျဉ်းအကျပ်ဒုက္ခကို ပြန်လည်တွေးမိကာ ကုလောင်စ
စာနာစိတ် ဝင်လာမိသည်။

ကုလောင်စန်းကလည်း ဆက်ပြောသည်။

"ကျုပ် မှတ်မိနေပါသေးတယ်၊ ကျုပ်အနားယူပြီးတဲ့ ဒုတိ
နှစ်မှာ ငွေတောင်ကုန်းသခင်ကြီး စင်းတာ့ဝမ် ကျုပ်ဆီ ရောက်
ခဲ့တယ်။ သူနဲ့ ကျုပ်နဲ့က လူချင်း ခင်မင်ရင်းနှီးမှုလဲ ရှိနေခဲ့တာ

အမှတ်မထင် စင်းတာ့ဝမ်အကြောင်း ပါလာသဖြင့် ချ
ဖုန်းနှင့် ပိုင်ထက်ကျွင်းကို ခေါင်းထောင်သွားကြ၏။

ပိုင်ထက်ကျွင်းက စူးစမ်းသည့်အကြည့်ဖြင့် ကြည့်ပြီး–

"ဆရာကြီး အနားယူတဲ့ ဒုတိယနှစ်မှာ ထူမုရဲတို့
အရေးအခင်း ဖြစ်တာပဲ မဟုတ်လား"

ကုလောင်စန်း ခေါင်းညိတ်ပြလိုက်ပြီး–

"ဟုတ်တယ်၊ အဲဒီအချိန်ပဲပေါ့"

ချန်ပိုင်ဖုန်း အလျင်စလို မေးသည်။

"သူ ဘာကိစ္စနဲ့ ခင်ဗျားကို လာရှာရတာတဲ့လဲဗျာ"

"လူသတ်ဖို့ကိစ္စအတွက် လာခေါ်တာပေါ့ဗျာ။ ကျုပ်ဘာ
ကျုပ် အေးအေးဆေးဆေး နေတာကို ဒီလူ မကြည့်နိုင်ဘူ
တူတယ်ဗျ၊ သူ ရောက်လာတော့ ကျုပ်ကလဲ အေးအေးဆေးဆေး
ကျုပ်ရဲ့ လက်တွေမှာ သွေးမပေတော့ဘူး။ လက်ကို ဆေးကြော
သန့်စင်ပြီးပြီ။ ဒါကြောင့် ကျုပ်နောက်ထပ် လူမသတ်တော့ဘူး
ပြန်ဖြေခဲ့တယ်။ ကျုပ် အမှန်အတိုင်း ပြောခဲ့တာပဲ"

ချန်ပိုင်ဖုန်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း–

"အင်း…စိတ်ဝင်စားစရာပဲ၊ ဆက်ပြောဗျာ"



ကုလောင်းစန်းက ဆက်ပြော၏။

"ကျုပ် အဲဒီလို ငြင်းပေမယ့် သူကလဲ ဖွတ်အတင်းပဲ
မှာ ကျုပ်မပါရင် မဖြစ်ဘူးလို့ ပြောတယ်။ သူက ထပ်တလဲလဲ
လာတော့ သူ့ကိစ္စက ဘာကိစ္စလဲဆိုတာကိုတော့ ကျုပ် မေးမိတယ်။
မဖြေဘူးဗျ။ ကျုပ်ကလဲ ယန်လုရှေ့မှာ ကတိသစ္စာ ဆိုထားတာ
က်လား။ အပြစ်မဲ့တဲ့လူတွေကို အဆိပ်လက်နက်နဲ့ မသတ်တော့ဘူး
ပေါ့။ ဒါကြောင့် သူ့အစီအစဉ်ကို မသိရဘဲနဲ့ ကျုပ်လဲ
လှုပ်ရှားဖို့ မဝံ့ဘူးလေ"

"အဲဒီတော့ သူ လက်လျှော့သွားရောလား"

ပိုင်ထက်ကျွင်းက ဖြတ်မေးသည်။

ကုလောင်စန်းက ခေါင်းခါယမ်းပြလိုက်ပြီး–

"မသွားဘူးဗျ၊ ဖွတ်ပေပြီး အတင်းအားမွှကို မလိုက်လိုက်
ခေါ်နေသေးတယ်။ ဒါပေမယ့် အဲဒီအချိန်တုန်း ကျုပ်မိန်းမလဲ
ရှိထင်ရှား ရှိနေတာကိုး။ ဒါကြောင့် တစ်ခြားလူကိုသာ
ခေါ်ပါ။ သူကတော့ ကတိသစ္စာကို ဖောက်ဖျက်မှာ မဟုတ်ဘူးလို့
မိန်းမက ဝင်ပြောတယ်…"

"တကယ်လို့ကျုပ်သာ စင်းတာ့ဝမ်းစကားကို လက်ခံ
ရင် ကျုပ်မိန်းမနဲ့ကျုပ် ပြတ်စဲကြရတော့မှာ သေချာသဗျ။
မိန်းက ကျုပ် လူမသတ်တာကို သိပ်ကျေနပ်နေတာ။ လူသတ်ဖို့
ခေါ်နေတဲ့လူကို ဘယ်သဘောကျမှာလဲဗျာ"

ပိုင်ထက်ကျွင်းသည် ကုလောင်စန်းကို လေးစားစွာ ကြည့်ပြီး
ပြောစကားများကို စိတ်ပါဝင်စားစွာ နားထောင်နေမိလေ၏။

ကုလောင်စန်းက–

"ကျုပ်လဲ ဒီလိုပြောလိုက်ရော စင်းတာ့ဝမ်က ဒေါသတ
အော်တော့တာပဲ။ ကိစ္စက သိပ်အရေးကြီးသတဲ့၊ အကောင်
အဆိပ်ကို အသုံးပြုရမှာမို့လို့ ခင်ဗျားကို လာခေါ်တာပေ
ခင်ဗျားက အဆိပ်ဘုရင် မဟုတ်ဘူးလားတဲ့..."

"အဲဒီမှာတင် ကျုပ် သက်ပြင်းချလိုက်ပြီး ကျုပ်မှ
ဗျာ၊ ကျုပ်ထက် အများကြီးတော်တဲ့ ခြေငါးလှမ်း ဝိညာဉ်လိပ်ပြာ
ထန်ရှင်ဆိုတာ ခင်ဗျား မသိဘူးလားလို့ မေးလိုက်တယ်။ အဲဒီ
အဆိပ်ပညာနဲ့ ပတ်သက်ရင် ပြိုင်ဘက်ကင်းအောင် ထူးချ
လူပါလို့ ပြောလိုက်တယ်"

ချန်ပိုင်ဖုန်း မျက်မှောင်ကြုတ်သွားသည်။ ကုလော
ဆက်ပြောလာမည့် စကားများကို အာရုံစူးစိုက် နားထောင်နေ

စိတ်ဝင်စားစေမည့် အကြောင်းအရာသစ်များက ပ
ကိုး။

"ကျုပ် အဲဒီလိုလဲ ပြောလိုက်ရော သူမျက်နှာဟာ ချ
ဝင်းလက်တောက်ပသွားတာပဲ။ ထန်ရှင် ဘယ်မှာရှိသလဲဆို
တဖွဖွ မေးတယ်။ ကျုပ်ကလဲ ထန်ရှင်တစ်ယောက် သူနဲ့ လိုက်
မဟုတ်ဘူးဆိုတာကို သိလို့ ထန်ရှင်ရဲ့လိပ်စာကို ပြောပြလိုက်
သူလဲ ဒီတော့မှ ဖြုတ်ခနဲ ထပြန်သွားတယ်။ ဘာကိစ္စ
ကျုပ်ကို ခေါ်ရတယ်၊ ကျုပ် မလိုက်လို့ ထန်ရှင်ကို ခေါ်ရတ
ပြောပြမသွားခဲ့ဘူး"

"ကျုပ်လဲ အပင်ပန်းခံပြီး ဘာကိစ္စဆိုတာ စဉ်း
တော့ဘူး။ ကျုပ်ဇနီးက ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်ကို တော်
ဆူပူကြိမ်းမောင်းခဲ့သေးတယ်။ ကျုပ်လဲ သူသာ မရှိရင်



ဝမ် နောက်ကို လိုက်ပြီး လူတွေ သတ်မိမလားတောင် မပြောတတ်ပါ
ဘူးဗျာ"

ပိုင်ထက်ကျွင်းနှင့် ချန်ပိုင်ဖုန်းတို့မှာ တစ်ယောက်မျက်နှာ
တစ်ယောက် ငေးကြည့်နေလိုက်မိကြသည်။

ချန်ပိုင်ဖုန်း ရင်ထဲ၌ကား ပြောမပြတတ်သော ဝေဒနာများ
သိမ့်သိမ့် ခံစားနေရပေတော့သည်။

ကုလောင်စန်းကို စိုက်ကြည့်လိုက်ပြီး မရှင်းလင်းသည့်
ကိစ္စကို မေးလိုက်မိပြန်သည်။

"ခင်ဗျား ထန်ရှင်ကို လမ်းညွှန်လိုက်တော့ ထန်ရှင်ကကော
သူ့နောက်လိုက်ပြီး လူသတ်တဲ့ကိစ္စမှာ ဝင်ပါခဲ့သေးသလား"

ကုလောင်စန်း ခေါင်းကို ခါယမ်းပြလိုက်ပြီး–

"ဟင့်အင်း...ဒါတော့ ကျုပ်လဲ အတိအကျ မသိပါဘူးဗျာ"

"ခြေငါးလှမ်း ဝိညာဉ်နတ် ထန်ရှင်နဲ့ ခင်ဗျားနဲ့ ယှဉ်ကြည့်
လိုက်မယ်ဆိုရင်..."

ချန်ပိုင်ဖုန်း အမေးစကားမဆုံးခင် ကုလောင်စန်းက ရယ်ကာ
မောကာ ဖြတ်ပြောသည်။

"ဟား...ဟား...ဟား...နောင်ကြီးချန်ကလဲဗျာ၊ သူနဲ့ကျုပ်နဲ့
ယှဉ်လို့ ဘယ်ရလိမ့်မလဲ၊ ကျုပ်က သူ့ကို တကယ်လဲ လေးစားပါတယ်၊
သူက ပင်ကို ဗီဇကိုက အဆိပ်ပညာမှာ ဝါသနာထုံတယ်။ အဆိပ်ပညာ
နည်းမျိုးစုံကိုလဲ ဆန်းသစ်တီထွင်ပြီး တိုးတက်အောင် အမြဲတမ်း
လာကြံဆောင်နေတယ်။ သူ့အသက်လောက် အဆိပ်ပညာကို
စားမြတ်နိုးနေခဲ့တာပဲဗျာ၊ ဘယ့်နှယ်ပြောလိုက်တာပါလိမ့်"

ချန်ပိုင်ဖုန်း တွေးရလေပြီ။ စိတ်ထဲတွင် အမျှင်ကလေး

တစ်စကို ဆုပ်ကိုင်မိသော်လည်း တပ်အပ်သေချာ မဟုတ်သေး
နှုတ်ဆိတ်ကာ တွေးမြဲတွေးနေ၏။

ကုလောင်စန်းက မျက်မှောင်ကြုတ်လိုက်ပြီး ဆက်ပြော
သည်။

"ထန်ရှင်ရဲ့ အဆိပ်ပညာကတော့ တကယ်ထက်မြ
ပါတယ်။ အဆင့်မြင့် သိုင်းသမားတွေလဲ သူ့အဆိပ်ပညာနဲ့ တွေ့
ခံသွားရတာပဲ။ အတွင်းအားပညာနဲ့ ခုခံကာကွယ်လို့လဲ မရဘူ
အတွင်းအားကောင်းရင် ပိုတောင် ခံရသေးတယ်။ ကျုပ်က အ
ဘုရင်ဆိုရင် သူက အဆိပ်ဧကရာဇ်ပဲ။ သူက အဆိပ်ဘုရင်ဆို
ကျုပ်က အဆိပ် အိမ်ရှေ့မင်းသားပဲ"

ချန်ပိုင်ဖုန်း ငိုင်နေသည်။

သူ့မျက်လုံးထဲတွင် တစ်ချိန်တစ်ခါက ယန်လု၏ အပေါ
အပါ သိုင်းသမားများ အဆိပ်သင့်ခဲ့ရပုံကို ပြန်လည် မြင်ယောင်
မိလေတော့သည်။

★ ★ ★

အခန်း (၁၇၅)

# ပေါ်လာသော မြုပ်ကွက်တစ်ကွက်

ချန်ပိုင်ဖုန်းသည် ခေါင်းတညိတ်ညိတ် နားထောင်နေရာမှ
ကုလောင်စန်းကို လှမ်း၍ မေးလိုက်လေ၏။

"ကျုပ် မသိတာရှိသေးလို့ တစ်ခုလောက် ရှင်းပြစမ်းပါဦး"

"ဘာလဲ ဆရာကြီးချုပ်က ထန်ရှင်အကြောင်း မေးမလို့လား"

"ဟုတ်တယ်၊ ထန်ရှင်ရဲ့အဆိပ်ပညာနဲ့ ပတ်သက်ပြီး နည်း
နည်းပါးပါးလောက် ထပ်ပြီး သိချင်တယ်"

ကုလောင်စန်း သက်ပြင်းလေပူ မှုတ်ထုတ်လိုက်သည်။

"အင်း…ထန်ရှင်မှာ ထူးဆန်းတဲ့ အဆိပ်တစ်မျိုး ရှိနေတယ်။
အဲဒီအဆိပ်က အရောင်အဆင်း အနံ့အရသာ ကင်းမဲ့တယ်။ သူ့အဆိပ်
မိရင် အဆိပ် ချက်ချင်းမတက်ဘဲ အချိန်တော်တော်ကြာမှ အဆိပ်တန်ခိုး

ပြတတ်တယ်။ကျင်းချိအတွင်းအားကို သုံးကြည့်ရင်လဲ သာမန်အတ
ထူးခြားမှု မရှိဘဲ ဖြစ်နေတတ်တယ်"

"အဆိပ်တက်လာပြီဆိုရင်တော့ ရှိရှိသမျှ အတွင်းအား
ပျက်စီးကုန်ရော၊ သောက်ကျိုးနည်း ကြောက်ဖို့ကောင်းတဲ့ အဆ
ပါပဲဗျာ"

"ဘယ်အချိန်ကျမှ အဆိပ်က အစွမ်းပြတာလဲ"

ကုလောင်စန်းက အတန်ကြာ စဉ်းစားလိုက်ပြီး ဖြေ

"ဘယ်အချိန်မှ အဆိပ်တက်သလဲဆိုတော့ အဆိပ်မိ ခံရ
သူရဲ့ အတွင်းအား အခြေအနေပေါ်မှာ မူတည်နေတယ်။ အစ
ကြီးချန်ရဲ့ အတွင်းအား သိပ်ကောင်းခဲ့ရင် အသည်းနှလုံး
အဆိပ်ပျံ့နှံ့တာ ပိုပြီး ကြာတတ်တယ်။ အဆိပ်ထပြီ ဆိုရင်
အတွင်းအားကောင်းတဲ့လူဟာ ပိုခံရတော့တာပဲ"

ကုလောင်စန်းက စကားကို ခဏရပ်ထားလိုက်၏။

ချန်ပိုင်ဖုန်း စဉ်းစားနေဆဲပင်။ သူ့မျက်လုံးထဲတွင် ဂူညီနော
နှစ်ယောက် အဆိပ်တက် သေဆုံးခဲ့ပုံကို ပြန်လည်မြင်ယောင်သည်

ထိုဂူညီနောင်နှစ်ယောက် သေဆုံးရပုံမှာ ဤအဆိပ်မျိုးမိကာ
သေဆုံးရခြင်း ဖြစ်နိုင်ပေသည်။

သူတို့သေဆုံးပုံမှာ ကုလောင်စန်း ပြောသည်နှင့် အတော်ပင်
တူညီနေပေသည်။

ကုလောင်စန်းက သူ့စကားကို ပြန်ဆက်သည်။

"ဒါပေမယ့် အဆိပ်အမိခံရပြီ ဆိုတာကိုတော့ လွယ်လွယ်
ကလေးနဲ့ပဲ သိနိုင်ပါတယ်"

"ဘယ်လို သိသာတာလဲ"



"ဘယ်လို သိသာသလဲဆိုတော့ အဆိပ်မိတဲ့လူရဲ့ ခန္ဓာကိုယ်
တဲ့ ဒွါရပေါက်ကိုးပေါက်က သွေးတွေ ယိုစီးကျလာတတ်တယ်၊
ကိုယ်လုံးလဲ ပြာပြီး ညိုလာတတ်တယ်"

ချန်ပိုင်ဖုန်း သက်ပြင်းရှည်ကြီး ချလိုက်သည်။

"ဪ...သူ ဖြစ်နေခဲ့ပြီကိုး၊ ဟုတ်ပါပြီ သူပါပဲလေ"

ပိုင်ထက်ကျွင်း ချက်ဆို နားစွက်က မီးတောက်သူ ဖြစ်သည်။

ချန်ပိုင်ဖုန်း ပြောပြထားချက်များအရ သူတို့အကြောင်းကို
ာင်းစွာ သိခဲ့ပေသည်။

သူ့မျက်လုံးထဲတွင်လည်း ဂူညီနောင်သာမက ယန်လုနှင့်သိုင်း
ားများ အဆိပ်သင့် သေဆုံးခဲ့ကြရပုံကိုပါ မြင်ယောင်မိသည်။

ထိုအဖြစ်အပျက်များသည် ကုလောင်စန်းပြောပြသော အချက်
လက်များနှင့် တထေရာတည်း သေပုံချင်း တူညီနေကြပေသည်။

စင်းတော့ဝမ်သည် ကုလောင်စန်းအား အသုံးချ၍ မရတော့
ဖြင့် ထန်ရှင်ဆီ သွားရောက်ခဲ့သည်။

သို့ဆိုလျှင် ထန်ရှင်က စင်းတော့ဝမ်အား အကူအညီ
းခဲ့ချေပြီ။

ဤအဆိပ်မျိုးကို ထန်ရှင်မှတစ်ပါး အခြား မည်သူမျှ
ကိုင်နိုင်သည်ကို ယခုအခါ အသေအချာ သိရချေပြီ။

* * *

ပိုင်ထက်ကျွင်းက သက်ပြင်းချလိုက်ပြီး-

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကကိစ္စမှာ စင်းတော့ဝမ်

ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့တယ်။ ဟိုဘုန်းကြီးတစ်ပါး ပြောခဲ့သ
စင်းတာ့ဝမ်ဟာ ဂိုဏ်းချုပ်ကြီးယန်ရဲ့ နောက်ကျောကို အလ
လက်ဝါးနဲ့ ဝင်ရိုက်သတ်ခဲ့သေးတယ်။ ကျွန်တော့်ဖခင်ကြီးကို သ
လူအုပ်စုကို အခု သေသေချာချာ မြင်ရပြီပဲ၊ ဝေသိမ့်ကိုရယ်၊ တ
ဘုန်းကြီးရယ်၊ စင်းတာ့ဝမ်ရယ်၊ ထန်ရှင် အားလုံးလေးယော

သူ့စကားကြောင့် ခဏမျှ အားလုံး ငြိမ်သွားကြသည်
အတွေးကိုယ်စီနှင့် ဖြစ်သွားကြသည်။

နိမိတ်ဖတ်အဘိုးအို ကို့ချုံယွင်သည် တစ်ချိန်လုံး
ငြိမ်သက်ခဲ့ရာမှ ရုတ်တရက် ဝင်ပြောလာလေ၏။

"ထူမုရဲတိုက်ကြီး ဝန်းရံလုပ်ကြံခံရတဲ့အခါတုန်းက နော
ယန် သေဆုံးခဲ့ရတယ်။ နောင်ကြီး ချန်ပိုင်ဖုန်းလဲ သိုင်းလောက
တွေရဲ့ အထင်လွဲတာကို ခံခဲ့ရတယ်။ ဆောဆောက ပိုင်ထက်ကျွင်းပြော
လူတွေက ဝန်မခံရင် ဒီကိစ္စရှင်းဖို့ အတော်ခက်သေးတာပဲ၊ တင
သဲလွန်စများကော ရှိသေးရဲ့လား"

အားလုံး ငြိမ်သက်သွားသည်။

အတွေးကိုယ်စနှင့် ဖြစ်သွားကြသည်။

ထူးခြားသော အရေးအခင်းကြီး၏ လက်သည် တ
များက ဝန်ခံနိုင်စေရန် သူတို့၌ နည်းလမ်းအသစ်များ ရှိဟန်မတူ

ချန်ပိုင်ဖုန်းက ခေါင်းခါလိုက်၏။

"မရှိပါဘူးဗျာ"

ပိုင်ထက်ကျွင်း တစ်ခု စဉ်းစားမိသည်။

ဝေသိမ့်ကို၊ တရုတ်ဘုန်းကြီးနှင့် စင်းတာ့ဝမ်တို့သ
တစ်ကျိတ်တည်း တစ်ဉာဏ်တည်းများ ဖြစ်ကြ၏။



ထန်ရှင်ဆိုသည့် ပုဂ္ဂိုလ်ကိုမူ သူတို့သည် ယခုအထိ
တွေ့ကြရသေးပေ။

ဝေသိမ့်ကိုတို့နှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း
ဟုတ်ချင်မှ ဟုတ်မည်။

ထိုအတွေးကြောင့် ပိုင်ထက်ကျွင်းက ကုလောင်စန်းကို
လှမ်းမေးလိုက်လေ၏။

"ခြေငါးလှမ်း ဝိညာဉ်နုတ်ထန်ရှင် အခု ဘယ်မှာ ရှိနေသလဲ
ဆရာကြီး ကုလောင်စန်း သိပါသလား"

ကုလောင်စန်းက–

"ကျုပ် ကြားရတဲ့ သတင်းတစ်ခုတော့ ရှိပါတယ်"

"ဘာသတင်းများလဲ ခင်ဗျာ၊ သိပါရစေ"

"ဩော်...တစ်သက်လုံးက လူတွေကို သတ်လာပြီး သွေးညှိနံ့
တွေ နံစော်စွန်းထင်းနေတဲ့ လူတစ်ယောက်က လွန်ခဲ့တဲ့ ဆယ်နှစ်
ကျော်ကျော်ကပဲ ဘုန်းကြီးဝတ်သွားတယ်လို့ ကြားလိုက်ရလို့ပါ"

ပိုင်ထက်ကျွင်း အံ့ဩသွား၏။

ချက်ချင်း ထပ်မေးသည်။

"ဘယ်ဘုန်းကြီးကျောင်းမှာ ဝတ်တာတဲ့လဲ၊ ကျွန်တော်
သိချင်လို့ပါ"

ကုလောင်စန်း ပြုံးရယ်လိုက်ပြီး–

"သူက လူသိပ်သတ်တဲ့ မိစ္ဆာတစ်ကောင်ပဲ။ သူဘုန်းကြီး
ဝတ်တယ်ဆိုတဲ့ သတင်းကြားရရင်ပဲ ငါ့မှာ ပြက်လုံးတစ်ခုလို ခွက်
ထိုးခွက်လန် ရယ်ပစ်လိုက်မိသေးတယ်။ ဒါပေမယ့် ပြန်စဉ်းစားမိတော့
ဖြစ်နိုင်သလိုလို တွေးမိတယ်။ အဲချိန်ကာလ ကြာမြင့်လာတာနဲ့ အမျှ

သူ ဘုန်းကြီးဝတ်သွားပြီဆိုတာ ငါ ယုံကြည်လိုက်တယ်"

ပိုင်ထက်ကျွင်းက သူ့ဆုံးဖြတ်ချက်ကို အလျင်အမြန် ဝင်ပြော
၏။

"ထန်ရှင်ဟာ အခုဆိုရင် သိပ်အရေးပါ အရာရောက်တဲ့
ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေပါပြီ။ ထူမုရဲတိုက် အရေးအခင်းတုန်းက
သိုင်းလောကသားအားလုံးဟာ ဆရာကြီးချန်ကို အဆိပ်ခတ်
လူသတ်တရားခံလို့ ထင်မှတ်ခဲ့ကြပါတယ်။ ဒါကြောင့်လဲ ဆရာကြီး
ချန်ဟာ လော့ယင်းတပ် ဘုရားကျောင်းပျက်ကြီးထဲမှာ အနှစ်နှစ်ဆယ်
အကျဉ်းခံခဲ့တာပါပဲ။ ထန်ရှင်ကို တွေ့ရရင် ဒီပြဿနာတွေ
အဖြေ ရှင်းသွားမှာပါ။ သူ့ကို ကျွန်တော်တို့ မတွေ့တွေ့အောင်
ရှာရလိမ့်မယ်"

ကုလောင်စန်းက ပြုံးလိုက်ပြီး-

"အင်း...သူ့ကို လိုက်ရှာဖို့ ကိစ္စလဲ သိပ်မခက်တော့ပါ
ဘူးကွာ"

"ဟင်...ဘာမခက်တာလဲဟင်"

ကုလောင်စန်း ခေါင်းညိတ်လိုက်ပြီး-

"ထန်ရှင် ဘုန်းကြီးဝတ်တဲ့ကျောင်းဟာ ရှောင်လင်ကျောင်း
ဖြစ်နေလို့ပဲ။ အခု ကျုပ်တို့ကလဲ ရှောင်လင်ကျောင်းကို သွားနေတာ
မဟုတ်လား။ တစ်လက်စတည်း ကျွဲကူးရေပါ ဖြစ်သွားတာပေါ့"

သူတို့အားလုံး စိတ်လှုပ်ရှားသွားကြသည်။

ပထမ သူတို့ ခရီးထွက်လာသည့် အဓိကရည်ရွယ်ချက်မှာ
ယန်လု၏ သားငယ် ယန်ချွင်အား ရှာရန်ဖြစ်သည်။

ယခု ထန်ရှင်ကို ရှာရန် ဖန်တီးလာခဲ့လေပြီ။



သူတို့နှစ်ယောက်စလုံးနှင့် တွေ့ရလျှင် ပြဿနာကြီး၏
ဝက်ကို ဖြေရှင်းပြီးသား ဖြစ်သွားပေလိမ့်မည်။

ချန်ပိုင်ဖုန်းမှာမူ ထိုသတင်းအတွက် လွန်စွာ အံ့ဩသွားသည်။

"ရှောင်လင်ကျောင်းမှာပဲ ခေါင်းတုံးတုံး ဘုန်းကြီးဝတ်ခဲ့
ယ် ဟုတ်လား၊ တကယ် တိုက်တိုက်ဆိုင်ဆိုင်ပါပဲလား"

ကုလောင်စန်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ဒါကြောင့် သိပ်ပြီး တိုက်ဆိုင်တယ်လို့
ရတာပေါ့"

ချန်ပိုင်ဖုန်း အရေးတကြီး နှိုးဆော်လိုက်၏။

"ကဲ...ဒါဆို တို့မြန်မြန်လေး သွားလိုက်ကြရအောင်"

ထိပ်သီးသိုင်းသမားလေးယောက်တို့သည် တစ်ယောက်
က်နှာတစ်ယောက် ကြည့်လိုက်ကာ ကိုယ်ဖော့ပညာသုံး၍ ပြေးထွက်
ားကြလေတော့သည်။

★ ★ ★

အခန်း (၁၅

# သတင်းတ

ရှောင်လင်ကျောင်းတော်ကြီးကာ ကောင်းစန်းတော
တည်ငြိမ်ခဲ့ညားစွာ ရှိနေသည်။

ဤကျောင်းတော်ကြီးကား တရုတ်ပြည် သိုင်းလောက
ပထမမဏ္ဍိုင်ကြီးပင် ဖြစ်လေတော့သည်။

ကျောင်းတော်ဆီသို့ သွားရာလမ်းက တောင်ကိုကွေ့ပတ်
ကောက်ကွေ့တွန့်လိန်နေသည်။

ချန်ပိုင်ဖုန်းတို့လေးယောက် ထိုလမ်းအတိုင်း လျှော
လာခဲ့ကြသည်။

လမ်းတစ်လျှောက်လုံးတွင် လူသွားလူလာဟူ၍ မရှိပါ
ကျောင်းတော်ကြီးသို့ရောက်လျှင် တိတ်ဆိတ်ခြင်းက မ



တော့သည်။

ဆူညံသံ မရှိ၊ လူသူအရိပ်အယောင်ဟူ၍ လုံးဝ မတွေ့ရချေ။

အထင်ကရ ကျောင်းတော်ကြီးတစ်ခုနှင့် မတူတော့ဘဲ
လာယံ ဇရပ်ပျက်ကြီးနှင့် တူနေသည်မှာ ရင်နာဖွယ်ရာ ကောင်း
လေ၏။

ချန်ပိုင်ဖုန်းသည် မြင်ကွင်းကိုကြည့်ပြီး စိတ်မသက်မသာ
သွား၏။

သက်ပြင်းရှည်ကြီးကို ချလိုက်မိသည်။

"အင်း...တကယ်စိတ်မကောင်းစရာပဲ။ ရှောင်လင်ကျောင်း
တ်ကြီးဟာ ဟိုအရင် တာမို့ ဘုန်းတော်ကြီးတွေ လက်ထက်က
ည်းက စတင်တည်ထောင်လာခဲ့တယ်။ နှစ်ပေါင်းများစွာ သိုင်း
ာကကြီးကို ဦးဆောင်ခဲ့တယ်။ ဒါတောင် ခုချိန်မှာ သူတစ်ပါးရဲ့
်ကားမှုကို ခံလိုက်ရတယ်။ ကျန်တဲ့ ဂိုဏ်းတွေဆိုရင် ပြောစရာ
ှိတော့ဘူး"

နီမိတ်ဖတ်အဘိုးအိုသည်လည်း ကျောင်းတော်ကြီး၏
ချာက်ချားဖွယ်ရာများကို ကြည့်ပြီး စိတ်ထိခိုက်သွားလေသည်။

"အေးဗျာ၊ ကျောင်းတော်ကြီး ဒီလို အဖျက်အဆီးခံရလိမ့်
ယ်လို့ အိပ်မက်ထဲမှာတောင် ထည့်ပြီး မမက်ခဲ့ဖူးပါဘူး။ ကြည့်ရတာ
ခုမှရဲတိုက် အရေးအခင်းနဲ့များ ပတ်သက်နေပြန်ပြီလား မသိဘူး"

ချန်ပိုင်ဖုန်း ခေါင်းညိတ်ပြလိုက်သည်။

"ဒါပေါ့ဗျာ၊ တစ်နည်းပြောရမယ်ဆိုရင်တော့ ဝေသိမ့်ကိုနဲ့
တ်သက်နေပြီ ဆိုတာပါပဲ"

ပိုင်ထက်ကျွင်းကလည်း သူ့စိတ်ကူးကို ဝင်ပြော၏။

"ဟုတ်တယ်၊ ကျွန်တော့်စိတ်ထဲမှာ ရှောင်လင် တော်ကြီး အတိုက်ခံရတာဟာ ထူမုရဲတိုက် အရေးအခင်းနဲ့ ပတ် နေမယ်လို့ ထင်တာပါပဲ"

ချန်ပိုင်ဖုန်းက ဆက်ပြောပြလေ၏။

"ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီးဟာ ထူမုရဲ ကိစ္စနဲ့ ပတ်သက်နေလိမ့်မယ်၊ ဆရာတော်ကြီးကို တိဗက်မှာ တ တွေ့ခဲ့ဖူးတယ်။ တိုင်းရေးပြည်ရေးအတွက် လိုက်ပါလာတယ်ဆို လျှို့ဝှက်ကိစ္စတစ်ချို့ ဆောင်ရွက်ချင်လို့ လာတာလို့ပဲ ယူ ရနိုင်တယ်"

လေးယောက်စလုံး ငြိမ်သွားကြသည်။

တောင်ပေါ်လမ်းအတိုင်း ထမင်းတစ်အိုးကျက်ခန့် ဆ လျှောက်လာခဲ့ကြသည်။

လူသူအရိပ်အယောင်ကား လုံးဝ မတွေ့ရချေ။

လမ်းအကွေ့တစ်ချိုးကို ချိုးလိုက်မိလျှင် ဘုန်းတော် တစ်ပါး စက္ကူခြွေချကာ တောင်ကမူထိပ်၌ ရပ်နေသည်ကို တွေ့လို ကြရသည်။

ဘုန်းတော်ကြီးမှာ သက်တော် ငါးဆယ်ခန့်ရှိပြီး မုတ်ဆိ ပါးမြိုင်းမွေးဖြူဖြူများက လေအဟုန်တွင် ဝဲလွင့်နေလေသည်။

ပိုင်ထက်ကျွင်းသည် ရှေ့ဆုံးသို့ တိုးဝင်သွားပြီး လက်အုပ် ဂါရဝပြုလိုက်၏။

"ဆရာတော်ဘုရား"

ဘုန်းတော်ကြီးမှာ သူတို့ ရောက်ရှိလာသည်ကို ကောင်းစွာ သိသော်လည်း စက္ကူခြွေကို ချထားမြဲရှိ၏။



သူ့နှုတ်ဖျားမှ ထွက်ပေါ်လာသော စကားသံတို့ကမူ ချိုအေး ကြည်လင်နေ၏။

"ဒကာတို့... ကျုပ်ကို ဆရာတော်လို့ မသတ်မှတ်လိုက်ကြ ပါနဲ့၊ ကျုပ်က ဝါစဉ်နုတဲ့ ကိုယ်တော်တစ်ပါးသာ ဖြစ်ပါတယ်"

ကိုယ်တော်က သူ့ကိုယ်သူ နှိမ့်ချ၍ စကားပြောနေလေသည်။

ထိုအခါ ကျန်ပိုင်ဖုန်းက ရှေ့သို့ တိုးဝင်လာလေ၏။

"ကိုယ်တော်က ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို နှိမ့်ချပြောနေရ တာပါလဲ ဘုရား၊ တပည့်တော်နာမည် ချန်ပိုင်ဖုန်းပါ။ တပည့်တော်တို့ လေးယောက်စလုံး ရှောင်လင်ကျောင်းတော်ကို လာခဲ့ကြတာပါ"

တရုတ်ဘုန်းတော်ကြီးက ခေါင်းမော့လာသည်။

မျက်လုံးကို ဖျတ်ခနဲ ဖွင့်လိုက်၏။ သူ့မျက်လုံးအိမ်မှာ အရည်လဲ့ တောက်ပနေသည်။

ချက်ချင်းပင် မျက်လွှာကို ပြန်ချထားလိုက်၏။ ပြီးမှ ဖြည်းဆေးညင်သာသော မေးခွန်းကို ထုတ်သည်။

"ဘာကိစ္စကြောင့် ကျောင်းတော်ထဲကို သွားကြမှာလဲ"

"ကိစ္စတစ်ခုအတွက် သတင်းလိုချင်လို့ပါ ကိုယ်တော်"

တရုတ်ဘုန်းတော်ကြီး တုန်လှုပ်သွား၏။

သို့သော် ချက်ချင်းလိုလိုပင် ဣန္ဒြေကို ပြန်ထိန်းပြီး တည် ငြိမ်စွာ ပြန်မေးလေ၏။

"ဘာသတင်းများ လိုချင်လို့ပါလိမ့်၊ ပြောပြနိုင်မလား"

"ကိုယ်တော်က ရှောင်လင်ဘုန်းတော်ကြီးလား"

တရုတ်ဘုန်းကြီးက ပြုံးလိုက်သည်။

ချန်ပိုင်ဖုန်း၏စကားက သူ့အတွက် ပြုံးစရာကောင်းနေပုံ

ရ၏။

"ဒကာကြီးချန်ပိုင်ဖုန်းရဲ့စကားက အံ့သြစရာ ကောင်းမေ
ဘူးလား။ ရှောင်လင်ကျောင်းတော်ထဲမှာ တွေ့တဲ့ဘုန်းကြီးကို ရှောင်လ
ကိုယ်တော်လား ဆိုတာတော့ မမေးသင့်ဘူးပေါ့"

"ကောင်းပါပြီ၊ ဒါဆိုရင်လဲ တပည့်တော်တို့ကို ကျော
ဆောင်ထဲ လိုက်ပို့ပေးပါ။ ဆရာတော်ကြီးကို ဂါရဝပြုပါရစေ"

တရုတ်ဘုန်းတော်ကြီးက လူလေးယောက်စလုံးကို အ
ခတ်ကြည့်သည်။

ချန်ပိုင်ဖုန်းနောက်တွင် ရပ်နေသော ပိုင်ထက်ကျွင်း
မြင်ရလျှင် တစ်စုံတစ်ရာကို သတိရဟန်ဖြင့်-

"ဒကာလေးက ပိုင်ထက်ကျွင်း မဟုတ်လား"

ပိုင်ထက်ကျွင်းမှာ သူ မသိသေးသော ဘုန်းတော်ကြီးက
သူ့အမည်ကို သိရှိနေသဖြင့် ရုတ်တရက် အံ့အားသင့်သွားသည်။

"ကိုယ်တော်က တပည့်တော်ကို ဘယ့်နှယ်လုပ်ပြီး သိနေ
တာလဲဘုရား"

ဘုန်းတော်ကြီးက ခေါင်းညိတ်လိုက်ပြီး-

"ဒကာလေး၊ ကျုပ်တို့ရဲ့ ရှောင်လင်ကျောင်းတော်ကြီးကို
ရောက်ဖူးခဲ့တာပဲ။ တာ့ရှုံ ခန်းမဆောင်ကြီးထဲမှာ စင်းတာ့ဝမ်ရယ်၊
ဝေသိမ့်ကိုရယ်နဲ့ နှစ်ကြိမ်နှစ်ခါတိတိ တိုက်ခိုက်ခဲ့ဖူးတယ်။ ဒကာ
လေးရဲ့ အစွမ်းထက်မြက်လွန်းလို့ ကျုပ်မျက်စိထဲက ဖျောက်ဖျက်လို့
မရနိုင်ခဲ့ပါဘူး"

ပိုင်ထက်ကျွင်း စိတ်ထဲတွင် တွေးနေ၏။

"အင်း…ဒီဘုန်းကြီးဟာ ရှောင်လင်ကိုယ်တော်ဆိုတာတော့



တ်မှန်နေပြီ။ ဘာကြောင့် ဒီနေရာမှာ လာရပ်နေရတာလဲ။
ထူးခြား ချက်တစ်ရပ်ပဲ၊ မေးမြန်းတီးခေါက်ကြည့်ရမယ်"

အတွေးဆုံးလျှင်ဆုံးချင်း ပိုင်ထက်ကျွင်း မေးလေတော့၏။

"ကိုယ်တော့်ကို တပည့်တော် တစ်ခုလောက် မေးစရာ
နေပါတယ်။ အခုတလော ဒီရက်ပိုင်းအတွင်း ကျောင်းတော်ကို
ငယ်တစ်ဦး ရောက်လာခဲ့ပါသလား"

တရုတ်ဘုန်းတော်ကြီး မျက်နှာပျက်သွားသည်။

သို့သော် ချက်ချင်းပင် ဣန္ဒြေဆည်သည်။

"ဒါတော့ ကျုပ်လဲ သတိမထားမိပါဘူး၊ ဘာများထူးခြား
လို့လဲ"

"ဩော်…အဲဒီလူငယ်က ဝေသိမ့်ကိုရဲ့ တပည့်တစ်ယောက်
စ်နေလို့ပါ။ သူ့ကိုလဲ ကိုယ်တော် တွေ့မြင်ဖူးလိမ့်မယ်ထင်တယ်၊
ှောင်လင်ကျောင်းတော်မှာပဲ တပည့်တော်နဲ့ တိုက်ခိုက်ခဲ့ဖူးသေး
ယ်လေ"

ဘုန်းတော်ကြီးမှာ သိသိသာသာပင် မျက်နှာပျက်သွားသည်။

ပိုင်ထက်ကျွင်းသည် ဘုန်းတော်ကြီး၏ အခြေအနေကို
ကောင်းစွာ ရိပ်မိပြီဖြစ်၍ ဆရာကြီးချန်ပိုင်ဖုန်းအား တီးတိုး
သမ်းပြောလေ၏။

သူ့အသံက နှုတ်ခမ်း လှုပ်သည် ဆိုရုံမျှသာ။

"ဆရာကြီးယန်ချွင် ဒီကို ရောက်သွားခဲ့ပြီထင်တယ်"

ချန်ပိုင်ဖုန်းကလည်း သူ့နည်းတူပင်။

"မင်းပြောတဲ့အတိုင်း ဟုတ်နေရင် ဟိုရှောင်လင်ဘုန်း
တော်ကြီး ထန်ရှင်လဲ ရှိနေမှာပဲ"

ပိုင်ထက်ကျွင်းက မသိမသာ ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် တရုတ်ဘုန်းတော်ကြီးအား မေးခွန်းတစ်ခု ထုတ်ပြန်လေ၏။

"ကိုယ်တော်ကကော ဘာအကြောင်းကိစ္စများ ရှိနေ... ဒီနေရာကို ရောက်နေတာလဲ"

ထိုမေးခွန်း အမေးခံလိုက်ရသည်နှင့် ဘုန်းတော်ကြီး... ခေါင်းငေါက်စိုက် ကျသွားလေတော့သည်။

* * *

အတန်ကြာမှ ဘုန်းတော်ကြီး ခေါင်းပြန်မော့လာ၏။

ဘုန်းတော်ကြီး၏ အမူအရာကိုကြည့်ပြီး အားလုံး အံ့သြသွား... ကြရသည်။

ပိုင်ထက်ကျွင်းက–

"ဘာဖြစ်လို့ပါလဲ ကိုယ်တော်"

တရုတ်ဘုန်းတော်ကြီးက သက်ပြင်းချလိုက်ပြီး–

"ကျုပ် သံယောဇဉ်ရှိတဲ့ မိတ်ဆွေတစ်ယောက်ကို သတိ... လွမ်းလို့ပါ၊ အခုတော့ သူ့ခမျာ သေသွားခဲ့ပါပြီ"

"ဗြော်"

ပိုင်ထက်ကျွင်းမှာ အာမေဋိတ်သံ ပြုလိုက်မိသည်။

ဘုန်းတော်ကြီး၏ မျက်နှာက တဖြည်းဖြည်း ညို့မှိုင်းလာ... သည်။

ထို့နောက် တုန်ယင်လှိုက်လှဲသော လေသံဖြင့် စကားဆက်... ပြန်သည်။



"ကျုပ်ဟာ ဒီနေရာကို လာပြီး နေ့စဉ် နှစ်နာရီလောက် ...တ်မတ် ရပ်နေလေ့ရှိတယ်။ ဒီနားမှာ လာရပ်ပြီး တွေးတောနေရင် ...တိတ်တုန်းက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်လေးတွေကို တစ်ခုပြီး ...စ်ခု ပြန်သိရလာတယ်။ မျက်လုံးထဲမှာ ပြန်မြင်လာတယ်။ ...ဒီအခါ ကျုပ်စိတ်တွေ ထိခိုက်လာရတယ်။ ပြီးတော့ ကျုပ် ...တ်ငြိမ်အောင် တရား ပြန်ထိုင်လိုက်ရတယ်"

ပိုင်ထက်ကျွင်းတို့လေးယောက်သည် တစ်ယောက်မျက်နှာ ...စ်ယောက် ကြည့်မိကြပြန်သည်။

ဘုန်းတော်ကြီးက သူ့စကားကို ပြန်ဆက်သည်။

"ကြာခဲ့ပါပြီ၊ ဆယ်သုံးနှစ်လောက်ကို ကြာခဲ့ပါပြီ။ အဲဒီ ...တ်ဆွေဟာ ကျုပ်နဲ့ အသက်ပေးချစ်ခင်တဲ့မိတ်ဆွေ ဖြစ်ခဲ့ပါတယ်"

ဘုန်းတော်ကြီး၏ အသံက တုန်ယင်နေ၏။ ပိုင်ထက်ကျွင်း ...သည် ဘုန်းတော်ကြီးတစ်ပါးဖြစ်လျက် တစ်စုံတစ်ဦးအပေါ်တွင် ...မျှအထိ သံယောဇဉ်ဖြစ် ခင်မင်နေသည်ကို ကြည့်ပြီး စိတ်ဝင်စား ...ာသည်။

သိချင်စိတ် ပြင်းထန်လာသည်။

"ကိုယ်တော်ရဲ့မိတ်ဆွေက လူလား၊ ဘုန်းကြီးလားဘုရား"

ဘုန်းတော်ကြီးသည် ရုတ်တရက် ခေါင်းမော့လာ၏။

မျက်လုံးများ၌ ဆွေးရိပ်သမ်းနေသည်။

အတန်ကြာမှ–

"အရင်တုန်းကတော့ လူဝတ်ကြောင်ပဲပေါ့လေ၊ လူသတ်တဲ့ ...ရာမှာ ပြိုင်စံရှားတဲ့သူပေါ့။ နောက်တော့ သူ့မကောင်းမှု အညစ် ...ကြေးတွေကို ခဝါချ ဆေးလျှော်ပြီး သာသနာ့ဘောင် ဝင်လာခဲ့တဲ့

သူပဲပေါ့"

"ဩော်"

အားလုံးသည် အာမေဋိတ်သံ ပြုမိကြသည်။

ဘုန်းတော်ကြီးက သူ့စကားကို မယုံကြည်ကြဟု ထင်မှ
ကာ လေသံကျယ်ကျယ်ဖြင့် ပြန်မေး၏။

"မယုံကြည်ဘူးလား၊ ကျုပ်စကားကို ခင်ဗျားတို့ မယုံကြ
မဟုတ်လား၊ ကျုပ်မိတ်ဆွေဟာ မကောင်းတာမှန်သမျှ အကုန်လုပ်ခဲ့
တယ်၊ လူတွေလဲ သိပ်သတ်တယ်၊ သူ့တစ်ကိုယ်လုံးမှာ အဆိပ်ငွေ
ချည်းပဲ ပျံ့နှံ့နေတယ်"

ပိုင်ထက်ကျွင်းနှင့် ချန်ပိုင်ဖုန်းတို့ တစ်ယောက်မျက်
တစ်ယောက် ကြည့်လိုက်မိကြသည်။

ဘုန်းတော်ကြီး၏ စကားများက သူတို့အတွက် တဖြည်
ဖြည်း ထူးခြားလာတော့မည်ဟု ထင်မှတ်နေမိသည်။

ဘုန်းတော်ကြီး၏ မျက်နှာထားက ပြန်လည် ညှိုးရော်လ
ပြန်သည်။

လေသံကလည်း တိုးညင်းလာ၏။

ထိုစကားသံတွင် ကြေကွဲမှုတို့ အဖျားခတ်တုန်ခါနေသည်

"ဒါပေမယ့် သူဟာ သာသနာ့ဘောင်ထဲ ရောက်လာပြီး
နောက် မကောင်းမှုဆိုရင် ဘာတစ်ခုမှ မလုပ်ခဲ့ဘူး။ စိတ်
တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ထားသွားခဲ့တယ်"

ပိုင်ထက်ကျွင်းက သို့လော သို့လော စိတ်ဖြင့် မေး၏

"သူက ဘယ်သူတဲ့လဲ"

ဘုန်းတော်ကြီးက တီးတိုးပြောသည်။



"ပြောရင် ယုံနိုင်စရာတောင်မရှိဘူး။ ခြေငါးလှမ်း ဝိညာဉ်နုတ်
ဘန်ရှင် ဆိုတာကို ဒကာလေး ပိုင်ထက်ကျွင်း ကြားဖူးမှာပေါ့"

"ဗျာ...ခြေငါးလှမ်း ဝိညာဉ်နုတ် ထန်ရှင် ဟုတ်လား"

ပိုင်ထက်ကျွင်းရော ချန်ပိုင်ဖိုန်းပါ အကြီးအကျယ် ထိတ်လန့်
ဘုန်လွှပ်ကာ လွှတ်ခနဲ အော်ဟစ်ရေရွတ်လိုက်မိကြလေတော့သည်။

★ ★ ★

အခန်း (၁၇၇)

## အဆိပ်ဇာတ်လမ်း အပြောမှတ်တမ်း

ဘုန်းတော်ကြီးသည် ပိုင်ထက်ကျွင်းတို့ အထိတ်တလန့် အော်ဟစ်ကြသည်ကို တွေ့လိုက်ရသဖြင့် မယုံသင်္ကာ ဖြစ်သွားသည်။

"ကျုပ် ဘာစကား မှားသွားမိလို့လဲ ဒကာကြီးတို့"

ပိုင်ထက်ကျွင်းတို့သည် အားလုံးထိန်းသိမ်းလိုက်ကြသည်။

ချန်ပိုင်ဖုန်းက-

"သြော်...ဘာမှ မမှားပါဘူး၊ ကိုယ်တော်ရဲ့ စကားတွေက အံ့သြစရာကောင်းလို့ တပည့်တော်တို့ စိတ်မထိန်းနိုင်ဘဲ လွတ်ခနဲ ပြောမိတာပါ"

ဘုန်းတော်ကြီး ဦးခေါင်းကို ခါယမ်းပြီး ပြောသည်။

"ဒီလျှို့ဝှက်ချက်တွေကို ကျုပ်ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူး၊



ပြာပြလို့လဲ လူတွေက ယုံကြည်ကြမှာ မဟုတ်လို့ပဲ"

ချန်ပိုင်ဖုန်းက စကားဖြတ်ကာ-

"အင်း...ခြေငါးလှမ်း ဝိညာဉ်နုတ် ထန်ရှင် သေပြီဆိုတဲ့ ကားကြားရတော့ ရင်ထဲမှာ မောသွားတာပေါ့။ မိုင်ပေါင်းများစွာ ဝေးကွာတဲ့ အရပ်က မျှော်လင့်တကြီးနဲ့ လာခဲ့ပြီးမှ အမှတ်မထင် ဒီသတင်းစကားကို ကြားလိုက်ရတော့ လမ်းစ ပျောက်သွားပြီပေါ့"

ဘုန်းတော်ကြီး မျက်မှောက်ကြုတ်ကာ ပိုင်ထက်ကျွင်းတို့ကို စေ့စေ့စပ်စပ်ကြည့်လိုက်၏။

"ဒကာကြီးတို့က ထန်ရှင်ကို လာရှာကြတာကိုး"

ချန်ပိုင်ဖုန်းသည် ဘုန်းတော်ကြီး၏ အတွင်းစိတ်၌ သူတို့အပေါ် သံသယကြီးစွာ ရှိနေသည်ကို သိ၏။

သံသယ မပေါ်အောင် ထိန်းချုပ်နေမှန်းလည်း သိပါသည်။

ထို့ကြောင့် တမင်တကာ စကားကို ကွန့်ပြောလိုက်၏။

"အေးလေ...ထန်ရှင်ကို တွေ့ချင်လို့ လာခဲ့ကြတာပါပဲ၊ ဒါပေမယ့် အခုတော့..."

သူ့စကားမဆုံးခင်မှာပင် ဘုန်းတော်ကြီးက ရှေ့သို့ ခြေတစ်လှမ်း တိုးလာခဲ့ပြီး အေးတိအေးစက်လေသံဖြင့် မေးတော့သည်။

"ဘာလဲ၊ ခင်ဗျားတို့ကလဲ ထန်ရှင်ကို ပြဿနာ ရှာကြမလို့လား"

ချန်ပိုင်ဖုန်း စကားထပ်မပြောဘဲ ငြိမ်နေ၏။

ဘုန်းတော်ကြီးက မျက်နှာတည်တည်ထားလိုက်ပြီး-

"ဒကာကြီးတို့က ထန်ရှင်ကို လာရှာတာလား၊ သူ့ဆီက အဆိပ်လက်နက်ကို လိုချင်လို့ လာရှာကြတာလား"

ဘုန်းတော်ကြီး ဘာဆိုလိုသည်ကို သူတို့နားမလည်ကြချေ။

သူတို့လာသည့်ကိစ္စမှာ ထန်ရှင်ထံမှ အဆိပ် လိုချင်၍ မဟုတ်ပေ။

မေးမြန်းစုံစမ်းလို၍သာ ဖြစ်ပေသည်။

အတန်ကြာမှ ချန်ပိုင်ဖုန်းက ချောင်းတစ်ချက် ဟန့်လိုက်ပြီး–

"ကိုယ်တော် ဘာကိုဆိုလိုချင်တာပါလဲ"

ဘုန်းတော်ကြီးက ငြိမ်နေ၏။

ချန်ပိုင်ဖုန်းက ထပ်မံ မေးမြန်းပြန်၏။

"ထန်ရှင်ရယ်၊ အဆိပ်လက်နက်ရယ်ဟာ အတူတူပဲ မဟုတ်လား"

ဘုန်းတော်ကြီးက မျက်နှာတည်သွားပြီး–

"မဟုတ်ဘူး၊ ခြေငါးလှမ်း ဝိညာဉ်နုတ်အဆိပ်ကို အသုံးပြုနေတဲ့ လူနှစ်ယောက်ရှိတယ်၊ ခြေငါးလှမ်း ဝိညာဉ်နုတ်ဆိုတိုင်း ထန်ရှင် မဟုတ်နိုင်ဘူး"

ဘုန်းတော်ကြီးက စကားကို အေးဆေးတည်ငြိမ်စွာ တစ်ခွန်းချင်း ပြောနေသည်။

ပိုင်ထက်ကျွင်း အနည်းငယ် စဉ်းစားလိုက်မိသည်။

တစ်ခါက ချီချင်းကျန်းက ရှောင်လင်ဘုန်းတော်ကြီးများထဲတွင် လူမှားပြီး ဖမ်းဆီးတိုက်ခိုက်ခဲ့ဖူးသည်။

ထိုဘုန်းတော်ကြီးမှာ ဝှာပူယာ အမည်ရှိ၏။

စစ်ချွမ်းပြည်နယ်မှ ထန်ရှင်နှင့် မှားယွင်းခဲ့ခြင်း ဖြစ်ပေသည်။

သူ့ဘွဲ့ထူး ဂုဏ်ထူးကလည်း ခြေငါးလှမ်း ဝိညာဉ်နုတ်ဟူ၍ တွင်ခဲ့ဖူးဟန် တူပေသည်။



ပိုင်ထက်ကျွင်း တွေးရင်းတွေးရင်း ရင်ထဲ၌ တုန်လှုပ်ပါသည်။

ကျယ်လောင်သော အသံဖြင့် အော်မေးလိုက်မိ၏။

"ကိုယ်တော်ပြောတာက စစ်ချွမ်းပြည်နယ်က လာတဲ့ ထန်ရှင်ကို ပြောတာမဟုတ်လား"

ဘုန်းတော်ကြီးက ခေါင်းညိတ်ပြလိုက်ပြီး–

"ဟုတ်တယ်၊ စစ်ချွမ်းပြည်နယ်က ထန်မိသားစုဟာ အဆိပ်လက်နက်မှာ ပြိုင်ဘက်ကင်း နံပါတ်တစ် စွဲခဲ့တယ်၊ ဒါကို အားလုံး သိုင်းလောကသားတွေ သိကြပါရဲ့။ ဒကာကြီးတို့နှစ်ယောက်က မသိဘူးလား"

ပိုင်ထက်ကျွင်း စိတ်လှုပ်ရှားစွာ မေးပြန်သည်။

"စောစောက ထန်ရှင်နဲ့ ဘွဲ့ချင်း တူတဲ့သူက ဝှာမျိုးနွယ် များပါလား"

ဘုန်းတော်ကြီး ခေါင်းထပ်ညိတ်လိုက်ပြီး–

"သူ့ဘွဲ့အမည်က ဝှာပူယာ"

ပိုင်ထက်ကျွင်း စိတ်ဓာတ်ကျသွားသည်။

ခေါင်းကို မိုးပေါ်သို့မော့ကာ ညည်းညူမိသည်။

"အင်း…ဒီအတိုင်းဆိုရင် လူမမှားတော့ပါဘူး။ ဆေသိမ့်ကိုက နောက်ထပ်သတင်းတွေ မပျံ့နှံ့အောင် သူ့ကို သတ်သွားခဲ့ပါပြီလေ"

ဘုန်းတော်ကြီး အံ့သြထိတ်လန့်သွားသည်။

နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်ကာ–

"ဒကာလေးက ဒီစကားကို ဘာသဘောနဲ့ ပြောရတာလဲ"

"တစ်ခါတုန်းက ချီချင်းကျန်းဆိုတဲ့လူ ရှောင်လင်ကျောင်း

တော်ကို ရောက်လာခဲ့တယ်။ သူက ထန်အမည်ပါရှိတဲ့ ဘုန်းတော်ကြီးကို လိုက်ရှာခဲ့တယ်။ အဲဒီမှာ ခြေငါးလှမ်း ဝိညာဉ်နတ် ဘွဲ့ရတဲ့ ဗှာပူယာကို လူမှားပြီး တိုက်ခိုက်ခဲ့တယ်။ ဒါတွေဟာ ဝေသိမ့်ကိုရဲ့ ညွှန်ကြားချက်ကြောင့်ပဲ။ အင်း...တစ်ချိန်ချိန်မှာ ထန်ရှင်ဆိုတဲ့ ပုဂ္ဂိုလ် သေရလိမ့်မယ်လို့ စိတ်ထဲမှာ မထင်မှတ်မိခဲ့ဘူး"

ဘုန်းတော်ကြီးမှာ ထိုအကြောင်းအရာများကို သိသလိုလို မသိသလိုလို ဇဝေဇဝါ ဖြစ်လာသည်။

စကားမပြောဘဲ ငြိမ်နေ၏။

ပိုင်ထက်ကျွင်းနှင့် ချန်ပိုင်ဖုန်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စဉ်းစားနေကြသည်။

တစ်ခဏမျှ ကြာမှ ပိုင်ထက်ကျွင်းက–

"ကိုယ်တော် တပည့်တော်တို့က ထန်ရှင်ကို လာရှာကြတဲ့ သူတွေပါ။ ဒါပေမယ့် ထန်ရှင်က သေဆုံးခဲ့ရပြီ။ ဒါကြောင့်ကိုယ်တော် က..."

"ပြောမှာသာ ပြောစမ်းပါ"

ဘုန်းတော်ကြီးက စိတ်မရှည်ဟန်ဖြင့် ပြော၏။

ပိုင်ထက်ကျွင်း စဉ်းစားဟန် ပြုပြီးမှ–

"အခု တပည့်တော် ပြောမယ့်ကိစ္စက သိပ်ကို အရေးတကြီး ဖြစ်နေလို့ပါ။ ကိုယ်တော်အနေနဲ့ တပည့်တော်တို့က မသိကျွမ်း မရင်းနှီးဖူးပေမယ့်လဲ တပည့်တော်တို့က သိချင်တာလေးတွေကို မေးစမ်းရပါလိမ့်မယ်၊ ခွင့်ပြုတော်မူပါ"

ဒကာလေးက အရေးကြီးတဲ့ ကိစ္စလို့သာ ပြောနေတာကိုး ဘယ်လောက်အထိ အရေးကြီးတယ်၊ ဘယ်လို ပြဿနာရှိတယ်ဆိုတာ



လဲ ရှင်းရှင်းလင်းလင်း ပြောပြဦးမှပေါ့"

ပိုင်ထက်ကျွင်းမှာ ဘုန်းတော်ကြီးအပေါ် အားနာသွားမိသည်။ ထို့ကြောင့် တည်ငြိမ်လေးနက်စွာ ရှင်းပြသည်။

"ထူးမုရဲတိုက် အရေးအခင်းကိုတော့ ကိုယ်တော်သိမှာပေါ့"

ဘုန်းတော်ကြီး သဘောပေါက် နားလည်သွားလေတော့ သည်။ ထို့ကြောင့် ခေါင်းညိတ်သည်။

"အင်း...ကောင်းပါပြီလေ၊ ဒကာလေးက ကျန်လုဂိုဏ်းချုပ် ...ဦးဆိုတော့ ကျုပ်က ပြောပြသင့်ပါတယ်"

"တင်ပါ့၊ တပည့်တော်ကို ဆရာကြီးထန်ရှင်အကြောင်းနဲ့ ...တ်သက်ပြီး သိသမျှ ရှင်လင်းပြောပြပေးပါ ကိုယ်တော်"

ဘုန်းတော်ကြီး၏ မျက်လုံးများ မှေးမှိတ်သွားသည်။ စိတ်ကို တည်ငြိမ်အောင် ကြိုးစားသည်။

သူ့အဖို့ အတိတ်မှ အဖြစ်အပျက် များသည် ခံစားမှုအသစ်ကို ...ခ်ဖန် ပေးတော့မည် မဟုတ်ပါလား၊ ဘုန်းတော်ကြီးက တည်ငြိမ် ...သမျှ တည်ငြိမ်အောင် ကြိုးစားပြီး ပြော၏။

"ကျုပ် သိထားရတာက ထန်ရှင်ကို အကြောင်းပြုပြီး ...ထားရတာတွေပါ"

ပိုင်ထက်ကျွင်းနှင့် ချန်ပိုင်ဖုန်းတို့ ခေါင်းညိတ်ပြ၏။

ဘုန်းတော်ကြီး၏ မျက်နှာထားကိုလည်း အသေအချာ ...ည့်ရှုအကဲခတ်နေကြသည်။ ဘုန်းတော်ကြီး၏ စကားသံများက ...က်တိုက်ကြီးပင် ဆက်လက် ထွက်ပေါ်လာလေတော့သည်။

★ ★ ★

အခန်း (၁၇

## အဆိပ်ပညာရှင်နှစ်ဦး၏ ဇာတ်ကြော

"ဟိုးအရင် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကျော်လော
တုန်းက သိုင်းလောကမှာ အဆိပ်ကျွမ်းကျင်တဲ့ သိုင်းသမားနှစ်ယော
ပေါ်ပေါက်ခဲ့ဖူးတယ်။ တစ်ယောက်ကတော့ ထန်ဂိုဏ်းသားဖြစ်
ကျန်တစ်ယောက်က အမည်မထင်မရှား အညတရ တစ်ယောက်ပဲ

"အဲဒီ အမည်မထင်ရှားတဲ့ အညတရ အဆိပ်သမားကတော
ထန်ဂိုဏ်းသားထက် မနိမ့်ကျအောင် အဆိပ်ပညာ အစွမ်းပြနိုင်ခဲ့တ
သူ့နာမည်ကတော့ ဝှာပူယာဖြစ်တယ်။ ထန်ဂိုဏ်းသားရဲ့ နာ
အပြည့်အစုံက ထန်ရှင်...

"ထန်ရှင်က အဆိပ်ပညာကို မျိုးရိုးစဉ်ဆက် အမွေ
တတ်ကျွမ်းခဲ့တာ ဖြစ်တယ်။ မျိုးရိုးကိုက အဆိပ်မျိုးရိုး ဖြစ်တ



ဝှာပူယာကတော့ တရုတ်ပြည် တစ်နံတစ်လျားကို လျှောက်သွား လှည့်ပတ်ပြီး အဆိပ်ပညာကို ရခဲ့သူဖြစ်တယ်။ သူ့ဘာသာ တိုးတက်အောင် ကြံဆောင်ကြိုးစားခဲ့ရတယ်။ သူ့ကြိုးစားမှုကြောင့်လဲ လေးငါးနှစ်ကာလအတောအတွင်းမှာ သူ့အမည်နာမက သိပ်ကို ကျော်ကြားထင်ပေါ်ခဲ့တယ်...

"သူ့စိတ်ထဲမှာ ကြီးမားတဲ့ အာသီသတစ်ခုရှိတယ်။ အဲဒါကတော့ ထန်ရှင်နဲ့ ယှဉ်ပြိုင်ကြည့်ချင်တာပဲ။ ဒါနဲ့ပဲ ဆိုကြပါစို့၊ သိုင်းလောကမှ ခြေငါးလှမ်းဝိညာဉ်နုတ် အဆိပ်ဘုရင်နှစ်ဦး ဖြစ်လာခဲ့တယ်။ သာမန်သိုင်းသမားတွေအဖို့ အမှားအယွင်း ဖြစ်စရာပဲပေါ့၊ သူတို့နှစ်ယောက်ကလဲ တွေ့တဲ့ သိုင်းသမားတွေကို ရှောင်ရတိမ်းရခက်အောင် ဒုက္ခပေးတတ်တယ်"

"နှစ်ယောက်စလုံးမှာ တူညီတဲ့ အချက်တစ်ချက်က ထူးထူးဆန်းဆန်း ရှိနေကြတာပဲ။ အဲဒါကတော့ လူသတ်ချင်တဲ့စိတ် သိပ်ပြီး ပြင်းထန်လွန်းနေတာပဲ။ ဒါကြောင့် သိုင်းသမားတွေဟာ သူတို့ကို ကြောက်ရွံ့ကြတယ်။ ဒီနှစ်ယောက်အပေါ်မှာ စိတ်လဲ နာလာတယ် ။သူတို့နှစ်ယောက်ကို သေအောင် မသတ်နိုင်တဲ့အဆုံးမှာ ဘယ်လို လုပ်ရမလဲဆိုတာ နည်းလမ်းတွေ ကြံဆလာခဲ့ကြတယ်။ နည်းလမ်းတစ်ခုလဲ ရလာတယ်...

"အဲဒါကတော့ သူတို့နှစ်ယောက်ကို ရန်တိုက်ပေးတဲ့နည်းပဲ၊ တစ်ယောက်နဲ့ တစ်ယောက်ကို မြှောက်ပင့်ပေးပြီး ထန်ရှင်နာမည် ပျက်အောင် ဝှာပူယာကို သွေးထိုးပေးတယ်။ ထန်ရှင်ဆိုတာကလဲ သိပ်ကို ဘဝင်မြင့်နေတဲ့ လူတစ်ယောက်ပဲ။ နောက်ပြီး မူလကတည်းက ဝှာပူယာဟာ သူ့ပြိုင်ဘက်မို့ မလိုမုန်းထား ဖြစ်နေခဲ့တယ်...

“ဗုဒ္ဓပူယာမှာ အရင်တုန်းက အဆိပ်လိပ်ပြာရယ်လို့ နာမ
ရှိဖူးတယ်။ ဒါပေမယ့် သူ အဲဒီနာမည်ကို မသုံးတော့ဘဲ ခြေငါးလ
ဝိညာဉ်နုတ်ရယ်လို့ အမည်ခံလာတယ်။ ဒီလို အမည်ခံခြင်းအားဖြ
ထန်ရှင်တစ်ယောက် အကြီးအကျယ် စိတ်ဆိုးနေမယ်ဆိုတာကို သ
သိတယ်။ ဒါပေမယ့် ဒီနာမည်ကိုပဲ သူ ရွေးချယ်သုံးစွဲလိုက်တယ်...

“သူတို့နှစ်ယောက် ဒီလို တစ်ယောက်နဲ့တစ်ယော
စောင်နေကြတာကို သိုင်းလောကသားတွေက ဝမ်းသာကျေနပ်နေ
တယ်။ အဆိပ်ပညာရှင်နှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်ကြ
တစ်ယောက်ယောက်တော့ သေမှာပဲ။ ဘယ်သူပဲသေသေ သိုင်းလော
အတွက်တော့ အကျိုးကျေးဇူးရှိမှာပဲလို့ တွက်ဆထားခဲ့တယ်။ ဒါ
ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တဲ့ နည်းကိုး...

“ဒီလို သူတို့နှစ်ယောက် စောင်နေကြလို့ လေးငါး
အကြာမှာပဲ ဗုဒ္ဓပူယာတစ်ယောက် သိုင်းလောကထဲက လုံး
ပျောက်ကွယ်သွားခဲ့တယ်။ ထန်ရှင်က သူ့ကို စစ်ချွမ်းပြည်နယ်က
စောင့်နေခဲ့သေးတယ်။ ရင်ဆိုင်ကြမယ်ပေါ့၊ ဒါပေမယ့် မတွေ့ကြပါဘူ
အဲဒီလို သူတို့နှစ်ယောက် သိုင်းလောကထဲမှာ ဘာမှ မလှုပ်ရှား
ခြောက်လလောက် ငြိမ်နေခဲ့တာ သိုင်းလောကက တော်တော်
အေးချမ်းသွားခဲ့ရတယ်...

“အဲဒီအချိန်ဟာ ဘုရင်မင်းမြတ် နန်းစံတဲ့ ဆယ့်နှစ်
မြောက် အချိန်ကာလပဲပေါ့။ ရှင်းအောင် ပြောရရင် ထူမုရဲတို
ဝိုင်းဝန်း အတိုက်ခိုက်ခံရတဲ့နှစ်ပဲပေါ့...

ဘုန်းတော်ကြီး စကားပြောရင်းမှ ရပ်တန့်သွားသည်။

ပိုင်ထက်ကျွင်းနှင့် ချန်ပိုင်ဖုန်းတို့သည် ထူမုရဲတိုက် အ



အခင်းနှင့် ပတ်သက်နေကြောင်း ကြိုတင်သိထားလျက်နှင့်ပင်
စိတ်လှုပ်ရှားစွာ နားထောင်နေမိကြလေ၏။

ဘုန်းတော်ကြီးက ဆက်ပြောလေ၏။

“အဲဒီ ထူမုရဲတိုက် အရေးအခင်း ဖြစ်ပွားပြီးတဲ့နောက်မှာ
အဆိပ်ပညာရှင်နှစ်ယောက်စလုံးဟာ လုံးဝ ပျောက်ကွယ်သွားခဲ့ရပြန်
တယ်၊ ဘာသံဆို ဘာသံမှ မကြားရတော့ဘူး”

ပိုင်ထက်ကျွင်းနှင့် ချန်ပိုင်ဖုန်းတို့သည် ဘုန်းတော်ကြီးအား
ကြားဖြတ် မေးလိုသည့်အချက်များ ရှိနေသည်။

သို့သော် စကားစ ပြတ်သွားမည်ကို စိုးရိမ်နေသဖြင့် ဝင်၍
မေးရဲကြပေ။

ဘုန်းတော်ကြီးကသာ သူ သိထားသမျှကို ဆက်ပြောပြနေ
လသည်။

“အဲဒီအချိန်လောက်တုန်းက ကျုပ်အသက်ဟာ သုံးဆယ်
လောက်ပဲ ရှိဦးမယ်။ သိုင်းလောက အတွေ့အကြုံဆိုလို့ သိပ်ကို
ည်းနေသေးတယ်။ ရှောင်လင်ကျောင်းတော်မှာ ကျုပ် လုပ်ရတဲ့
ာဝန်က ဧည့်ကြိုရတဲ့ တာဝန်၊ လာရောက်ပူဇော် လှူဒါန်းကြတဲ့
ယကာ၊ ဒါယိကာမတွေရဲ့ လှူဖွယ်ဝတ္ထုပစ္စည်းတွေကို ထိန်းသိမ်း
တယ်...

“တစ်နေ့တော့ ကျုပ် ညှိုးညှိုးနွမ်းနွမ်းနဲ့ လူတစ်ယောက်ကို
ည့်ဆောင်ရှေ့မှာ တွေ့လိုက်ရတယ်။ ကျုပ်သူ့ကို ဂရုမပြုမိချိန်မှာပဲ
ဟာ အဆောင်ကြီးထဲကို တိုက်ရိုက်ပြေးဝင်သွားတယ်။ ကျုပ်လဲ
ကို ငေးကြောင်ကြည့်နေမိတယ်။ သူက ကျင်းကန်းအဆောင်မှူး
ယ်တော်ကြီးဆီကို အရောက်သွားခဲ့တာပဲ...

"ကျုပ် နောက်က လိုက်သွားမိတယ်။ ကျင်းကန်းကို တော်ကြီးက ကျုပ်ကို ဝင်မလာဖို့ အမိန့်ပေးတယ်။ ကျုပ်လဲ အသ ရပ်ပြီး စောင့်နေခဲ့တယ်၊ အဲဒီကစပြီး အဲဒီလူဟာ ကျင်းကန်းဆော ထဲက ပြန်ထွက်မလာတော့ဘူး"

ဘုန်းတော်ကြီးက စကားကို ခဏရပ်နားလိုက်၏။

ပိုင်ထက်ကျွင်း၊ ချန်ပိုင်ဖုန်းတို့မှအစပြု၍ လူအားလုံး တစ်ယောက်စီ အကဲခတ်သည်။

လူအားလုံး သိချင်စိတ် ပြင်းထန်နေသော်လည်း ထို သဏ္ဌာန် မပေါ်လွင်အောင် ထိန်းထားနိုင်ကြလေ၏။

အတွေ့အကြုံ ရင့်ကျက်သည့် ဆရာကြီးများ ဖြစ်ကြသည် မဟုတ်ပါလား။

* * *

တရုတ်ဘုန်းတော်ကြီးက ဆက်ပြောပြန်သည်။

"ကျင်းကန်းကိုယ်တော်ကြီးဟာ ဒီအကြောင်းနဲ့ ပတ်သက် ဘာမှ ထုတ်ဖော်မပြောခဲ့ဘူး။ ကျုပ်ကတော့ မျက်မြင်ကိုယ်တွေ ကြုံခဲ့ရတာပဲ။ ကျန်တဲ့ ဘုန်းတော်ကြီးတွေကတော့ ဘာမှ မသိကြဘူး ဒီလိုနဲ့ နေလာလိုက်တာ သုံးလလောက်ကြာတော့ ကျုပ် တရုတ်ပြည် နေရာအနှံ့ ခရီးထွက်ခဲ့တယ်။ တစ်နှစ်လောက် ကြာလိမ့်မယ်...

"ကျုပ် ကျောင်းတော်ကို ပြန်ရောက်လာတော့ စကြံ ဆရာတော်တစ်ပါး စကြံလျှောက်နေတာကို တွေ့လိုက်ရတယ် တစ်ခါက တွေ့ဖူးသလိုလို ရှိတယ်လို့ ကျုပ်စိတ်မှာ ထင်နေမိတယ်



ဘစ်ခဏချင်းမှာပဲ ကျုပ်သူ့ကို မှတ်မိလိုက်တယ်၊ သူ့ကို ကျုပ် မေးကြည့်လိုက်တော့ သူ့အမည်က ဗာပူယာဆိုတာ သိလိုက်ရ တော့တယ်"

ချန်ပိုင်ဖုန်းက မျက်မှောင်ကြုတ် ကြည့်လိုက်၏။ ဘုန်းတော် ကြီးက ပြောမြဲအတိုင်း ပြောနေ၏။

"ကျုပ် ရင်ထဲမှာ ဘယ်လောက် ထိတ်လန့်အံ့သြ သွားတယ် ဆိုတာ ပြောတောင်မှ ပြောပြတတ်တော့ဘူး...

"သူက ဘာကြောင့် ကျင်းကန်းဆောင်က ကိုယ်တော်ကြီးဆီ ရောက်လာတာလဲ၊ သူ့သတင်း အပြင် လောကထဲ မပေါက်ကြား အောင် ပုန်းခိုနေတာလား။ ကျုပ်စိတ်ထဲမှာ အမျိုးမျိုး သံသယ ဝင်မိတာပေါ့...

"ဒါပေမယ့် ဗာပူယာဟာ သိုင်းလောကအကြောင်း ဘာ တစ်ခွန်းမှ မပြောသလို သိုင်းပညာအကြောင်းကိုလဲ ရှောင်နှုတ်ပိတ် နေခဲ့တယ်။ သူ့ဆီက သိုင်းအကြောင်း စကားတစ်လုံးတလေ ထွက်မလာတာ ဘယ်လောက် အံ့သြစရာကောင်းသလဲ။ တကယ်တော့ ရှောင်လင်ကျောင်းတော်ဟာ သိုင်းနဲ့ကင်းတဲ့ ကျောင်းကြီးမှ မဟုတ် တာ"

ဘုန်းတော်ကြီး စကားရပ်ပြီး စဉ်းစားဟန် ပြုနေသည်။ ပြီးမှ မျက်မှောင်ကြုတ်ကာ–

"တစ်နေ့ကျတော့ အခု ကျုပ်ရပ်နေတဲ့ နေရာမှာပဲ မတ်တတ် ရပ်နေခဲ့မိတယ်။ အဲဒီအချိန်မှာ တောင်အောက်က လူတစ်ယောက် ပြေးတက်လာတာကို တွေ့လိုက်ရတယ်။ သူ့ကို မြင်လိုက်ရရင်ပဲ ကျုပ်စိတ်ထဲမှာ ထူးထူးခြားခြား ခံစားလိုက်ရတယ်...

"သူ့မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေပြီး သိပ်ကရုဏာ
သက်စရာ ကောင်းတယ်။ ကျုပ်မျက်လုံးထဲ အဲဒီပုံသဏ္ဌာန်
အခုထက်ထိ ဖျောက်ဖျက်ပစ်လို့ မရနိုင်သေးဘူး…

"ကျုပ် သူ့ကိုကြည့်ပြီး သနားစိတ်ဝင်လာတယ်။ သူ
ကျုပ်ရှေ့ ဆယ်ပေလောက်မှာ မက်တတ်ရပ်နေတယ်။ အသက်မရှိ
မျက်လုံးတွေနဲ့ ကျုပ်ကို စိုက်ကြည့်နေတယ်…

"သူ့ကိုကြည့်ပြီး အသက်မှ ရှိသေးရဲ့လားလို့ ထင်ရအောင်
ကျုပ်စိတ် တုန်လှုပ်နေမိတယ်။ ဒါကြောင့် ဘာမှ စကားမပြောနိုင်
ငေးကြောင်သွားခဲ့တယ်…

"ခဏကြာမှ သူက သက်ပြင်းချပြီး ကျုပ်ကို တောင်းပ
တယ်။ တပည့်တော်ကို ကျောင်းဆောင်ထဲ ခေါ်သွားပါကိုယ်တော်တဲ့
ကျုပ်လဲ သူ့အမည်ကို မေးလိုက်မိတယ်။ သူက ထန်ရှင်
ခေါင်းငိုက်စိုက်ချပြီး ပြောတယ်။ သူ ပြောတာကို ကျုပ် နားကြ
မှားသလားလို့ ထင်ရအောင် အံ့သြသွားတယ်။ ဒါကြောင့် ဒကာကြီး
စစ်ချွမ်းပြည်နယ်က လာခဲ့တာလားလို့ မေးမိတယ်…

"ဒီတော့ သူ ခေါင်းဆတ်ခနဲ ထောင်မတ်လာတယ်
ကျုပ်ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေပြီး ဟုတ်တယ်
ကျုပ်သိုင်းလောကရဲ့နတ်ဆိုးပဲ။ လူတွေက ကျုပ်ကို ခြေါ်ငါးလှ
ဝိညာဉ်နတ်လို့ ဘွဲ့ထူးတွေ ပေးထားတယ်။ ကျုပ် အဲဒီဘွဲ့ကြီး
မလိုချင်တော့ဘူးလို့ တရစပ် ပြောတာပဲ။ နောက်ပြီး သူဟာ
သူ့ရင်ကို ဖိနေတယ်"

ဘုန်းတော်ကြီးမှာ ယခု လက်တွေ့ပင် ဖြစ်ပါနေသည့်အလာ
ပြောနေ၏။



"ကျုပ် ငေးငိုင်သွားတယ်။ သံသယဖြစ်သလို လန့်လဲ
ခန့်သွားမိတယ်။ ဘာကြောင့် သူ ရင်ဖိနေရသလဲဆိုတာ ကျုပ်
သိနိုင်ခဲ့ဘူး။ နှစ်ခွန်းလောက်ပဲ အော်ရသေးတယ်၊ သူ့ပါးစပ်ထဲက
သွေးတွေ အန်ကျလာပါလေရော။ ကျုပ် သူ့ကို ရုတ်တရက် တွဲထူ
းမ,ထားလိုက်ရတယ်။ သူ့မျက်လုံးတွေ အရောင်မွဲပြာလာပြီ
ငင်ပါရဲ။ ကျုပ်ကို ငေးကြည့်နေပြန်တယ်…

"ဒါကြောင့် ကျုပ်လဲ သူ့ကို ကျောင်းတော်ထဲ ခေါ်လာ
ရတယ်။ သူရောက်လာတဲ့အကြောင်း ကျောင်းထိုင်တိုက်အုပ်ဆရာ
တော်ကြီးဆီ သတင်းပို့လိုက်ရင်ပဲ ဆရာတော်ကြီးဟာ တိတ်လန့်
အားသင့်လွန်းပြီး စကားတောင် မပြောနိုင်အောင် ဖြစ်သွားပါတယ်။
ဘာကြောင့်လဲဆိုတော့ ရှောင်လင်ကျောင်းတော်ထဲကို ခြေါ်ငါးလှမ်း
တွင်းလူကို တုံးခနဲ လဲကျ သေစေနိုင်တဲ့ အဆိပ်ပညာရှင်တွေ
ိက်တိုက်ဆိုင်ဆိုင် ရောက်လာခဲ့ကြလို့ပဲ"

တရုတ်ဘုန်းတော်ကြီး၏ အသံက တိတ်ဆိတ်နေသော
တ်ဝန်းကျင်ကို ဖြိုခွဲနေသည်။

"ဂိုဏ်းချုပ်ဆရာတော်ကြီးက သူ့ကို စမ်းသပ်စစ်ဆေးကြည့်
တယ်။ အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန် ရလာခဲ့တယ်ဆိုတာကို
ိလိုက်ရတယ်။ ကျုပ် သူ့ကို အလိုလို သနားမိသလို ခင်မင်စိတ်လဲ
ပါလာ တယ်။ တိုက်အုပ်ဆရာတော်ကြီး ခဏလောက် စဉ်းစာနေပြီးမှ
ူ့ကို ကျောင်းတိုက်ထဲမှာပဲ ထားစေတယ်။ သူ့အကြောင်း ဘာမှ
တိအကျ မသိရသေးလို့ အပြင်ကို သတင်းမပေါက်ကြားစေနဲ့တဲ့၊
 သတိရလာမှ မေးမြန်းကြည့်ကြမယ်တဲ့၊ ဒါကြောင့် ကျုပ် သူ့ကို
ညို့ဝှက်ခန်းထဲ ခေါ်သွားခဲ့တယ်…

"အဲဒီမှာတင် ကျုပ် တတ်ထားတဲ့ ဗိန္ဒောပညာ
သူ့အတွင်းဒဏ်ရာကို ကုသပေးခဲ့တယ်။ လဝက်လောက်ကြာ
သူ့ရောဂါအခြေအနေက တစ်ဝက်လောက် သက်သာလာခဲ့ပြီး
ပါးစပ်ကတော့ ကယောင်ကတမ်းနဲ့ ရေရွတ်နေတတ်သေးတ
အဲဒါတွေကတော့ တိုက်ပွဲတွေအကြောင်းချည်းပါပဲ၊ သူ့
တစ်လျှောက်လုံး တိုက်ခိုက်ခဲ့ရလို့ ဒါတွေကို အရိုးစွဲ မှတ်မိနေ
တူပါတယ်။ အသိစိတ်နဲ့ မသိစိတ် လွန်ဆွဲနေတဲ့အခါမှာ
အော်ဟစ်ပြောဆိုတတ်တာ အဆန်းမဟုတ်လို့ ကျုပ်တော့ သူ့စ
တွေကို မအံ့ဩ မိတော့ပါဘူး၊ သူဟာ တကယ်ကြောက်စရာကောင်
အဆိပ်ပညာ ရှင်ပါပဲ။ ဒါပေမယ့် ကျုပ်ဟာ သူ့ကို ထူးထူးခြား
ခင်မင်မိခဲ့ပါတယ်"

ဘုန်းတော်ကြီးက လည်ချောင်းတစ်ချက် ရှင်းလိုက်
ဆက်ပြောပြန်၏။

"ကျုပ် အံ့ဩတာ တစ်ခုရှိတယ်။ အဲဒါကတော့ သူ့
ဖျားက ဗုဒ္ဓရဲ့ တရားတော်တွေကို ရွတ်နေလို့ပဲ ။ စိတ်တွေ
လောက်ပဲ ကယောက်ကယက်ဖြစ်ဖြစ် မိစ္ဆာနတ်ဆိုး ဒုစရိုက်သ
ဟာ ဘုရားစာ တရားစာကို ဘယ်လိုလုပ် ယောင်ယမ်းနိုင်မှာ
ဒါကြောင့်လဲ ကျုပ် နောက်မှပဲ သူနဲ့ တရားအကြောင်း ဆွေးနွေး
မယ်လို့ စိတ်ဆုံးဖြတ်လိုက်မိတယ်...

"သူ သတိလည်လာတဲ့အခါကျတော့ ဘာစကားမှ မ
တော့ပြန်ဘူး။ ကျုပ် သူ့ကို ရှောင်လင်ကျောင်းတော်ကို ဘာရည်
ချက်နဲ့ လာလဲလို့ မေးတယ်။ ငိုင်သွားတယ်။ အကြာကြီး
ဟုတ်သားပဲ ကျုပ်လိုလူစားက ရှောင်လင်ကျောင်းတော်ကို ဘာ



ခဲ့ရတာလဲလို့ သူ့ကိုယ်သူ ပြန်မေးနေတယ်၊ သူဟာ သတိ
ဟ်နေတဲ့ လူလို ဖြစ်နေတယ်...

"သူ့စကားတွေက ကျုပ်အတွက် စိတ်မရှည်စရာလို ဖြစ်လာ
ယ်။ ဒါပေမယ့် ကျုပ် သည်းခံပြီး သူနဲ့ စကားပြောတယ်။
တော် ကလေးကြာတော့မှ အပြန်အလှန် ပြန်ပြောလာတယ်။
ဟာ အံ့ဩစရာကောင်းလောက်အောင် ကျမ်းဂန်တတ်၊ ဓာပေ
တ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေတယ်၊ ဗုဒ္ဓတရားတော်တွေ
ပ်ထက်ကို နှံ့နှံ့စပ်စပ် သိနေတယ်။ နောက်ဆုံးမှာ ကျုပ် သူ
ာတာတွေ နားထောင်နေရတဲ့အဆင့် ရောက်သွားတယ်။ သူကတော့
ပြာလေ အာသွက်လာလေ၊ အရှိန်ရလာလေပဲ။ သူ့မျက်နှာမှာ
အချိန်က လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ ရှိမနေခဲ့ဘူး၊
ကတိ အေးချမ်းနေတယ်။ ကျုပ် သူ့ကို တရားစာတွေ
ာ်တော်လေ့လာ ခဲ့တာပဲလို့ ပြောတော့ သူက ခြောက်နှစ်တိတိ
ဘုရားရဲ့ တရားတော်တွေကို နေ့ညမပြတ် လေ့လာနေခဲ့ဖူးတယ်လို့
း‌ပြတယ်။ သူ့စကားအရ အတော်များများ သဘောပေါက်ပုံ
ါတယ်။ ဒါကြောင့် တရားသဘောပေါက်အောင် လေ့လာနိုင်စွမ်း
ါလားလို့ သံဝေဂ ရမိပြန်တယ်၊ ဒါနဲ့ပဲ သူ့ကို ဒကာကြီးက
ရားအကြောင်း ဆွေးနွေးချင်လို့ ရှောင်လင်ကျောင်းတော်ကို
ာခဲ့တာလားလို့ မေးလိုက်တယ်။ သူ့မျက်နှာက တည်ကြည်သွား
ယ်၊ အကြာကြီး စဉ်းစားပြီးမှ ပြန်ဖြေတယ်။ ကျုပ်မေးတဲ့စကားကို
င်း‌ချင်ပါဘူးတဲ့။ ဒါပေမယ့် အရေးကြီးတဲ့ကိစ္စတစ်ခုကိုလဲ
ာပြချင်လို့ပါတဲ့။ တိုက်အုပ်ဆရာတော်ကြီးနဲ့ တွေ့ခွင့်ရှိသလားလို့
မေးတယ်၊ ကျုပ်စိတ်ထဲမှ တော်တော်တော့ အရေးကြီးနေပြီလို့

သိလိုက်တယ်။ အရေးမကြီးဘဲ လူသတ်ဝိဇ္ဇာကြီးတစ်ယော ဘုန်းကြီးကျောင်း အရိပ်ထဲ ပြေးဝင်လာမှာ မဟုတ်ဘူးလို့ ကျ စဉ်းစားမိတယ်၊ ဒါကြောင့် ဆရာတော်ကြီးနဲ့ တွေ့ခွင့်ရှိပါတယ် ပြန်ဖြေလိုက်တယ်"

ပိုင်ထက်ကျွင်း မျက်တောင်မခတ်တမ်း အာရုံစိုက်နေ၏ နိမိတ်ဖတ်အဘိုးအို ကို့ချုံယွင်က ပတ်ဝန်းကျင်ကို အကဲခတ်နေသည် သို့သော် အဘိုးအို၏ အာရုံသည် တရုတ်ဘုန်းတော်ကြီး၏ စကာ သံတွင် နစ်မြောနေသည်ကတော့ အမှန်ပင်။

"ကျုပ်လဲ ဒါနဲ့ပဲ သူ့ကို ထားခဲ့ပြီး ဆရာတော်ကြီး သွားတွေ့လိုက်တယ်။ ကျုပ်က ထန်ရှင်က တွေ့ခွင့်တောင်း အကြောင်း လျှောက်တင်လိုက်တယ်။ ဆရာတော်ကြီးက တွေ့ သဘောတူတယ်။ ဆရာတော်ကြီးက ပြောတယ်...

"ဒီလူဟာ ဗာပူယာလောက်တော့ မဆိုးပါဘူးတဲ့၊ သူ့ သိပ်ပြီးလျှို့ဝှက်တဲ့ ကိစ္စတစ်ရပ် ရှိလိမ့်မယ်လို့ ပြောတယ်။ ဒ ထန်ရှင်ကို ဆရာတော်ကြီးရှေ့ ခေါ်လာခဲ့တယ်...

"ဆရာတော်ကြီးနဲ့ ထန်ရှင်ဟာ အချိန်အကြာကြီး မျက်လ ချင်း ဆိုင်ကြည့်နေမိကြတယ်။ ကျုပ်က ဘေးကကြည့် စိတ် လှုပ်ရှားနေတယ်။ ခဏကြာမှ ဆရာတော်ကြီးက သူ့ကို ဘာကိ လာခဲ့တာလဲ မေးတယ်၊ ထန်ရှင်က ကိစ္စနှစ်ခုရှိလို့ ပြောတယ်

"ဆရာတော်ကြီးက ပွင့်ပွင့်လင်းလင်း ပြောနိုင်ဖို့ အခွင့် လိုက်တော့ ထန်ရှင်က တပည့်တော် ဇရာပိုင်းမှာ ဘယ်မှာ နာ ရမှာပါလဲ ဆရာတော်ဘုရားလို့ လျှောက်တင်တယ်။ တိုက်အုပ်ဆ တော်ကြီးဟာ တော်တော်ကြာ စဉ်းစားပြီးမှ ဒကာကြီး ဆိုလိုတာ



ကျုပ် သိတယ်။ ဒီလိုအဆင့်အထိ လိုအပ်နေလို့လားလို့ ပြန်မေးတယ်...

"ထန်ရှင် စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်မိတယ်၊ သူ့မှာ တခြားနည်း မရှိတော့လို့ပါပေါ့၊ ဆိုပါတော့ဗျာ၊ နောက်ဆုံးမှာ တော့ ဆရာတော်ကြီး ရှောင်လင်ကျောင်းတော်မှာ နေဖို့ ဆုံးဖြတ် အမိန့်ပေးလိုက်တယ်။ ထန်ရှင် သိပ်ဝမ်းသာသွားတယ်၊ သူ့မျက်နှာက ဝင်းထိန်တောက်ပသွားတယ်၊ သူ ဘယ်လောက် ဝမ်းသာသွားတယ် ဆိုတာ ဘေးကကြည့်နေတဲ့ ကျုပ်တောင် သိလိုက်ရပါတယ်...

"သူ့စိတ်တွေ သိပ်ကို လှုပ်ရှားနေခဲ့တယ်၊ စကားကို ထစ်တစ်ငေါ့ငေါ့ ပြောနေရတယ်။ ကျုပ်ဟာ ဂိုဏ်းချုပ်ဆရာတော်ကြီးနဲ့ ထန်ရှင်တို့ ပြောတဲ့စကားကို နားထောင်နေမိတယ်၊ သူတို့ပြောတဲ့စကား တွေကို ကျုပ်သိတာလဲရှိရဲ့၊ မသိတာတွေလဲ ရှိနေတယ်။ သူတို့အချင်း ချင်းကတော့ ဘာမှ ပြဿနာ မရှိပါဘူး။ တစ်ယောက်ပြောတာ တစ်ယောက်က နားလည်နေသလိုပါပဲ"

ပိုင်ထက်ကျွင်းနှင့် ချန်ပိုင်ဖုန်းတို့သည် ရှောင်လင်ဘုန်းတော် ကြီး၏ မရပ်မနား ပြောသွားသော စကားများကို နားထောင်ပြီး လမ်းစ အနည်းငယ် ပေါ်လာပြန်ပြီဟု ထင်မှတ်လိုက်ကြသည်။

တစ်နေ့နေ့တွင် ဤအမှု ပေါ်ပေါက်လာရမည်ဟု သူတို့၏ ကြိုတင်တွေးဆချက်ကိုလည်း အခိုင်အမာ ယုံကြည်လာလေသည်။ ပိုင်ထက်ကျွင်းက တစ်ယောက်တည်း ပြောသလိုလို ချန်ပိုင်ဖုန်းကို ပြောသလိုလို တီးတိုးပြောလေ၏။

"ဟိုအရင်တုန်းက ကိစ္စအဖြစ်အပျက် တော်တော်များများကို ရှောင်လင်ဂိုဏ်းချုပ် တိုက်အုပ်ဆရာတော်ကြီး သိထားခဲ့လိမ့်မယ်၊

အရေးကြီးတဲ့ အခန်းကဏ္ဍကလဲ ပါဝင်ခဲ့လိမ့်မယ်"

သူ့စကားကို မည်သူကမျှ တုံ့ပြန်ခြင်း မပြုကြပေ။

ဘုန်းတော်ကြီးက ဆက်ပြောပြန်သည်။

"ဆရာတော်ကြီးက ထပ်မေးတယ်၊ နောက်ကိစ္စတစ်ခုဆိုတာ ကကောတဲ့။ ထန်ရှင် သက်ပြင်းချလိုက်တယ်။ ဆရာတော်ကြီးရဲ့ နှုတ်မြွက် စကားတွေကြောင့် တပည့်တော် ထပ်ပြောဖို့ မလိုတော့ပါဘူး။ ပြောရင်လဲ ကိုယ့်စကားဟာ အလကားပဲ ဖြစ်မှာကို သိပါတယ်လို့ ပြောတယ်...

"ဆရာတော်ကြီးက ပြီးတာပဲဆိုတဲ့ သဘောနဲ့ မျက်လွှာချပြီး တင်ပျဉ်ခွေထိုင်နေလိုက်တော့တယ်။ ကျုပ်က ဆရာတော်ကြီးကို တပည့်တော် ဘာလုပ်ရမှာလဲလို့ မေးတယ်။ တိုက်အုပ်ဆရာတော်က ကျုပ်ကို လက်ဇော့ယမ်းပြလိုက်တယ်။ ကျုပ်လဲ နောက်ကို ပြန်ဆုတ်လာတယ်၊ ဒီအချိန်မှာ ဆရာတော်ကြီးက လက်ဖက်ရည်ကြမ်းကို လက်ညှိုးနဲ့တို့ပြီး စာတစ်ကြောင်း ရေးပြတယ်။ အဲဒါက မနက်ဖြန်ကျမှ ထပ်တွေ့ကြမယ်တဲ့။ ကျုပ်တို့အခန်းထဲက ထွက်လာကြတော့ အခန်းထဲမှာ ထန်ရှင်တစ်ယောက်တည်း ကျန်နေခဲ့တယ်...

"တိုက်အုပ်ဆရာတော်ကြီးက သိုသိပ်လျှို့ဝှက်စေချင်တဲ့ ကိစ္စဖြစ်လို့ ကျုပ်လဲ နောက်ထပ် ဘာမှ မပြောဝံ့တော့ဘူး။ အဲဒီ အချိန်က အခါကြီး ရက်ကြီးတွေမို့ ကျောင်းတော်ကို အလှူဒါနပြုကြတဲ့ ဒါယကာ ဒါယိကာမတွေကလဲ မနည်းမနော ရောက်လာကြတယ်၊ ကျုပ်လဲ သူတို့ကို ညှိကြိုနေမိတယ်...

"နောက်တစ်နေ့မနက်ကတော့ အဲဒီအခန်းထဲ ကျုပ်စောစော စီးစီး ဝင်သွားခဲ့တယ်၊ ထန်ရှင်ဟာ သာသနာ့ဘောင်ထဲ ရောက်နေ



ပြီ။ ကျောင်းထိုင်ဆရာတော်ကြီးက သွတ်သွင်းပေးလိုက်တာ စ်မှာပါပဲ၊ သူဒီလို ဘုန်းကြီးဖြစ်လာတယ်ဆိုတာ သိထားလို့ ျုပ်စိတ်ထဲ မအံ့သြမိပါဘူး၊ သူ့မျက်နှာ တည်ငြိမ်အေးချမ်းသလို ကြည်ညိုလေးစားဖို့ ကောင်းလာတယ်၊ ဒီကစလို့ပဲ ဆိုပါတော့၊ ုနဲ့ကျုပ် အနေ နီးစပ်ပြီး ခင်မင်ရင်းနှီးခဲ့ကြတယ်...

"သူနဲ့ကျုပ် စကားပြောရတာ အဆင်ပြေပြီး သူ့အသွင်ဟာ ုံးဝ ခြားနားပြောင်းလဲသွားတယ်။ တကယ်တော့ သူ့သိုင်းပညာကို ူမစွန့်လွှတ်ခဲ့ဘူး။ မနက်တိုင်း ညနေတိုင်း အမြဲမပြတ် လေ့ကျင့်နေ တယ်။ ကျုပ်ကလဲ ရှောင်လင်အတွင်းအား လက်ဇော့ပညာရပ်ကို င်နေတဲ့သူဆိုတော့ သူ့ရဲ့ သိုင်းပညာ သိပ်ထက်မြက်နေတာကို ွေ့လာရတယ်။ ဘယ်လိုမှ ခန့်မှန်းလို့မရအောင် သူ့တိုက်ကွက်တွေက ်င်းထန်ထက်မြက်နေတယ်...

"အစကတည်းက သူဟာ စစ်ချွမ်းပြည်နယ်က အဆင့်မြင့် ိုင်းသမားတစ်ဦး မဟုတ်လား။ သူ့မှာ ထိမ်ချန်ထားတဲ့ ပညာတွေ၊ ုတ်မပြသေးတဲ့ ညာတွေ ရှိဦးမယ်ဆိုတာ ကျုပ်ကောင်းကောင်းသိ ားတယ်။ နောက်ငါးနှစ်လောက်ကြာမှပဲ ကျုပ်ဟာ သူ့ရဲ့ အတွင်း ား အဆင့်အတန်းကို သိရှိလိုက်ရတော့တယ်"

ဘုန်းတော်ကြီးက စကားကို ခဏနားထားလိုက်တော့သည်။

* * *

ပိုင်ထက်ကျွင်းက ဘုန်းတော်ကြီး၏စကားကို ပိုမိုအာရုံ င်စားလာ၏။

"သူ့ကို ဒီလောက်အထိ အဆင့်မြင့်အတွင်းအား ပညာရှ
တစ်ယောက်မှန်း ကျုပ်မထင်မှတ်ခဲ့ဘူး၊ ကျုပ်တို့လေ့ကျင့်တဲ့ အခန်း
ထဲမှာ သူ့ကို ကျုပ်က လေ့လာသလောက် ကျုပ်ရဲ့ ရှောင်လင်အတွင်
အား လက်ဖွေ့ပညာကို သူက လှည့်တောင်မကြည့်ခဲ့ဘူး ဆိုတာတော
ကျုပ်ကောင်းကောင်းကြီး သိပါတယ်....

"သူနဲ့ကျုပ်ဟာ ရင်းနှီးနေတော့ နည်းနည်းပွင့်လင်းလာတယ
တစ်နေ့ကျမှ ကျုပ်ကို သိုင်းကစားပြမယ်လို့ သူ ဝန်ခံခဲ့တယ
ဒီလိုဝန်ခံတဲ့နေ့မှာပဲ သူ့လက်ဝါးထဲမှာ အမည်းရောင်အလုံးကလေ
ငါးလုံး ကိုင်ထားတာကို တွေ့လိုက်ရတယ်...

"ကျုပ်က ဘာလဲလို့မေးတော့ သူ သက်ပြင်းချလိုက်တယ
တစ်ဆက်တည်းပဲ အဆိပ်ပညာရပ်ကို လုံးဝ မေ့ပျောက်လိုက်ချင်ပါပြ
ဒါပေမယ့် ဟောဒီ ကစားစရာလေးတွေက မေ့ထားလို့ကို မရနိ
ဘူးဗျာတဲ့။ ဒီတော့မှ ကျုပ် သိလိုက်ရတယ်၊ သိုင်းလောကသားတွေ
ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ရတဲ့ ဝိညာဉ်နုတ်ခြွေ ပုလဲတွေ
ဖြစ်နေတာကိုး...

"ဒီပုလဲရဲ့အဆိပ်က သိပ်ပြင်းထန်းတယ်လို့ ကျုပ်ကြား
ပေမယ့် တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ ဒါကြောင့် ကျုပ်လဲ သူ့
နှစ်သိမ့်တဲ့အနေနဲ့ အဆိပ်ပညာကို မေ့လိုက်ရင် ပိုကောင်းပါတယ
အရာရာကို သတိတရားနဲ့ ထိန်းချုပ်ဖို့ ဖျောင်းဖျစကား ဆိုခဲ့ပါတယ
ဒါကလဲ တကယ့်စေတနာစကားပါ...

"ကျုပ်စကားကို နားထောင်ပြီး သူ ခဏငိုင်သွားတယ
အဆိပ်ပညာရပ်ကို မေ့ဖျောက်နိုင်မှ သူ့ဘဝဟာ အသစ်ဖြစ်မယ်ဆို
သူ သိပုံရပါရဲ့။ ဒါပေမယ့် ငါးဟာ ရေနဲ့ ကင်းကွာမနေနိုင်



အဆိပ်မျိုးရိုး ဖြစ်တဲ့သူဟာ သူ့အဆိပ်ပညာကို လုံးဝ စွန့်လွှတ်ဖို့ အခက်အခဲဖြစ်နေပါန် တူပါတယ်...

သူဟာ အဆိပ်ပညာမှာတင် စွမ်းတာ မဟုတ်ပါဘူး၊ လက်နက်ပုန်းပစ်တဲ့ ပညာမှာလဲ တကယ်စွမ်းပါတယ်။ တကယ် ကြောက်စရာကောင်းတဲ့ စွယ်စုံသိုင်းပညာရှင်ပါပဲဗျာ။ သိုင်းလောက သားတွေ ဖိမ့်ဖိမ့်တုန် ကြောက်မယ်ဆို ကြောက်စရာပါပဲ၊ သူက သူ့ရဲ့ လက်နက်ပုန်းပစ်ခတ်တဲ့ အတတ်ကို ပြသခဲ့တာကိုး"

ဘုန်းတော်ကြီး၏မျက်နှာမှာ အံ့ဩရိပ်များ သမ်းယှက် လာသည်။

အတိတ်က ဖြစ်ပျက်ခဲ့သည်ကို ယခုလက်ငင်း အခြေအနေ မှာပင် ကြုံတွေ့နေရသလို ထင်မှတ်ရပေသည်။

"ကျုပ် မချီးကျူးဘဲ မနေနိုင်တော့လို့ ဝမ်းသာအားရ စစ်ချွမ်းက ထန်ဂိုဏ်းပညာကို ဒီနေ့မှ မြင်ရတော့တယ်။ ပြောလိုက်မိ တယ်။ ထန်ရှင်က ပြုံးပြီး နှစ်ပေါင်းနှစ်ဆယ်အတွင်းမှာ ကျုပ်ရဲ့ လက်နက်ပုန်းက လွတ်တဲ့သူ၊ မသေဘဲ ကျန်ရစ်ခဲ့တဲ့ သူရယ်လို့ မတွေ့ခဲ့ဖူးဘူးလို့ ပြောတယ်...

"အဲဒီစကား ပြောပြီးကာမှ သူရုတ်ခြည်း မျက်နှာပျက်သွား တယ်။ မြေကြီးပေါ်ကို ပုံလျက်သား ထိုင်ချလိုက်ပြီး အမောဖောက် လာတယ်။ အသက်ရှူမြန်လာတယ်။ ကျုပ်သူ့ကို ကြည့်ပြီး ထိတ်လန့် သွားမိတယ်၊ သူ့ဇာတိရုပ်က ပေါ်လာပြီး သူ့စိတ်ကိုသူ ထိန်းချုပ်ပြီး နေနေရတာကိုး...

"စိတ်ကို လွှတ်ပေးလိုက်တော့ အတွင်းဒဏ်ရာ ပြန်ပေါ်လာ တဲ့ သဘောပဲပေါ့။ သူ့စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှု မြန်ဆန်လွန်းလို့

ဒီလိုဖြစ်ရတာပေါ့...

"ခဏကြာတော့ ထန်ရှင်ရဲ့ မျက်နှာက ပုံမှန်ပြန်ဖြစ်လာတယ်၊ ကျုပ်လဲ သူ့အလုံး ငါးလုံးကို ပြန်ပေးလိုက်တယ်။ သူလက်ခံယူပြီး စကားမပြောဘူး၊ နောက်တော့ ကျောင်းတော်ထဲကို ပြန်လာခဲ့ကြတယ်။ ဒီနောက်ပိုင်း ဒီအကြောင်း စကားမဟကြတော့ဘူး၊ ဒီကိစ္စကို သူ ပြောချင်ဟန် မရှိတော့ဘူး"

ဘုန်းတော်ကြီးသည် အဝေးတစ်နေရာဆီကို ငေးမောကြည့်ပြီး နားကြည်းဆွေးမြေ့စွာ ဆက်ပြောပြန်သည်။

"တစ်မနက်ခင်းပေါ့၊ ထန်ရှင်ဟာ တရားစာ ရွတ်ဖတ်သရဇ္ဈာယ်ပြီး မျက်နှာမသာမယာနဲ့ အနောက်ဘက်တောင်ပေါ်ကို တက်သွားခဲ့တယ်၊ အရင်ပြီးခဲ့တဲ့ လေးငါးရက်ကပဲ သူနဲ့ကျုပ်အတူတူ ရှိနေခဲ့ပါလျက်နဲ့ သူ့အပေါ်မှ ကျုပ်သဘောပေါက် နားလည်ခြင်း မရှိခဲ့ဘူး၊ ခါတိုင်းနဲ့ မတူပါဘူးလို့သာ ရိပ်စားမိခဲ့တယ်...

"ကျုပ်လဲ တရားစာတွေ ရွတ်ဖတ်နေလိုက်တယ်၊ သူ့ဆီကို လိုက်ထွက်သွားဖို့ စိတ်ကူးရှိပေမယ့် စာတစ်စောင် သွားပို့ရမယ့် တာဝန်ရှိနေလို့ ခရီးထွက်သွားရတယ်။ အဲဒီခရီးက အသွားအပြန် နှစ်ရက်ကြာတယ်။ ပြန်လာတော့ တောင်ပေါ်မှာ မမျှော်လင့်ဘဲ ဝမ်းနည်းကြေကွဲစရာကောင်းတာကို တွေ့လိုက်ရတော့တာပါပဲ"

ရှောင်လင်ဘုန်းတော်ကြီး စကားကို ပြောရင်းမှ ရပ်တန့်သွားပြန်သည်။

သူ့အသံက တုန်ယင်သလို ဆို့နင့်ကြေကွဲနေ၏။

ပိုင်ထက်ကျွင်းနှင့် ချန်ပိုင်ဖုန်းတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။



တစ်ပြိုင်တည်းပင်...

"တပည့်တော်တို့ သိပါပြီ ကိုယ်တော်"

ဟု ရေရွတ်လိုက်ကြသည်။

ဘုန်းတော်ကြီးက စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ထားလိုက်ပြီး ဆက်ပြော၏။

"ကျုပ် တော့ရှုံအဆောင်တော်ကို ရောက်အောင် ပြန်လာခဲ့တယ်၊ အဲဒီလဲရောက်ရော ကျုပ်ခေါင်းပေါ်ကို မိုးကြိုးပစ်လိုက်သလို သတင်းဆိုးကို ကြားလိုက်ရတာပဲ။ ကျုပ်အနောက်ဘက် တောင်ပေါ်ကို အပြေးအလွှား တက်သွားခဲ့တယ်။ ထင်းရှူးပင် နိမ့်နိမ့်ကလေးတွေ ရှိနေကြတဲ့ တောအုပ်အစပ်ကို ကျုပ် ရောက်လာတယ်။ အဲဒီမှာ သူ့ကို ကျုပ်တွေ့လိုက်ရတယ်၊ သူ့တစ်ကိုယ်လုံးမှာ အဝတ်အစားတွေ မရှိတော့ဘူး၊ သူ့အသက်ကလဲ သူ့ကိုယ်မှာ ရှိမနေတော့ဘူး"

"ဟင်..."

ချန်ပိုင်ဖုန်း၊ ပိုင်ထက်ကျွင်း၊ နီမိတ်ဖတ်အဘိုးအိုနှင့် ကုလောင်စန်းတို့ထံမှ အာမေဋိတ်သံများ ထွက်လာလေ၏။

"ကိုယ်တုံးလုံးနဲ့ သေနေတဲ့ ဘုန်းတော်ကြီးက သူကိုး"

ပိုင်ထက်ကျွင်းရော ချန်ပိုင်ဖုန်းပါ အထိတ်တလန့် ရေရွတ်လိုက်မိကြသည်။ရှောင်လင်ဘုန်းတော်ကြီးသည် ရုတ်တရက် ထိတ်ထိတ်ပျာပျာ အော်ဟစ်မေးလာလေ၏။

"ခင်ဗျား...ခင်ဗျားတို့ ဒီကိစ္စကို ဘယ်လို ဘယ်လိုလုပ်သိလဲ"

သူ့အသံက တောင်တစ်ခွင် ပဲ့တင်ထပ်သွားလောက်အောင်ပင် ကျယ်လောင်လှပေသတည်း။

★ ★ ★

အခန်း (၁၇၉)

## အတိတ်၏အရိပ်ကို ရှာဖွေခြင်း

ချန်ပိုင်ဖုန်းက ခေါင်းညိတ်ပြလိုက်လေ၏။

"မှန်ပါတယ်၊ အဲဒီနေ့က ကျုပ်တို့ရှောင်လင်ကျောင်းတော်ကို လာခဲ့ကြတယ်။ အော်သံလိုလို စကားပြောသံလိုလို ကြားလိုက်ရ တယ်။ ကျုပ်တို့ အဲဒီနေရာကို ရောက်တော့ သူ့ရဲ့အလောင်းကို တွေ့ရတော့တာပဲ"

ရှောင်လင်ဘုန်းတော်ကြီးသည် ချန်ပိုင်ဖုန်း၏ စကားကို အလွန်တရာ စိတ်ဝင်စားသွား၏။

သည်အပိုင်းကို သူ မသိမမြင်ဘဲ ရှိခဲ့သည် မဟုတ်ပါလော။

ထိုစဉ် ပိုင်ထက်ကျွင်းက ဝင်၍ မှတ်ချက်ချလိုက်လေ တော့သည်။



"ဟုတ်ပါပြီ၊ သူပဲ သတ်တာ ဖြစ်မှာပါပဲ"

ဘုန်းတော်ကြီးက ရုတ်တရက် မေးခွန်းထုတ်လိုက်လေ သည်။

"ဘယ်သူ သတ်တာလဲ၊ သူ့ကို ဘယ်သူသတ်တာလဲ ဒကာ လေး"

ရှောင်လင်ဘုန်းတော်ကြီး၏ အသံက ချောက်ချားစရာ ကောင်းလောက်အောင် ကျယ်လောင်သွားသည်။

ပိုင်ထက်ကျွင်းက ဘုန်းတော်ကြီးကို ဖြေသလိုလို သူ့ဘာသာ ရေရွတ်သလိုလို ပြော၏။

"ဒီအတိုင်း ထင်ရတာပါပဲ၊ ဝေသိမ့်ကိုဟာ ရှောင်လင်ကျောင်း တော်ကို လေးငါးကြိမ်မက ရောက်လာခဲ့ရတာ၊ သူ့ရဲ့ လျှို့ဝှက်ချက်တွေ ပေါက်ကြားသွားမှာ စိုးလွန်းလို့ပဲ"

ရှောင်လင်ဘုန်းတော်ကြီးက ဇဝေဇဝါ ဖြစ်သွားလေသည်။

ဘုန်းတော်ကြီးက ခဏမျှ စဉ်းစားပြီး

"ဒကာကြီးတို့အားလုံး သိပြီးနေပြီလားတော့ မပြောတတ် ဘူး၊ ကျုပ် စဉ်းစားမိထားတာလေးတွေ ပြောပြချင်သေးတယ်"

ပိုင်ထက်ကျွင်း လက်အုပ်ချီ၍ တောင်းပန်လိုက်လေသည်။

"တင်ပါ့၊ တပည့်တော်တို့ သိတာတွေကို ပြောပြပါ့မယ် ကိုယ်တော် စဉ်းစားမိတာကိုလဲ လွတ်လွတ်လပ်လပ် ပြောပါဘုရား"

ဘုန်းတော်ကြီးက–

"ထန်ရှင် ရှောင်လင်ကျောင်းတော်ကို ရောက်တာ ဘယ်သူမှ မသိဘူးလို့ ကျုပ် ပြောခဲ့တယ်နော်"

"တင်ပါ့"

"ဒါပေမယ့် ဝှာပူယာကတော့ ရှောင်လင်ကျောင်းတော်
အနီးမှာ ထန်ဂိုဏ်းရဲ့ ဝိညာဉ်နတ် လက်နက်ပုန်းဒဏ်ရာကို မြင်ခဲ့
တယ်လို့ ထုတ်ဖော်ပြောခဲ့တယ်။ ဒီသတင်းဟာ သိုင်းလောက
ထဲမှာလဲ အနည်းနဲ့အများတော့ ပျံ့နှံ့သွားလိမ့်မယ်...

"ထန်ရှင်ကတော့ သေသွားပါပြီလေ။ ဒါပေမယ့် ဒီကိစ္စတ
သာမန်ပေါ့သေးသေး ကိစ္စမဟုတ်ဘူး။ သူ့မှာက ရန်သူတွေ ဒုနဲ့ဒေ
ရှိနေတာ။ ရှောင်လင်ကျောင်းတော်ကို တိုက်ခိုက်ဖျက်ဆီးခဲ့တဲ့ သူ
သူ့ကို သတ်သွားတဲ့သူဟာ အတူတူပဲဖြစ်ပြီး တော်တော်ကလေ
ပတ်သက်နေလိမ့်မယ်"

ပိုင်ထက်ကျွင်းက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ သိပ်ဖြစ်နိုင်ပါတယ်"

"စောစောတုန်းက ထန်ရှင် သေခါနီးမှာ အော်သံတွေ
ကြားလိုက်ရတယ်လို့ ဒကာတို့ ပြောခဲ့ကြတတ်နော်"

"တင်ပါ့"

"လူသတ်သမားကိုကော မြင်လိုက်ရသေးလား"

ပိုင်ထက်ကျွင်း တစ်ခဏမျှ စဉ်းစားပြီးမှ ခေါင်းခါလိုက်၏

"တရားခံကို မမြင်လိုက်ရပါဘူး"

"ဘယ်သူသတ်သွားတယ်ဆိုတာကော ခန့်မှန်းနိုင်ရဲ့လား
စိတ်ထင်ပေါ့လေ"

ပိုင်ထက်ကျွင်းက ခေါင်းညိတ်၏။

"ဘုန်းကြီးအရူး သတ်သွားတယ်လို့ တပည့်တော် ထင်ပ
တယ်"

ရှောင်လင်ဘုန်းတော်ကြီး အံ့ဩတုန်လှုပ်သွားလေတော



သည်။

ပိုင်ထက်ကျွင်းမှာမူ အဆက်မပြတ် တွေးတောနေရ
တော့သည်။

ထူမုရဲတိုက် အရေးအခင်းနှင့် ထိုဘုန်းကြီးရူး ပတ်သက်နေ
သည်ကိုလည်း သူ သိထားသည် မဟုတ်ပါလား။

ထိုဘုန်းကြီးရူးမှာ ရှောင်လင်ကျောင်းတော်မှ ဘုန်းကြီး
ဖြစ်ပါလျက် အဘယ်ကြောင့် ဤကဲ့သို့ ပြုလုပ်ရသည်ကို သူစဉ်းစား၍
ရအောင် ဖြစ်နေသည်။

"ဘုန်းကြီးအရူး ဟုတ်လား"

ရှောင်လင်ဘုန်းတော်ကြီးက ပဲ့တင်ထပ်သလို မေးလိုက်
သည်။

"တင်ပါ့၊ စိတ်မနှံ့တဲ့ ဘုန်းတော်ကြီးတစ်ပါးပါပဲ၊ သူ့ဘွဲ့
အမည်ကိုတော့ တပည့်တော်လဲ မသိရပါဘူး၊ လေးငါးကြိမ်လောက်
တော့ တွေ့ဆုံဖူးပါတယ်။ ပုံစံကို ကြည့်ပြီး ရှောင်လင်ကျောင်းတော်
က ဘုန်းကြီးအရူးတစ်ပါးလို့ပဲ ခန့်မှန်းမိခဲ့ပါတယ်"

"ဒကာလေးရဲ့ စိတ်ထဲမှာ အဲဒီဘုန်းကြီးရူးကို ရှောင်လင်
ကျောင်းတော်က သစ္စာဖောက်သွားတဲ့ ဘုန်းကြီးလို့ ထင်နေတာလား"

"အတွင်းသစ္စာဖောက်လို့တော့ မဆိုလိုချင်ပါဘူး၊ ဒါပေမယ့်
အဲဒီဘုန်းကြီးဟာ ရှောင်လင်ကျောင်းတော်ပေါ်မှာ ရန်ပြုချင်တဲ့စိတ်
နေပါတယ်။ ရှောင်လင်ကျောင်းတော်ကလို့ ပြောရင် သူက
သိပ်စိတ်ဆိုးဒေါသထွက်တယ်"

ဘုန်းတော်ကြီး စိတ်ဝင်စားလာသည်။ ပိုင်ထက်ကျွင်းကို
းစိုက်ကြည့်ပြီး–

"သူ့အကြောင်း အသေးစိတ် ပြောပြစမ်းပါဦး"

"အသေးစိတ်တော့ တပည့်တော်လဲ မသိပါဘူး။ အဲဒီ ဘုန်းကြီးရှုးရဲ့ ဇစ်မြစ်ကို မပြောနိုင်ပေမယ့် သူနဲ့ ပတ်သက်နေတဲ့ လူတစ်ယောက်ကတော့ ရှိနေတာကို ပြောချင်ပါတယ်။ အဲဒီလူကတော့ ဝေသိမ့်ကိုပါပဲ။ ထန်ရှင်ကို ဘုန်းကြီးရှုးက သတ်တယ်ဆိုရင် ဝေသိမ့်ကိုဟာ အဲဒီအနားမှာ ရှိနေမယ်။ သူက စီစဉ်ညွှန်ကြားမှု ပေးခဲ့ပါလိမ့်မယ်"

ရှောင်လင်ဘုန်းတော်ကြီး ထိတ်လန့်သွားသည်။

"ဒီကိစ္စထဲမှာ ဝေသိမ့်ကိုပါနေသလား၊ ဝေသိမ့်ကိုက နေရာ တကာမှာ ပါနေတာပဲလား"

ပိုင်ထက်ကျွင်း ခေါင်းဆတ်ပြလိုက်ပြီး…

"ဟုတ်ပါတယ်၊ ဝေသိမ့်ကိုဟာ ထူမုရဲတိုက်ကို ကာကွယ်ဖို့ အစီအစဉ်ကို ဖျက်ဆီးတဲ့သူ၊ ကန့်လန့်ကာနောက်ကွယ်ကနေ အမိန့်ပေး စေခိုင်းတဲ့သူပဲ။ အဲဒီတုန်းက ဂိုဏ်းချုပ်ကြီး ယန်လုဟာ တရုတ်ပြည် တစ်နံတစ်လျားက သိုင်းသမားလူစွမ်းကောင်းတွေကို စုရုံးခေါ်ဆောင်ပြီး ဘုရင်ကို အကူအညီပေးခဲ့တာ အားလုံး သိကြပါလိမ့်မယ်။ ယန်လုက အပြုသမားဖြစ်ပါတယ်။ ဝေသိမ့်ကိုကတော့ အဖျက်သမား ဖြစ်ပါ တယ်"

ဘုန်းတော်ကြီး ခေါင်းညိတ်လေ၏။

"ဟုတ်တယ်၊ အဲဒီတုန်းက ရှောင်လင်ကျောင်းတော်ရဲ့ တိုက်အုပ် ဂိုဏ်းချုပ်ဆရာတော်ကြီးပါ လိုက်ပါသွားခဲ့လို့ ကျုပ် ကောင်းကောင်း သိနေခဲ့တယ်"

ချန်ပိုင်ဖုန်း ငိုင်သွားသည်။ ထို့နောက် တစ်ကိုယ်တည်း



တီးတိုးရေရွတ်မိလေ၏။

"ဟုတ်ပြီ၊ ဒါဆိုရင်တော့ ပိုပြီး သေချာသွားပါပြီဗျာ"

* * *

ဘုန်းတော်ကြီးက ချန်ပိုင်ဖုန်းကို နားမလည်သည့်အကြည့်ဖြင့် ကြည့်လိုက်မိ၏။

ချန်ပိုင်ဖုန်း ဘာများ ဆက်ပြောမည်ကို နားစွင့်လိုက်သည်။ သို့သော် ဆက်မပြောချေ။

ထို့ကြောင့် ပိုင်ထက်ကျွင်းက ဆက်ပြောလေ၏။

"အဲဒီအခါတုန်းက ယန်လုခေါ်ဆောင်ခဲ့တဲ့ သိုင်းသမားတွေ အားလုံး အဆိပ်သင့်ခံလိုက်ရတယ်။ သိပ်ရှားပါးတဲ့ အဆိပ်လက္ခဏာမျိုး ဖြစ်နေတယ်။ ဘယ်လိုကြောင့် ဒီလို ဖြစ်ရသလဲဆိုတာ ခန့်မှန်း မတွက်ဆခဲ့ကြဘူး။ သူတို့ဟာ ချုံခိုတိုက်ခိုက်ကြတာကိုလဲ ခံလိုက်ကြ ရတယ်။ ဒါကြောင့် အတွင်းသစ္စာဖောက် ရှိနေပြီလို့ တွက်လိုက်မိကြ တယ်။ နောက် ဂူညီနောင်နဲ့ ဆရာကြီးချန်ပိုင်ဖုန်းတို့ အထင်လွဲပြီး တိုက်ခိုက်ကြတယ်။ ဂူညီနောင် သေခဲ့တယ်၊ ပထမတော့ တိုက်ခိုက်လို့ သေရတယ် မှတ်ပေမယ့် နောက်ပိုင်းကျမှ အဆိပ်မိလို့ဆိုတာ ဆရာ ကြီး ချန်ပိုင်ဖုန်း သိတယ်၊ အဲဒီဂူညီနောင် သေဆုံးသွားရတာကို ရသေ့ကြီး ထန်ရှန်းနဲ့ ထန်ချန် ဓားညီနောင်တို့ တွေ့လိုက်ကြတော့ သူတို့ဟာ ဆရာကြီး ချန်ပိုင်ဖုန်းအပေါ် အထင်မှားခဲ့ကြတယ်"

ချန်ပိုင်ဖုန်းမှာ အတိတ်၏ ဝေဒနာများကို ခံစားလာရ၏။

ပိုင်ထက်ကျွင်းမှာ အခြေအနေအရ မပြောမဖြစ်သဖြင့်

ဆက်လက်ပြောဆိုရလေတော့၏။

"အဲဒီတုန်းက ဆရာကြီး ချန်ပိုင်ဖုန်းဟာ အတော်ပဲ ...ာမည်ပျက်ခဲ့ရတယ်။ ကျန်လုဂိုဏ်း ဌာနချုပ်ကို ဖျက်ဆီးခံရတဲ့ ...ချိန်နဲ့လဲ ကြုံကြိုက်နေလို့ အားလုံးက သူပဲလို့ စွပ်စွဲခဲ့ကြတယ်၊ ဒါပေမယ့် ဆရာကြီး ချန်ပိုင်ဖုန်းဟာ ဒီကိစ္စကို ဘာမှ မဖြေရှင်းခဲ့ဘူး၊ ဒီကိစ္စတွေအတွက် ယူကျုံးမရဖြစ်ပြီး သူ့ကိုယ်သူ လော့ယင်းတပ် ဘုရားကျောင်းပျက်ကြီးထဲမှာ အကျဉ်းချခဲ့တယ်။ ဒီကိစ္စကို သေသေ ချာချာ စဉ်းစားရင် ဆရာကြီးချန်မှာ ဘာမှ အပြစ်မရှိဘူး။ ဒီအပြစ် ...ကို ကျူးလွန်ခဲ့တာ မဟုတ်ဘူးဆိုတာ သိသာပါတယ်"

ပိုင်ထက်ကျွင်း၏ ချက်ကျလက်ကျ ရှင်းလင်းပြမှုကြောင့် ဘုန်းတော်ကြီး သဘောပေါက်နားလည်သွားသည်။

"ထန်ရှင်ကို လုပ်ကြံခံခဲ့ရတယ်လို့ ဒကာလေးက ယူဆတာ လား"

"တင်ပါ့၊ ဒီလို ယူဆရတာပါပဲ"

ဘုန်းတော်ကြီး စဉ်းစားနေသည်။

ထိုစဉ် ပိုင်ထက်ကျွင်းက သက်ပြင်းချလျက် စကားဆက် ပြောသည်။

"ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး တပည့်တော်တို့ ထန်ရှင်ကို မေးကြည့်ချင်ခဲ့ပါတယ်၊ တပည့်တော်တို့ အလာ နောက်ကျတဲ့ အတွက် ထန်ရှင် သေသွားခဲ့ရပါပြီ။ ဒါကြောင့် အဆိပ်ပညာရှင်ကြီး တစ်ယောက်ဖြစ်တဲ့ သေမင်းချောင်သခင်ကြီး ကုလောင်စန်းကို မေးကြည့်ခဲ့ပါတယ်။ အဲဒီ အဖြစ်ပျက် အဆိပ်တက်ပုံ လက္ခဏာက ထန်ဂိုဏ်းရဲ့ အဆိပ်လို့ သူက ပြောပါတယ်။ ဆက်စပ်စဉ်းစား



လိုက်ရင် ထန်ရှင်ကို ဘာသဘောနဲ့ တိုက်ခိုက်လုပ်ကြံတယ်ဆိုတာ သိသာနိုင်ပါပြီ"

ဘုန်းတော်ကြီးက ခေါင်းညိတ်ပြလိုက်၏။

"ဝေသိမ့်ကိုက ဘယ်လိုနည်းနဲ့ ထန်ရှင်ကို ခေါ်ထုတ်ခဲ့ သလဲတော့ မသိနိုင်ဘူး။ ဂိုဏ်းချုပ်ကြီးယန်လုနဲ့ လိုက်မယ့် သိုင်းသမား အားလုံးရဲ့ အတွင်းအားကို အဆိပ်နဲ့ပျက်စီးအောင် ဖန်တီးခဲ့တယ်။ ဆရာကြီး ချန်ပိုင်ဖုန်းအပေါ်မှာ အပြစ်တွေ ပုံချခဲ့တယ်။သိုင်းလောက ထဲမှာ တစ်ကိုယ်တော် တဖောက်ကန်း နေခဲ့တဲ့ ဆရာကြီး ချန်ပိုင်ဖုန်း အဖို့ လူအများရဲ့ တံတွေးခွက်ထဲမှာ ပက်လက်မျောခဲ့ရတာပဲပေါ့၊ ဝေသိမ်ကိုရဲ့ စိတ်ကူးစိတ်သန်းဟာ တကယ်ပဲ ကြောက်စရာ ကောင်းလှတယ်"

ဘုန်းတော်ကြီးမှာ ထိုစကားများကို ကြားပြီး ချောက်ချား ဘုန်လှုပ်လာသည်။

"ဒီအတိုင်းဆိုရင်တော့ ဝေသိမ့်ကိုဟာ ထူမုရဲ့တိုက် အရေး ခင်းမှာ ပထမတန်စား တရားခံတစ်ယောက် ဖြစ်နေပြီပေါ့"

ပိုင်ထက်ကျွင်းက ခေါင်းညိတ်ပြီး ဆက်ပြော၏။

"ဝေသိမ့်ကိုရဲ့ အရည်အချင်းနဲ့ဆိုရင် သိုင်းလောကကို ...ရားသဖြင့် စိုးမိုးနိုင်စွမ်း ရှိပါတယ်။ ဒါပေမယ့် ကောက်ကျစ်စဉ်းလဲတဲ့ ...နည်းလမ်းနဲ့ ထက်မြက်တဲ့လူတွေကို အသုံးချခဲ့တယ်။ အသုံးချခံရတဲ့ ...တိုင်းဟာ ဂိုဏ်းတစ်ဂိုဏ်း ဒေသတစ်ခုကို လွှမ်းမိုးနိုင်တဲ့ လူတွေ ...ည်းပဲ"

ချန်ပိုင်ဖုန်း မည်သို့ အတွေးပေါက်သွားသည် မသိ၊ ...တ်တရက် ထအော်လိုက်၏။

"ဟုတ်တယ်၊ ဒီကိစ္စတွေ အားလုံးဟာ သူတစ်ယောက်တည်း လုပ်လို့ရတာ မဟုတ်ဘူး"

ပိုင်ထက်ကျွင်းနှင့် ဘုန်းတော်ကြီးတို့က ချန်ပိုင်ဖုန်းကို အလန့်တကြား လှမ်းကြည့်မိကြသည်။

ပိုင်ထက်ကျွင်းက တအံ့တဩ မေးမိလေ၏။

"ဆရာကြီးက ဘာကို တွေးမိလို့ ခုလို ပြောရတာလဲ"

ချန်ပိုင်ဖုန်းက စိတ်ထက်သန်စွာ ပြောသည်။

"ဒီကိစ္စတွေ အောင်မြင်ဖို့ သူတစ်ယောက်တည်း ဘယ်လို နည်းနဲ့မှ လုပ်ကိုင်လို့ ရမှာမဟုတ်ဘူး၊ အနည်းဆုံး လူနှစ်ယောက် ပူးပေါင်းရမယ်၊ အကြံတူ ဉာဏ်တူ စီစစ်ပြီးမှ ဆောင်ရွက်ရ လိမ့်မယ်"

ပိုင်ထက်ကျွင်း ဦးနှောက်ခြောက်သွားလေသည်။

ချန်ပိုင်ဖုန်း၏ စကားကို သူဆက်စပ်စဉ်းစား၍ ယူကြည့်၏။

"နောက်တစ်ယောက် ရှိသေးတယ်၊ သူ့လို အကြံတူဉာဏ်တူ ဆိုတာကို စဉ်းစားလို့မရဘူး၊ ဆရာကြီး ချန်ပိုင်ဖုန်း"

"အဲဒီတစ်ယောက်က ကျိုးကုံမိန့်ပဲဟေ့"

ချန်ပိုင်ဖုန်း စိတ်လွတ်လက်လွတ် ပြောလိုက်သည်။

သူ့စကားကြောင့် နားထောင်နေသူအားလုံး ထိတ်လန့် တုန်လှုပ်သွားကြရသည်။

"ကျိုးကုံမိန်က သူလျှိုးသစ္စာဖောက် ဟုတ်လား"

အတန်ကြာမှ ပိုင်ထက်ကျွင်း မေးခွန်းထုတ်နိုင်လေတော့ သည်။

ချန်ပိုင်ဖုန်း မျက်ဝန်းထဲ၌ အရောင်တဝင်းဝင်း ဖြစ်နေသည်။



ဘုန်းတော်ကြီးမှာက အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်း သား ဖြစ်နေရှာသည်။

ချန်ပိုင်ဖုန်းက ဘုန်းတော်ကြီးဘက်သို့ လှည့်လိုက်လေသည်။

"ဘာတွေများ ပြောစရာရှိပါသေးသလဲ ကိုယ်တော်"

"ဝေသိမ့်ကိုနဲ့ ပူးပေါင်းကြံစည်တဲ့သူဟာ ကျိုးကုံမိန်လို့ ဒကာကြီးက ပြောတယ်နော်"

ချန်ပိုင်ဖုန်း ခေါင်းညိတ်ပြ၏။

ဘုန်းတော်ကြီးလက ရှုံ့မဲ့ကာ လက်ခါယမ်းပြလိုက်ပြီး...

"ဒကာကြီး မှားပြီ"

"ဗျာ...ဘာကြောင့် တပည့်တော် မှားရတာလဲ"

"ကျိုကုံမိန့်ဟာ နန်းရင်းဝန်အမတ်ချုပ်ကြီးတစ်ယောက် ဖြစ်တယ်။ ထူမုရဲတိုက် အရေးအခင်း ကျဆုံးသွားပေမယ့် သူဟာ ဒီကိစ္စမှာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူသာ ဖြစ်တယ်။ ရှောင်လင် ကျောင်းတော်ဟာ သူ့ရိုးသားမှုကို ယုံကြည်တဲ့အတွက် အဲဒီတုန်းက တတပ်တအား ပါဝင်ခဲ့ခြင်းပဲ ဖြစ်တယ်။ နောက်ဆုံး ပြောလိုက်မယ်၊ သူ့အတွက် ကိုယ်ရံတော်တစ်ယောက်ကိုတောင် ရှောင်လင်ကျောင်း တော်က ထည့်ပေးလိုက်တယ်"

ထိုစကားကြောင့် ပိုင်ထက်ကျွင်းနှင့် ချန်ပိုင်ဖုန်းတို့ ခေါင်း ထဲတွင် အသိဉာဏ်တစ်ချက် ဝင်းလက်သွား၏။

ထို့ကြောင့် ပြိုင်တူပင် ပြောလိုက်မိကြသည်။

"အဲဒီလူက ရှောင်လင်ကျောင်းတော်က ဟုတ်လား"

"ဟုတ်တယ်၊ ရှောင်လင်ကျောင်းတော်ကပဲ"

ပိုင်ထက်ကျွင်းသည် တစ်ခဏမျှ စဉ်းစားပြီး ချန်ပိုင်ဖုန်း

ဘက်သို့ လှည့်ကာ ပြောသည်။

"ကျိုးကုံမိန့် ဘယ်လို ပါလာနိုင်တယ်ဆိုတာတော့ ကျွန်တော်လဲ မတွေးတတ်ဘူး။ ဝေသိမ့်ကို ဘယ်လိုပါသလဲဆိုတာတော့ ကျွန်တော် နည်းနည်းပါးပါး ခန့်မှန်းနိုင်တာ ရှိပါတယ်။ ဆရာကြီး ချန်ပိုင်ဖုန်း ခန့်မှန်းတာကို ပြောပြပါလား"

ချန်ပိုင်ဖုန်းက ခေါင်းညိတ်ပြပြီး ရှင်းပြသည်။

"ဝေသိမ့်ကိုဟာ အင်မတန် ဘဝင်မြင့်တဲ့ပုဂ္ဂိုလ်ပဲ၊ တရုတ်ပြည်သိုင်းလောကတစ်ခုလုံးမှာ သူသာ သိုင်းလောက မကိုင်ရှုဦးသျှောင်ဖြစ်ချင်နေတယ်။ သာမန်အားဖြင့် ကြိုးစားရင် ဖြစ်ဖို့ သိပ်မလွယ်ဘူး၊ မန်ချူးဘုရင်နဲ့ မန်ချူးစစ်သားတွေကို လက်ကိုင်တုတ်လုပ်ပြီး သိုင်းလောကကို လွှမ်းမိုးရင် လွယ်မယ်လို့ ယူဆထားပုံရတယ်"

ပိုင်ထက်ကျွင်းသည် ထိုအခါကျမှ အတွေးများ ဆက်မိသွားသည်။

သူ့စိတ်ကူ းရသမျှကို တောက်လျှောက် ဆက်ပြောတော့သည်။

"ဂိုဏ်းချုပ်ကြီး ယန်လုဟာ အဆင့်မြင့် သိုင်းသမားတွေကို စုစည်းပြီး မြောက်ဘက်ဒေသကို ခရီးထွက်ခဲ့တယ်၊ အားလုံးဟာ ထိပ်ထိပ်ကြဲ လက်ရွေးစင်တွေချည်းပဲဆိုတော့ ဝေသိမ့်ကိုရဲ့ အကြံအစည်ကို ဖျက်ဆီးနိုင်လောက်တဲ့ အင်အားစုကြီး ဖြစ်နေတယ်၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးယန်လုရဲ့ အစီအစဉ်တွေကို ချေမှုန်းတာ ဖြစ်ရမယ်"

ပိုင်ထက်ကျွင်းသည် အားလုံးကို ဝေ့ဝဲကြည့်လိုက်၏။

လူအားလုံး စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့ရ



သဖြင့် သူ့ခန့်မှန်းချက်များကို ဆက်ပြောသည်။

"ပထမဆုံးအနေနဲ့ ဂိုဏ်းချုပ်ကြီးယန်လု၊ ဟူတန်းတောင်ပေါ်ကို တက်သွားတဲအချိန်မှာ သူဟာ မျက်နှာဖုံးစွပ်ပြီး ကျန်လုဂိုဏ်းဌာနချုပ်ကို စီးနင်းတိုက်ခိုက်ခဲ့တယ်။ ဆရာကြီး ချန်ပိုင်ဖုန်းရဲ့ လုပ်ရပ်လို့ ထင်မှတ်သွားအောင် ခြေရာလက်ရာတွေ ထားပစ်ခဲ့တယ်၊ သူ့အစီအစဉ်ကတော့ ဆရာကြီးကို ဂိုဏ်းချုပ်ကြီးယန်လုနဲ့ ရန်တိုက်ပေးတဲ့ အစီအစဉ်ပါပဲ။ ဒါပေမယ့် ယန်လုနဲ့ ဆရာကြီး ချန်ပိုင်ဖုန်းက တစ်သားတည်းကျအောင် အတူတူတွဲနေတဲ့ အချိန်ဆိုတော့ ခက်သွားတာပေါ့"

ပိုင်ထက်ကျွင်းက ဆက်ပြောပြန်၏။

"အဲဒီအချိန်မှာ ကျန်လုဂိုဏ်းရဲ့ ဝါစဉ် နံပါတ်ခြောက်နောင်တော်တွေက ဝေသိမ့်ကိုနောက်ကို လိုက်သွားတယ်၊ ဝေသိမ့်ကိုက သူ့ကို ဒုက္ခိတဖြစ်အောင် တိုက်ခဲ့တယ်။ ဝေသိမ့်ကိုကသာ အသေသတ်ရင် အဲဒီအဖြစ်မှန်ကို နံပါတ်ခြောက်နောင်တော်က ဘာမှ ပြောနိုင်မှာ မဟုတ်ဘူး။ အခုတော့ အဲဒီတုန်းက လက်ချက်ဟာ ဝေသိမ့်ကိုမှန်း နောက်ပိုင်းလူတွေ သိခွင့်ရခဲ့ကြတယ်"

ချန်ပိုင်ဖုန်းက-

"ငါ ဆက်ပြောမယ်"

ပိုင်ထက်ကျွင်းက ငြိမ်နေလိုက်သည်။

ချန်ပိုင်ဖုန်းက ဆက်ရှင်းပြလေ၏။

"ယန်လုရဲ့ သားကိုလဲ ဝေသိမ့်ကိုက ဖမ်းဆီးသွားခဲ့တယ်၊ ဒါပေမယ့် ယန်လုက သူ့ရဲ့ကောင်းပီသစွာနဲ့ သူ့သားငယ်ကိစ္စကို မစဉ်းစားခဲ့ဘူး။ သူ့ရဲ့တိုင်းပြည်ကို ကာကွယ်ဖို့ အစီအစဉ် မတွန့်

မဆုတ် ဆက်လုပ်ခဲ့တယ်။ ယန်လုနောက်မဆုတ်တော့ ဝေသိမ့်ကို သိပ်စိုးရိမ်သွားတယ်။ ယန်လုရဲ့ အစီအစဉ်ကို ပျက်ပြားဖို့ သိပ်အလျင်လိုလာတယ်။ ဒါကြောင့် ထန်ရှင်ကို လိုက်ရှာ၊ ထန်ရှင်ဆီက အဆိပ်ကို တောင်းတယ်။ အဲဒါတွေ အသုံးပြုပြီး သိုင်းသမားတွေကို ဒုက္ခပေးတယ်။ ဝေသိမ့်ကိုရဲ့ လက်ချက်ကြောင့် အဆိပ်သုံးတာ ကျုပ်ပဲလို့ သိုင်းလောကသားတွေ အထင်မှားခဲ့ကြတယ်"

ချန်ပိုင်ဖုန်းသည် သူ ခံခဲ့ရပုံတို့ကို ရှင်းပြပြီး အတိတ်မှ အရိပ်များကို နာကြည်းစွာ တွေးတောနေမိသည်။

ချန်ပိုင်ဖုန်း ငေးငိုင်နေသဖြင့် ပိုင်ထက်ကျွင်းက သူစုဆောင်းသိရှိထားသည့် အချက်အလက်များကို ထပ်မံ ရှင်းပြရပြန်၏။

"ဂိုဏ်းချုပ်ကြီးယန်လုကို ဝေသိမ့်ကို လုပ်ကြံခဲ့သမျှသော ဒီနေရာမှာတင်ပဲ ရပ်တန့်သွားခဲ့ရတယ်၊ ကြွင်းကျန်ရစ်တဲ့ မသိရှိရသေးတဲ့ ပဟေဠိတွေကတော့ ဂိုဏ်းချုပ်ကြီးယန်လုကို သေစေတဲ့ အကြောင်းအချက်တွေပါပဲ။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး သိုင်းလောမှာ အမျိုးမျိုး ပြောသံထွက်နေခဲ့တယ်။ ငွေတောင်ကုန်းသခင်ကြီး စင်းတာဝမ်ကလဲ ဂိုဏ်းချုပ်ကြီး ယန်လုကို လုပ်ကြံခဲ့ပုံရတယ်။ ဒီအကြောင်းက လောင်းကစားရှုံးလို့ ဒီအရေးအခင်းမှာ ဝင်ပါလာရတဲ့ တရုတ်ဘုန်းကြီး တစ်ပါးရဲ့ စကားအရ ခန့်မှန်းသိရှိရတာပဲ၊ စင်းတာဝမ်ဟာ ဘာပဲဖြစ်ဖြစ် ဝေသိမ့်ကိုဘက် ရပ်တည်ပေးခဲ့တာတော့ အသေအချာပါပဲ"

ချန်ပိုင်ဖုန်း ပိုင်ထက်ကျွင်းကို လက်ကာပြလိုက်၏။

ကဲ...မောင်ရင့် ခန့်မှန်းချက်တွေကို အသာထားဦး၊ ဒီက ရှောင်လင်ကိုယ်တော်ကြီးဆီက သတင်းတွေကို ခဏလောက်



များထောင်ကြည့်ပါဦး"

အားလုံး ခေါင်းတညိတ်ညိတ် ဖြစ်သွားပြီး ရှောင်လင်ကိုယ်တော်ကြီးဆီသို့ မျက်လုံးများ ရောက်ရှိသွားလေတော့သည်။

★ ★ ★

အခန်း (၁၀၀)

## လော်ဟန်စီ ကျောက်တုံး ဆိုသည်မှာ

ရှောင်လင်ဘုန်းတော်ကြီးသည် ဘာစကားမျှ မပြောဘဲ ငိုင်နေသည်။

ချန်ပိုင်ဖုန်း လည်ချောင်း ရှင်းလိုက်ပြီး...

"အဲဒီအချိန်တုန်းက ဘုရင်မင်းမြတ်ကိုယ်တိုင် ရှေ့တန်းစစ်မျက်နှာကို ကြွချီခဲ့တယ်။ ရန်သူက အဝိုင်းခံခဲ့ရတယ်။ အဲဒီမှာပဲ ယန်လုတို့ သိုင်းသမားအဖွဲ့ ရောက်သွားကြတယ်...

"အဲဒီအချိန်မှာပဲ ကျိုးကုံမိန်နဲ့ အတူတူ လူတစ်ယောက် ရောက်ရှိလာခဲ့တယ်။ အဲဒီလူရဲ့ ပုံပန်းသဏ္ဌာန်က တော်တော်ကို ဘ်ညစ်နေပုံရတယ်။ အဲဒီလူက ဘယ်သူပါလဲ ကိုယ်တော် သိပါ



သလား"

ရှောင်လင်ဘုန်းတော်ကြီး ခေါင်းညိတ်၏။

"ကျုပ် ဖြေခဲ့ပြီးသားပဲ၊ သူက ရှောင်လင်ဘုန်းတော်ကြီးထဲကပါပဲ။ ကျိုးကုံမိန့်ကို သက်တော်စောင့် ·လိုက်လုပ်နေတာပါ"

ချန်ပိုင်ဖုန်းက သူ့စိတ်ထဲ မရှင်းမလင်း ဖြစ်နေသည်ကို မေလိုက်၏။

"ဘုန်းတော်ကြီးက လူဝတ်ကြောင်လို ဟန်ဆောင်နေတာလား"

ဘုန်းတော်ကြီး ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်။ သူက ဘုန်းကြီးမဝတ်ခင်တုန်းက တရုတ်ပြည် ဒေသအနှံ့အပြားကို ရောက်ခဲ့ဖူးတယ်။ ဘုန်းကြီးသက်နန်းချွတ်ပြီး လူဝတ်ပြန်လဲရင် သူ့ကို ဘယ်သူမှ ဘုန်းကြီးဘဝက လာတယ်လို့ မထင်မှတ်ရတော့ဘူး"

ချန်ပိုင်ဖုန်းက ပိုင်ထက်ကျွင်းမျက်နှာကို လှမ်းကြည့်လိုက်ပြီး

"သူ့နာမည်က ဘယ်သူတဲ့လဲ ကိုယ်တော်"

"ကျုပ်လဲ သိပ်တော့ မမှတ်မိဘူး၊ ပိဋကတ်တိုက်က ဘုန်းတော်ကြီးတစ်ပါးလို့ပဲ သိရတယ်၊ ဖွဝါစဉ်ထဲက ပုဂ္ဂိုလ်တစ်ပါးပဲ။ ကျုပ် အဲဒီတုန်းက ညှော့ကြိုအဆင့်လောက်ပဲ ရှိတော့ သိပ်မသိနိုင်ဘူးလေ၊ အင်း...နေဦး၊ ကျုပ် စဉ်းစားဦးမယ်"

ဘုန်းတော်ကြီးသည် အတန်ကြာ စဉ်းစားနေ၏။

ပိုင်ထက်ကျွင်းတို့က သူ့ကို အနှောင့်အယှက် မဖြစ်စေလိုသဖြင့် ဘာမျှ မပြောဘဲ ငြိမ်နေကြသည်။

အတန်ကြာမှ ဘုန်းတော်ကြီး ဝမ်းသာအားရ ပြောသည်။

"ဟုတ်ပြီ၊ ကျုပ်မှတ်မိပြီ၊ သူ့လူနာမည်ကို ကျုပ်ပြောသံ ကြားဖူးတယ်"

"ဘယ်သူတဲ့လဲ ကိုယ်တော်"

"တုံ တုံယိမင် တဲ့"

ပိုင်ထက်ကျင်းမှာ အံ့ဩလွန်းသဖြင့် ဟာခနဲ ဖြစ်သွားရလေတော့၏။

ချန်ပိုင်ဖုန်းက ပိုင်ထက်ကျင်းကို လှမ်းကြည့်ပြီး မေးလေသည်။

"မင်းက သူ့ကို သိလို့လား"

ပိုင်ထက်ကျင်းသည် ချန်ပိုင်ဖုန်း၏အမေးကို မဖြေ။

ရှောင်လင်ဘုန်းတော်ကြီးကိုသာ မေးမြန်းသည်။

"သူ့ဘွဲ့အမည်က ဖွယင် မဟုတ်လား"

ဘုန်းတော်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်ပြီး ပြော၏။

"ဟုတ် ဟုတ်တယ်"

"သူ့ဘွဲ့အမည်က ဖွယင်"

ပိုင်ထက်ကျင်း ငိုင်သွားသည်။

ရှောင်လင်ဘုန်းတော်ကြီးက ခဏမျှ စဉ်းစားပြီး–

"ဒကာလေးက သူ့ကို သိနေလို့လား၊ ဘာအကြောင်းနဲ့ ပတ်သက်ပြီး သိနေတာလဲ"

"လော်ယန်စီကျောက်နဲ့ ပတ်သက်လို့ပါပဲ"

ချန်ပိုင်ဖုန်း မျက်လုံးပြူးသွား၏။

ဘုန်းတော်ကြီးမှာ ဟန်မဆောင်နိုင်လောက်အောင်ပင် အ... အရာ ပျက်သွားပြီးလျှင်–



"ဒကာလေးက လော်ဟန်စီကျောက်ကို သိလို့လား"

"တင်ပါ့၊ လော်ယန်စီကျောက် ရှောင်လင်ကျောင်းတော်ကို ရောက်ခဲ့တဲ့ကိစ္စကို တပည့်တော် တိုက်အုပ်ဆရာတော်ကြီးကို မေးလျှောက်ကြည့်ခဲ့ဖူးပါတယ်။ ဘုန်းတော်ကြီးဖွယင် အဲဒီကျောက်ကို ပိုက်ပြီး ရေထဲခုန်ချ သေသွားတာကိုလဲ တပည့်တော် သိထားပါတယ်"

"ဒကာလေးက ဒီလောက်တောင် သိထားလျက်နဲ့ ကျုပ်ကို မေးနေရသေးသလား"

"တပည့်တော် သိတယ်ဆိုတာက အဆက်အစပ်မရှိဘဲနဲ့ ပြန့်ကျဲနေတဲ့ သဲလွန်စတွေပါ။ အဲဒီလော်ဟန်စီ ကျောက်တုံးက သိပ်ကို အရေးပါ အရာရောက်တယ်ဆိုတာ နားလည်ပေမယ့် မသိတာတွေ ရှိနေပါသေးတယ်။ တပည့်တော်ကို သိသလောက် ပြောပြပါဦးကိုယ်တော်"

"အင်း...ဒီလော်ဟန်စီကျောက်ရဲ့ လျှို့ဝှက်ချက်ကို တော်ရုံတန်ရုံလူတွေလဲ မသိကြပါဘူးလေ"

ပိုင်ထက်ကျင်းက မေးလိုက်သည်။

"လော်ဟန်စီကျောက်ကို ရှောင်လင်ကျောင်းပေါ်မှာ ဘယ်အချိန်လောက်က စတွေ့မိတယ်ဆိုတာကိုတော့ ကိုယ်တော် သိမှာပေါ့"

ဘုန်းတော်ကြီး နဖူးကြောရှုံ့ စဉ်းစားလိုက်ပြီး–

"ထုမုရဲတိုက် ပြဿနာ မဖြစ်ခင် ခြောက်လလောက်က ဆိုပါတော့"

ကျောက်တုံးပေါ်တွင် ကျိုးကုံမိန့်ဟု ကမ္ပည်းရေးထိုးထားခဲ့သည်ကို ပိုင်ထက်ကျင်း သတိရမှတ်မိနေသည်။

ထိုအကြောင်းများကို သူ မပြောပေ။

မသိဟန်ဆောင်၍ ဘုန်းတော်ကြီး၏ ပြောကြားချက် ဆက်လက်နားထောင်နေသည်။

ဘုန်းတော်ကြီး သက်ပြင်းချလိုက်ပြီး–

"အဲဒီကျောက်တုံးဟာ ကျိုးကုံမိန်ကိုယ်တိုင် လာပို့ခဲ့တာပဲ။ လာပို့တုန်းက သာမန် အရပ်ဝတ် အရပ်စားနဲ့ ရောက်လာခဲ့တာပဲ၊ ဒါကို ဘယ်သူမှ မသိလိုက်ကြဘူး။ တောင်ပေါ်ရောက်တော့ သူက တိုက်အုပ်ဆရာတော်ကြီးနဲ့ တွေ့ဆုံခွင့်တောင်းတယ်။ ဆရာတော်ကြီးကလဲ လှိုဏ်ဂူခန်းမှာ တွေ့ဆုံခဲ့တယ်"

"အမတ်ကြီး ကျိုးကုံမိန်နဲ့ ဆရာတော်ကြီးတို့ဟာ တစ်နေကုန် စကားပြောခဲ့ကြတယ်။ ပြီးတော့မှ ကျိုးကုံမိန်ကို လက်ထောက် ဆရာတော်သုံးပါးက လိုက်လံပို့ဆောင်ကြတယ်။ အဲဒီတုန်းက ကျုပ်က ညီ့ကြိုကိုယ်တော်မို့ သူတို့နံဘေးနားမှာ ရပ်နေခဲ့တယ်။ တစ်ဘက်နဲ့ တစ်ဘက် ဂါရဝပြု နှုတ်ဆက်ကြတယ်...

စာစဉ် (၉) ပြီး၏။

(စာတ်သိမ်းပိုင်း)ကို ဆက်လက်ဖတ်ရှုပါရန်။